
ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

# အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

## ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

## ဝိသုဒ္ဓိ မှ ဝိမုတ္တိ





ဝိသုဒ္ဓိဆရာတော်၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့

ဝိသုဒ္ဓိဓမ္မသစ္စာတရားအနှစ်သာရများပေါင်းချုပ်

ဝိသုဒ္ဓိဓမ္မသစ္စာတရားစာအုပ်အမှတ်(၂၄)

အတွဲ(၁)



**ဝိသုဒ္ဓိဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

မြောင်းမြမြို့

# ဝိသုဒ္ဓိဆရာတော်ကြီး ဦးပဏ္ဍိတ ထေရုပ္ပတ္တိ(အကျဉ်း)

## ငယ်နာမည် ဦးမြမောင်

ဝိသုဒ္ဓိဆရာတော်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာတွင် ခမည်းတော် ဦးချီးတိုး + မယ်တော် ဒေါ်အုံးမေ တို့မှ ၁၂၉၀ ခုနှစ်၊ တော်သလင်းလဆန်း(၁၃)၊ ကြာသပတေး နေ့တွင် ဖွားမြင်ခဲ့သည်။ လူ့ဘဝနာမည်မှာ ဦးမြမောင် ဖြစ်သည်။

## ဦးမြမောင် စာမတတ်

မွေးချင်း(၆)ယောက်ရှိပြီး ငယ်စဉ်ကပင် မွေးချင်းအားလုံး သေဆုံးခဲ့သည်။ ဆရာတော်တစ်ပါး သာလျှင် ကျန်ရှိခဲ့သည်။ ငယ်စဉ်က အခြေခံမူလတန်း (၂)တန်းသာတက်ရောက်ခဲ့သည်။ ထို့ကြောင့် စာမတတ်ချေ။ စာမတတ်ပါ။

## ရဲသားဘဝ

အသက်(၁၃)နှစ်သားအရွယ်တွင် မိဘများနှင့် မြောင်းမြမြို့သို့ရောက်ရှိခဲ့ပြီး ကြုံရာကျဘမ်း ကူလီ ဘဝဖြင့် အသက်မွေးဝမ်းကျောင်းခဲ့ရသည်။ (၁၈)နှစ်တွင် ရဲတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ ရဲသဘောတွင် သဘောကြိုးချည်ရသော ရဲသားဖြစ်သည်။

## ဒေါ်မြင့် နှင့် အိမ်ထောင်ကျ

အသက်(၂၄)နှစ်အရွယ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဒေါ်မြ နှင့် အိမ်ထောင်ကျခဲ့သည်။ မြောင်းမြမြို့ မြိုင်မာလာရပ်ကွက်၊ (၂)လမ်းတွင်နေထိုင်ခဲ့ပြီး သားသမီး(၃)ယောက် ထွန်းကားခဲ့သည်။

## လူ့ဘဝ မကောင်းမှုများပြုလုပ်ခဲ့

ရဲတပ်သားဘဝတွင် ထီပေါက်ပြီး ရဲတပ်သားဘဝမှ ဆေးပင်စင်နှင့်ထွက်ခဲ့သည်။ ထီပေါက်သော ငွေဖြင့် သုံးဖြုန်း သောက်စားမူးယစ်အပျော်အပါးလိုက်စား၊ မိန်းမရှုပ်ခဲ့သည်။ ထီပေါက်သောငွေများ ကုန်သောအခါ အရပ်ထဲတွင် ရေထမ်းရောင်းခြင်း၊ အနှိပ်သည်လုပ်ခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်း ခဲ့ရသည်။ လူ့ဘဝ မကောင်းမှုများနှင့် ဆိုးသွမ်းလွန်းသဖြင့် မိသားစုများကပင် ဦးမြမောင် ၏ ဆိုးသွမ်းသည့် ဒဏ်ကို မခံနိုင်တော့သဖြင့် ဇနီးဖြစ်သူမှာ ဦးမြမောင်တစ်ယောက်တည်းကို ထားပစ်ခဲ့ကာ သမီးကြီးရှိရာ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့သို့ သွားရောက်နေထိုင်ခဲ့သည်။

## သံဝေဂရခြင်း

ထိုအခါကျမှ သံဝေဂရကာ ကောင်းတာလုပ်၊ ကောင်းတာဖြစ်မှာပဲလို့ စဉ်းစားပြီး တရား စတင်လုပ်ခဲ့သည်။ တစ်နေ့ ရေထမ်းလာရင်း ရပ်ကွက်ထဲရှိ အိမ်တစ်အိမ်မှ သဲအင်းဂူဆရာတော်ဘုရားကြီး၏ ကက်ဆက်ခွေဖွင့်သံကြားရ၍ ရေထမ်းချကာ တရားနာခဲ့သည်။ သဲအင်းဂူဆရာတော်ဘုရားကြီးတောင် ဓားပြတိုက်ဆိုးသွမ်းရာကနေ တရားရအောင် လုပ်နိုင်သေး၊ ငါလည်း ဓားပြတော့ မတိုက်ခဲ့ဘူး။ တရားလုပ်ရင် ရမှာပဲလို့ ဆုံးဖြတ်ချက်ချကာ အသက်(၄၅)နှစ်တွင် တောထဲထွက်၍ တရားစတင်ကျင့်ခဲ့သည်။

## သွေးသားလည်းပြောင်း စိတ်လည်းပြောင်းပြီ

လူဝတ်ဖြင့် တောထဲတွင် (၂)နှစ်ကျော်ကြာ တရားကျင့်ခဲ့သည်။ အသက်(၄၇)နှစ်တွင် ကိုရင်ဝတ်ခဲ့သည်။ ကိုရင်ကြီးဘဝဖြင့် (၆)နှစ်ကျော်ကြာ မြောင်းမြမြို့ပတ်ဝန်းကျင်တောထဲတွင် တရားကျင့်ခဲ့သည်။ ဆရာတော်ဘုရားကြီးမှာ သွေးသားလည်းပြောင်းခဲ့သည်။ စိတ်လည်းပြောင်းခဲ့သည်။

## ရဟန်းဘောင် ဝင်ရောက်ခြင်း

အသက်(၅၄)နှစ်တွင် မြောင်းမြမြို့ ပဗ္ဗာတာရုံပါဠိတက္ကသိုလ်(တိုက်ပောင်း)တွင် ဆရာတော် ဦးဝံသပါလ ကို ဥပဇ္ဈာယ်ပြု၍ ၁၉၈၄ ခုနှစ်၊ ဧပြီလ(၁၁)ရက်။ ၁၃၄၅ ခုနှစ်၊ တန်ခူးလဆန်း(၁၂)ရက်နေ့တွင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ရဟန်းဒါယကာမှာ ဦးဆန်းအောင် (ဦးစန်းလွင်)ဖြစ်သည်။

## ပဋိပတ္တိပွင့်လင်းစေခြင်း

ဝိသုဒ္ဓိဆရာတော်ကြီးသည် ပရိယတ္တိမကျွမ်းကျင်သော်လည်း ပဋိယတ္တိဖြင့် ကျင့်ကြံပွားများအားထုတ်ခဲ့ပြီး၊ ရရှိထားသော ခန္ဓာအသိတရားအကျင့်များဖြင့် ဝေနေယျတို့အား ဟောကြားပြသဆိုဆုံးမခဲ့သည်။

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်းဝန်းတွင် သံဃာအပါး(၈၀)ကျော်၊ သီလရှင်အပါး(၈၀)ကျော်၊ အမြဲနေယောဂီ(၂၀)ကျော်တို့အား စားသောက်ရေး၊ နေထိုင်ရေး၊ ဝတ်ဆင်ရေး၊ ကျန်းမာရေးအစ တာဝန်ယူကာ မကြောင့်မကြဘဲ တရားဘာဝနာပွားများနိုင်စေရန် ဆောင်ရွက်ပေးတော်မူသည်။

## သာသနာ့အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း

မြန်မာပြည်အရပ်ရပ်မှ ဒါယကာ၊ ဒါယိကာမများကလည်း ဆရာတော်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး၊ တရားဘာဝနာအားထုတ်ခဲ့ကြသည်။ ဆရာတော်ကြီးမှ ဒါယကာ၊ ဒါယိကာမများလှူဒါန်းသော ဝတ္ထုငွေကြေးများဖြင့် ကျောင်း၊ ရေတွင်း၊ ရေကန်များကို သိန်းပေါင်း(၃၀၀၀)ကျော်မျှ ဆောင်ရွက်ပေးတော်မူသည်။

## စေတီတော်(၂၁)ဆူ တည်ထားပေးခြင်း

အတိတ်က ပဋ္ဌာန်းဆက်များ၏ တောင်းပန်လျှောက်ထားချက်အရ စေတီ(၂၁)ဆူကို မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ မအူပင်မြို့နယ်များတွင် သိန်းပေါင်း(၃၀၀၀)ကျော်မျှ အကုန်အကျခံကာ တည်ထားပေးခဲ့သည်။

## ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ ဓမ္မသစ္စာတရားပွဲများ

ဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ တရားတော်များ ဟောကြားခဲ့သောနေရာများမှာ -

မြောင်းမြ-ရွှေသာလျောင်းဘုရား၊ ပုသိမ်-ရွှေမုဋ္ဌောဘုရား၊ ရွှေမြင်တင်စေတီ၊ ဝါးခယ်မ-ဓမ္မာရုံ၊ မန္တလေး-မဟာမြတ်မုနိဘုရားကြီး၊ ပဲခူး-ရွှေမော်ဓောဘုရား၊ ပျဉ်းမနား-ဈေးကုန်းစာသင်တိုက်၊ မိတ္ထီလာ-ဖောင်တော်ဦးဘုရား၊ မုံရွာ-ဆုတောင်းပြည့်ဘုရား၊ ပခုက္ကူ-ဖောင်တော်ဦးဘုရား၊ ပြည်မြို့-ရွှေလက်လှဓမ္မာရုံ၊ ရန်ကုန်မြို့တွင် ရွှေတိဂုံဘုရား၊ ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရား၊ ကျိုက္ကဆံဘုရား(သဃ်္ဃန်းကျွန်း)၊ ဖိနမာန်အောင်ဘုရား(သာကေတ)၊ ကိုးထပ်ကြီးဘုရား(စမ်းချောင်း)၊ ကြေးသွန်းဘုရားကြီး၊ ရွှေဘုန်းပွင့် ဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ အောင်ဇောမိဘုရား(တောင်ဒဂုံ)၊ မိုးကောင်းဘုရား၊ ရန်မျိုးအောင်ဘုရား (သဃ်္ဃန်းကျွန်း)၊ မဟာသကြိန်ဘုရား(ဒလ)၊ သန်လျင်-မင်းကျောင်း၊ ပထမပြန်စာသင်တိုက်၊ ရွှေပြည်သာ ပဋ္ဌိယတ္တိစာသင်တိုက်၊ ဘုရားဖြူစာသင်တိုက်၊ ပုဇွန်တောင်-ကျောက်တန်းသာသနာ့ဗိမာန်တို့တွင် တရားပွဲ ပေါင်း(၇၀)ကျော် မြန်မာပြည့်အနှံ့ ခန္ဓာသိ၊ ခန္ဓာကျင့်၊ ခန္ဓာကိုယ်တွေ့ ဓမ္မသစ္စာတရားတော်များကို ဟော ကြားခဲ့သည်။ တရားပွဲများတွင် ဒါယကာ၊

ဒါယိကာမများလှူဒါန်းသော အလှူငွေစုစုပေါင်း(၇၄)သိန်းကျော် ကိုလည်း သက်ဆိုင်ရာဂေါပကနှင့် ဆိုင်ရာအဖွဲ့များသို့ ဆရာတော်ကြီးမှ ပြန်လည်လှူဒါန်းခဲ့သည်။


## ပြည်ပသာသနာပြု

ဒါယကာ၊ ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ တရုတ်ပြည်၊ ထိုင်ဝမ်သို့ (၁၉၉၄)ခုနှစ်တွင် တစ်ကြိမ်၊ (၁၉၉၆)ခုနှစ်တွင် ဒုတိယအကြိမ်၊ (၂၀၀၃)ခုနှစ်တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့ ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားရေးအသင်း၏ ပင့်လျှောက်ချက်အရ ဂျပန်နိုင်ငံသို့ ကြွရောက်ခဲ့သည်။

## ခန္ဓာဝန်ချခြင်း

(၂၅.၂.၂၀၀၆)ရက်နေ့တွင် သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၂၄)ဝါတွင် ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်း၊ မြောင်းမြမြို့တွင် ခန္ဓာဝန်ချခဲ့ပါသည်။

××××××××××××××××××××××××××××××××××××××××××××××××



\- စီစဉ်ပူဇော်သူ -

**ဗိုလ်မှူးဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) မြောင်းမြမြို့

၀၉-၂၅၀၄၃၂၀၅၀ / ၀၉-၇၉၄၅၀၆၅၉၅

## ရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့

# ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

## အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်



# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ




## ဝိသုဒ္ဓိဆရာတော်၏ ဒဿနကျင့်၊ ဒဿနသိ၊ ဒဿနကိုယ်တွေ့ ဝိသုဒ္ဓိဝမ္ဗသစ္စာတရားတော်များ စီစဉ်ပူဇော်သူ ဗိုလ်မှူးဆရာတော်၏ ထေရုပ္ပတ္တိ

(၂.၈.၁၉၅၇)ခုနှစ်၊ သောကြာနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့ ကျန်စစ်သားရပ်တွင် မွေးဖွားပြီး၊ ငယ်အမည်မှာ သန်းမြင့်အောင် ဖြစ်သည်။ မွေးချင်း(၆)ယောက်ရှိပြီး အငယ်ဆုံးသားဖြစ်ပါသည်။ (၁၉၆၀)ခုနှစ်တွင် ရှောင်းဦးမြို့ ထနောင်းဝင်းရပ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး၊ (၁၉၆၃)ခုနှစ်တွင် ရှောင်းဦးမြို့ ကတိုးကုန်းရပ်ရှိ မူလတန်းကျောင်းတွင် ပညာသင်ကြားခဲ့ပါသည်။ (၁၉၆၈)မှ (၁၉၇၅)အထိ ရှောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပါသည်။ (၁၉၇၅)ခုနှစ်တွင် (၁၀)တန်းကို(သင်္ချာ၊ဓာတု၊ဇီဝ) (၃-ဘာသာ) ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ (၁၉၇၆)မှ (၁၉၈၁)ထိ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ် (တိမွေးကုတက္ကသိုလ်) အင်းစိန်သို့ တက်ရောက်ပညာသင်ကြားခဲ့သည်။ (၁၉၈၁)ခုနှစ်တွင် B.V.S ဘွဲ့ရခဲ့သည်။ (၁၉၈၂)ခုနှစ်တွင် မှော်ဘီဗိုလ်သင်တန်းကျောင်း၊ ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၆၄) (O.T.S-၆၄) တက်ရောက်ခဲ့သည်။ (၁၉၈၃)ခုနှစ်တွင်သင်တန်းဆင်းပြီး၊ ကြည်း/၁၇၆၃၈၊ ဗိုလ်ရာထူးခန့်အပ်ခြင်းခံခဲ့ရသည်။ (၁၉၈၃)ခုနှစ်မှ (၂၀၀၇)ခုနှစ်အထိ ထောက်/ပို့တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ (၁၉၈၃)ခုနှစ်တွင် အိမ်ထောင်ကျခဲ့ပြီး၊ သားသမီး(၂)ဦး ထွန်းကားခဲ့ပါသည်။ (၁၉၈၆)ခုနှစ်တွင် ဗိုလ်ကြီးအဆင့်သို့လည်းကောင်း၊ (၁၉၉၇)ခုနှစ်တွင် ဗိုလ်မှူးရာထူးသို့လည်းကောင်း ရာထူးတိုးမြှင့်ခန့်အပ်ခြင်းကိုခံရပါသည်။ (၂၀၀၇)ခုနှစ်တွင် တပ်မတော်မှအငြိမ်းစားယူပြီး မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။ (၂၀၀၇)ခုနှစ်တွင် အဆိုပါဌာနမှ အငြိမ်းစားယူခဲ့ပြီး (၂၀၀၇)ခုနှစ်မှ (၂၀၀၉)ခုနှစ်ထိ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား၊ ပိန္နဲကုန်းကျေးရွာ၊ မြောင်းမြမြို့နယ်တွင် ဂေါပက-ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။ (၂၀၀၉)မှ (၂၀၁၀)ထိ ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့တွင် ယောဂီဝတ်ဖြင့် တရားအားထုတ်ခဲ့ပါသည်။ (၂၀၁၀)ခုနှစ်တွင် ဘွဲ့တော် သုမန ၊ သာသနာဝင်ကတ်ပြား(၁၄/မမန(သ)၀၀၂၂၈၄)ဖြင့် ရဟန်းဘောင်သို့ဝင်ရောက်ခဲ့ပါသည်။ (၂၀၂၁)ခုနှစ်တွင် သက်တော်(၆၅)နှစ်၊ သိက္ခာတော်(၁၂)ဝါရှိပြီး ဝိသုဒ္ဓိမဟာ မြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)၊ မြောင်းမြမြို့တွင် သီတင်းသုံးနေထိုင်တော်မူခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်ပါသည်။

ဝိသုဒ္ဓိကျောင်း၊ ဗိုလ်မှူးဆရာတော် မြောင်းမြ ဦးသုမန
၀၉-၂၅၀၄၃၂၀၅၀ / ၀၉-၇၉၄၅၀၆၅၉၅

# စီစဉ်ပူဇော်သူ၏ မေတ္တာရပ်ခံချက်

ဝိသုဒ္ဓိဆရာတော် ဦးပဏ္ဍိတ ပြောဆိုဆုံးမဟောကြားပြသသောတရားတော်များကို အနှစ်ထုတ်၍ စုစည်းတင်ပြအပ်ပါသည်။

ဝိသုဒ္ဓိဆရာတော်ဟောကြားခဲ့သလို ဓမ္မခန္ဓာပေါင်း(၈၄၀၀၀)၊ ပိဋကတ်(၃)ပုံအနှစ်ချုပ်တော့ ဗောဓိပက္ခိယ(၃၇)ပါးရတယ်။ ဗောဓိပက္ခိယ(၃၇)ပါးအနှစ်ချုပ်တော့ မဂ္ဂင်(၈)ပါးရတယ်။ မဂ္ဂင်(၈)ပါး အနှစ်ချုပ်တော့ သိက္ခာ(၃)ပါးရတယ်။ သိက္ခာ(၃)ပါးအနှစ်ချုပ်တော့ ကောဓမ္မောရတယ်။ ကောဓမ္မော ဘယ်ကရသလဲ။ ရုပ်ပေါ်နာမ်ပေါ်ကရတယ်လို့ ဝိသုဒ္ဓိဆရာတော် မိန့်ကြားခဲ့ပါသည်။

ဝိသုဒ္ဓိဆရာတော်၏ တရားတော်များကို အနှစ်ချုပ်ဖော်ပြရလျှင် -

သည်းခံ၊ စေတနာထား၊ သမ္မာနဲ့နေ၊ ဝိသုဒ္ဓိသီလလမ်းကြောင်းကနေ (မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ ကြံ) အာရုံ(၆)ပါး မမြဲ၊ နှာသီးနှာဖျားဝ ဝင်လေထွက်လေ ထိ၊ သိ၊ ရုပ်နာမ်မမြဲတဲ့သဘော အမြဲသတိကပ်၍ မဂ္ဂင်(၈)ပါးလမ်းကြောင်းအတိုင်း ဝိပဿနာပွားပြီး မမြဲတဲ့သတိအားကောင်းလာရင် မစွဲတဲ့ဉာဏ် ရရှိမှာ ဖြစ်ပါတယ်။ မစွဲတဲ့ဉာဏ်ရရင်တော့ အေးပြီပေါ့။ မစွဲတာ မဂ်ဉာဏ်ပါပဲ။ စွဲရင်ကံ၊ မစွဲရင် ဉာဏ်၊ စွဲရင်ပူတယ်၊ မစွဲရင်အေးတယ်။ စွဲရင် သံသရာလည်တယ်။ မစွဲတော့ သံသရာပြတ်တယ်။ မစွဲတဲ့ မဂ်ဉာဏ်ရအောင် မဂ္ဂင်(၈)ပါးနဲ့ကျင့်။ မဂ္ဂင်(၈)ပါးနဲ့ကျင့်လို့ရတဲ့ဉာဏ်ဟာ မဂ်ဉာဏ်ပါပဲလို့ ဝိသုဒ္ဓိဆရာတော် မိန့်ကြားခဲ့ပါသည်။

စင်ကြယ်ခြင်း ဝိသုဒ္ဓိကျင့်စဉ်ဖြင့် ဝိမုတ္တိလွတ်မြောက်နိုင်ကြစေရန် စေတနာ၊ မေတ္တာဖြင့် ဝိသုဒ္ဓိ ဆရာတော် ဟောကြားခဲ့သောတရားတော်များကို အနှစ်ချုပ်၍ စီစဉ်ပူဇော်ပါသည်။ ကျင့်ကြံပွားများ အားထုတ်ပြီး စင်ကြယ်သောအသိဉာဏ်ရရှိ၍ ဆင်းရဲမှုအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေ။

ပိုလ်မှူးဆရာတော်
ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)
မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၀၉-၂၅၀၄၃၂၀၅၀ ၊ ၀၉-၇၉၄၅၀၆၅၉၅

နေ့စွဲ ၊ ၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်နေ့
၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ(၁၆)ရက်

# ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးဖွဲ့၏ မေတ္တာရပ်ခံချက်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) ဝိသုဒ္ဓိဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်စာအုပ်၊ (MP.3)၊ (MP.4) များမှ တစ်ပုဒ်၊ တစ်ပုံဖြစ်စေ၊ အားလုံးကိုဖြစ်စေ မိမိစေတနာ၊ သဒ္ဓါတရားဖြင့် ထပ်မံကူးယူပြန့်ဝေနိုင်ကြပါသည်။ ဝိသုဒ္ဓိဆရာတော်တရားထပ်မံရရှိပါကလည်း ထပ်မံထည့်သွင်း၍ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်၊ မွမ်းမံ၊ ဆောင်ရွက်၊ ဖြန့်ဝေနိုင်ကြပါရန် နှိုးဆော်တိုက်တွန်း မေတ္တာရပ်ခံအပ်ပါသည်။ ဝိသုဒ္ဓိဆရာတော်ကြီး၏ တရားစာအုပ်၊ (MP-3)၊ (MP-4)၊ ပုံတော်များကို အောက်ပါအတိုင်းဆက်သွယ် ဝယ်ယူနိုင်ကြပါသည်။

| | | |
|---|---|---|
| (၁) | ဖိုလ်မှူးဆရာတော် ဦးသုမန<br>ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)၊ မြောင်းမြမြို့ | **09-250432050** |
| (၂) | ဦးမျိုးအောင် (ရန်ကုန်) | **09-5105997** |
| (၃) | ဦးအောင်ကိုလတ်(မှံမှံ) ရန်ကုန် | **09-5107496** |
| (၄) | ဆရာလေး ဒေါ်စန္ဒာသိရီ | **09-447572355** |
| (၅) | ဆရာလေး ဒေါ်မိတ္တစာရီ | **09-251620128** |
| (၆) | "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | **09-49741462** |
| (၇) | "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | **09-796685516** |
| (၈) | ကိုတိုး (မြောင်းမြ) | **09-796685527** |
| (၉) | ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေး ရုံးအဖွဲ့ | **09-447204724** |

# ဝိသုဒ္ဓိဆရာတော်၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ ဓမ္မသစ္စာတရားတော် MP.3 ၊ MP.4 ၊ တရားစာအုပ် ၊ PDF File ဝယ်ယူနိုင်သောနေရာများ

၁။ **ဓမ္မရောင်ခြည်** ဓမ္မဒါနဖောင်ဒေးရှင်း **(MP.3, MP.4)**
သိမ်ကြီးဈေး၊ စီရုံ၊ အဆောင်(၄)၊ ပထမထပ်
Phone : 01-382935 , 09-252714847 , 09-252808291

၂။ **ဓမ္မအရိပ်** **(MP.3, MP.4)**
ယုဇနပလာဇာ P-3 (8,9,10,11)
Phone : 09-5412354 , 09-772121359

၃။ **SKY SUN** **(MP.3, MP.4)**
အမှတ်(၁၂၇)၊ ပြည်လမ်း၊ (၁၀)မိုင်ကုန်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်။
Phone : 09-43023074 , 09-799990502

၄။ **ဓမ္မအလင်း**
အမှတ်(၄၄)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်
Phone : 09-73009841 , 09-957309841

၅။ **Family Dhamma Distribution** **(MP.3, MP.4)**
(၈၂)လမ်း၊ မဟာမြတ်မုနိဘုရားကြီးတောင်ဘက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ မန္တလေးမြို့
Phone : 09-454740450 , 09-782777124/104

၆။ **အယ်လုံး** ကွန်ပျူတာ/မိတ္တူ **(စာအုပ် နှင့် PDF File)**
အိုးရှင်းနှင့် SSC ဆေးရုံကြား၊ တာမွေအဝိုင်းအနီး၊ ရွှေဂုံတိုင်လမ်းမကြီး၊ တိုက်(၈)၊ အခန်း(၀၀၂)
အောင်ချမ်းသာအိမ်ယာ၊ ဗဟန်း။ Phone : 09-5400916 , 09-420009916

၇။ **သိန်းနိုင် နှင့် ညီများ** ပုံနှိပ်တိုက် **(MP.3, MP.4)**
(၈၉)လမ်း၊ (၂၉)လမ်းနှင့် (၃၀)လမ်းကြား၊ ပြည်ကျော်ဈေးမြောက်ဘက်၊ ချမ်းအေးသာဇံမြို့နယ်၊
မန္တလေးမြို့။ Phone : 09-790316654 , 09-444200232

၈။ **ဝင်းမြင့်** စာတ်ပုံတိုက် **(MP.3 ၊ MP.4 ၊ စာအုပ်၊ PDF File)**
**ကိုတိုး** ၊ (၈)လမ်း၊ မြောင်းမြမြို့။ Phone : 09-796685527

၉။ **ပီရမီ** ကွန်ပျူတာ **(MP.3 ၊ MP.4 ၊ စာအုပ်၊ PDF File)**
**ကိုဇော်မျိုးထိုက်** ၊ တာဝတိံသာဘုရားခြေတော်ရင်း၊ ရွှေသာလျောင်းဘုရားအရှေ့ မြောင်းမြမြို့။
Phone : 09-791212585

## ရွှေဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့
## ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)
## ဝိသုဒ္ဓိ နှင့် အောင်သစ္စာ
## ဝိသုဒ္ဓိ မှ ဝိမုတ္တိ
## ဝိသုဒ္ဓိဆရာတော် ဦးပဏ္ဍိတ ၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့
## ဝိသုဒ္ဓိဓမ္မသစ္စာတရားအနှစ်သာရများပေါင်းချုပ်

★ စာမတတ်တဲ့အတွက် ပြောလိုက်တဲ့စကား မှားယွင်းသွားရင် ဆရာတော်ကြီးများ၊ ကိုရင်လေးက အစ သီလရှင်၊ ယောဂီများ၊ တရားနာပရိတ်သတ်အပေါင်း သည်းခံခွင့်လွှတ်ကြပါလို့ မေတ္တာရပ်ခံ တောင်းပန်ပါတယ်။ ငယ်စဉ်တောင်ကျေးက မိဘက မူလတန်းမထားလို့ စာမတတ်တာပါ။ စာကို ပယ်တာမဟုတ်ဘူး။ ကိုယ်တတ်တဲ့အသိ လုပ်ပါတယ်။ သဘောလေးပြောပါမယ်။

★ စာမတတ်တဲ့အတွက် ဝိပဿနာ ခန္ဓာအသိနဲ့ ဟောပါတယ်။

★ စာတွေက မှန်ပါတယ်ဗျာ။ ကိုယ်စိတ်မှန်ဖို့လိုပါတယ်။

★ ဦးပဏ္ဍိတ ဘာမှစာမတတ်ပါဘူး။ အသိထုတ်ပြလို့မရဘူး။ သဘောလေးနဲ့သာ နာ။ စာနဲ့ ခန္ဓာ တစ်ထပ်တည်းဟောပေးမယ်။

★ စာနဲ့စိတ် တစ်ထပ်တည်းဖြစ်မှာ သစ္စာထိုက်တယ်။

★ စာနဲ့စိတ် တစ်ထပ်တည်းဖြစ်မှ အရိယာခေါ်တယ်။

★ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတရားတွေရှိလို့ ဒီအကျင့်ကို ကျင့်နိုင်တာပါ။

★ ဦးပဏ္ဍိတ ဟောသွားတဲ့အသိ မယုံနဲ့ဦး။ လေ့လာပါ၊ စုံစမ်းပါ၊ မေးမြန်းပါ၊ သုံးသပ်ပါ၊ လုပ်ကြည့်ပါ။ လုပ်မှ သိမယ်။ သိမှ ပယ်မယ်။ ပယ်မှ မဂ်ဆိုက်မယ်၊ ဖိုလ်ဆိုက်မယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား လို့ စာကရေးထားပါတယ်။

★ အသိကိုဟောသွားတာပါ။ တစ်ဦးနဲ့တစ်ဦး အသိမတူဘူး။ လင်မယားတောင် အသိမတူဘူး။ အသိချင်းမတူတော့ စေတနာချင်းမတူဘူး။ စေတနာချင်းမတူတော့ ကံချင်းမတူဘူး။ ကံချင်းမတူ တော့ ဘုံချင်းမတူဘူး။

★ တရားအသိကိုယူကြ၊ သည်းခံကြ၊ စေတနာမပျက်ကြနဲ့။ သမ္မာလေးနဲ့နေကြ။ ဘယ်သူပြောပြော သည်းခံ၊ မြေကြီးလိုနေ။

★ ညောင်စေ့လောက်လှူရင်လည်း ညောင်ပင်ကြီးလောက်ဖြစ်တယ်။ ညောင်ပင်ကြီးလောက်လှူပေမယ့်လည်း ညောင်စေ့လောက်ဖြစ်တယ်။ ပကာသန စေတနာ၊ ဘယာ စေတနာ၊ အဓိပတိ စေတနာတွေရှိတယ်။ လှူတဲ့သူပေါ် မူတည်တယ်။

★ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ဖြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ်ကျင့်တရားထားပါ။ ကိုယ့်ကိုယ်ကို ရာဇမာန်၊ ပစ္စည်းမာန်၊ စာမာန်၊ ငါမာန်တွေ မစွဲပါနဲ့။

★ ပညတ်ကို မပယ်ပါဘူး။ ဒါပေမယ့် မစွဲနဲ့။

★ မစွဲနဲ့၊ စွဲရင် ကံဖြစ်မယ်။ အစွဲကိုသတ်၊ မစွဲတော့ အေးတယ်။

★ အပေါင်းအသင်းကောင်းလို့ တက်တတ်တယ်။ အပေါင်းအသင်းမကောင်းလို့ ပျက်တတ်တယ်။ အပေါင်းအသင်း ကြည့်ပေါင်းရတယ်။

★ မှော်ရှိတဲ့ရေကန်ထဲ ခဲတစ်လုံးပစ်ချလိုက်တော့ ရေကြည်လေးတော့ တွေ့ပါရဲ့၊ တော်ကြာ မှော်ပြန်အုပ်သွားသလိုပဲ။ အခု ခင်ဗျားတို့လည်း တရားနာပြီး အိမ်ပြန်ရောက်တော့ အာရုံခြောက်ပါး မှော်တွေက ပြန်အုပ်သွားတာပါပဲ။ ခြင်းကြားနဲ့ ရေယူသလို မဖြစ်စေနဲ့။

★ အားကိုး မမှားကြနဲ့၊ ကိုယ့်ကိုယ်ကို အားကိုးကြ၊ ဒါန၊ သီလနဲ့ မကျေနပ်ကြနဲ့။ ဝိပဿနာ အားထုတ်ကြ။

★ ရခဲတဲ့လူ့ဘဝ ရလာကြပြီ၊ ဘုရားသာသနာကြီးနဲ့လည်း ကြုံရပြီ။ သူတော်ကောင်းတရားတွေကို လည်း နာကြားကြရပြီ။ အဲဒီတော့ အယူမှား၊ အမှတ်မှားတွေမဖြစ်ကြအောင် တရားအားထုတ်ကြ၊ အမှောင်ကလာရင် အလင်းပြန်ကြ။ မိရိုးဖလာအသိတွေနဲ့ မနေကြနဲ့။

★ အစွဲဥပဒါန်ကို ဒါနနဲ့လည်း သတ်လို့မရဘူး။ သီလနဲ့လည်း သတ်လို့မရဘူး။ ဝိပဿနာမဂ်ဉာဏ်နဲ့မှ သတ်လို့ရတယ်။ အဲဒီတော့ အားထုတ်ကြ။ ဘယ်နေ့သေမယ်ဆိုတာ မသိနိုင်ဘူး။ မသေခင် ဉာဏ်ရအောင် အားထုတ်ကြ။

★ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးမှာ ဘယ်ကံက သံသရာလည်သလဲ။ မနောကံက စလို့ လည်တယ်။ မနောကံသတ်ရင် ကာယကံ၊ ဝစီကံပါလုံတယ်။

★ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတွေကို သမ္မာလေးနဲ့သုံးသွား။ သမ္မာဆိုတာ သြော် ...၊ အေး ...၊ အေး ... သည်းခံထား။ ဘယ်သူပျက်ပျက် မင်းစေတနာ မပျက်နဲ့။ ဘုရားက စေတနာကို ဟောတာ။ စိတ်ကိုဟောတာ။ မနောစင်ကြယ်အောင်နေ။

★ ခင်ဗျားစိတ်ကလေးက မိစ္ဆာအယူကို ပယ်၊ သမ္မာအယူကို ယူထားတော့ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရတွေ ငြိမ်ဝပ်ပိပြားပြီး အမိစိတ္တဖြစ်လာလိမ့်မယ်။

★ ဧကော၊ ဓမ္မော ဘယ်ကလာသလဲ။ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာ စတယ်။ ခန္ဓာမှာဆုံးတယ်၊ သီလမှာချုပ်တယ်။ ဘယ်သီလလဲ။ ပညတ်သီလ၊ ပရမတ်သီလမှာ ချုပ်တယ်။ ပညတ်သီလဟာ အပြင်သီလ အကာခေါ်တယ်။ ကာယကံနဲ့ ဝစီကံဖြစ်တယ်။ ပရမတ်သီလက အတွင်းသီလ၊ အနှစ်ခေါ်တယ်။ မနောကံဖြစ်တယ်။

★ ကိုယ်ပြုလုပ်တဲ့ကံက ဘာလဲ။ သူ့အသက် သတ်တယ်။ သူ့ဥစ္စာခိုးတယ်၊ မုသားစကားပြောတယ် စတာတွေက ကာယကံ၊ ဝစီကံတွေဖြစ်တယ်။ ကိုယ်မပြုလုပ်တဲ့ ကံက ဘာလဲ။ သားလေး တစ်ခုခု ဖြစ်တယ်။ အမေက ပူတယ်။ စွဲလို့ပူတာ။ မနောကံကြောင့်ဖြစ်တယ်။ ဒီအပူကို ကိုယ်ယူထားတဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလနဲ့ ဖြတ်လို့မရဘူး။ ဂုဏ်တော်တွေနဲ့လည်း ဖြတ်လို့မရဘူး။ မဂ်ဉာဏ်နဲ့မှ ပြတ်တာ။

★ တရားထိုင်နေတဲ့အချိန် ကာယ၊ ဝစီလုံနေပြီ။ မနောကို သတ်။ ဝင်သွားတဲ့လေကို သတိလေးကပ် ပြီးမှ မှတ်ရတယ်။ ထိ-သိ-သတိ။ သတိလေးကပ်ထား။ သိ-သိ-သိ လို့မှတ်နေ။ ဆိုလည်း မနေရ ဘူး။ ထိတာက ရုပ်၊ သိတာက နာမ်၊ ထိတာလည်း မမြဲဘူး။ သိတာလည်း မမြဲဘူး။ အဲဒါ အနတ္တ။ သညာကို ပညာဖြစ်အောင်လုပ်။ အတ္တကို အနတ္တဖြစ်အောင်လုပ်။ ကံကို ဉာဏ်ဖြစ်အောင်လုပ်။ သီလ၊ သမာဓိကနေ ပညာဖြစ်အောင်လုပ်။ အနိစ္စ၊ ဒုက္ခကနေ အနတ္တဖြစ်အောင်လုပ်ကြည့်။

★ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ အပြင် စင်ကြယ်အောင် သမ္မာလေးနဲ့နေ။ စေတနာထား။ အပြင်သီလမှန်မှ အတွင်း သမာဓိ ငြိမ်ဝပ်ပိပြား လာလိမ့်မယ်။

★ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာမှာ မြင်အောင်ကြည့်တတ်ဖို့လိုတယ်။

★ ပညတ်ကို သညာနဲ့ကြည့်ရင် ကံဖြစ်မယ်။ ပညတ်ကို ပညာနဲ့ကြည့်မှ ဉာဏ်ဖြစ်မယ်။

★ ကိုယ့်စိတ်ကိုယ်စစ်။ သူများစိတ် သွားမစစ်နဲ့။ သူများအကြောင်းကို ကိုယ့်အကြောင်းမလုပ်နဲ့။ ကိုယ့်စိတ်ကို မဂ္ဂင်ရှစ်ပါးနဲ့စစ်ပါ။

★ ရှေ့ကိုလည်း မမျှော်နဲ့။ နောက်လည်း မတွေးနဲ့။ ပစ္စုပ္ပန်တည့်တည့်ကြည့်။

★ ပယ်တာမှန်ဖို့လိုတယ်။ ကျင့်တာ မှန်ဖို့လိုတယ်။ သိတာ မှန်ဖို့လိုတယ်။ ပယ်ရမယ့်တရား၊ ကျင့်ရမယ့်တရား၊ သိရမယ့်တရားတွေရှိတယ်။ ပယ်ရမယ့်တရားက ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ ကျင့်ရမယ့်တရားက မဂ္ဂင်ရှစ်ပါး။ သိရမယ့်တရားက ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ခေါ်တယ်။

★ စိတ်၊ စေတသိတ်၊ ရုပ် အဲဒီ(၃)ချက်လွတ်ရင် နိဗ္ဗာန်ပဲပေါ့။

★ သမုတိသစ္စာကနေ ဝိရတီသစ္စာ။ ဝိရတီသစ္စာကနေ သဘာဝသစ္စာ။ သဘာဝသစ္စာကနေ ပရမတ္ထသစ္စာ။ ပရမတ္ထသစ္စာကနေ အရိယာသစ္စာ ရအောင်လုပ်။

★ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ အဲဒီ(၃)ခု အဆီညှစ်ထုတ်တော့ ကောဓမ္မောဖြစ်တယ်။

★ ဇာတိမသိတော့ ဇရာ၊ မရဏကို မကြောက်တော့ဘူး။ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိတွေရှိတယ်။ ဒါတွေက မွေးကတည်းကဖြစ်လာတဲ့ ဇာတိစိတ်တွေပဲ။ ဒါတွေကို သိအောင်လုပ်ရမယ်။ သိမှ ဇရာ၊ မရဏ ကြောက်မယ်။ သဘောပေါက်မယ်။ ဒီအသိရအောင် တရားထိုင်ကြ။

★ အရိယာသစ္စာဆိုတာ အာရုံနောက် မလိုက်ရဘူးပေါ့။ အာရုံပြတ်သွားပြီး အာရုံတွေနောက် ဒိဋ္ဌိသတ်တော့ အာရုံသိပြီပေါ့။ တဏှာသိပြီပေါ့။ သွေးသားလည်း ပြောင်းတယ်။ စိတ်လည်း ပြောင်းတယ်။ သွေးသားဟာ ဘာသွေးသားလဲ။ ကိလေသာသွေးသားတွေပေါ့ကွာ။ ဒီအာရုံကိုလည်း ငါသိပြီ။ ထုတ်မပြတတ်ဘူး။ သဘောလေးနဲ့သာ နာကြပေတော့။

★ အာရုံတွေကို သညာနဲ့ယူထားတဲ့အတွက် အမှတ်မှားတယ်၊ အယူမှားတယ်၊ အစွဲမှားတယ်၊ အဲဒါကို ဒိဋ္ဌိလို့ခေါ်တယ်။

★ အာရုံတွေနောက်လိုက်လို့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ ဖြစ်နေကြတယ်။

★ ရုပ်နာမ်မသိတော့ အာရုံမထိန်းနိုင်ဘူး။

★ အာရုံနဲ့ သညာပေါင်းတော့ သင်္ခါရဖြစ်သွားတယ်။ စွဲလမ်းရင် ဥပါဒါန်ဖြစ်တယ်။ ဥပါဒါန်ဖြစ်ရင် ကံဖြစ်တယ်။ ကံကြောင့် ဒုက္ခဖြစ်တယ်။ ကံကြောင့် သံသရာလည်တယ်။

အာရုံပယ်မှ ဥပါဒါန်လွတ်မယ်။ ဥပါဒါန်လွတ်မှ ကံပြတ်မယ်။ ဥပါဒါန်လွတ်တာ အာသဝက္ခယဉာဏ်ပဲ။ ဒီဉာဏ်ရမှ သံသရာပြတ်မယ်။

★ စေတသိတ်သတ်တော့ မမြင်ချင်တော့ဘူး။ မကြားချင်တော့ဘူး။ မသိချင်တော့ဘူး။ မထိချင်တော့ဘူး။ အာရုံငါးပါးပယ်ပြီ။

★ အပြင်အာရုံနဲ့ အတွင်းအာရုံ(မနော)ပေါင်းလိုက်တော့ တဏှာဖြစ်သွားတယ်။ ဝဋ္ဋကြောမနဲ့ ငါ့မှာ ရှိတာက ကိလေသာကာမ၊ ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယာမကြိုက်ဘူး။

★ အပြင်သီလ (ကာယကံ၊ ဝစီကံ) အာရုံကို ဉာဏ်နဲ့ချုပ်ထားလိုက်တော့ အတွင်းသီလ (မနောကံ)က ဝပ်နေပြီ။ အပြင်သီလ (ကာယကံ၊ ဝစီကံ) လှုပ်စရာမရှိတော့ဘူး။ အတွင်းဉာဏ်ဖြစ်တော့ အပြင်သီလချုပ်တာပေါ့။

★ နေတတ်ဖို့လိုတယ်၊ သေတတ်ဖို့လိုတယ်။

★ ရုပ်အကျိုးတရားမှာ အကြောင်းတရားနာမ်က ခံစားရတယ်။ ရုပ်အကျိုး၊ နာမ်အကြောင်း အကျိုးပေါ်မှာ အကြောင်းဖြစ်တယ်။

★ သံသရာ ဘယ်ကစသလဲ၊ ခန္ဓာကစတယ်။ သံသရာဘယ်ကပြတ်သလဲ၊ ခန္ဓာကပြတ်တယ်။ သံသရာပြတ်အောင် ကြိုးစား။ ကြိုးစားရင် ရမှာပဲ။ သူများတစ်တောင်ကျင့်ရင် ကိုယ်က နှစ်တောင် ကျင့်။ ကိုယ်လုပ် ကိုယ်ရမယ်။

★ သညာနဲ့မယူနဲ့။ ပညာနဲ့ယူ။ အတ္တနဲ့ နှလုံးမသွင်းနဲ့ အနတ္တနဲ့ နှလုံးသွင်း။

★ ရုပ်ဆင်းရဲရင် ဆင်းရဲပါစေ၊ စိတ်မဆင်းရဲစေနဲ့။

★ မဂ္ဂင်(၈)ပါးနဲ့သွား။ လမ်းဆုံးတော့ ရှာတွေ့လိမ့်မယ်။

★ ရုပ်နာမ်သိချင်ရင် ဝိပဿနာကျင့်ကြ။

★ ရုပ်၊ နာမ် မသိတာက အဝိဇ္ဇာ၊ ရုပ် နာမ်သိတာက ဝိဇ္ဇာ။

★ အသိတစ်လုံး အမြတ်ဆုံး၊ မရှိတာ ရှာလို့ရတယ်။ မသိတာ အခက်ဆုံးပဲ။

★ ရုပ်က အနတ္တ၊ ကိုယ့်စိတ်က အတ္တတွေဖြစ်နေတယ်။

★ ဓမ္မအစစ်ဖြစ်မှ ဓမ္မစေတီခေါ်တယ်။

★ ခန္ဓာက တကယ်သိလို့လာဟောတာ။

★ ပညတ်သီလ၊ ပရမတ်သီလ နှစ်ခုချုပ်မှ ရုပ်နာမ်ချုပ်မယ်။ အဲဒီကျမှ စိတ်ကလေးဟာ စင်ကြယ်ပြီး လွတ်မြောက်သွားပြီ။

★ ဟိုဘက်ကမ်းက အင်မတန်အေးတယ်။ ဒါပေမယ့် ဒီရုပ်ခန္ဓာကြီးရှိတော့ ဒီဘက်ကမ်း ပြန်လာရသေးတယ်။

★ ခန္ဓာကိုကျင့်ပြီးသိလို့၊ ခန္ဓာ သိတရား လာဟောတာ။

## အာရုံ နဲ့ မနော

အာရုံနဲ့ သညာပေါင်းတော့ သင်္ခါရဖြစ်သွားတယ်။ မနောဟာ အာရုံ(၆)ပါးနဲ့ပေါင်းတဲ့အတွက် သင်္ခါရတွေဖြစ်နေတယ်။ အာရုံတွေနောက်လိုက်လို့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ တွေဖြစ်နေတယ်။ အာရုံမလွတ်လို့ တဏှာ၊ မာန၊ ဒိဋ္ဌိ ရင်ဝမှာလုံ့စိုက်နေတယ်။ အတွင်းနဲ့ အပြင် ပေါင်းလို့ အာရုံမလွတ်လို့ပူရတာ။ အတွင်းမနောက အပြင်အာရုံပေါ်မှာ မြုပ်နေကြတယ်။ ပေါ်အောင်မလုပ်ကြဘူး။ အာရုံ(၆)ပါးလွတ်တာ ဝိဇ္ဇာ၊ မနောက အာရုံမလိုက်ရင် လုံပြီ။ မြင်တယ်၊ ကြားတယ်၊ နံတယ်၊ ဒီအယူကို မယူဘူး။ အဲဒါပညာပဲ။ အပြင်အာရုံ အမြဲတမ်း သတိထားနေတယ်။ အပြင်အာရုံမယူရင် တဏှာမရှိဘူး။ တဏှာမရှိရင် ဥပါဒါန်မရှိဘူး။ ဥပါဒါန်မရှိရင် ကံပြတ်တယ်။

## ရုပ် နဲ့ နာမ်

ခြေမရှိ၊ လက်မရှိကောင် နာမ်ကခိုင်းတော့ ရုပ်ခွေးဖြစ်တာပဲ။ ခန္ဓာငါးပါးကို ထုံးလိုချေ၊ ရေလိုနှောက်မှ ဉာဏ်နဲ့ကြည့်မှ ဒီရုပ်နာမ်ကိုသိမှာ။ ရုပ်မှာကပ်နေတဲ့ တဏှာကို သိမှာ။ တဏှာနဲ့နေရင် ကိုယ့်စိတ်ကို မသိဘူး။ ကိုယ့်ဟာကို သိမှပယ်တာ။ ခန္ဓာသိမှ ခံစားရတာ။ ရုပ်နာမ်မစွဲတဲ့သူက သဘောသဘာဝ သိသွားတဲ့ပုဂ္ဂိုလ် (၃၁)ဘုံလွတ်မြောက်သွားပြီ။ သေမှ လွတ်တာမဟုတ်ဘူး။ အခုတည်းကလွတ်တာ။ ရုပ်နာမ် မသိတာ အဝိဇ္ဇာ၊ ရုပ်နာမ် သိရင် ဉာဏ်၊ ရုပ်နာမ် မသိတာ ကံ၊ ရုပ်နာမ်သိရင် အနတ္တ၊ ရုပ်နာမ်မသိတာ အတ္တ၊ ရုပ်နာမ်မသိတာ သညာ၊ ရုပ်နာမ်သိတာ ပညာ၊ ရုပ်နာမ်သိအောင် မဂ္ဂင်ရှစ်ပါးနဲ့ကျင့်၊ လမ်းဆုံးရင် နိဗ္ဗာန်ကိုတွေ့မယ်။ ဇေတဝန်မှာ ဘယ်ကရသလဲ။ ရုပ်ပေါ်နာမ်ပေါ်က ရတယ်။ ရုပ်နာမ်ချုပ်ရင် နိဗ္ဗာန်ပဲ။

## ပညတ် နဲ့ ပရမတ်

ပညတ်အခွံကြီး၊ ထုံတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ပူတယ်၊ အောင့်တယ်၊ အဲဒါပညတ်။ ပညတ်ယူလို့ စွဲနေတာ။ ဥပါဒါန်တွေဖြစ်နေတယ်။ သဘော ပရမတ်ဆိုတာ သဘာဝ။ သဘာဝသိလို့ သဘောကို ပြောပြတာ။ ကိုင်တွယ်လို့မရဘူး။ ဉာဏ်နဲ့ကြည့်ရတယ်။ ပယ်တာမှန်ဖို့လိုတယ်။ ကျင့်တာမှန်ဖို့လိုတယ်။ သိတာမှန်ဖို့လိုတယ်။ ပညတ်ကို မပယ်ဘူး။ သာသနာပြုပေးတယ်။ မစွဲဘူး။ ဥပါဒါန်ပြတ်နေတယ်။ ကိုယ့်ရုပ်ကို မစုံမက်တော့ သူများရုပ်ကို မစုံမက်ဘူး။

## သညာ နဲ့ ပညာ

ပညတ်ကို သညာနဲ့ကြည့်ရင် ကံဖြစ်တယ်။ ပညတ်ကို ပညာနဲ့ကြည့်မှ ဉာဏ်ဖြစ်မယ်။ သညာနဲ့ မယူနဲ့၊ ပညာနဲ့ယူ။ အတ္တနဲ့ နှလုံးမသွင်းနဲ့၊ အနတ္တနဲ့ နှလုံးသွင်း။ သညာက ပညာကူးလိုက်၊ သညာကို ပယ်မှ ပညာဝင်မယ်။ သညာကိုသိလို့ ပညာခေါ်တာ။ ပညာကြောင့် ဉာဏ်ဖြစ်တာ။ ပညာရောက်မှ အလင်း ပေါက်မယ်။

## ကံ နဲ့ ဉာဏ်

မစွဲတာဉာဏ်၊ စွဲရင် ကံ၊ သံသရာလည်တာ ကံ၊ စွဲရင်လည်မှာပဲ။ ကံကြောင့် ဒုက္ခဖြစ်နေတာ။ သွားစွဲလို့ ဒုက္ခဖြစ်နေတယ်။ မနောစင်ကြယ်အောင်နေ။ မနောသတ်ရင် ကာယ၊ ဝစီငြိမ်တယ်။ အပြင်ကံ တွေလုံတယ်။ ခန္ဓာမှာ ဉာဏ်စိုက်။ ခန္ဓာမှာ ကံမစိုက်နဲ့။ ကံစိုက်ရင် တဏှာ၊ ရုပ်မှာကပ်နေတဲ့တဏှာကို ဉာဏ်နဲ့ ကြည့်မှသိမှာ။ ဉာဏ်ရရင် ကံပြတ်တယ်။ ဉာဏ်မရတော့ ကံမပြတ်ဘူး။ တန်းလန်းကြီးဖြစ်တယ်။ အစမွေးလာတုန်းက ကံ၊ ကိုယ်တိုင်ကျင့်လို့ ကိုယ်ရတာက ဉာဏ်၊ ကံကိုယုံကြည်ရင် စေတနာမှန်ပြီ။ စေတနာမှန်ရင် ထူးပြီ။ ယုံကြည်ပါ။ ယုံကြည်ရင် လုပ်ကြည့်ပါ။ လုပ်ကြည့်ရင် သိပါလိမ့်မယ်။ သိရင် ပယ် ပါလိမ့်မယ်။ ပယ်ရင် မဂ်ဆိုက်၊ ဖိုလ်ဆိုက်သွားလိမ့်မယ်။ ဘုရား၊ တရား၊ သံဃာကို ယုံကြည်တဲ့သဒ္ဓါကနေ ဝိပဿနာလုပ်ရင် အပါယ်ပိတ်တာပဲ။ နှလုံးသားဝိသုဒ္ဓိဖြစ်မှ အပါယ်ပိတ်မယ်။ နှလုံးသားမှာ သီလရှိတဲ့ ပုဂ္ဂိုလ် အင်မတန်ယဉ်ကျေးတယ်။ အသိတစ်လုံး အမြတ်ဆုံး။ လောကုတ္တရာအသိရအောင် လုပ်ပါ။ ရုပ်ဆင်းရဲချင် ဆင်းရဲပါစေ။ စိတ်မဆင်းရဲစေနဲ့။ ကိုယ့်ဟာကိုယ်ကျင့်ရမယ်။ ကိုယ့်ဟာကိုယ် ပယ်ရမယ်။ ကိုယ့်ဟာကိုယ် သိရမယ်။ မဂ်ဉာဏ်က အစွဲပြတ်တာ။ စိတ်နဲ့ စေတသိတ် အနုသယတွေသတ်သွားတာ။ မဂ်ဉာဏ်ခေါ်တာ။ ဒုက္ခနဲ့ သမုဒယကိုပယ်ရင် မဂ္ဂ နဲ့ နိရောဓ ဟာ အပေါင်းအသင်းပဲ။ ကိုယ့်ကိစ္စကိုယ် အောင်မြင်အောင်လုပ်ဦး။ ကိုယ့်ကိစ္စပြီးရင် သူများကိုကူညီနိုင်တယ်။

## အတ္တနဲ့ အနတ္တ

ဝေဒနာပေါ်မှာ ငါမရောစေနဲ့။ ရှေ့ကိုလည်း မမျှော်နဲ့။ နောက်ကိုလည်း မတွေးနဲ့။ ပစ္စုပ္ပန်တည့်တည့် အကြောင်းသတ်ဖို့လိုတယ်။ ထိတာက ရုပ်၊ သိတာက နာမ်။ ထိတာလည်း မမြဲဘူး။ သိတာလည်း မမြဲဘူး။ အကျိုးနဲ့အကြောင်းဖြစ်လိုက်၊ ပျက်လိုက် မမြဲပါလား။ ရွတ်လည်း မနေရဘူး။ အဲဒါ အနတ္တ၊ အဲဒီ အနတ္တ အသိလေးကို မျက်ချည်မပြတ် အမြဲတမ်းလုပ်နေ။ မြင်တာ မမြဲပါလား။ ကြားတာ မမြဲပါလား။ မမြဲတော့ မစွဲဘူး။ ဉပါဒါန်ပြတ်တယ်။ အတ္တကိုပယ်မှ အနတ္တဆိုက်မယ်။ အနတ္တဆိုက်မှ တဏှာမာန ဒိဋ္ဌိပြုတ်မယ်။ မနောက အာရုံနောက်မလိုက်တော့ဘူး။ အဲဒါအေးတာပေါ့။ နှလုံးသားမှာ ရေခဲတုံးကြီးထည့်ထားပြီး အပူမဟုတ်ဘူး။ အခုအေးရင် အနာဂတ်လည်း အေးမှာပဲ။ အခုပူရင် အနာဂတ်လည်း ပူမှာပဲ။ နိဗ္ဗာန်သည် ငြိမ်းအေးခြင်းဓာတ်၊ နှလုံးသား အေးတယ်။ အာရုံငါးပါးကိုမစွဲလို့ အေးတာ။ စွဲရင် ကံဖြစ်မယ်။ စိတ်၊ စေတသိတ်၊ ရုပ် အဲဒီ(၃)ချက် ကိုယ့်ကိုမနှောက်ယှက်ဘူးဆိုရင် နိဗ္ဗာန်။ ကိုယ့်စိတ် ကိုယ်စစ်လိုက်။ ငါစွဲ သလား။ သာယာသလား။ စိတ်ကို စိတ်နဲ့ပြန်စစ်။ စိတ်ကို စိတ်နဲ့ထိန်း။ စိတ်ကို စိတ်နဲ့ပြန်ဆေးကြောလိုက် ပါ။ ကျင့်ကြ ကြံကြ၊ အရှုံးမပေးနဲ့။ သူတော်ကောင်း နတ်စောင့်ရှောက်တယ်။ ကံက ဉာဏ်၊ သညာက ပညာ၊ အတ္တက အနတ္တ၊ ပညတ်က ပရမတ်၊ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်အောင်လုပ်။ သီလ၊ သမာဓိ၊ ပညာ ဖြစ်အောင်လုပ်။ အနိစ္စ၊ ဒုက္ခကနေ အနတ္တမြင်အောင်ကြည့်။ သဒ္ဒါရနှယ်က ထွက်ရမယ်။ ဒီအလုပ်လုပ်လို့ ဒီအသိ သိတာ။ အသိကနေတက်ပြီး ခန္ဓာသိကို ကျင့်ရမှာ။ စာနဲ့ စိတ်နဲ့ တစ်ထပ်တည်းဖြစ်မှ အရိယာ။

## စေတနာ မပျက်စေနဲ့

★ သာသနာ မဆိတ်သုဉ်းသေးဘူး။ မြေလျှောက်ရဟန္တာတွေရှိတယ်။

★ ဘုရားလှူရင် ဘုရားမျိုးစေ့ရမယ်။ ရဟန္တာလှူရင် ရဟန္တာမျိုးစေ့ရမယ်။ ဉာဏ်သမားလှူရင် ဉာဏ်မျိုးစေ့ရမယ်။ ကံသမားလှူရင် ကံမျိုးစေ့ရမယ်။

★ လှူတဲ့စေတနာမှန်ရမယ်။ အလှူခံပုဂ္ဂိုလ်ကလည်း သစ္စာမှန်ရမယ်။ အဲဒီတော့ မျိုးစေ့ရမယ်။

★ စေတနာလည်း မှန်ရမယ်။ ဝတ္ထုပစ္စည်းကလည်း စင်ကြယ်ရမယ်။ အလှူခံပုဂ္ဂိုလ်ကလည်း မှန်ရမယ်။ ခင်ဗျားဆုမတောင်းနဲ့ မဂ်မျိုးစေ့ရပြီ။

★ တစ်ဦးနဲ့တစ်ဦး စေတနာချင်းမတူဘူး။ စေတနာချင်းမတူတော့ ကံချင်းမတူဘူး။ ကံချင်းမတူတော့ ဘုံချင်းမတူဘူး။

★ ဘယ်သူပျက်ပျက် မင်းစေတနာ မပျက်နဲ့။

★ ရခဲသော လူ့ဘဝရလာကြပြီ။ ဘုရားသာသနာလည်း ကြုံပြီ။ သူတော်ကောင်းတရားလည်း နာကြားနေရပြီ။ ဒီတော့ အပယ်မှား အစွဲမှားတွေမဖြစ်ရအောင် တရားအားထုတ်ကြ။ အမှောင်ကလာရင် အလင်းကိုပြန်ကြ။ မိရိုးဖလာအသိတွေနဲ့ မနေကြနဲ့။

★ အားကိုးမမှားကြနဲ့။ ကိုယ့်ကိုယ်ကို ယုံကြည်ကြ။ ဒါန၊ သီလနှင့် ကျေနပ်မနေကြနဲ့။ ဝိပဿနာကို အားထုတ်ကြ။

★ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ်ကျင့်တရားထားပါ။ ကိုယ့်ကိုယ်ကို ရာဇမာန်၊ ပစ္စည်းမာန်၊ စာမာန်၊ ငါမာန်တွေ မစွဲပါနဲ့။

★ တရားအသိကိုယူကြ၊ သည်းခံကြ၊ စေတနာမပျက်ကြနဲ့။ သမ္မာလေးနဲ့နေကြ။ ဒီလိုနေရင် အပယ် ပိတ်တယ်။

★ အစွဲတွေကြောင့် စိတ်ဆင်းရဲတယ်။ အဲဒီတော့ ဥပါဒါန်ဖြစ်တယ်။ သံသရာလည်ပြန်ရော။

★ စာကမှန်၏ ဉာဏ်မမီ၊ ထိအောင်သူမသိ။ စာတွေ့ထက် ငါတွေ့ကသာတယ်။

★ ပညာနဲ့ယှဉ်တဲ့စေတနာ ဉာဏ်စေတနာ။ နိဗ္ဗာန်သွားမယ့်စေတနာ။

## မစွဲတော့ အေးတယ်

- ★ မဂ္ဂင်(၈)ပါးနဲ့သွား၊ လမ်းဆုံးတော့ ရွာတွေ့လိမ့်မယ်။
- ★ စိတ်၊ စေတသိတ်၊ ရုပ် အဲဒီ(၃)ချက်လွတ် နိဗ္ဗာန်ပဲပေါ့။
- ★ ရုပ်နာမ်သိချင် ဝိပဿနာကျင့်ကြ။
- ★ ရုပ်အနတ္တ၊ စိတ်အတ္တတွေ ဖြစ်နေကြတယ်။
- ★ သညာနဲ့ မယူနဲ့။ ပညာနဲ့ယူ။ အတ္တနဲ့ နှလုံးမသွင်းနဲ့၊ အနတ္တနဲ့ နှလုံးသွင်း။
- ★ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ အဲဒီ(၃)ခု အဆီညှစ်ထုတ်တော့ ဧကောဓမ္မောဖြစ်တယ်။
- ★ စိတ်သမာဓိနဲ့ထိန်း၊ အာရုံ ဉာဏ်နဲ့ ဖြတ်။
- ★ ရုပ်ဆင်းရဲရင် ဆင်းရဲပါစေ၊ စိတ်မဆင်းရဲပါစေနဲ့။
- ★ အရိယာသစ္စာဆိုတာ အာရုံပြတ်သွားတာ။
- ★ ကိလေသာ၊ တဏှာ အဲဒီ(၂)ခုသတ်ရင် မဂ်ဉာဏ်ရမယ်။ ဒီမဂ်ဉာဏ်ရရင် နိရောဓဝင်လို့ရပြီ။
- ★ ဧကော ဓမ္မော ဘယ်ကလာသလဲ။ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်။
- ★ သေမင်းမဦးခင် ဉာဏ်ဦးအောင် ဒီဘဝနောက်ဆုံးပဲ။ ကံနဲ့ပြန်ရင် လည်မှာပဲ။
- ★ ရုပ်နာမ်မသိတော့ အာရုံမထိန်းနိုင်ဘူး။
- ★ သမုတိသစ္စာမှာ သမ္မာနဲ့ ယူပါ။
- ★ အနိစ္စကိုတွေ့အောင်ရှာ၊ ဒုက္ခကို မုန်းအောင်ရှု၊ အနတ္တကို မြင်အောင်ကြည့်။
- ★ ရုပ်ဖောက်ပြန်ရင် နာမ်ပင်ပန်းမယ်။ နာမ်ဖောက်ပြန်ရင် ရုပ်ပင်ပန်းမယ်။
- ★ အလုပ်လုပ်ကြည့်၊ အလုပ်က အဓိပ္ပါယ်ပေါ်လာလိမ့်မယ်။

## စိတ်ကို စိတ်နဲ့ထိန်းပါ

- ★ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံ(၃)ပါးမှာ ဘယ်ကံက သံသရာလည်သလဲ၊ မနောကစလို့ လည်တယ်။ ဒီမနောကံကို မဂ်ဉာဏ်နဲ့မှ သတ်လို့ရတယ်။ အစွဲဥပါဒါန်ကို ဒါန၊ သီလနဲ့ သတ်လို့ မရဘူး။ ဝိပဿနာမဂ်ဉာဏ်နဲ့မှ သတ်လို့ရမယ်။ ဒီတော့ ဝိပဿနာအားထုတ်ကြ။ ဘယ်နေ့ သေမယ်ဆိုတာ မသိနိုင်ဘူး။ အသေမဦးခင် ဉာဏ်ဦးအောင် အားထုတ်ကြ။ မိရိုးဖလာအသိ တွေနဲ့ မနေကြနဲ့။
- ★ သညာကို ပညာဖြစ်အောင်လုပ်။ အတ္တကို အနတ္တဖြစ်အောင်လုပ်၊ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင်လုပ်၊ သီလ၊ သမာဓိကနေ ပညာဖြစ်အောင်လုပ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်အောင်ကြည့်။
- ★ ပညတ်ကို သညာနဲ့ကြည့်ရင် ကံဖြစ်တယ်။ ပညတ်ကို ပညာနဲ့ကြည့်မှ ဉာဏ်ဖြစ်မယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာမှာ မြင်အောင်ကြည့်တတ်ဖို့လိုတယ်။
- ★ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရအနတ္တတဲ့။ ကံကိုပြောတာ။ အာရုံမပယ်သတ်နိုင်တော့ သွားစွဲတာနော်။ အာရုံကြောင့် ကံတွေဖြစ်တာ။

★ အဝိဇ္ဇာတုံးကြီးကို သီလစစ်၊ သီလမှန်၊ ဒါနစစ်၊ ဒါနမှန်နှင့် ဆေးကြောပါ။ ဘာဝနာစစ်၊ ဘာဝနာမှန်နှင့် ပွားများပါ။

★ ဉပါဒါန်ကြတော့ မင်းတို့သတ်လို့မရဘူး။ မင်းတို့ အာရုံအကြောင်း မသိဘူး။ အဲဒီတော့ သစ္စာပျက်လိမ့်မယ်။

★ ဒီခေတ်ကြီးမှာ မလွယ်ဘူး။ ကုတ်ကုတ်ကလေးနေပါ။ ဘယ်သူက ဘာပြောပြော သည်းခံပါ။

★ အာရုံတွေပေါ်မှာ သည်းခံပါ။ မင်းအတွင်းစေတနာ မပျက်စေနဲ့။ စိတ်ကို စိတ်နဲ့ထိန်းပါ။

★ ကံပြတ်မှ နှလုံးသားမှာ ဉာဏ်ဝင်မယ်။

★ ဉာဏ်မှန်ရင် ဘုံသုံးပါးပါ မြင်ပါလိမ့်မယ်။ အတိတ်မြင်မှ သူကြောက်လိမ့်မယ်။ အရိုးတောင်လိုပုံဆိုတာ ဟောထားတယ် မဟုတ်လား။

★ တဏှာ၊ မာန၊ မာနပြီးရင် ဒိဋ္ဌိပဲ။ အာရုံတွေနောက်လိုက်နေတာ။ ဘယ်မှာ အသဝက္ခရာဉာဏ်ရမှာလဲ။ အာရုံမှာ ဉာဏ်မဖြစ်ပဲ ကံဖြစ်နေတယ်။

★ အာရုံ(၆)ပါး သမ္မာဒိဋ္ဌိနဲ့ထိန်း။ ခန္ဓာ(၅)ပါး ပညာနဲ့ နှလုံးသွင်း။

## ကိလေသာကြွေးဆိုတာ ဘာလဲ

★ သီလခန္ဓာမှာရှိတယ်။ သမာဓိခန္ဓာမှာ ရှိတယ်။ ဉာဏ်ခန္ဓာမှာရှိတယ်။ ဈာန်ခန္ဓာမှာရှိတယ်။ ကံခန္ဓာမှာရှိတယ်။ ရှာတတ်ဖို့တော့လိုတယ်။ ရုပ်နဲ့ရင်းရှာမှ သိမယ်။ ခန္ဓာသိခေါ်တယ်။

★ သီလရှိတဲ့ပုဂ္ဂိုလ်တွေက အင်မတန်ယဉ်ကျေးတယ်ကွ။

★ သမာဓိရှိတဲ့ပုဂ္ဂိုလ်တွေက ဘဝင်စိတ်ကလေး တည်ကြည်တယ်ကွ။ အဲဒါ အလုပ်ကရတဲ့ဟာတွေ။

★ သမာဓိရှိတဲ့လူက နှလုံးသားတည်ငြိမ်တယ်။ မဖောက်ပြန်ဘူး။ စေတသိတ်မဖြစ်ဘူး။

★ တရားဆိုတာ တရားတော့ တရားပဲဗျို့၊ စစ်မှသိမယ်။ သိမှ ပယ်မယ်၊ ပယ်မှ မဂ်ကိုရမယ်။ တကယ်ရတာ မလိမ်ပါဘူး။

★ အဓိစိတ္တအားကောင်းလာရင် ခင်ဗျား သဘောပေါက်လာလိမ့်မယ်။ အပြင်အာရုံမြင်တယ်။ ကြားတယ်။ ဒီအယူ မယူဘူး။ အတွင်းအာရုံ၊ အမြဲသတိထားတယ်။ (သြော် ... အေး ... အေး...)၂ မနောဓာတ်အေးနေရမယ်။ အပူမဟုတ်ဘူး။ ဗိုက်ထဲ ရေခဲတုံးကြီးထည့်ထားသလိုပဲ။ သဘောနဲ့ပဲ ပြောတာမဟုတ်ဘူး။ အအေးဓာတ်ပဲ။ အရင်တုန်းကတော့ ငါပူခဲ့ရပါတယ်ကွာ ....။

★ ဒီက တကယ်သိသွားတာ။ အသေခံမယ်။ ရုပ်နဲ့ ရင်းထားတဲ့တရား။ ဒီတဏှာကိုသတ်ချင်လို့ သိချင်လို့ တရားထိုင်တယ်။

★ ပယ်အပ်မယ့်တရားက ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ဒါ ပယ်ရမယ်။

★ ကျင့်အပ်မည့်တရားက မဂ္ဂင်(၈)ပါး။

★ သိအပ်မယ့်တရားက ကိလေသာဝဋ်၊ ဘဝဝဋ်၊ ကာမဝဋ်၊ ဝိဘာဂဝဋ်။

★ ရုပ်ကုဋ္ဌေငါးထောင်၊ နာမ်ကုဋ္ဌေတစ်သိန်းဖြစ်ပျက်မှ မသိရင် ကိလေသာကြွေးတင်တယ်။ ကြွေးမတင်တဲ့နေရာရှိတယ်။ ရောက်အောင်သွားတဲ့ .... ။

★ ကိလေသာကြွေးဆိုတာဘာလဲ၊ ကိလေသာရဲ့ဒုက္ခသစ္စာကို မသိလို့ သမုဒယအကြောင်း မပယ်နိုင်တော့ တဏှာမပယ်နိုင်ဘူးပေါ့ကွာ။ အဲဒါ ကြွေးပဲကွ။ ဒီကြွေးကို မင်းဘယ်လိုဆပ်မလဲ၊ မင်းလည်းသေမယ်။ ငါလည်း သေမယ်ကွ။ ဒီရုပ်က အိုမယ်ကွ၊ စိတ်က မအိုဘူး။ ငါဟောတာ စိတ်ဟောတာ။

★ ကိလေသာဝဋ်ကိုမသိရင် ကာမဝဋ် မပယ်နိုင်ဘူး။ ကာမဝဋ်မပယ်နိုင်ရင် ဘဝဝဋ် မလွတ်တော့ဘူး။ ဝိဘာဂဝဋ်ပါပြီ။

## ခွဲရင်တော့ မင်းထိုက်နဲ့ မင်းကံ

★ လောကီကို အားကိုးတဲ့တဏှာ၊ မာန၊ ဒိဋ္ဌိက မနော်မှာ အောင်းနေပြီ။ ကိုယ့်ကိုယ်ကို အောင်းမှန်းမသိဘူး။ ကိလေသာဆိုတာ ရုပ်တရား။ ကိလေသာဝဋ်၊ ကာမဝဋ်သိတော့ ကံမဟုတ်တော့ဘူး။ ဉာဏ်ဖြစ်သွားပြီ။ နှလုံးသားမှာ ဉာဏ်ဖြစ်တယ်။

★ မွေးလာတာက ကံ၊ ကျင့်လို့သိတာ ဉာဏ်၊ အဲဒီဉာဏ်က ဘာဉာဏ်ခေါ်သလဲ။ မဂ်ဉာဏ်ခေါ်တယ်။

★ မဂ်ဉာဏ်ဆိုတာ ဘာလဲ၊ လောကီအနုသယစိတ်နှင့် စေတသိတ်ကို သတ်သွားတာ။ အဲဒါ မဂ်ဉာဏ်ပဲဗျို့ .......။

★ ဘုရားဆုပန်ရင် ဘုရားဖြစ်အောင်ကြိုးစား၊ ကြိုးစားရင် ရမှာပဲ။ သူများတစ်တောင်ကျင့်ရင် ကိုယ်နှစ်တောင်ကျင့်၊ ကိုယ်လုပ် ကိုယ်ရမယ်။

★ ကျင့်ကြ၊ ကြံကြ၊ အားထုတ်ကြ။ ကံပြတ်တရားခေါ်တယ်။

★ အားကိုးမှားနေကြတယ်။ လောကီအားကိုးနေကြတယ်။

★ ဟောဒီဘဝ ကာမနှစ်သက်သွားပြီ။ မျော ... ပြီပေါ့။ လာဘ်လာဘကိုမျှော်ကိုးပြီးလုပ်ရင်တော့ ခင်ဗျားတို့ကျန်ရစ်ခဲ့မှာပဲ။

★ မာန်တွေကို မစွဲနဲ့။ စွဲရင်တော့ မင်းထိုက်နဲ့ မင်းကံပဲ။

★ ခင်ဗျား ဝိပဿနာသာ့ဆိုတယ် စားကောင်းသောက်ကောင်းလုပ်နေကြတယ်။ မှန်တယ်။ အပယ်တော့ ပိတ်လိမ့်မယ်။ ဉာဏ်ရဖို့တော့ မလွယ်ဘူး။

★ ဝိပဿနာလုပ်တော့ မှန်တယ်။ စိတ်ကမဖြူတော့ ဉာဏ်မပေါက်ဘူး။ အသိလေးတော့ရတယ်။

★ ဘယ်သူပျက်ပျက် ကိုယ့်စေတနာမပျက်စေနဲ့။ နိဗ္ဗာန်သွားမယ့်သီလခေါ်တယ်။ အလုပ်လုပ်ကြည့်၊ အလုပ်က အဓိပ္ပါယ်ပေါ်လာလိမ့်မယ်။ သဘောပေါက်လာလိမ့်မယ်။

★ ယခုကာလ အပြင်ကံလုံ့ရုံနဲ့ စိတ်မချရဘူး။

★ မြေကြီးလို သည်းခံနိုင်ရင် ပို၍ကောင်းတယ်။

★ လောကီအားကိုးတာ မာန်ခေါ်တယ်။ လောကုတ္တရာမမြင်လို့ လောကီအားကိုးတာ။

## ကိုယ်လုပ်မှ ကိုယ်ရမယ်

★ တရားထိုင်ပြီဆိုရင် ကာယကံ၊ ဝစီကံလုံနေပြီ။ သီလဖြစ်နေပြီ။ မနောကံကိုသတိ၊ ဝင်လေထွက်လေ တိုးဝင်တာကို သိ ... သိ ... သိနေအောင် ကြိုးစား၊ ကြာရင် ကျွဲကူးရေပါလိမ့်မယ်။

★ ထိတာက ရုပ်၊ သိတာက နာမ် (ဆိုလည်း မနေရဘူး) ဒီနှာခေါင်းနှစ်ပေါက် လှုပ်ရှားနေတဲ့ အာရုံကို သိထား။ အဲဒါ ဘဝင်စိတ်က သိတာ (ထိ...သိ...သတိ)၂ ထားရမယ်။ ဒီအာရုံဟာ တရစပ်လှုပ်ရှား နေတယ်။ ဝင်လိုက်၊ ထွက်လိုက်။ အဲဒီအာရုံကို ဘဝင်စိတ်ကသိထား၊ ကပ်ထား၊ မလွတ်စေနဲ့။

★ လူ့ဘုံကအမြတ်ဆုံး။ လူ့ဘုံက ကျင့်ရင်သိမယ်။ သိရင် ပယ်မယ်။ ပယ်ရင် မဂ်ဆိုက် ဖိုလ်ဆိုက်မယ်။ ကြိုးစားရင် ကြိုးစားသလောက်ရမယ်။ တကယ်ရတာ မလိမ်ပါဘူး။

★ စေတသိတ် သတ်ချင်ရင် မင်းရုပ် မင်းပြန်ရှုရမယ်။

★ ကိုယ်လုပ်မှ ကိုယ်ရမယ်။ သူများအားမကိုးနဲ့ ကိုယ့်ကိုယ်ကိုယုံကြည်ပါ။ ကိုယ့်ကိုယ်ကို ယုံကြည်လို့ လုပ်ရင် မဂ်ဖိုလ်ဈာန်တရားတွေ ရနိုင်ပါတယ်။

★ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။

★ တရားအားထုတ်တဲ့နေရာမှာ ဒီနှာခေါင်းနှစ်ပေါက်က ဝင်လေထွက်လေအာရုံလေးမှာ ဘဝင် မနောက ဒီအာရုံကို အသိကပ်ထား။ အသိလေးကပ်ထားရင် ဒီစိတ်လေးငြိမ်လာမယ်။ မနောဘဝင် ကလေး ငြိမ်လာမယ်။

★ မနောဘဝင်လေးငြိမ်လာရင် အဓိစိတ္တ၊ အပြင်မှာစင်ကြယ်လာရင် အဓိသီလ။

★ စိတ်စေတသိတ်သတ်တော့ မမြင်ချင်တော့ဘူး။ မကြားချင်တော့ဘူး။ မသိချင်တော့ဘူး။ သူအာရုံ (၅)ပါးပယ်ပြီ။

★ တရားယောဂီဟာ တရားမထိုင်တဲ့အချိန်မှာလည်း အပြင်မှာစင်ကြယ်အောင်နေ။ သမ္မာနဲ့နေ၊ မိစ္ဆာမဖြစ်စေနဲ့။ ကုပ်ကုပ်ကလေးနေ။ ဘယ်မှမသွားနဲ့။ ဘယ်သူနဲ့မှ စကားမပြောနဲ့။ အမြဲတမ်း တရားနှလုံးသွင်းနေ။ သည်းခံထား၊ စေတနာထား။

## အရိယာသစ္စာရောက်အောင်လုပ်

★ သမုတိသစ္စာကနေ ဝိရတီသစ္စာ၊ ဝိရတီသစ္စာကနေ သဘာဝသစ္စာ၊ သဘာဝသစ္စာကနေ ပရမတ္ထ သစ္စာ၊ ပရမတ္ထသစ္စာမှ အရိယာသစ္စာရောက်အောင်လုပ်။

★ သမုတိသစ္စာမှ သမ္မာနဲ့ယူပါ။

★ အယူမှန်ဖို့ နှလုံးသားက သမ္မာဖြစ်ဖို့လိုတယ်။

★ သမုတိသစ္စာမှန်မှ သမ္မာကလည်း ထူးလာပြီ။ အဲဒီအခါမှ အပယ်ပိတ်မည်။

★ ခင်ဗျားနှလုံးသားက သမ္မာဖြစ်နေမှ သမုတိသစ္စာမှန်မယ်။

★ သမုတိသစ္စာမှန်လာတဲ့အခါ တဆင့်တက်ပြီး ငါသည် အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ် တယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။

★ အပြင်မှာ သမုတိသစ္စာရှိတယ်။ အပြင်သစ္စာနဲ့ အတွင်းသစ္စာ (၂)ခုကို မှန်အောင်လုပ်ရမယ်။
★ သမုတိသစ္စာမှန်ရင် ဝိရတီသစ္စာကျင့်ပြီး အတွင်းစိတ်ကျင့်တာ။ ဘဝင်စိတ်ကျင့်တာ။ စွဲသေးသလား၊ ကိုယ့်စိတ်ကို ကိုယ်စစ်တာ။
★ ဝိပဿနာဆိုတာ အပျက်ရှုတာ။
★ ဝိရတီသစ္စာကျင့်တဲ့အခါ သဘာဝသစ္စာမြင်လာပြီ။ ဩော် ... ရုပ်တုံး၊ ရုပ်ခဲကြီး၊ ရုပ်က အကျိုးတရားကြီး၊ အကျိုးတရားကြီးပေါ်မှာ အကြောင်းပေါ်လာတယ်။
★ ထုံတာလည်း ဝေဒနာ၊ အေးတာလည်း ဝေဒနာ၊ ကျင်တာလည်း ဝေဒနာ၊ ဝေဒနာပါလားကွဆိုတာ သိလာပြီ၊ ဓာတ်(၄)ပါး ပါလား။
★ သမာဓိအားကောင်းလာတဲ့အခါ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ စိတ်ဘက်ရောက်လာတယ်။ ဩော် အေး ... အေး ... သဘာဝတွေပဲ။ အာရုံ(၆)ပါးပိတ်နေပြီ။ ဒုစရိုက်(၁၀)ပါး လုံနေပြီ။ သမ္မာနဲ့ သုံးထားပြီ ငါ့စိတ်ကို။
★ ဝိရတီသစ္စာ ငါတရားထိုင်လိုက်တဲ့အခါကြတော့ အနုသယစိတ်တွေ အကုန်လုံး တစ်ခုမှမပေါ် ပါလား။ ငါ ယခု ဓာတ်ကြီးပဲပေါ်နေပါလား။
★ ဝိရတီသစ္စာတက်တယ်။ ဝိရတီသစ္စာက ကာယကံ၊ ဝစီကံ သိမ်းပြီ၊ မနောကံ သိမ်းပြီ၊ အနုသယ သိမ်း။
★ အာရုံ(၆)ပါးရယ်၊ ကာယကံ၊ ဝစီကံ၊ မနောကံ ဒုစရိုက်(၁၀)ပါးရယ်။ ခန္ဓာ(၅)ပါးရယ်ကို မဂ်ဉာဏ်က သိမ်းတယ်။
★ မဂ်ဉာဏ်က ကျေးဇူးကြီးမားတယ်။ မဂ်ဉာဏ်ဆိုတာ လောကီမှာ သမုတိသစ္စာနယ်ကို ကံက သိမ်းလိုက်ပြီ။
★ ဖိုလ်ဉာဏ်က ဘာလဲ ...။ အားလုံးရှိတဲ့ ဓာတ်(၄)ပါးကို သိမ်းလိုက်ပြီ။
★ လောက(၃)ပါးလွတ်သွားတာ ဖိုလ်ပဲရှိတယ်။
★ ပရမတ်ဆိုတာ အတ္တနယ်နဲ့ အနတ္တနယ်ကိုမြင်သွားတာ။
★ အတ္တနယ်မှာ သမုတိသစ္စာနယ်က စပြီးလာရတာ။
★ ကာယသတိပဋ္ဌာန်ကနေ ဓမ္မာသတိပဋ္ဌာန်အထိ တစ်လျှောက်လုံးကျင့်သွားတာ။ ပရမတ်ကို အမှန်ဆိုက်အောင်ကျင့်ရတာ။
★ အရိယာသစ္စာဆိုတာ အာရုံပြတ်သွားတာ။
★ အာရုံပယ်မှ ဥပါဒါန်လွတ်မယ်။ ဥပါဒါန်လွတ်မှ ကံပြတ်မယ်။ ဥပါဒါန်လွတ်တာ အာသဝက္ခယဉာဏ်ပဲ။ ဒီဉာဏ်ရမှ သံသရာပြတ်မယ်။
★ ကျင့်ဖွယ်ကိစ္စပြီးပြီ။ အဲဒါ ဖိုလ်ပဲ။
★ ဟိုဘက်ကမ်းက အင်မတန်အေးတယ်။ ဒါပေမယ့် ဒီရုပ်ခန္ဓာကြီးရှိတော့ ဒီဘက်ကမ်း ပြန်လာရတယ်။

# ကိလေသာကို သတိပဋ္ဌာန်နဲ့သတ်

★ ကိလေသာရုပ်ကို သတ်မှသာလျှင် တဏှာရဲ့ သဘောကို သိလိမ့်မယ်။

★ ကိလေသာကို ဘာနဲ့သတ်မလဲ။ သတိပဋ္ဌာန်နဲ့ သတ်တယ်။ ဘာနဲ့သွားသလဲ။ မဂ္ဂင်ရှစ်ပါးနဲ့ မိမိစိတ်ကို တိုက်စစ်သွားရမယ်။ စစ်သွားရင် အတ္တရဲ့သဘော၊ အနတ္တရဲ့ သဘောကိုလည်း သိတယ်။ အတ္တဆိုတာ ကံအစွဲ။

★ သတိပဋ္ဌာန်(၄)ပါးနဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ ဒုစရိုက်(၁၀)ပါးလုံးကို လုံအောင်ထိန်းမယ်။ အာရုံ(၅)ပါး သာယာတယ်။ ဒါ အနုသယ။ ဒီအနုသယပယ်ရင် ကာယဝစီ ငြိမ်းလာမယ်။

★ ကာယသတိပဋ္ဌာန်မှာ အလုပ်တရားကျင့်ပါတယ်။ သီလမဂ္ဂင်လို့ ရေးထားတယ်။ ဝါယမစိုက်ပြီး ထူထောင်တာ အလုပ်ခေါ်တယ်။ တရားနှလုံးသွင်းပြီးနေတော့ စေတသိတ်ခေါင်းပါးလာတယ်။

★ မနောတစ်လုံးပဲ သတ်လိုက်။

★ မြင်ချင်တာလည်း မမြင်ချင်ဘူး။ ကြားချင်တာလည်း မကြားချင်ဘူး။ သိချင်တာလည်း မသိချင်ဘူး။ ချင်(၃)ချင် ရှောင်။

★ ကာယသတိပဋ္ဌာန်မှာ တွေးစိတ်မရှိအောင် ရှုတယ်။

★ မနောဘဝင်လေးငြိမ်လာရင် အဓိစိတ္တ၊ အပြင်မှာစင်ကြယ်လာရင် အဓိသီလ။

★ ကာယသတိပဋ္ဌာန် ကာယကံ၊ ဝစီကံ၊ မနောကံ စစ်။

★ ဘယ်သူနဲ့မှ စကားမပြောဘူး။ ရေတောင် မသောက်ဘူး။ တောထဲမှာ သူ့ဟာသူနေတာ။ အပြင်မှာ စင်ကြယ်လာတယ်။ အတွင်းမှာလည်း စိတ်၊ စေတသိတ်ခေါင်းပါးလာအောင် သူကျင့်လာတယ်။

★ ကာယသတိပဋ္ဌာန်မှာ ဝေဒနာ ငါမရောစေနဲ့။ အသာလေးရှုသွား။ သတိကပ်ထား။

★ အတွေးတွေခေါင်းပါးလာပြီး သမာဓိအားကောင်းလာတော့မှ ရုပ်ပြန်ရှု။

★ စိတ်ကို အရင်သတ်ပြီးမှ ကိလေသာကို သတ်တယ်။

★ ကာယသတိပဋ္ဌာန် ဘာနဲ့တိုက်သလဲ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဘုရားဟောတရားနဲ့ စိတ်နှင့်တိုက်တယ်။

★ ခန္ဓာ(၅)ပါး ဥပေက္ခာတော့မယ်။ ငါပြုတ်ရင်ပြုတ် ဘုရားဟော မဂ္ဂင်နဲ့ မိမိစိတ်နဲ့ တစ်ထပ်တည်းထားတယ်။

★ ခန္ဓာ(၅)ပါး အကျိုးတရားရှာ၊ ရုပ်တရားကြီး ဒုက္ခသစ္စာအကြောင်းပေါ်လာတယ်။ ဝေဒနာရှုတယ်။

★ ဝေဒနာသတိပဋ္ဌာန်၊ ဝေဒနာကြည့်၊ အဲဒီဝေဒနာမှာ တဏှာပါနေတယ်နော်။ မခံသာမှန်ပါဘိ ဒီတရား၊ ခံသာလျှင် သံသရာကျောမျောလိမ့်မယ်အများ။ ယိမ်းတာလည်း ဝေဒနာ၊ တွန်းတာလည်း ဝေဒနာ၊ အေးတာလည်း ဝေဒနာ၊ ပူတာလည်း ဝေဒနာ၊ ဒီရုပ်ရရင် ဝေဒနာဖြစ်မယ်။ ဒီရုပ်ရှိရင် ဝေဒနာရှိမယ်။ ကိလေသာရှိရင် တဏှာရှိမယ်။ ဒီတဏှာ သံသရာလည်တဲ့တရား။

★ ဝေဒနာဆိုတာ သူ့ဘာသာသူ ဖောက်ပြန်နေပါလား။ သိတာက မနောလေး။ မနောလေးက ဝေဒနာရဲ့ ဖောက်ပြန်မှုကို ကပ်လိုက်သွား။ ဝေဒနာဆုံးတော့ ခင်ဗျားသိလာလိမ့်မယ်။

★ အသိလေးက ဝေဒနာရဲ့အဆုံးကို လိုက်ရမယ်။ ဖျက်မပစ်နဲ့။ အဲဒါ ခင်ဗျား ပတ္တမြားတုံး၊ ဒုက္ခသစ္စာဆိုတာ ခင်ဗျားသိပြီပေါ့။

★ ဒုက္ခသိတော့ သမုဒယသံယောဇဉ်တွေ တဖြည်းဖြည်းပယ်လာပြီဗျို့ .... ။

★ လောဘ၊ ဒေါသ ခေါင်းပါးပြီး မောဟပြတ်လာပြီ

★ ဝေဒနာမခံသာ မှန်ပါဘိဒီတရား၊ ဘာမှ မလှုပ်နဲ့။ လက်တွေဘာတွေ မလှုပ်နဲ့။ ခန္ဓာ(၅)ပါး ဘုရားလှူထားတာ။ ခန္ဓာ(၅)ပါးကိုမြင်မှ ဒီဝေဒနာ ခင်ဗျားအမှန်သိမယ်။

★ ခန္ဓာ(၅)ပါးလှုပ်ရှားလိုက်ရင် ဝေဒနာပြုတ်သွားလိမ့်မယ်။ ငြိမ်ငြိမ်လေးနေ။ ဒီဝေဒနာပေါ်မှ ခင်ဗျားဉာဏ်ရမှာ။

★ ဝေဒနာကို ခင်ဗျားရဲ့ဉာဏ်ဦးစီးမှုကံကိုသိမယ်။ သတိလေးထား။ သဘောလေးရှု။ (သဘောလေး)၂

★ ဝေဒနာမှာလည်း သူ့သဘောလေးရလိုက်၊ သူ့သဘောဖြစ်နေပါလား။ ဓာတ်တွေဖြစ်နေပါလား။ ဒါကိုကြည့်။

★ ခင်ဗျားတို့ နှလုံးသွင်းတတ်ဖို့လိုတယ်။ ကြိုးစားပေး။ ဝိရိယ ဖွဲ့သတ္တိတင်ထား။ သေရင် သေပါစေ။ ခန္ဓာ(၅)ပါး ဥပေက္ခာထားလိုက် .......... ။

★ ခန္ဓာ(၅)ပါးကို ဥပေက္ခာမှ ရုပ်နာမ်(၂)ပါးသိမယ်။

★ ဒုက္ခဝေဒနာကို ဖျက်မပစ်နဲ့။ ဖျက်ပစ်ရင်တော့ ခင်ဗျားသွားပြီ။ အဲဒါ ချောက်ထဲရောက်တာပဲ။ ဝေဒနာကိုကပ်လိုက်သွား။ သဘောလေးရှု၊ သဘာဝတရားပါလား။ သြော် .... အနတ္တပါလား၊ မမြဲပါလား၊ ဒုက္ခပါလား၊ ဒုက္ခပါလား။ အဲဒါလေးနဲ့ အသိလေးကပ်သွား အရှုံးမပေးနဲ့။ သုခဝေဒနာ၊ ဒုက္ခဝေဒနာကိုလည်း သိရမယ်။

★ ဝေဒနာမှာ အသိကပ်ထား တဏှာမရောစေနဲ့၊ ငါမရောစေနဲ့၊ တောင့်မထားနဲ့၊ တင်းမထားနဲ့၊ အံကြိတ်မထားနဲ့။ ငါသွားမရောစေနဲ့။ မျောပြီးလိုက်သွား။

★ ကျင့်လိုက်တဲ့အခါ ကာယသတိပဋ္ဌာန်က ဝေဒနာသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်က စိတ္တသတိပဋ္ဌာန်ရောက်တယ်။ စိတ်လို့သိရင် သညာရှိတယ်။ ပဋိစ္စသမုပ္ပါဒ်ပေါ်တယ်။

★ ဓာတ်ကိုရောက်သွားမှ သဘာဝသဘောတရားသိတယ်။ သြော် အေး ... အေး ...။

★ ~~သုခဝေဒနာနှင့် ဒုက္ခဝေဒနာ အလယ်ကသွား။ အဲဒါ သီလချုပ်တယ်။ ပညတ်သီလနဲ့ ပရမတ်သီလ~~ ချုပ်တော့ လွတ်တာပေါ့။

★ ဓာတ်လေးပါးချုပ်တော့ အေးတာပေါ့။ ကိလေသာဓာတ်တွေချုပ်တယ်။ ဓမ္မဓာတ်ဖြစ်လာတယ်။
★ ပညတ် ပရမတ်ချုပ်မှ ရုပ်နာမ်လွတ်မယ်။
★ အဲဒီရုပ်နာမ်လွတ်တယ်ဆိုတာ ကဲ ပြောစမ်းပါဦး .... အေး .... ငါတရားထိုင်တယ်ကွ။ ထိုင်တုန်းကတော့ ဝေဒနာတွေ ဒင်းကြမ်းပေါ့ကွာ။ ရုပ်နာမ်လွတ်တဲ့အသိနဲ့ထိုင်တော့ ဘာမှမသိတော့ဘူးကွ။ ဒီအာရုံ ငါမယူတော့ဘူးကွ။ ဒါ ငါပြီးပြီတဲ့ .... ။ ဟော အာရုံတစ်ခုဖြစ်တယ်။ လောကုတ္တရာအာရုံပဲ။ သဘာဝသဘောပဲ။ သဘောပဲကွ။ အဲဒါ ငါခံစားရပြီတဲ့။ အကျိုးတရား ဒုက္ခသစ္စာကိုလည်း ငါယူစရာမလိုတော့ဘူး။ အကြောင်းတရားကိုလည်း သတ်စရာမလိုတော့ဘူး။ ဒီမဂ်ဉာဏ်ရမှ နိရောဓဝင်လို့ရမယ်။
★ မဂ်ဆိုတာ အနုသယပယ်တာ မဂ်ပဲ။
★ ဖိုလ်ဆိုတာ ရပြီးတရား ခံစားတာ ဖိုလ်ပဲ။
★ ဒီသစ္စာလေးပါးမှ မရရင် ငါမထဘူးကွ။ ဒီသတိပဋ္ဌာန်(၄)ပါးမှ ငါမအောင်မြင်ရင် ငါမထတော့ဘူး။
★ တောဆိုတာက တောနက်ကြီးမဟုတ်ဘူး။ လူသူခေါင်းပါးတဲ့နေရာ။ စိတ်ငြိမ်တဲ့နေရာ၊ ဥတုသပ္ပာယရှာတဲ့ ဒီလိုနေရာမျိုးကိုရှာပြီးတော့ ဒီလိုအကျင့်ကို ကျင့်ရတယ်။
★ ဉာဏ်ဆိုတာ အာရုံ(၆)ပါးကို မစွဲတာ ဉာဏ်။
★ ဉာဏ်သမားက အာရုံပေါ်မှာ ကြောင့်ကြခြင်း၊ တောင့်တခြင်း၊ ပူပန်ခြင်းလည်း မရှိတော့ဘူး။

## မဂ်ဉာဏ် ၊ ဖိုလ်ဉာဏ်

★ ဉာဏ်ပေါက်အောင် မကျင့်နိုင်ရင် သံဝေဂတရား၊ ကိုယ်ကျင့်တရားထား၊ ဖြဟ္မစိုရ်တရားထား၊ စေတနာ မပျက်နဲ့။
★ အဓိသီလဖြစ်ရင် အပယ်ပိတ်တယ်။ နတ်ပြည်ရောက်မယ်။
★ အဓိစိတ္တဖြစ်ရင် ဗြဟ္မာ့ပြည်ရောက်မယ်။
★ အဓိပညာက (၃၁)ဘုံလွတ်မယ်။
★ သမ္မာဒိဋ္ဌိသိပါပြီ။ မိစ္ဆာဒိဋ္ဌိလည်း ဥပေက္ခာပြီ။ အဲဒါ မဟာသောတပန်၊ သူ့ဒါနကလည်း စစ်မှန်နေပြီ။
★ မစွဲပါဘူးဆိုရင် အနာဂါမ် ခေါ်လိမ့်မယ်။ စာလိုဆို နိရောဓပုဂ္ဂိုလ်။
★ မဂ်က အနုသယပယ်တာ မဂ်ပဲ။
★ ဉာဏ်ဆိုတာ အာရုံ(၆)ပါး မစွဲတာ။
★ အာသဝက္ခယဉာဏ်ဆိုတာ အာရုံပြတ်သွားတာ။
★ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်လိုချင်ရင် အနုသယပယ်နိုင်မှ ထူးမယ်။

## ဘုရားရှင်ပွင့်သကဲ့သို့ ပွင့်ရမည့်သာသနာ

ဤသာသနာသည် ကံသာသနာမဟုတ်၊ ဉာဏ်သာသနာဖြစ်သည့်အတွက် ဓာတ်(၄)တိုင် အခြေပြုပြီး ဓမ္မဖြင့်အုတ်မြစ်ချရမည်။ ဓာတ်၊ နတ်၊ သိုက်အပေါင်းတို့မှ ဆရာတော်ကြီးအား မဂ်တိုင်ထား၍ ဝန်းရံခရမည်။ မင်းတို့ အတွင်းခန္ဓာတွေလည်း ဆေးကြောပြီး ဓမ္မဓာတ်ကိန်းအောင် ကျင့်ရမည်။ ဘုရားရှင်ပွင့်သကဲ့သို့ ပွင့်ရမည့်သာသနာဖြစ်ပြီး၊ သာသနာတစ်ဝက်တွင် ပွင့်ရသော ဓာတ်ပေါင်းချုပ်ဘုရားဖြစ်သည့်အတွက် မြတ်စွာဘုရား၏ ဗျာဒိတ်တော်အရ ဘိုးတော်သိကြားမှ ဦးစီးထားပြီး၊ ဦးစွာပထမ ပွင့်ပေါ်ရမည့် ပင်ရင်း၊ ပင်မ သာသနာဖြစ်သည်။ ဤသာသနာကိုပြုနိုင်သောပုဂ္ဂိုလ်သည် ရဟန်းကလည်း ရဟန်းစစ်ရမည်။ ယောက်ျားကလည်း ရဟန်းနီးနီး၊ မိန်းမကလည်း ဘိက္ခုနီ နီးနီးဖြစ်ရမည်။ ဤသာသနာကို ဓန၊ ငွေကြေးချမ်းသာကြွယ်ဝတိုင်းလည်း ပြု၍မရပါ။ ဘုရားစစ်၊ ဘုရားမှန်ပွင့်သကဲ့သို့ တရားစစ် တရားမှန်တွေ ဟောကြားပြီး သံဃာစစ်၊ သံဃာမှန်တွေနှင့် လူစစ် လူမှန်တွေ ဖြစ်ကြရမည်။ ဤသာသနာပွင့်ပေါ်ပြီးနောက်တွင် ကိုင်းတက်ကိုင်းပွားသာသနာတော်များ ပွင့်ပေါ်လာပြီး မြန်မာတစ်ပြည်လုံး သာသနာတော်ထွန်းလင်း၍ ဝပြောသာယာမည်ဖြစ်သည်။ ကံဘုရားကို အမြင်ပြု၍ ဆရာတော်ဘုရား၏ ပရမတ်တရားဖြင့် ဟောကြားပြီး (၇)ရက်သားသမီးအပေါင်းတို့အား ကယ်တင်ရမည့် သာသနာဖြစ်သည်။

## ဘွဲ့အမည် အောင်သစ္စာမဟာဓာတ်ပေါင်းချုပ်စေတီ

ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် တည်မည့်ဘုရားသည် ကံဘုရားပင်ဖြစ်သော်လည်း ဤကံဘုရားကို အမြင်ပြုကာ ဆရာတော်ကြီးမှ ခန္ဓာကိုယ်တွေ့ကျင့်ကြံရရှိသော တရားအသိ၊ ဉာဏ်တရားကို ဟောကြားပေးမှာဖြစ်ကြောင်း၊ သစ္စာ(၄)ပါးတရားကို ဘုရားရှင်ပွင့်ထွန်းသကဲ့သို့ ဟောကြားပြသပေးမှာဖြစ်ကြောင်း လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ပရမတ်သဘောဖြင့်ကြည့်ပါက ဓာတ်သဘောမျှသာဖြစ်ကြောင်း၊ ဤသာသနာသည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ဗုဒ္ဓ၏ ဓမ္မဓာတ်ဖြင့် ချုပ်ငြိမ်းစေပြီး၊ အေးချမ်းသော နိဗ္ဗာန်ကို ခံစား၊ စံစားနိုင်မည့် သာသနာဖြစ်ကြောင်း ဆရာတော် ဦးပဏ္ဍိတ အား မဂ်တိုင်ထားပြီး ဓာတ်၊ နတ်၊ သိုက်တို့ ဝန်းရံခရသည့် ဓာတ်မြူး၊ နတ်ပူး၊ သိုက်ထူး၊ မဂ်ကူးကြရမည့် သာသနာဖြစ်ကြောင်း တည်ထားမည့် ဘုရားမှာလည်း ဂေါတမမြတ်စွာဘုရား၏ သာသနာတစ်ဝက်၊ သာသနာနှစ်ထောင့်ငါးရာကျော်တွင် ထူးခြားစွာပွင့်လင်းရသည့် ဘိုးတော်သိကြားစောင့်ရှောက်သည့် ပန္နက်ဦးစေတီတော်ကြီး တည်ကြရမည်ဖြစ်ကြောင်း၊ ဘိုးတော်သိကြား၏ မကိုဋ်ဦးကင်းသဏ္ဍာန် ပလ္လင်ထက်တွင် စေတီတည်ထားမည်ဖြစ်ကြောင်း၊ စေတီတော်ကြီး၏ ဘွဲ့တော်ကိုလည်း ဘုရားရှင်ပွင့်ထွန်းပေါ်ပေါက်လာသကဲ့သို့ ဆရာတော်ကြီး၏ သစ္စာ(၄)ပါးတရားတော်နှင့် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့အား အေးငြိမ်းသောနိဗ္ဗာန်သို့ ပို့ဆောင်ပေးမည့် သာသနာအစ စေတီဖြစ်သည့်အတွက် "အောင်သစ္စာမဟာဓာတ်ပေါင်းချုပ်စေတီတော် အရှင်မြတ်ဘုရား" ဟု ဘွဲ့အမည်ပေးခဲ့သည်။

★ စာမတတ်တဲ့အတွက် ပြောလိုက်တဲ့စကား မှားယွင်းသွားရင် ဆရာတော်ကြီးများ၊ ကိုရင်လေးက အစ သီလရှင်၊ ယောဂီများ၊ တရားနာပရိတ်သတ်အပေါင်း သည်းခံခွင့်လွှတ်ကြပါလို့ မေတ္တာရပ်ခံ တောင်းပန်ပါတယ်။ မိဘက မူလတန်းမထားလို့ စာမတတ်တာပါ။ စာကိုပယ်တာမဟုတ်ဘူး။ ကိုယ်တတ်တဲ့အသိ လုပ်ပါတယ်။ သဘောလေးပြောပြပါမယ်။

★ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ဖြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ်ကျင့်တရားထားပါ။ ကိုယ့်ကိုယ်ကို ရာဇမာန်၊ ဓနမာန်၊ ပစ္စည်းမာန်၊ စာမာန်၊ ငါမာန်တွေ မစွဲနဲ့။

★ ပညတ်ကိုမပယ်ပါဘူး။ ဒါပေမယ့် မစွဲနဲ့။ မစွဲနဲ့ ... စွဲရင် ကံဖြစ်တယ်။ အစွဲကိုသတ် ...။ မစွဲတော့ အေးတယ်။

★ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးမှာ ဘယ်ကံက သံသရာလည်သလဲ။ မနောကံက စလို့ လည်တယ်။ မနောကံသတ်ရင် ကာယကံ၊ ဝစီကံပါလုံတယ်။

★ ခင်ဗျားစိတ်လေး မိစ္ဆာအယူကိုပယ်။ သမ္မာအယူကိုထားတော့။ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရတွေ ငြိမ်ဝပ်ပိပြားပြီး အမိစိတ္တဖြစ်လာလိမ့်မယ်။

★ တရားထိုင်တဲ့အချိန် ကာယ၊ ဝစီလုံနေပြီး။ မနောကိုသတ်။ ဝင်သွားတဲ့လေ၊ ထွက်သွားတဲ့လေကို သတိလေးကပ်ပြီး မှတ်ရတယ်။

★ ထိ-သိ-သတိ .... သတိလေးကပ်ထား။

★ သိ-သိ-သိ လို့မှတ်နေ ... ။ ဆိုလည်းမနေရဘူး။ ထိတာကရုပ်၊ သိတာက နာမ်၊ ထိတာလည်း မမြဲဘူး။ သိတာလည်း မမြဲဘူး။ အဲဒါ အနတ္တ။

★ ပညတ်ကို သညာနဲ့ကြည့်ရင် ကံဖြစ်တယ်။ ပညတ်ကို ပညာနဲ့ကြည့်မှ ဉာဏ်ဖြစ်မယ်။

★ ကိုယ့်စိတ်ကို ကိုယ်စစ်။ သူများစိတ် သွားမစစ်နဲ့။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ ကိုယ့်စိတ်ကို မဂ္ဂင်ရှစ်ပါးနဲ့စစ်ပါ။

★ ရှေ့လည်း မမျှော်နဲ့။ နောက်လည်း မတွေးနဲ့။ ပစ္စုပ္ပန်တည့်တည့်ကြည့်။

★ စိတ်၊ စေတသိတ်၊ ရုပ် အဲဒီ(၃)ချက်လွတ်ရင် နိဗ္ဗာန်ပဲပေါ့။

★ အရိယာသစ္စာဆိုတာ အာရုံနောက် မနောမလိုက်ဘူးပေါ့။ အာရုံပြတ်သွားပြီ။

★ အာရုံတွေကို သညာနဲ့ယူထားတဲ့အတွက် အမှတ်မှားတယ်။ အယူမှားတယ်။ အစွဲမှားတယ်။ အဲဒါကို ဒိဋ္ဌိလို့ခေါ်တယ်။

★ အာရုံတွေနောက်လိုက်လို့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ ဖြစ်နေကြတယ်။

★ ရုပ်နာမ် မသိတော့ အာရုံမထိန်းနိုင်ဘူး။

★ သညာနဲ့ မယူနဲ့၊ ပညာနဲ့ ယူ။ အတ္တနဲ့ နှလုံးမသွင်းနဲ့၊ အနတ္တနဲ့ နှလုံးသွင်း။

★ ရုပ်ဆင်းရဲရင် ဆင်းရဲပါစေ။ စိတ်မဆင်းရဲပါစေနဲ့။

★ လမ်းဆုံးတော့ ရွာတွေ့လိမ့်မယ်။

★ ရုပ်နာမ် မသိတာက အဝိဇ္ဇာ။ ရုပ်နာမ်သိတာက ဝိဇ္ဇာ။

★ ရုပ်က အနတ္တ။ ကိုယ့်စိတ်က အတ္တတွေဖြစ်နေတယ်။

★ ပညတ်သိလ၊ ပရမတ်သိလ နှစ်ခုချုပ်မှ ရုပ်နာမ်ချုပ်မယ်။ အဲဒီကြမှ စိတ်ကလေးဟာ စင်ကြယ်ပြီး လွတ်မြောက်သွားပြီ။

★ ဟိုဘက်ကမ်းက အင်မတန်အေးတယ်။ ဒါပေမယ့် ဒီရုပ်ခန္ဓာကြီးရှိတော့ ဒီဘက်ကမ်းပြန်လာရသေးတယ်။

★ ခန္ဓာကိုယ်ကျင့်ပြီးသိလို့ ခန္ဓာသိတရားလာဟောတာ။

★ ပုဂ္ဂိုလ်စစ်၊ ပုဂ္ဂိုလ်မှန်တွေရှိတယ်။ ဒါပေမယ့် ကိုယ်ကမသိနိုင်ဘူး။

★ ဦးပဏ္ဍိတ၊ ကိလေသာနဲ့ တဏှာသတ်သွားတာ။

★ ဥပါဒါန်အစွဲကို မဂ်ဉာဏ်ရမှပြတ်တယ်။ အစွဲပြတ်ရင် (၃၁)ဘုံလွတ်ပြီ။

★ သညာကြောင့် သင်္ခါရဖြစ်တယ်။ သင်္ခါရကြောင့် ကံဖြစ်တယ်။

★ သိုက်တွေကလည်းလှူပြီ၊ ဓါတ်တွေလည်းပွင့်ပြီ၊ နတ်တွေလည်းကူပြီ။ မဂ်အောင်တဲ့ရဟန်းနဲ့ ပေါင်းတော့ လေးကျွန်းသာသနာခေါ်တယ်။

★ လောကီနယ်ထဲမှာ စိတ်၊ လောကုတ္တရာနယ်မှာ ဓါတ်၊ ဓါတ်ကို ပရမတ်ခေါ်တယ်။

★ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တွေရှိတယ်။ ဘယ်သူသိလဲ။

★ ဉာဏ်ရသွားတော့ လောကီအာရုံတွေပြတ်သွားပြီ။ အရိယာသစ္စာခေါ်တယ်။

★ ဒီကပညာ၊ သူက သညာ၊ ဟိုကအတ္တ၊ ဒီက အနတ္တ၊ ဟိုက ပညတ်၊ ဒီက ပရမတ်။

★ ဝိမုတ္တိယုဂခေတ်၊ သာသနာ့ (၂၅၀၀)မှာ လာဟောတာပါ။

★ ခန္ဓာသိနဲ့ ဉာဏ်သိ၊ ပညာ့သိနဲ့ သညာသိ။ အတ္တသိနဲ့ အနတ္တအသိမတူဘူး။

★ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ကံ။ (၃၁)ဘုံလည်တာပဲ။

★ ဆရာတော်တွေမေးပါ။ ခန္ဓာသိနဲ့ ဖြေမယ်။ မေးလို့ မဖြေနိုင်ရင် သင်္ကန်းချွတ်ပေးပါမယ်။ ဦးဇင်းကလည်း ပြန်မေးမယ်။ ဖြေဖို့သာ အဆင်သင့်ပြင်ထား။ မဖြေနိုင်ရင် ဦးဇင်း ပြုတဲ့ ပဋိဝေဒသာသနာဝင်မရှုပ်နဲ့။

★ အပြင်မှာ စေတနာကောင်းမှ အတွင်းပရမတ်မြင်မယ်။ ပရမတ်မြင်မှ တရားအမှန်မြင်တယ်။

★ အတ္တဆိုတာ အာရုံ(၆)ပါးစွဲတာ။

★ မဂ္ဂင်(၈)ပါးနဲ့ အတ္တကိုပယ်။ အနတ္တကို နှလုံးသွင်း။

★ အာရုံနဲ့ မနောပေါင်းလို့ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဖြစ်တယ်။ သံသရာလည်မယ်။

★ အာရုံ(၆)ပါးမလွတ်ရင် (၃၁)ဘုံလည်မယ်။ ရုပ်နာမ်သိရင် အာရုံ(၆)ပါးလွတ်မယ်။

★ သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ်သစ္စာ၊ အရိယာသစ္စာ ရအောင်လုပ်။

★ အပြင်အာရုံ(၅)ပါးစင်ကြယ်မှ မနောစင်ကြယ်မယ်။ မနောမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။

★ အရိယာသစ္စာက သမုတိသစ္စာပြတ်သွားပြီ။ ကံပြတ်သွားပြီ။

★ လောကုတ္တရာဉာဏ်က အဝိဇ္ဇာဖောက်ထွင်းသိတာ။ လောကသုံးပါးကိုမြင်တယ်။ ငါဘယ်ဘဝကလာတယ်။ ဘယ်ကိုပြန်ရမယ်ဆိုတာ သိတယ်။

★ အဝိဇ္ဇာဆိုတာ အာရုံ(၆)ပါး၊ အာရုံ(၆)ပါးကိုသတ်တဲ့လက်နက်က အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်တယ်။

★ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတာ အစွဲဥပါဒါန်တွေ။ သံသရာလည်တဲ့တရား အာရုံ(၆)ပါး မလွတ်လို့ လည်တာ။

★ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါးကို မဂ္ဂင်ရှစ်ပါးအခြေခံထား၍ သတိပဋ္ဌာန်(၄)ပါးဖြင့် ဗိုလ်ငါးပါးဦးစီးပြီး ဝိသုဒ္ဓိ(၇)ပါးပိုင်ဆိုင်အောင် သစ္စာ(၄)ပါးသိမြင်အောင် ဝိပဿနာတရားအားထုတ်ပါ။

★ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ် ဗိုလ်(၅)ပါးနဲ့ကျင့်မှ ခန္ဓာမှာ တကယ်သိတာ။

★ ရုပ်နာမ်ကို သညာက ငါလို့ယူတယ်။ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်။ ဒိဋ္ဌိလို့ခေါ်တယ်။

★ သတိပဋ္ဌာန်(၄)ပါးနဲ့ကျင့်တဲ့အခါ ရုပ်ကဖောက်ပြန်တဲ့သဘော၊ ငါမဟုတ်။ နာမ်ကလည်း ငါမဟုတ်၊ ခံစားတတ်သော သဘာဝသဘောတရားသိမယ်။

★ ရုပ်နဲ့နာမ် ငါလို့မယူတဲ့အတွက် ဒိဋ္ဌိပြုတ်တယ်။ ဒိဋ္ဌိပြုတ်တဲ့အတွက် လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန နည်းလာတယ်။

★ အာရုံကိုမပယ်နိုင်ရင် ဝိသုဒ္ဓိမဖြစ်ဘူး။ ဝိသုဒ္ဓိမစင်ကြယ်ရင် ဝိမုတ္တိမလွတ်မြောက်တော့ဘူး။ ဝိသုဒ္ဓိစင်ကြယ်မှ ဝိမုတ္တိလွတ်မြောက်မယ်။

★ ပုဂ္ဂိုလ်စစ်၊ ပုဂ္ဂိုလ်မှန်တွေ ရှိတယ်။ ဒါပေမယ့် ကိုယ်ကမသိနိုင်ဘူး။

★ ဦးပဏ္ဍိတ၊ ကိလေသာနဲ့ တဏှာ သတ်သွားတာ။

★ ဥပါဒါန်အစွဲကို မဂ်ဉာဏ်ရမှပြတ်တယ်။ အစွဲပြတ်ရင် (၃၁)ဘုံလွတ်ပြီ။

★ သညာကြောင့် သင်္ခါရဖြစ်တယ်။ သင်္ခါရကြောင့် ကံဖြစ်တယ်။

★ သိုက်တွေကလည်းလှူပြီ၊ ဓာတ်တွေလည်းပွင့်ပြီ၊ နတ်တွေလည်း ကူပြီ။ မင်္ဂအောင်တဲ့ရဟာန်းနဲ့ပေါင်းတော့ လေးကျွန်းသာသနာခေါ်တယ်။

★ လောကီနယ်ထဲမှာ စိတ်၊ လောကုတ္တရာနယ်မှာ ဓာတ်၊ ဓာတ်ကို ပရမတ်ခေါ်တယ်။

★ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တွေ ရှိတယ်။ ဘယ်သူသိလဲ။

★ ဉာဏ်ရသွားတော့ လောကီအာရုံတွေ ပြတ်သွားပြီ။ အရိယာသစ္စာခေါ်တယ်။

★ ဒီက ပညာ၊ သူက သညာ၊ ဟိုက အတ္တ၊ ဒီက အနတ္တ၊ ဟိုကပညတ်၊ ဒီက ပရမတ်။

★ ဝိမုတ္တိယုဂခေတ်၊ သာသနာ(၂၅၀၀)မှာ လာဟောတာပါ။

★ ခန္ဓာသိနဲ့ ဉာဏ်သိ၊ ပညာသိနဲ့ သညာသိ၊ အတ္တသိနဲ့ အနတ္တသိ မတူဘူး။

★ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ကံ။ (၃၁)ဘုံ လည်တာပဲ။

★ ဆရာတော်တွေ မေးပါ။ ခန္ဓာသိနဲ့ဖြေမယ်။ မေးလို့ မဖြေနိုင်ရင် သင်္ကန်းချွတ်ပေးပါမယ်။ ဦးဇင်းကလည်း ပြန်မေးမယ်။ ဖြေဖို့သာအဆင်သင့်ပြင်ထား။ မဖြေနိုင်ရင် ဦးဇင်း ပြုတဲ့ ပဋိဝေဒသာသနာဝင်မရှုပ်နဲ့။

★ စွဲရင် ကံ၊ မစွဲရင် ဉာဏ်။ စွဲရင် ပူတယ်၊ မစွဲရင် အေးတယ်။ စွဲရင် သံသရာလည်တယ်၊ မစွဲရင်သံသရာပြတ်တယ်။ မမြဲတာသတိကပ်ရင် မစွဲတော့ဘူး။ မစွဲတာ မဂ်ဉာဏ်။

★ အစွဲဥပါဒါန်ကို ဒါန၊ သီလနဲ့ ဖြတ်လို့မရဘူး။ မဂ်ဉာဏ်ရမှ ပြတ်တာ။ မဂ်ဉာဏ်ရအောင် မဂ္ဂင်(၈)ပါးနဲ့ကျင့်။ မဂ္ဂင်(၈)ပါးနဲ့ ကျင့်လို့ရတဲ့ဉာဏ်၊ မဂ်ဉာဏ်။

★ ဝိသုဒ္ဓိဝိပဿနာ။ နှာသီးနှာဖျား၀၊ ထိသိမမြဲ။ လမ်းလျှောက်ရင်လည်း ခြေဖဝါး အသိကပ်၊ ထိသိမမြဲ။ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ ကြံတာ မမြဲ။ အမြဲသတိကပ်မှတ်။

★ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်။ ဝိသုဒ္ဓိနှင့် အောင်သစ္စာ။ ဝိသုဒ္ဓိမှ ဝိမုတ္တိသည်။ သည်းခံ၊ စေတနာထား၊ သမ္မာလမ်းကြောင်းပေါ်ကနေ။ မဂ္ဂင်(၈)ပါး ဉာဏ်လမ်းကြောင်းနဲ့ မဂ်ဉာဏ်ရအောင် ကျင့်တာ။ ဂေါတမဘုရားသာသနာတွင်း နိဗ္ဗာန်ဝင်မှာ။

★ ဝိသုဒ္ဓိဝိပဿနာသည် မဂ္ဂင်(၈)ပါးအခြေခံထား၍ သတိပဋ္ဌာန်(၄)ပါးကျင့်စဉ်ဖြင့် ဗိုလ်(၅)ပါးဦးစီး၍ ဝိသုဒ္ဓိ(၇)ပါးပိုင်ဆိုင်အောင် သစ္စာ(၄)ပါးသိမြင်အောင် အားထုတ်နည်းပင်ဖြစ်သည်။

★ စာမတတ်တဲ့အတွက် ဝိပဿနာအသိနဲ့ ဟောပါတယ်။

★ စိတ်၊ စေတသိတ်၊ ရုပ် အဲဒီသုံးချက်လွတ် နိဗ္ဗာန်ပဲပေါ့။

★ သမုတိသစ္စာကနေ ဝိရတီသစ္စာ၊ ဝိရတီသစ္စာကနေ သဘာဝသစ္စာ၊ သဘာဝသစ္စာက ပရမတ္ထသစ္စာ၊ ပရမတ္ထသစ္စာက အရိယာသစ္စာရောက်အောင်လုပ်။

★ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။

★ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ အဲဒီသုံးခု အဆီညှစ်ထုတ်တော့ ဇောဓမ္မော ဖြစ်တယ်။

★ သညာနဲ့ မယူနဲ့၊ ပညာနဲ့ ယူ။ အတ္တနဲ့ နှလုံးမသွင်းနဲ့ အနတ္တနဲ့ နှလုံးသွင်း။

★ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ဖြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ်ကျင့်တရားထားပါ။ ကိုယ့်ကို ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ငါမာန်တွေ မစွဲနဲ့။

★ ဦးပဏ္ဍိတ ဟောသွားတဲ့အသိ ယုံပါလို့ ဦးပဥ္စင်း မပြောပါဘူး။ လေ့လာပါ၊ စုံစမ်းပါ၊ သုံးသပ်ပါ၊ ဆုံးဖြတ်ပါ။ လုပ်ကြည့်ပါ။

★ မဂ္ဂင်ရှစ်ပါးနဲ့သွား။ လမ်းဆုံးတော့ ရွာတွေ့လိမ့်မယ်။

★ အရိယာသစ္စာဟာ အာရုံနောက် မနောမလိုက်ဘူးပေါ့ဗျာ။ အာရုံပြတ်သွားပြီ။ အာရုံတွေနောက် ဒိဋ္ဌိသတ်တော့ အာရုံသိပြီပေါ့ကွာ။ တဏှာသိပြီပေါ့ကွာ။ သွေးသားလည်းပြောင်းတယ်။ စိတ်လည်း ပြောင်းတယ်၊ သွေးသားဟာ ဘာသွေးသားလဲ။ ကိလေသာသွေးသားတွေပေါ့ဗျာ။ ဒီအာရုံတွေ ကိုလည်း ငါသိပြီ။ ငါတော့ ထုတ်မပြတတ်ဘူး။ သဘောလေးနဲ့သာ နာကြပေတော့။

★ ရုပ်နာမ်သိချင်ရင် ဝိပဿနာကျင့်ကြ။

★ အရိယာသစ္စာဆိုတာ အာရုံပြတ်သွားတာ။

★ ဓမ္မအစစ်ဖြစ်မှ ဓမ္မစေတီခေါ်တယ်။

★ ရုပ် အနတ္တ၊ စိတ်က အတ္တတွေဖြစ်တယ်။

★ ကောဓ မမ္မော ဘယ်ကလာသလဲ၊ ရုပ်ပေါ် နာမ်ပေါ်က လာတယ်။

★ ပညတ်ချုပ်၊ ပရမတ်ချုပ်၊ နှစ်ခုချုပ်မှ ရုပ်နာမ်လွတ်မယ်။

★ အာရုံသတ်တဲ့ရဟန်းရှိတယ်။ ရှားတယ်။ သာသနာ မဆိတ်သုဉ်းသေးဘူး။ ရှိတယ်။

★ ရုပ်ဆင်းရဲပါစေ စိတ်မဆင်းရဲပါစေနဲ့။

★ မာနနဲ့ ဒိဋ္ဌိ သတ်ပစ်မှ ရဟန်းအစစ်ခေါ်တယ်။

★ ခန္ဓာက တကယ်သိလို့ လာဟောတာ။

★ ဘုရားလှူရင် ဘုရားရှင်မျိုးစေ့ရမယ်။ ရဟန္တာလှူရင် ရဟန္တာမျိုးစေ့ရမယ်။ ကံဘုန်းကြီးလှူရင် ကံမျိုးစေ့ရမယ်။

★ ဒီသာသနာ နတ်တွေပါတယ်။

★ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။

★ အာရုံတွေပေါ်မှာ သစ္စာထားနိုင်တာက အရိယာရဟန်းလို့ခေါ်တယ်။

★ ကျင့်လို့သိပြီး ဒီတရား လာဟောတာ။

★ အစွဲဥပါဒါန်ကို သီလ၊ သမာဓိနဲ့ဖြတ်လို့မရဘူး။ မဂ်ဉာဏ်နဲ့မှ ဖြတ်လို့ရတယ်။

★ မသိတာက အဝိဇ္ဇာ၊ စွဲလမ်းတာက တဏှာ။

★ မနောငြိမ်အောင်သတ်မှ ကာယ၊ ဝစီကံလုံပါတယ်။

★ အာရုံခြောက်ပါးလဲလွတ်၊ မနောကလည်း စင်ကြယ်မှ ဝိသုဒ္ဓိမဂ်ခေါ်တယ်။

★ လောဘ၊ ဒေါသ၊ မောဟ ခေါင်းပါးရင် သီလခေါ်တယ်။

★ မာန်ဖြစ်နေရင် မဂ်တား၊ ဖိုလ်တားဖြစ်တယ်။

★ ဘုရားကို စေတီကကွယ်ထားတယ်၊ တရားကို စာက ကွယ်ထားတယ်။ ရဟန်းကို သံဃာက ကွယ်ထားတယ်။

★ မဂ္ဂင်ဖောင်ကြီးဆိုင်ထားတယ်။

★ စကြာဝဠာမှာရှိတဲ့ သိုက်ပေါင်း၊ နတ်ပေါင်း၊ ဓါတ်ပေါင်းခပြီး တည်ထားတဲ့ဘုရားပါ။ ဘုရားကို အမြင်ပြပြီး၊ တရားရကြအောင်လို့ပါ။ ဒီတရားရမှ အပါယ်ပိတ်မယ်။

★ ဦးပဏ္ဍိတ မှန်နေလို့ မေတ္တာရေကလည်း အစွမ်းထက်နေတာပါ။

★ ရှေးဘုန်းရှေးကံခေါ်တယ်၊ လုပ်ဘုန်းမဟုတ်ဘူး။

★ နေရာကလည်းမှန်ရမယ်။ တည်တဲ့ပုဂ္ဂိုလ်ကလည်း မှန်ရမယ်။ လှူတဲ့သူကလည်းမှန်ရမယ်။ ကူတဲ့ စရဏာရမယ်။ ဒီပုဂ္ဂိုလ်ကြီးသေမှ တို့လှူချင်ပါတယ်ဆိုလို့ မလွယ်တော့ဘူး။

★ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ကျင့်ပြီး သိလာတဲ့ ခန္ဓာသိတရားပါ။

★ နာမ်ခိုင်းတော့ ရုပ်ဒုက္ခရောက်တယ်။ နာမ်သေမှ ရုပ်အေးမယ်။

★ မနောသတ်ရင် ကာယ၊ ဝစီပါ ငြိမ်ပါတယ်။

★ အနတ္တတရားကြီး၊ အတ္တတွေဖြစ်နေတယ်၊ အစွဲတွေဖြစ်နေတယ်။

★ ဒိဋ္ဌိသတ်မှ တဏှာပြတ်မယ်။ တဏှာပြတ်မှ ကံပြတ်မယ်။ ကံပြတ်မှ ဉာဏ်ပြတ်မယ်။

★ ကိလေသာရဲ့ ဒုက္ခကိုမသိတော့ သမုဒယအကြောင်း မပယ်နိုင်ဘူး။ တဏှာကို မပယ်နိုင်ဘူး။

★ ဓါတ်ကြီးလေးပါးချုပ်တော့ အေးတာပေါ့။ ကိလေသာဓါတ်တွေချုပ်တော့ မဂ္ဂဓါတ်ဖြစ်တာပေါ့။

★ ကိုယ့်ကိုယ့်ကြည်လို့ ကိုယ်လုပ်ရင် မဂ်၊ ဖိုလ်ရနိုင်ပါတယ်။ မနောကံ လောဘ၊ ဒေါသ၊ မောဟတွေ ဖြစ်နေရင် တွေးတောနေရင် ဒီလူ သိလရှိနိုင်ပါ့မလား။

★ မိစ္ဆာဒိဋ္ဌိကိုပယ်၊ သမ္မာဒိဋ္ဌိကိုယူရင် အပါယ်ပိတ်မယ်။

★ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်းအကြောင်း အမှန်တရား။

★ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။

★ ပညတ်၊ စာ၊ အကာနဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိကို ပယ်နိုင်သလား။

★ ရုပ်ရှိရင် ဝေဒနာရှိတယ်။ ဝေဒနာမှာ တဏှာကို မြင်အောင်ကြည့်။

★ မဂ္ဂင်(၈)ပါးက နိဗ္ဗာန်ရောက်ကြောင်း တရားပဲ။

★ မဂ္ဂင်(၈)ပါးနဲ့ မိမိခန္ဓာအသိ တစ်ထပ်တည်းဖြစ်အောင်လုပ်။

★ ဒိဋ္ဌိဆိုတာ အယူလည်းမှားတယ်၊ အမှတ်လည်း မှားတယ်၊ အစွဲလည်း မှားတယ်။ ငါလို့ယူထားတယ်၊ အတ္တတွေဖြစ်တယ်။

★ ပညတ်ကိုယူပါ။ မစွဲနဲ့၊ စွဲရင်ကံဖြစ်မယ်။

★ ရုပ်ဆင်းရဲရင် ဆင်းရဲပါစေ၊ စိတ်မဆင်းရဲပါစေနဲ့။

★ သညာအသိ၊ ပညာအသိ၊ အတ္တအသိနဲ့ အနတ္တအသိ၊ ပညတ်အသိနဲ့ ပရမတ်အသိ။

★ ဧကော ဓမ္မော ဘယ်ကလာလဲ၊ ရုပ်ပေါ်နာမ်ပေါ်ကလာတယ်။

★ ရုပ်ကအိုမယ်၊ စိတ်က မအိုဘူး။

★ အောင်ခြင်း(၈)ပါးဆိုတာ အစွဲတွေကိုချွတ်တာ။

★ အရိယာမေတ္တာဟာ အတိုင်းအဆမရှိဘူး။

★ မဂ်ဉာဏ်ရမှ အစွဲပြတ်တာ။

★ အဲဒီရဟန်းက ကျင့်လို့ (၃၁)ဘုံလွတ်ရင် သူ့ကိုလှူတဲ့ ဒါနမျိုးစေ့က (၃၁)ဘုံလွတ်တဲ့မျိုးစေ့ပဲ။

★ ဝိသုဒ္ဓိဝိပဿနာသည် မဂ္ဂင်ရှစ်ပါးအခြေခံထား၍ သတိပဋ္ဌာန်လေးပါးကျင့်စဉ်ဖြင့် ဗိုလ်ငါးပါးဦးစီး၍ ဝိသုဒ္ဓိ(၇)ပါးပိုင်ဆိုင်အောင် သစ္စာ(၄)ပါးသိမြင်အောင် အားထုတ်နည်းပင်ဖြစ်သည်။

★ မြင်တာကရုပ်၊ သိတာကနာမ်၊ မြင်သိရုပ်နာမ် မမြဲပါလား။

★ ကြားတာကရုပ်၊ သိတာကနာမ်၊ ကြားသိရုပ်နာမ် မမြဲပါလား။

★ နံတာကရုပ်၊ သိတာကနာမ်၊ နံသိရုပ်နာမ် မမြဲပါလား။

★ စားတာကရုပ်၊ သိတာကနာမ်၊ စားသိရုပ်နာမ် မမြဲပါလား။

★ ထိတာကရုပ်၊ သိတာကနာမ်၊ ထိသိရုပ်နာမ် မမြဲပါလား။

★ တွေးတာကရုပ်၊ သိတာကနာမ်၊ တွေးသိရုပ်နာမ် မမြဲပါလား။

★ ဖောက်ပြန်တာကရုပ်၊ သိတာကနာမ်၊ ဖောက်ပြန်တဲ့ရုပ်ကလည်း မမြဲသလို၊ ခံစားတဲ့နာမ်ကလည်း မမြဲပါလား။

★ မမြဲတာသိတော့ မစွဲတော့ဘူး။

★ စွဲရင်ပူတယ်၊ မစွဲရင်အေးတယ်။

★ စွဲရင် ကံ၊ မစွဲရင် ဉာဏ်။

★ မစွဲတဲ့မဂ်ဉာဏ်ရအောင် မဂ္ဂင်ရှစ်ပါးနဲ့ကျင့်၊ ဝိပဿနာတရားအားထုတ်ကြ။

★ အပြင်မှာစင်ကြယ်မှ (သီလ)၊ ခန္ဓာမှာစင်ကြယ်မယ် (သမာဓိ)၊ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာ စင်ကြယ်မယ် (ပညာ)။

★ သီလရှိမှ သမာဓိရှိမယ်။ သမာဓိရှိမှ ပညာဖြစ်မယ်။

★ သီလအုတ်ပန္နက်ခိုင်ခိုင်ရိုက်၊ သမာဓိတိုင်ထူ၊ ပညာအမိုးမိုး။

★ ကိုယ့်စိတ်ကိုယ်စစ်ပါ။

★ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်ပါနဲ့။

★ သည်းခံ၊ စေတနာထား၊ သမ္မာနဲ့နေပါ။

★ အယူမှား၊ အမှတ်မှား၊ အစွဲမှားတွေမဖြစ်အောင် ဝိပဿနာတရားအားထုတ်ပါ။

★ အပြင်မှာစင်ကြယ်မှ(သီလ)၊ ခန္ဓာမှာစင်ကြယ်မယ်(သမာဓိ)၊ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်(ပညာ)။

★ အပြင်မှာမစင်ကြယ်ရင် (သီလ)၊ ခန္ဓာမှာမစင်ကြယ်ဘူး (သမာဓိ)၊ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာ မစင်ကြယ်ဘူး (ပညာ)

★ သီလရှိမှ သမာဓိရှိမယ်၊ သမာဓိရှိမှ ပညာဖြစ်မယ်။ သီလမရှိရင် သမာဓိမရှိဘူး၊ သမာဓိမရှိရင် ပညာမဖြစ်ဘူး။

★ သီလအုတ်ပန္နက် ခိုင်ခိုင်ရိုက်၊ သမာဓိတိုင်ထူ၊ ပညာအမိုးမိုး။

★ သီလ၊ သမာဓိ၊ ပညာရှိမှ မဂ်ဉာဏ်ကူးနိုင်မယ်။

★ မဂ္ဂင်ရှစ်ပါးသွား၊ လမ်းဆုံးရင် မဂ်ဉာဏ်ရမယ်။

★ မဂ္ဂင်ရှစ်ပါးနဲ့ ကျင့်လို့ရတဲ့ဉာဏ်ဟာ မဂ်ဉာဏ်ပါပဲ။

★ မဂ္ဂင်ရှစ်ပါးဆိုတာ သီလမဂ္ဂင်(၃)ပါး၊ သမာဓိမဂ္ဂင်(၃)ပါး၊ ပညာမဂ္ဂင်(၂)ပါး၊ သီလ၊ သမာဓိ၊ ပညာဖြစ်ပါတယ်။ သီလ၊ သမာဓိ၊ ပညာသည်ပင် သိက္ခာ(၃)ပါး၊ သာသနာ(၃)ရပ်၊ အကျင့်မြတ်(၃)ပါး ဖြစ်ပါတယ်။

★ မဂ္ဂင်ရှစ်ပါးအကျင့်မှန်တရားသည် နိဗ္ဗာန်ကိုရောက်နိုင်သော လမ်းကြောင်း အမှန်တရားဖြစ်ပါတယ်။

★ ဝိသုဒ္ဓိဝိပဿနာသည် မဂ္ဂင်ရှစ်ပါးအခြေခံထား၍ ဝိသုဒ္ဓိ(၇)ပါးရရှိအောင် ကျင့်ကြံအားထုတ်သော နည်းပင်ဖြစ်ပါတယ်။

★ ဝိသုဒ္ဓိဝိပဿနာတရားသည် မနောကို အထူးစင်ကြယ်အောင်ကျင့်သောတရားဖြစ်ပါတယ်။

★ မနောသည် သံသရာလည်နိုင်သလို သံသရာပြတ်အောင်လည်း လုပ်နိုင်ပါတယ်။ သံသရာဆိုတာ (၃၁)ဘုံကိုပြောတာပါ။ (၃၁)ဘုံက လွတ်မြောက်လိုလျှင် မနောကိုစင်ကြယ်အောင် ဝိပဿနာတရား အားထုတ်ကြရမှာဖြစ်ပါတယ်။

★ ဒီလိုတရားအားထုတ်ကြတဲ့အခါမှာ ရုပ်ပေါ်နာမ်ပေါ်မှာပဲ ရှုမှတ်ပွားများရမှာဖြစ်ပါတယ်။

★ နှာသီးဖျား လေဝင်တိုင်းထွက်တိုင်း ထိတာကရုပ်၊ သိတာက နာမ်၊ ထိတဲ့ရုပ်လည်းမမြဲ၊ သိတဲ့နာမ်လည်း မမြဲပါလားလို့၊ သတိနောက်မှာ အသိလိုက်ပေးရပါမယ်။ သဘာဝကို သဘောလေးနဲ့ရှုပွားရပါတယ်။

★ ရုပ်ကဖောက်ပြန်တယ်၊ နာမ်က ခံစားတယ်၊ ဒါ သဘာဝတရားပါပဲ။

★ ဖောက်ပြန်မှု၊ ခံစားမှုအာရုံဟာ မနောနဲ့ပေါင်းရင် လောဘ၊ ဒေါသဖြစ်ပါလိမ့်မယ်။ ဒါကြောင့် အာရုံကို သတိကပ်ထားပါ။

★ လောဘ၊ ဒေါသဖြစ်တာနဲ့ မနောသီလပျက်ပါတယ်။

★ အာရုံနဲ့မနော မပေါင်းနိုင်အောင် သတိကပ်ထားရင် မနောသီလအားကောင်းလာပါလိမ့်မယ်။

★ မနောသီလအားကောင်းလာရင် သမာဓိခိုင်မာလာပါလိမ့်မယ်။

★ သမာဓိခိုင်မာလာရင် ရုပ်နာမ်မမြဲ၊ ဆင်းရဲ၊ အစိုးမရတဲ့သဘောပေါက်လာပါလိမ့်မယ်။ ပညာဉာဏ်ကူးလာပါလိမ့်မယ်။

★ ခန္ဓာမှာ ဖြစ်ပျက်နေတဲ့ ရုပ်ဖောက်ပြန်မှု၊ နာမ်ခံစားမှုကို သတိနဲ့စောင့်ကြည့်ရင်းနဲ့ သီလဖြစ်လာပါလိမ့်မယ်။ သမာဓိတည်လာပါလိမ့်မယ်၊ ပညာက သဘာဝကို သဘောပေါက်လာပါလိမ့်မယ်။

★ ဝေဒနာကို သည်းခံခြင်းဟာ သီလဖြစ်ပါတယ်။ သည်းခံခြင်းသီလ အားကောင်းလာရင် အဓိသီလဖြစ်လာပါလိမ့်မယ်။ အဓိသီလအားကောင်းရင် စိတ်ကလည်း ကြည်လင်ပြီး၊ သဒ္ဓါအားတွေကောင်းလာရင် အဓိစိတ္တဖြစ်လာပါလိမ့်မယ်။

★ အဓိသီလ၊ အဓိစိတ္တဖြစ်ရင်တော့ အဓိပညာဆိုတဲ့ ရုပ်နာမ်၊ ဖြစ်ပျက်လွတ်တဲ့နေရာ ဒုက္ခဝေဒနာ၊ သုခဝေဒနာလွတ်တဲ့နေရာ ရောက်ရှိမှာဖြစ်ပါတယ်။

★ ဒါကြောင့် သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာ(၃)ပါး၊ သာသနာ(၃)ရပ်၊ အကျင့်မြတ်(၃)ပါး၊ ဝိသုဒ္ဓိ(၇)ပါးပိုင်ဆိုင်အောင် မဂ္ဂင်ရှစ်ပါးအခြေခံထား၍ "ဝိသုဒ္ဓိဝိပဿနာတရားကို "ဝိ" အထူး၊ "သုဒ္ဓိ" မနောစင်ကြယ်အောင် "ဝိ" အထူး "ပဿနာ" ဆင်ခြင်ရှုပွားခြင်းဖြင့် ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ ဝိသုဒ္ဓိဓမ္မသစ္စာတရား သိမြင်လာပါလိမ့်မယ်။

★ သူများစိတ် မစစ်ပါနဲ့၊ ကိုယ့်စိတ် ကိုယ်စစ်ပါ။

★ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်ပါနဲ့။

★ ဘယ်သူဘာပြောပြော သည်းခံပါ။ ဘယ်သူပျက် ကိုယ့်စေတနာမပျက်ပါနဲ့။

★ မဂ္ဂင်ရှစ်ပါးအခြေခံထား၊ သမ္မာနဲ့နေပါ။ ဝိပဿနာတရား အားထုတ်ကြပါ။ တရားထိုင်ကြပါ။

★ မဂ္ဂင်ရှစ်ပါး အခြေခံထား၍ ဝိပဿနာတရားအားထုတ်ရင် ဝိသုဒ္ဓိ(၇)ပါး ပိုင်ဆိုင်ပါလိမ့်မယ်။ ဝိသုဒ္ဓိ(၇)ပါးပိုင်ဆိုင်ပြီဆိုရင်တော့ (၃၁)ဘုံက ဝိမုတ္တိလွတ်မြောက်ပါလိမ့်မယ်။

★ စာမတတ်တဲ့အတွက် ပြောလိုက်တဲ့စကား ပညတ်တတ်မှားယွင်းသွားရင် ဆရာတော်ကြီးများ၊ ကိုရင်လေး က အစ သီလရှင်၊ ယောဂီများ၊ တရားနာပရိတ်သတ်အပေါင်း သည်းခံခွင့်လွှတ်ကြပါလို့ မေတ္တာရပ်ခံတောင်းပန်ပါတယ်။ ငယ်စဉ်တောင်ကျေးက မိဘက မူလတန်းကျောင်းမထားလို့ စာမတတ်တာပါ။ စာကိုပယ်တာမဟုတ်ပါဘူး။ ကိုယ်တတ်တဲ့အသိ လုပ်ပါတယ်။ သဘောလေး ပြောပြမယ်။

★ စာမတတ်တဲ့အတွက် "ဝိပဿနာ ခန္ဓာအသိနဲ့" ဟောပါတယ်။

★ "စာတွေက မှန်ပါတယ်"ဗျာ။ ကိုယ် "စိတ်မှန်ဖို့" လိုတယ်။

★ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတရားတွေရှိလို့ ဒီအကျင့်ကို ကျင့်နိုင်တာပါ။

★ စာနဲ့ စိတ်နဲ့ တစ်ထပ်တည်းကျမှ "သစ္စာ"ထိုက်တယ်။

★ စာနဲ့ စိတ်နဲ့ တစ်ထပ်တည်းကျမှ "အရိယာ"ဖြစ်တယ်။

★ အသိထုတ်ပြလို့တော့မရဘူး။ သဘောလေးနဲ့သာ နာ။ စာနဲ့ ခန္ဓာ တစ်ထပ်တည်းဟောပေးမယ်။

★ ဦးပဏ္ဍိတ ဟောသွားတဲ့အသိ မယုံနဲ့ဦး။ "လေ့လာပါ၊ စုံစမ်းပါ၊ မေးမြန်းပါ၊ သုံးသပ်ပါ၊ လုပ်ကြည့်ပါ" လုပ်မှသိမယ်။ သိမှ ပယ်မယ်၊ ပယ်မှ မဂ်ဆိုက်မယ်။ ဖိုလ်ဆိုက်မယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား လို့ စာကရေးထားပါတယ်။

★ အသိကိုဟောသွားတာပါ။ တစ်ဦးနှင့်တစ်ဦး အသိမတူဘူး။ လင်မယားတောင် အသိမတူဘူး။ စေတနာချင်းမတူဘူး။ စေတနာချင်းမတူတော့ ကံချင်းမတူဘူး။ ကံချင်းမတူတော့ ဘုံချင်းမတူဘူး။

★ တရားအသိကိုယူကြ "သည်းခံကြ၊ စေတနာမပျက်ကြနဲ့၊ သမ္မာလေးနဲ့နေကြ" ဘယ်သူပြောပြော သည်းခံ၊ မြေကြီးလိုနေပါ။

★ ရခဲတဲ့ဘူဘဝ ရလာကြပြီ။ ဘုရားသာသနာနဲ့လည်း ကြုံကြပြီ။ သူတော်ကောင်းတရားကိုလည်း နာကြားကြရပြီ၊ ဒီတော့ "အယူမှား၊ အမှတ်မှား၊ အစွဲမှား"တွေမဖြစ်ရအောင် "တရားအားထုတ်ကြ" အမှောင်ကလာရင် အလင်းပြန်ကြ၊ မိရိုးဖလာအသိတွေနဲ့ "မနေကြနဲ့"။

★ အစွဲဥပါဒါန်ကြောင့် သံသရာလည်တယ်။ အစွဲဥပါဒါန်ကို ဒါန-သီလ-သမထနဲ့ သတ်လို့မရဘူး။ ဝိပဿနာမဂ်ဉာဏ်ရမှ ပြတ်တယ်။ မဂ်ဉာဏ်ရအောင် မဂ္ဂင်ရှစ်ပါးနဲ့ကျင့်၊ ဝိပဿနာတရား အားထုတ်ကြ။

★ စိတ်ကို သမာဓိနဲ့ထိန်း၊ အာရုံဉာဏ်နဲ့ ဖြတ်။

★ စိတ်၊ စေတသိတ်၊ ရုပ် အဲဒီသုံးချက်လွတ်ရင် နိဗ္ဗာန်ပဲပေါ့။

★ ခန္ဓာကျင့်ပြီး သိလို့ ခန္ဓာသိတရားဟောတာပါ။

★ မဂ္ဂင်ရှစ်ပါးနဲ့ကျင့် လမ်းဆုံးရင် မဂ်ဉာဏ်ရမယ်။ မဂ္ဂင်ရှစ်ပါးနဲ့ကျင့်လို့ရတဲ့ဉာဏ်ဟာ မဂ်ဉာဏ်ပါပဲ။

★ ကာယကံ စင်ကြယ်တယ်၊ ဝစီကံ စင်ကြယ်တယ်၊ မနောကံ စင်ကြယ်တယ်။ ကိုယ်နှုတ် စင်ကြယ်တယ်။ စိတ် စင်ကြယ်တယ်။ အသိဉာဏ် စင်ကြယ်တယ်။ စင်ကြယ်ခြင်းဝိသုဒ္ဓိကြောင့် ဒုက္ခခပ်သိမ်း၊ ဘေးရန်ခပ်သိမ်း လွတ်မြောက်ခြင်း ဝိမုတ္တိဖြစ်ပါလိမ့်မယ်။ ဝိသုဒ္ဓိဆရာတော်က စင်ကြယ်ခြင်းဆိုတဲ့ ဝိသုဒ္ဓိဟာ စံပြမရှိ ဝိသုဒ္ဓိ၊ အတုမရှိ ဝိသုဒ္ဓိ၊ ကမ္ဘာကျော် ဝိသုဒ္ဓိ၊ နဘယံ ဘေးမရှိ ဝိသုဒ္ဓိဖြစ်လိမ့်မယ်။ ဝိသုဒ္ဓိဖြစ်မှ ဝိမုတ္တိဖြစ်မယ်။ အကျဉ်းချုပ်လိုက်တော့ ဝိသုဒ္ဓိနဲ့ ဝိမုတ္တိပဲရှိတယ်။ အဲဒီနှစ်ခု ပိုင်နိုင်အောင် ကြိုးစားကြပါ။

★ ခင်ဗျားတို့တတွေမှာ မိသားစုတာဝန်၊ လောကီအလုပ်တွေနဲ့ ဝိပဿနာတရား ကြိုးကြိုးစားစား မကျင့်နိုင်ကြတော့ဘူး။ ဒီတော့ နိဗ္ဗာန်ရောက်နိုင်တဲ့ အနီးဆုံးဖြတ်လမ်းပေးခဲ့မယ်။

★ ဘုရား၊ တရား၊ သံဃာကို ယုံကြည်ပါ။ ကြည်ညိုပါ။

★ ကာယကံ၊ ဝစီကံ စင်ကြယ်အောင် (၅)ပါးသီလ ခါးဝတ်ပုဆိုးလိုမြဲအောင် စောင့်ထိန်းပါ။

★ မနောကံစင်ကြယ်အောင် သည်းခံ၊ စေတနာထား၊ သမ္မာလေးနဲ့ နေပါ။

★ ဝိပဿနာတရားအားထုတ်ပါ။ တရားထိုင်ပါ။

အဲဒီလိုနေသွားကြရင် သေတဲ့အခါ နတ်ပြည်ရောက်မယ်။ နတ်ပြည်မှာ၊ နတ်ဓမ္မာရုံမှာ နတ်ဓမ္မကထိက နတ်သားတွေဟောတဲ့ တရားနာ၊ တရားအားထုတ်ပြီး ဂေါတမမြတ်စွာဘုရားရှင်ရဲ့ သာသနာတွင်းမှာ နိဗ္ဗာန်ဝင်မယ်။ အဲဒါ အနီးဆုံးဖြတ်လမ်းပဲ၊ အဲဒီအနီးဆုံးဖြတ်လမ်းနဲ့သာ လိုက်ခဲ့ကြပေတော့။

★ ကာယကံစင်ကြယ်တယ်။ ဝစီကံစင်ကြယ်တယ်။ မနောကံစင်ကြယ်တယ်။ ကိုယ်နှုတ်စင်ကြယ်တယ်။ စိတ်စင်ကြယ်တယ်။ အသိဉာဏ်စင်ကြယ်တယ်။ စင်ကြယ်ခြင်းဝိသုဒ္ဓိကြောင့် ဒုက္ခခပ်သိမ်း၊ ဘေးရန်ခပ်သိမ်း လွတ်မြောက်ခြင်းဝိမုတ္တိဖြစ်ပါလိမ့်မယ်။ ဝိသုဒ္ဓိဆရာတော်က စင်ကြယ်ခြင်းဆိုတဲ့ ဝိသုဒ္ဓိဟာ စံပြမရှိ ဝိသုဒ္ဓိ၊ အတုမရှိ ဝိသုဒ္ဓိ၊ ကမ္ဘာကျော်ဝိသုဒ္ဓိ၊ နဘယံ ဘေးမရှိဝိသုဒ္ဓိဖြစ်လိမ့်မယ်။ ဝိသုဒ္ဓိဖြစ်မှ ဝိမုတ္တိဖြစ်မယ်။ အကျဉ်းချုပ်လိုက်တော့ ဝိသုဒ္ဓိနဲ့ ဝိမုတ္တိပဲရှိတယ်။ အဲဒီနှစ်ခု ပိုင်နိုင်အောင် ဝိပဿနာအားထုတ်ပါ။ တရားထိုင်ကြပါ။

★ ခင်ဗျားတို့တတွေမှာ အတိတ်ကလည်း တရားအားထုတ်လာခဲ့တယ်။ ပစ္စုပ္ပန်မှာလည်း တရားထိုင်နေပြီး၊ နောင်အနာဂတ်မှာလည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ရသည်အထိ တရားထိုင်သွားကြ

လိမ့်မယ်။ ဦးပဏ္ဍိတ တရားထိုင်လို့ ဒီအသိတွေရလာတာပါ။ တရားထိုင်ရင်လေ ခင်ဗျားပါးစပ်ထဲ ထမင်းခွံ့ကျွေးပါ့မယ်။ တရားထိုင်နေတဲ့အချိန် ကာယကံ၊ ဝစီကံ၊ မနောကံတွေလုံတယ်။ သီလ၊ သမာဓိ၊ ပညာတွေဖြစ်နေတယ်။ တရားထိုင်တာကို ဘုရား၊ တရား၊ သံဃာ၊ သူတော်ကောင်း သူတော်မြတ်၊ နတ်ကောင်းနတ်မြတ်၊ မိဘ၊ ဆရာသမားတွေကလည်းကြိုက်တယ်။ စောင့်ရှောက် ကူညီတယ်။ တရားထိုင်ကြဖို့ တဖွဖွမှာခဲ့ပါတယ်။

★ ကိုယ့်စိတ် ကိုယ်စစ်ပါ။

★ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်ပါနဲ့။

★ သည်းခံ၊ စေတနာထား၊ သမ္မာနဲ့နေပါ။

★ သည်းခံခြင်းသည် သီလ၊ စေတနာဟာ သီလ၊ သမ္မာဟာ သီလ၊ သတိဟာ သီလ၊ လောဘ၊ ဒေါသ၊ မောဟခေါင်းပါးတာ သီလ၊ ဝိသုဒ္ဓိသီလတွေဖြစ်ပါတယ်။

★ မဂ္ဂင်ရှစ်ပါးနဲ့ကျင့် လမ်းဆုံးရင် ရှာတွေ့မယ်။ (မဂ်ဉာဏ်ရမယ်)

★ မဂ္ဂင်ရှစ်ပါးနဲ့ကျင့်လို့ရတဲ့ ဉာဏ်ဟာ မဂ်ဉာဏ်ပါပဲ။

★ စင်္ကြံလျှောက်တဲ့အခါ ခြေဖဝါးနဲ့ မြေကြီးထိတဲ့အသိလေး သတိကပ်ထားပါ။ (ထိ၊ သိ၊ သတိ၊ ထိတာလည်းမမြဲ၊ သိတာလည်း မမြဲ၊ သတိထားပါ။)

★ မြင်သိပျက်၊ ကြားသိပျက်၊ နံသိပျက်၊ စားသိပျက်၊ ထိသိပျက်၊ တွေးသိပျက်၊ သတိကပ်မှတ်။

★ မြင်တာ မမြဲပါလား၊ ကြားတာ မမြဲပါလား၊ နံတာ မမြဲပါလား၊ စားတာ မမြဲပါလား၊ ထိတာ မမြဲပါလား၊ သိတာ မမြဲပါလား၊ သတိကပ်မှတ်။

★ အစွဲဥပါဒါန်ကို ဒါန၊ သီလနဲ့ဖြတ်လို့မရဘူး။ မဂ်ဉာဏ်ရမှ ပြတ်တယ်။

★ မရှိတာ ရှာရင်ရတယ်၊ မသိတာ အခက်ဆုံး။

★ ရုပ်နာမ်မသိတာ အဝိဇ္ဇာ၊ ရုပ်နာမ်သိတာ ဝိဇ္ဇာဉာဏ်။

★ ရုပ်နာမ်မသိရင် ပညတ်၊ ရုပ်နာမ်သိရင် ပရမတ်။

★ ရုပ်နာမ်သိချင်ရင် ဝိပဿနာကျင့်ကြ၊ တရားထိုင်ကြ။

★ ရုပ်နာမ် အနိစ္စ၊ ဒုက္ခ၊ အနတ္တ အမြဲသတိထားပွားများပါ။

★ ရုပ်နာမ်ဖြစ်ပျက် အမြဲသတိထားပွားများပါ။

★ ကိုယ့်စိတ် ကိုယ်စစ်၊ သူများစိတ် သွားမစစ်နဲ့။

★ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။

★ ဘယ်သူဘာပြောပြော သည်းသာခံနေ။

★ လာတာလည်း တစ်ယောက်တည်း၊ ပြန်တော့လည်း တစ်ယောက်တည်းပဲ။

★ သေမင်းမဦးမီ ဉာဏ်ဦးအောင် ဝိပဿနာတရားအားထုတ်ကြ။

★ နေတတ်ဖို့လိုတယ်၊ စားတတ်ဖို့လိုတယ်၊ သွားတတ်ဖို့လိုတယ်၊ သေတတ်ဖို့လိုတယ်။

★ ရုပ်ဆင်းရဲရင် ဆင်းရဲပါစေ၊ စိတ်မဆင်းရဲပါစေနဲ့။

★ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်၊ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။

★ တရားထိုင်ကြပါ။ တရားထိုင်နေတဲ့အချိန်မှာ ကာယကံ၊ ဝစီကံလုံနေပြီ။ မနောကိုသတိ၊ ဝင်လေ၊ ထွက်လေကို သတိကပ်မှတ်နေ။

★ လက်တန်းလည်းကိုင် အုန်းတုံးလည်းလျှောက်။

★ ကိလေသာရဲ့ ဒုက္ခကို မသိတော့ သမုဒယအကြောင်း မပယ်နိုင်ဘူး။ တဏှာကို မပယ်နိုင်ဘူး။

★ စာကမှန်၍ ဉာဏ်မမိ၊ ထိအောင် သူမသိ၊ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။

★ မီးရထားခေါင်းကြီးက ကောင်းတယ်။ နောက်တွဲတွေ ချိတ်တတ်ဖို့လိုတယ်။

★ ခင်ဗျားတို့အပေါ်မှာ မူတည်တယ်။

★ ကိုယ့်ကိုယ်ကို ရာဇမာန်၊ ဓနမာန်၊ ပစ္စည်းမာန်၊ စာမာန်၊ ငါမာန်တွေမစွဲနဲ့။ စွဲရင် ကံဖြစ်မယ်။ အစွဲကိုသတ်၊ အေးမယ်။

★ အစွဲဥပါဒါန်ကို ဒါနလည်း သတ်မရ၊ သီလနဲ့လည်း သတ်လို့မရဘူး။ ဝိပဿနာမဂ်ဉာဏ်နဲ့မှ သတ်လို့ရတယ်။

★ အပေါင်းအသင်းကောင်းလို့ တက်တယ်။ အပေါင်းအသင်းမကောင်းလို့ ပျက်တယ်။

★ ညောင်စေ့လောက်လှူပေမယ့် ညောင်ပင်ကြီးလောက်ဖြစ်တယ်။ ညောင်ပင်ကြီးလောက် လှူသော်လည်း ညောင်စေ့လောက်ပဲဖြစ်တယ်။

★ ပဏာသနစေတနာ၊ အဓိပတိစေတနာ၊ ဘယာစေတနာတွေရှိတယ်။ လှူတတ်သူပေါ်မှာ မူတည်တယ်။

★ မနောကံ၊ လောဘ၊ ဒေါသ၊ မောဟတွေဖြစ်နေရင် သီလပျက်တယ်။

★ အားကိုး မမှားနဲ့၊ ကိုယ့်ကိုယ်ကို အားကိုး။ ဒါန၊ သီလနဲ့ ကျေနပ်မနေနဲ့။ ဝိပဿနာတရား အားထုတ်ကြ။

★ ထိတာကရုပ်၊ သိတာက နာမ်၊ ထိတာလည်း မမြဲဘူး၊ သိတာလည်း မမြဲဘူး။ မမြဲတော့ မစွဲဘူး။ မစွဲတော့ အေးတာပေါ့။

★ ပညတ်သီလ၊ ပရမတ်သီလ၊ နှစ်ခုချုပ်မှ ရုပ်နာမ်ချုပ်မယ်။

★ ရခဲလှတဲ့ လူ့ဘဝ ရလာကြပြီ။ ဘုရားသာသနာနဲ့လည်း ကြုံရပြီ။ သူတော်ကောင်းတရားလည်း နာရပြီ။ အယူမှား၊ အမှတ်မှား၊ အစွဲမှားတွေမဖြစ်အောင် တရားအားထုတ်ကြ။

★ တရားအသိကို ယူ၊ စေတနာ မပျက်နဲ့။ သမ္မာလေးနဲ့ နေ၊ မြေကြီးလို နေ။

★ အမှောင်ကလာရင် အလင်းကိုပြန်ကြ။

★ ရုပ်နာမ်ကို သိချင်ရင် ဝိပဿနာတရားကို ကျင့်ပါ။

★ ရှေ့လည်း မမျှော်နဲ့၊ နောက်လည်း မတွေးနဲ့။ ပစ္စုပ္ပန်တည့်တည့်ကြည့်။

★ ပယ်တာမှန်ဖို့လိုတယ်။ ကျင့်တာမှန်ဖို့လိုတယ်။ သိတာမှန်ဖို့လိုတယ်။

★ မနောကိုသတ်ရင် ကာယ၊ ဝစီပါ ငြိမ်တယ်။

★ အသိတစ်လုံး အမြတ်ဆုံး။ မရှိတာ ရှာရင်ရတယ်။ မသိတာ အခက်ဆုံး။

★ ပစ္စည်းဥစ္စာကို ပေးလို့ရတယ်။ အသိကိုပေးလို့မရ၊ ယူတတ်မှရမယ်။

★ ဒိဋ္ဌိသတ်မှ တဏှာပြတ်မယ်။ တဏှာပြတ်မှ ကံပြတ်မယ်။ ကံပြတ်မှ ဉာဏ်ဖြစ်မယ်။

★ အပြင်သီလ မှန်မှသာ၊ အတွင်းသမာဓိ ငြိမ်လာမယ်။

★ တစ်ဦးနဲ့တစ်ဦး အသိချင်းမတူဘူး။ အသိချင်းမတူတော့ စေတနာချင်းမတူဘူး။ စေတနာချင်း မတူတော့ ကံချင်းမတူဘူး။ ကံချင်းမတူတော့ ဘုံချင်းမတူဘူး။

★ နာမ်ခိုင်းတော့ ရုပ်ဒုက္ခရောက်တယ်။ နာမ်သေမှ ရုပ်အေးမယ်။

★ ကိုယ့်စိတ်မှန်ဖို့ လိုတယ်။

★ ကျုပ်ရဲ့တရားတွေက မှန်ရင် ကျုပ်ရဲ့အသိကို ယူထား။

★ ယုံကြည်တဲ့သူ ရလိမ့်မယ်။

★ သဒ္ဓါနဲ့မယူနဲ့၊ ပညာနဲ့ယူ။

★ အတ္တနဲ့ နှလုံးမသွင်းနဲ့၊ အနတ္တနဲ့ နှလုံးသွင်းပါ။

★ ကောင်းတာကိုသာ အမြဲနှလုံးသွင်းနေပါ။

★ ခြင်းကြားနဲ့ ရေယူသလိုမဖြစ်စေနဲ့။

★ ကောဓမွှေ ဘယ်ကလာလဲ။ ရုပ်ပေါ်နာမ်ပေါ်က လာတယ်။

★ နိဗ္ဗာန်သည် ခန္ဓာမှာ စတယ်၊ ခန္ဓာမှာဆုံးတယ်၊ သီလမှာ ချုပ်တယ်။ ဘယ်သီလလဲ၊ ပညတ်သီလနဲ့ ပရမတ်သီလမှာ ချုပ်တယ်။

★ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ အဲဒီ(၃)ခု အဆီညှစ်ထုတ်တော့ ကောဓမ္မောဖြစ်လာတယ်။

★ မှော်ရှိတဲ့ရေကန်ထဲ ခဲပစ်ချ။ ရေကြည်တွေ့ရတာ ခဏပဲ။ တော်ကြာ၊ မှော်ကပြန်အုပ်သွားသလို ခုတရားနာပြီး အိမ်ပြန်ရောက်တော့ အာရုံခြောက်ပါး မှော်တွေပြန်အုပ်သွားတာပါပဲ။

★ ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ငါး ကြောင်ကစား။ ကျန်တဲ့ ငါးကိုမှ ဘုရားကယ်မှာ။

★ စိတ်ကောင်း၊ စေတနာကောင်းထားပါ။

★ ပညတ်သီလဟာ အပြင်သီလ အကာခေါ်တယ်။ ကာယကံ၊ ဝစီကံဖြစ်တယ်။ ပရမတ်သီလဟာ အတွင်းသီလအနှစ်ခေါ်တယ်။ မနောကံဖြစ်တယ်။

★ မိစ္ဆာဒိဋ္ဌိကိုပယ်၊ သမ္မာဒိဋ္ဌိကိုယူရင် အပါယ်ပိတ်တယ်။

★ စိတ်၊ စေတသိတ်၊ ရုပ် အဲဒီ(၃)ချက်လွတ်ရင် နိဗ္ဗာန်ပေါ့။

★ လှူတတ်ဖို့လိုတယ်။ လှူတဲ့ဝတ္ထုကို ယူတာမဟုတ်ဘူး။ စေတနာကို ယူသွားတာ။ စေတနာကလည်း မှန်ရမယ်။ လှူတဲ့ပစ္စည်းကလည်း စင်ကြယ်၊ အလှူခံပုဂ္ဂိုလ်ကလည်း မှန်ရင် (ဆု) မတောင်းနဲ့ ရသွားပြီ။

★ ကျုပ်နောက်ကိုလိုက်ရင် ထူးမယ်။ မလိုက်တတ်ရင် လူးလိမ့်မယ်။

★ အရှုံးနဲ့ မပြန်ကြပါနဲ့။

★ အသီးတစ်ရာ အညှာတစ်ခုတဲ့။ အသီးတွေတစ်လုံးချင်းလျှောက်ဖြုတ်နေရင် ကြာတယ်။ အညှာကိုသာဖြတ်ချလိုက် အသီးတွေအကုန်ပြုတ်ကျတယ်။

★ သံသရာ ဘယ်ကစလဲ။ မနောကစတယ်။ သံသရာဘယ်မှာဆုံးလဲ။ မနောမှာဆုံးတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ကာယကံ၊ ဝစီကံ (ပညတ်သီလ) (အပြင်သီလ)ကို မနောကချုပ်ထားတာ။ ပရမတ်သီလ (အတွင်းသီလ)ဖြစ်တာပေါ့။

★ မနောကိုသတ်ရင် ကာယကံ၊ ဝစီကံ၊ မနာကံ လုံတယ်။ ကျွဲကူးရင် ရေပါတယ်။

★ ကာယကံ၊ ဝစီကံ စောင့်ထိန်းထားတဲ့ အပြင်သီလတွေနဲ့ အတွင်းစိတ်ပူနေတာကို ငြိမ်းအောင် လုပ်နိုင်ပါ့မလား။ ဥပမာ - ခင်ဗျားအိမ်မီးလောင်တယ်။ ခင်ဗျားသားလေး ရေနစ်သေပြီကြားရင် ဘယ်လိုနေမလဲ။ ပူပါတယ်ဘုရား - အတွင်းသီလလုံသွားတဲ့သူက အိမ်ပဲ မီးလောင်လောင်၊ သားပဲ ရေနစ်နစ် မပူတော့ဘူး။ အေးနေတယ်။

★ အာရုံတွေကို မှတ်လည်းမနေဘူး။ စွဲလည်း မနေဘူး။ ယူလည်း မယူဘူး။ သညာကနေ ပညာဖြစ်သွားတော့ မပူတော့ဘူး။

★ စာနဲ့ စိတ်ကို တစ်ထပ်တည်းဖြစ်မှ အရိယာသစ္စာ။ စာနဲ့ စိတ်နဲ့ တစ်ထပ်တည်းမဖြစ်သေးရင် သမုတိသစ္စာ က မလွတ်သေးဘူး။

★ ကာယကံ က သွားရိုက်တယ်။ ဝစီကံ က သွားဆဲတယ်။ မနောကံ က ခြေမရှိ၊ လက်မရှိနဲ့ သောင်းကျန်းနေတာ။ သိပ်ကြောက်ဖို့ကောင်းတယ်။ သံသရာလည်တာ။ မနောကံပဲ။

★ သံသရာလည်တဲ့တရားနဲ့ သံသရာပြတ်တဲ့တရား ဘယ်တရားက ကောင်းသလဲ။ သံသရာပြတ်တာက ကောင်းတယ်။

★ သံသရာပြတ်ချင်ရင် ကံကိုဖြတ်၊ အစွဲကိုဖြတ်၊ စွဲရင်ကံ၊ မစွဲရင် ဉာဏ်။

★ အာရုံကို သညာနဲ့ယူနေသမျှ ကံဖြစ်နေတယ်။ ငါ့သား၊ ငါ့သမီး စွဲနေသမျှ ကံတွေဖြစ်နေမှာပဲ။ သံသရာမပြတ်ဘူး။

★ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်တယ်။ မနောဒုစရိုက်တွေ သတ်လိုက်တာနဲ့ ကာယ၊ ဝစီ ဒုစရိုက်တွေ မပြုလုပ်တော့ဘူး။

★ ဝိပဿနာ ဆိုတာ ဉာဏ်စခန်း။ သမထနဲ့ တင်းတိမ်မနေနဲ့။ မဂ္ဂင်(၈)ပါးလမ်းဆုံးမှ ဉာဏ်ရမယ်။

★ ဉာဏ်မရသေးရင်တော့ အတ္တတွေ၊ အစွဲတွေ၊ သညာတွေနဲ့ နေရဦးမယ်။

★ မနောက မြင်တာ၊ ကြားတာ၊ နံတာ။ အာရုံနဲ့ပေါင်းတော့ ကံတွေဖြစ်နေတယ်။

★ ကိုယ့်စိတ်ကိုယ်စစ်။ စိတ်ကို အာရုံ(၅)ပါးနဲ့ မပေါင်းနဲ့။

★ ဝင်လေ၊ ထွက်လေမှာ သတိကပ်ထား။ ဝင်လေ၊ ထွက်လေ အာရုံပေါ်မှာ သတိမကပ်နိုင်လို့ စိတ်ကလေးက ပျံ့လွင့်နေရင် သင်္ခါရက မထွက်သေးဘူး။

★ ရုပ်နာမ်ဖြစ်ပျက်ကို မသိသေးသမျှ ကိလေသာကြွေးတင်မယ်။ ကြွေးတင်ရင် သံသရာက မလွတ်ဘူး။

★ ဦးပဥ္စင်း က စာမတတ်ပေမယ့် တဏှာကို ဉာဏ်နဲ့ကစားသွားတာ။ အနားကပ်နေတဲ့သူတောင် မသိဘူး။

★ ရုပ်ကိုမသိတော့ သညာ၊ သင်္ခါရ ဥပါဒါန် ဖြစ်တယ်။ နာမ်က လိမ်ပြီဗျို့။ နာမ်ကခိုင်းတော့ ရုပ်ခွေး ဖြစ်နေပြီ။

★ မဂ္ဂင်(၈)ပါး လမ်းဆုံးရင် ရွှာတွေ့မယ်။ စိတ်ကနေ ဓါတ်ဖြစ်သွားလိမ့်မယ်။ သညာသိက စိတ်ခေါ်တယ်။ ပညာသိက ဓာတ်ခေါ်တယ်။

★ (၃၁)ဘုံက လွတ်သွားရင် ရုပ်နာမ်လွတ်သွားရင် နဘယံ ဘေးမရှိတဲ့၊ နတ်သကြားတွေကတောင် စောင့်ရှောက်ရတယ်။

★ လောဘ၊ ဒေါသ၊ မောဟဖြစ်နေသေးရင် သီလပျက်တယ်။ အပြင်သီလက အကာ၊ အတွင်းသီလ က အနှစ်။ အနှစ်ဖြစ်သွားရင် နတ်၊ သကြားတွေလာမယ်။

★ အကျိုးနဲ့ အကြောင်း အလယ်ကသွားပါ။ အကျိုးမသတ်တော့ အကြောင်းမပြတ်ဘူး။

★ ကိုယ့်စိတ်ကိုယ် စစ်တတ်ရင် လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ ခေါင်းပါးသွားပြီ။ အာရုံမှာလည်း သာယာမနေတော့ဘူး။ မနောမှာလည်း တွေးတော၊ ကြံစည် အထွေမြောက်တဲ့ စိတ်တွေ ခေါင်းပါးသွားပြီ။

★ ဝိသုဒ္ဓိဝိပဿနာသည် မဂ္ဂင်ရှစ်ပါးအခြေခံထား၍ သတိပဋ္ဌာန်(၄)ပါး ကျင့်စဉ်ဖြင့် ဗိုလ်ငါးပါးဦးစီး၍ သစ္စာ(၄)ပါးသိမြင်အောင် အားထုတ်နည်းဖြစ်၏။

★ အစွဲ(ဥပါဒါန်)ကို ဒါန၊ သီလနဲ့ဖြတ်လို့မရဘူး။ မဂ်ဉာဏ်ရမှပြတ်တာ။ မဂ်ဉာဏ်ရအောင် မဂ္ဂင်(၈)ပါး နဲ့ကျင့်။ မဂ္ဂင်(၈)ပါးနဲ့ ကျင့်လို့ရတဲ့ဉာဏ် မဂ်ဉာဏ်။

★ ဝတ္ထုကြေးငွေကိုယူတာမဟုတ်ပါ။ စေတနာကိုယူသွားတာ။

★ စေတနာလည်း မှန်ရမယ်။ ဝတ္ထုပစ္စည်းကလည်း စင်ကြယ်ရမယ်။ အလှူခံပုဂ္ဂိုလ်ကလည်း မှန် ရမယ်။ ဆုမတောင်းနဲ့ မင်္ဂမျိုးစေ့ရပြီ။

★ ဘုရားလှူရင် ဘုရားမျိုးစေ့ရမယ်။ ရဟန္တာလှူရင် ရဟန္တာမျိုးစေ့ရမယ်။ ကံသမားလှူရင် ကံမျိုးစေ့ ရမယ်။ ဉာဏ်သမားလှူရင် ဉာဏ်မျိုးစေ့ရမယ်။

★ စိတ်ကို စိတ်နဲ့ထိမ်း။ စေတနာမပျက်နဲ့။ စိတ်ပြောင်းတော့ သွေးသားပြောင်းတယ်။ သွေးသား ဆိုတာ ကိလေသာသွေးသားကနေ ဓမ္မသွေးသားပြောင်းသွားတာ။

★ စေတနာဟာ ကံပဲ။ ပြုလုပ်တဲ့ကံရှိသလို မပြုလုပ်တဲ့ကံလည်းရှိတယ်။ ကံပြတ်သွားရင် နှလုံးသား မှာ ဉာဏ်ဖြစ်သွားမယ်။

★ အပြင်အာရုံကို သညာအမှတ်နဲ့ယူတဲ့အတွက်ကြောင့် သင်္ခါရဖြစ်တယ်။ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စတဲ့၊ သဗ္ဗေဆိုတာ အကုန်ပါတယ်။ ဖြဟ္မာ့ဘုံတောင်ပါတယ်။ ဖြဟ္မာ့ပြည်တဝင်းဝင်း၊ ဝက်တကျင်း တရှုံ့ရှုံ့ ။ ဖြဟ္မာ့ဘုံလည်းရောက်နိုင်တယ်။ နတ်ဘုံလည်းရောက်နိုင်တယ်။ အပယ် လေးဘုံလည်း ရောက်နိုင့်တယ်။ ရုပ်ပြစ်ရှစ်ပါးလည်း ရောက်နိုင်တယ်။ အားလုံးပေါင်းရင် (၃၁)ဘုံ ခေါ်တယ်။

★ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီ ဒါတွေက ကံတွေ။ ကံတွေကို ဓမ္မဖြစ်အောင်လုပ်။ ဓမ္မအစစ်ဖြစ်မှ ဓမ္မစေတီခေါ်တယ်။ ဓမ္မစေတီဆိုတာ သခၤါရမဟုတ်တော့ဘူး။

★ နဘယံ ဘေးမရှိ။ အာရောဂျံ ပရမံ လာဘံ။ ကျန်းမာရေးလာဘ်ရတယ်တဲ့။ စာတွေသိပ်မှန်တယ်တဲ့။ နဘယံ ဘေးမရှိဆိုတာ (၃၁)ဘုံလွတ်တဲ့ရဟန်းခေါ်တယ်။ ရုပ်နာမ်လွတ်သွားပြီ။ နတ်က စောင့်ရှောက်ရတယ်။

★ အာရုံတွေကို မပယ်နိုင်ဘူး။ သိလည်း မသိဘူးဆိုရင် ကိလေသာဖြစ်တယ်။

★ ညောင်စေ့လောက် လှူရင် ညောင်ပင်ကြီးလောက် ဖြစ်တယ်။ ညောင်ပင်ကြီးလောက် လှူရင် ညောင်စေ့လောက်ဖြစ်တယ်။ စေတနာမှန်ဖို့လိုတယ်။ ရဟန်းကလည်း စစ်ဖို့လိုတယ်။ ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယော။ ဝေဒနိယဒိဋ္ဌ လက်ငင်းမျက်မှောက်အကျိုးပေးလိမ့်မယ်။

★ သီလရှိတဲ့သူ အင်မတန် ယဉ်ကျေးတယ်။ သမာဓိရှိတဲ့သူ နှလုံးသားက တည်နေတယ်။ မဖေါက်ပြန်ဘူး။

★ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ ကို မနောကံခေါ်တယ်။ သားလေးတွေ၊ သမီးလေးတွေ တစ်ခုခုဖြစ်ခဲ့ရင် အဲဒီအသံကြားတယ်။ ကြားတဲ့အခါမှာ အမှတ်သညာနဲ့ မှတ်ပြီးစွဲတယ်။ ဒါ ဥပါဒါန်၊ ကံ၊ အာရုံကြောင့် အာရုံမှာ အမှတ်မှားပြီးတော့ စွဲလိုက်တဲ့ကံကို မနောကံလို့ခေါ်တယ်။

★ ဝိပဿနာတရားကို ကျင့်ကြပါ၊ ကြံကြပါ၊ အားထုတ်ကြပါ။ ဝိပဿနာက မဂ္ဂင်(၈)ပါးရှိတယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ ဒါ သီလမဂ္ဂင်(၃)ပါး၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိကတော့ သမာဓိမဂ္ဂင်(၃)ပါး၊ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပကတော့ ပညာမဂ္ဂင်(၂)ပါး။

★ (၃၁)ဘုံက လွတ်တယ်ဆိုတာ ကိလေသာနဲ့ တဏှာသတ်နိုင်မှလွတ်မယ်။ ကိလေသာနာမ်တရား၊ တဏှာနာမ်တရား၊ ရုပ်နာမ်သိရင် ဝိဇ္ဇာဉာဏ်ခေါ်တယ်။ ရုပ်နာမ်မသိရင် အဝိဇ္ဇာခေါ်တယ်။

★ ရုပ်နာမ်ကိုသိချင်ရင် ခန္ဓာမှာရှာရမယ်။ ရှာတဲ့အခါမှာ ကာယနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ စာကရေးထားတယ်။

★ တရားအားထုတ်တဲ့အခါမှာ ပညတ်အာရုံ(၅)ပါးကိုပယ်ထားပြီ။ ဒီအယူကို မယူရင် ဒီအတွေးလည်း မတွေးတော့ဘူး။ ထိတယ်၊ သိတယ်လို့ သတိထားကြည့်ရင် စိတ်ကလေးက ငြိမ်လာလိမ့်မယ်။ အဓိစိတ္တဖြစ်လာလိမ့်မယ်။ အဓိစိတ္တအားကောင်းရင် ပညာပိုင်းရောက်မယ်။

★ အာရုံ(၅)ပါးမပယ်နိုင်ရင် မနောက စေတသိတ်တွေဖြစ်ပြီး လောကီအကြောင်းတွေးတယ်။ လောကီ အကြောင်းတွေ တွေးတာ အနုသယစိတ်တဲ့။ အခုဟောနေတာ စိတ္တာနုပဿနာကို ဟောနေတာ။ ဥပါဒါန် ကံတွေ၊ မနောကံတွေ၊ အစွဲတရားတွေခေါ်တယ်။

★ အမိစိတ္တဖြစ်လာတဲ့အခါ စိတ်ကနေ ဓါတ်ဖြစ်လာတယ်။ ဓါတ်ဆိုတာ ယိမ်းတာလည်း ဝေဒနာ၊ နာတာလဲ ဝေဒနာ၊ ခေါင်းကိုက်တယ်၊ အကြောတတ်တယ်လို့ မပြောဘူး။

★ သီလ၊ သမာဓိ၊ ပညာ အားကောင်းလာတော့ ဝေဒနာကနေ ဓါတ်ဘက်ရောက်လာတယ်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ ဓာတ်ကြီး(၄)ပါးကို ကုန်အောင်ရှုရတယ်။ ဓါတ်(၄)ပါးငြိမ်တဲ့အခါ ကျတော့ ရုပ်လည်းချုပ်၊ နာမ်လည်းချုပ်ပြီ။ သဘောလေးသာနာ။

★ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်းအကြောင်း အမှန်တရား၊ နိရောဓ သစ္စာ၊ မဂ္ဂသစ္စာ။ အဲဒါ သစ္စာ(၄)ပါး။ ဥပါဒါန်ပြတ်တဲ့သစ္စာတရားတွေပဲ။ မနောဥပါဒါန်ပြတ်မှ အခုဘဝအတွက် အေးငြိမ်းခြင်းဓါတ်ရမယ်။ သားသေလည်း မပူတော့ဘူး။ မယားအတွက်လည်း မပူတော့ဘူး။

★ မဂ္ဂင်(၈)ပါးနဲ့ မိမိစိတ် တစ်ထပ်တည်းဖြစ်အောင်ကျင့်။ တရားထိုင်တဲ့အခါ ဘာဖြစ်မလဲဆိုရင် သီလ၊ သမာဓိ၊ ပညာ သိက္ခာ(၃)ပါး တစ်ပြိုင်နက်ရရင် အပယ်ပိတ်တယ်။ ဒါ ဝိနည်း၊ သီလမဟုတ်ဘူး။ ကံပြတ်တဲ့သီလ၊ ဥပါဒါန်ပြတ်တဲ့သီလ။

★ ဥပါဒါန်ဆိုတာ စိုးရိမ်ကြောင့်ကြတယ်။ ကိုယ် အလုပ်လုပ်လိုက်တဲ့အခါမှာ မှန်းသလောက် မအောင်မြင်ရင် စိတ်ဆင်းရဲတယ်။ မှန်းသလောက် အဆင်ပြေရင် စိတ်ချမ်းသာတယ်။ အဲဒါ တဏှာ တွေ။

★ တဏှာဆိုတာ သားကိုသူများရိုက်သွားတာ။ အမေကမြင်တယ်ဆိုရင် ရိုက်တဲ့သူကို ဒေါသဖြစ်တယ်။ မာန်ဖြစ်သွားတယ်။ အဲဒီတဏှာနဲ့ မာန ဘာကြောင့်ဖြစ်ရတာလဲ။ ဒိဋ္ဌိကြောင့် ဖြစ်တာ။ အယူမှား၊ အမှတ်မှား၊ အစွဲမှား။ ကံတွေဖြစ်နေတယ်။ အဲဒါ သံသရာလည်တယ်။

★ ခန္ဓဒုက္ခကိုမသိရင် ကမ္မဒုက္ခကို မပယ်နိုင်တော့ဘူး။ အဲဒါကံတွေပဲ။ အစွဲဥပါဒါန်ကိုပယ်နိုင်ရင် အေးလိမ့်မယ်။ ကမ္မဒုက္ခ၊ ကိလေသာဒုက္ခတွေကြောင့် စိတ်ဆင်းရဲရတယ်။

★ ဝိပဿနာဉာဏ်ဖြစ်တဲ့ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဉ်ဒပါဒိ၊ ဉာဏဉဒပါဒိ၊ အာလောကော ဉဒပါဒိ။ အာသွက္ခယာဉာဏ်ရမှသာလျှင် အာရုံနောက် မနောမလိုက်တော့ဘူး။ မနောက ဉာဏ်ဖြစ်သွားပြီ။ ပညတ်ကိုသွားမစွဲတော့ဘူး။

★ ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ် အကြောင်းလေးပါးရှိတယ်။ ရုပ်ကလည်း ဖောက်ပြန်တယ်။ နာမ်ကလည်း ခံစားတယ်။ အကျိုးနဲ့အကြောင်းပဲရှိတယ်။ အကျိုးနဲ့ အကြောင်းကိုသိရင် အေးပြီ။

★ မဂ္ဂဆိုတာ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါးကို သိသွားတာ။ အဲဒါ မဂ္ဂစေတီခေါ်တယ်။ ရုပ်ကုဋေ(၅၀၀၀)၊ နာမ်ကုဋေ(၁)သိန်း။ ဖြစ်ပျက်မှမသိရင် ကိလေသာကြွေးတင်မယ်။ ကိလေသာမသိတော့ တဏှာကြွေးတင်နေတာ။ တစ်ဘဝပြီး တစ်ဘဝ သံသရာလည်တော့တာပဲ။

★ မကောင်းတဲ့ဒုစရိုက်ကို မလုပ်ကြပါနဲ့။ မကောင်းတဲ့ အယူမှား၊ အမှတ်မှား၊ အစွဲမှားတွေ မလုပ်ကြပါနဲ့။ အင်မတန်ထူးတဲ့ မြန်မာပြည်။ မြေလျှောက်ရဟန္တာတွေရှိတယ်။ တိုင်းပြည် နောက် ကောင်းဦးမယ်။ သူတော်ကောင်း သူမြတ်လောင်းတွေရှိရင် တိုင်းပြည်ကောင်းဦးမယ်။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်မယ်။

★ ရှေ့လည်းမမျှော်နဲ့၊ နောက်လည်း မတွေးနဲ့။ ပစ္စုပ္ပန်တည့်တည့်ကြည့်။ မြင်လိုက်တော့ သိတယ်၊ ကြားလိုက်တော့ သိတယ်။ နှာခေါင်း နံတော့သိတယ်။ လျှာ စားတော့သိတယ်။ အသား ထိတော့ သိတယ်။ အဲဒါ မနောပဲဗျို့။

★ သံသရာဘယ်ကစလို့ပြတ်လဲ။ မနောကစလို့ပြတ်တယ်။ ပယ်အပ်တဲ့တရား၊ သိအပ်တဲ့တရား၊ ကျင့်အပ်တဲ့တရား၊ ပယ်ရမှာက ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အဲဒီအယူတွေ ပယ်ရမယ်။ ကျင့်အပ်မယ့်တရား မဂ္ဂင်(၈)ပါး နိဗ္ဗာန်ရောက်ကြောင်းတရား ဒီတစ်လမ်းပဲရှိတယ်။

★ (၃၁)ဘုံလွတ်အောင် ကျင့်တော့မယ်ဆိုရင် သစ္စာ(၄)ပါးရှိတယ်။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ ဆင်းရဲတယ်ဆိုတာ စိတ်ဆင်းရဲတယ်၊ ရုပ်ဖေါက်ပြန်တယ်၊ နာမ်ခံစားတယ်။ ရုပ်ရှိရင် ဝေဒနာရှိတယ်။ ဝေဒနာမှာ တဏှာကိုကြည့်။

★ စိတ္တတဏှာနာမ် ခယမစ္စက စိတ်သာရှင်စော ဘုရားဟောတဲ့၊ စာကရေးထားတယ်။ အဲဒီစိတ်မှာ တဏှာကြည့်ပေတော့ လွယ်မယောင်နဲ့ခက်တယ်၊ တိမ်မယောင်နဲ့ နက်တယ်။ သဘောလေးပဲ။

★ အပြင်မှာ သဓီရမဖြစ်စေနဲ့။ အတွင်းမှာလည်း စိတ်ကလေးက အဓိစိတ္တဖြစ်ရမယ်။ စေတသိတ် မဖြစ်စေနဲ့။ ကိုယ့်စိတ်ကိုယ်စစ်။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ မဂ္ဂင်နဲ့စစ်။ ခန္ဓာသိနဲ့ တစ်ထပ်တည်းဖြစ်အောင်လုပ်။ လုပ်ရင် သီလ၊ သမာဓိ၊ ပညာရတယ်။

★ မဂ်ဆိုတာ ကာယကံ၊ ဝစီကံ၊ မနောကံ ကို ပြတ်သွားပြီ။ ကံပြတ်သွားပြီ။ တစ်ချက်ပဲဖြတ်ရတယ်။ မဂ်ကျပြီး ကံ၊ ကတ္တား၊ ကြိယာနဲ့ ကာယကံ၊ ဝစီကံ၊ မနောကံကို သုံးသွားတာ။

★ ကာယသတိပဋ္ဌာန်ကနေ ဝေဒနာသတိပဋ္ဌာန်၊ ဝေဒနာကနေ စိတ္တသတိပဋ္ဌာန်။ စိတ်လို့သိရင် သညာရှိသေးတယ်။ ခါတ်ဘက်ရောက်မှ သဘာဝသဘောသိတယ်။ ခါတ်လေးပါးချုပ်တော့ အေးတယ်၊ ကိလေသာခါတ်ကနေ မဂ္ဂခါတ်ဖြစ်တယ်။

★ ဒိဋ္ဌိပြုတ်ရင် တဏှာပြတ်ဖို့ပါပဲဗျ။ ဒိဋ္ဌိက ပညတ်ကိုသွားလည်းယူတယ်။ သွားလည်းစွဲတယ်။ စွဲရင် ကံခေါ်တယ်။ မစွဲရင် ဉာဏ်ခေါ်တယ်။

★ ဉာဏ်ဆိုတာ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ အလောကော ဥဒပါဒိ လို့ ခေါ်ပါတယ်။ ဒီဉာဏ်က ဘယ်ကရလဲ။ မဂ္ဂင်ပေါ်ကရတယ်။ လမ်းဆုံးတော့ ရှာတွေ့ တယ်။ အဲဒီရှာတွေ့မှ ထူးတာဆိုတာ ဘာပြောကောင်းမလဲ။

★ ဒီရုပ်ကြီးရဲ့ ကိလေသာနဲ့ တဏှာကိုသိသွားပြီ။ သိတော့မှ ဒါတွေပယ်လိုက်တာ။ ကိလေသာရုပ် ကြီးလည်း သိပြီ။ တဏှာလည်း သိပြီ။ ဒီတော့ အေးတာပေါ့ဗျာ။ ဘာနဲ့ပယ်လဲ။ ဉာဏ်နဲ့ပယ်တယ်။

★ အုန်းတုံးလည်းလျှောက် လက်တန်းလည်း မဖြုတ်နဲ့။ အမြင်အာရုံ(၅)ပါးမှာလည်း စေတနာထား။ စေတနာမပျက်နဲ့။ အာရုံလည်း လုံနေပြီ။ ဒုစရိုက်(၁၀)ပါးလည်း လုံနေပြီ။

★ တရားထိုင်တဲ့အခါ ဘဝင်စိတ်မှာ တွေးစိတ်အာရုံတွေဝင်လာတတ်တယ်။ မဝင်စေနဲ့။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်တွေလည်း သတ်ပစ်ပါ။ ဒါတွေကို အပေါင်းအသင်းမလုပ်နဲ့။ မနောကို သတ်။ အဲဒီ(၂)ခုသတ်မှ ခင်ဗျား သဘောပေါက်လာလိမ့်မယ်။

★ စွဲတာ အတ္တစိတ်ခေါ်တယ်။ အစွဲပြုတ်ရင် သမ္မာဒိဋ္ဌိအယူနဲ့ မိစ္ဆာဒိဋ္ဌိအယူကိုသိလာမယ်။

★ သမ္မာအယူ ကောင်းသောအယူ။ (၃၈)ဖြာမင်္ဂလာ ဗောဓိပက္ခိယတရား။ ဘုရားရဲ့တရားတော်တွေ နဲ့ ဉာဏ်ရရင် နလုံးသွင်းလို့ရတယ်။ ဒါက အပါယ်ပိတ်တာပဲ။ ဦးပဏ္ဍိတ မေတ္တာက (၃၁)ဘုံလွတ် သွားပြီဗျို့။ ဒါ နိဗ္ဗာန်ကူးမှာ။

★ (၃၁)ဘုံမှာဗြဟ္မာ့ဘုံရှိတယ်။ နတ်ဘုံရှိတယ်။ အပါယ်လေးဘုံရှိတယ်။ လူ့ဘုံရှိတယ်။ ဒီနာမ်ပုဂ္ဂိုလ် တွေကို ပထမဦးစွာ သာသနာပြုပေးရတယ်။

★ ဒကာ၊ ဒကာမများကို ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ သစ္စာ(၄)ပါးဟောပြော ပြပါတယ်။

★ ဒီသာသနာကြီးကို (၂)ခုပြုရပါတယ်။

နာမ်ပုဂ္ဂိုလ်တွေက အကိုက်အကြောင်း၊ အခုဘဝက ပစ္စုပ္ပန်အကြောင်း ဒီ(၂)ခုကို ဦးဇင်း ပြုရ ပါတယ်။

★ ကာမဝင်္ဂကိုမသိတော့ မနောက တွေးတောကြံစည်နေတယ်။ သမ္မာက ဖြစ်ရမယ်။ သမ္မာလေးနဲ့ နေကြ။ သမ္မာလေးနဲ့ သွားကြ။ သမ္မာလေးနဲ့ စားကြ၊ ဘယ်သူပျက်ပျက် ကိုယ်မပျက်ပါစေနဲ့။

★ ကိုယ့်စိတ်ကိုယ်စစ်။ ကိုယ့်စိတ် ကိုယ်ထိန်းကြပါ။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်ကြနဲ့။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့အကြောင်း၊ သိလိုက်တဲ့အကြောင်း။ ဒီအကြောင်းတွေကို သမ္မာနဲ့ယူပါ။

★ မနောက အာရုံပေါ်မှာ စေတနာထားရမယ်။ ဘယ်သူပျက်ပျက် ငါသည်းခံမယ်။ သူဘာပဲလုပ်လုပ် ငါစိတ်မဆိုးဘူး။

★ သည်းခံကြ။ ဟိုကဖျက်လိုက်တာကို ကိုယ်ကမသိတော့ ကိုယ်ပါ ပျက်ရော။ အဖျက်ရှိမှ အတက် ရှိမယ်။ ဒါတွေက တရားပေးနေတာ။ ဒီအသိတရားတွေကို ကိုယ်ကယူတတ်ဖို့လိုတယ်။ ကံနဲ့ယူ မလား၊ ဉာဏ်နဲ့ယူမလား။ ဉာဏ်ဆိုတာ မစွဲဘူး။

★ အရိယာသစ္စာက အာရုံမှာ ဉာဏ်မြင်တော့ အာရုံရဲ့သဘောကိုသိတယ်။

★ ဘုရားက ပညတ်ထားခဲ့တယ်။ ဒီပညတ်အာရုံတွေကို မယူပါနဲ့တဲ့။ မနောက အဲဒီအာရုံပေါ်မှာ မလိုက်တော့ဘူးဆိုရင် အေးတယ်။

★ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဆိုတာ စာပေကျမ်းဂန်က ဟောပြောတာ။ အဲဒီ(၃)မျိုးက လောကီထဲ မှာရှိတယ်။ ပရိဘောဂစေတီဆိုတာက ကျောင်းလိုအပ်တာ ဆောင်ရွက်ပေးတာကို တချို့သဘော မပေါက်ကြဘူး။ ဒီက ဓမ္မ၊ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီ။ ဓမ္မစေတီ၊ ဓမ္မက ပေါက်မြောက်သွားရင် စေတီ(၃)မျိုးကို သူလုပ်ပေးတယ်။ ဓါတုစေတီဆိုတာ ဓါတ်တို့၊ သိုက်တို့၊ နတ်တို့ သူလုပ်ပေးတယ်။ ဥဒ္ဒိဿစေတီဆိုတာ စေတီပျက်နေတာကိုပြင်ပေးတယ်။ ပရိဘောဂ စေတီဆိုတာ ကျောင်းလိုအပ်တာတွေကို ဖြည့်ပေးတယ်။

★ ဒီအစွဲတရားကိုသတ်နိုင်ရင် ဘဝပြတ်ပြီပေါ့ဗျာ။ လူ(၁၀၀)မှာ (၉၉)ယောက်က အတ္တတွေ၊ အတ္တကနေ သမ္မာလမ်းကြောင်းကိုပြပေးတာ။ မိစ္ဆာလမ်းကြောင်းကို ဘယ်သိကြမလဲ။ ဒကာကြီး တို့လည်း မမြဲဘူး။ ဦးဇင်း လည်း မမြဲဘူး။ အဲဒါကို နှလုံးသွင်းကြပါ။

★ ကာယကံ၊ ဝစီကံ။ စွဲရင် ကံပဲ။ မနောကျတော့ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ။ မဂ္ဂင်(၈)ပါးက သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ သမာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ လွတ်တော့ အာရုံ(၆)ပါးလွတ်သွားပြီ။ အဲဒါ အာသဝက္ခယဉာဏ်ခေါ်တယ်။

★ ကိုယ်ကောင်းတာလဲလုပ်တယ်၊ မကောင်းတာလဲလုပ်တယ်။ ကောင်းတာလုပ်ရင် သမ္မာဒိဋ္ဌိ၊ မကောင်းတာလုပ်ရင် မိစ္ဆာဒိဋ္ဌိ။ ဒိဋ္ဌိ(၂)ခုမလွတ်တော့ဘူး။ အဲဓါ ဘဝင်ကိုပြောတာ။ မနောကိုပြောတာ။ ကိုယ့်စိတ်ကိုယ်စစ်။

★ စက္ခုအာရုံကိုမြင်တော့ မနောကသိတယ်။ နားကကြားတော့ မနောကသိတယ်။ အာရုံ(၆)ပါးကို မနောကသိတယ်။ မြင်တာလည်း မမြဲဘူး။ ကြားတာလည်း မမြဲဘူး။ အာရုံ(၆)ပါး မမြဲဘူး။ သဘောလေးသာနာ။ အဲဒါ အနတ္တ (၃၁)ဘုံလွတ်တယ်။ ဉာဏ်တရားတွေဗျို့ အရိယာသစ္စာခေါ်တယ်။

★ သမုတိသစ္စာ က ကာယကံ၊ ဝစီကံ။ သူမျှားအသက်မသတ်ဘူး။ သူမျှားပစ္စည်း မခိုးဘူး။ သူမျှား သားမယား မဖျက်ဆီးဘူး။

★ ဝစီကံက မုသာဝါဒမပြောဘူး။ ပိသုဏာဝါစာမပြောဘူး။ ဖရုသဝါစာ မပြောဘူး။ မနောကျတော့ အာရုံနဲ့ပတ်သက်တဲ့ကံခေါ်တယ်။ အဲဒီကံကိုသိရင် (၃၁)ဘုံလွတ်တယ်။ အရိယာသစ္စာဆိုတာ အာရုံပြတ်သွားပြီ။

★ နှလုံးသားကလာတဲ့ စေတနာက သမ္မာဒိဋ္ဌိ ခေါ်တယ်။ အလှူခဲ့တဲ့ရဟန်းက သမ္မာသင်္ကပ္ပဖြစ်ရင် ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယောတဲ့။ လှူတဲ့လူကလည်း ပုဗ္ဗ၊ မုဉ္စ၊ ပရ စေတနာနဲ့လာလှူတယ်။ ဒီလူဟာ အပယ်ပိတ်တယ်ဗျို့။

★ နှလုံးသားက အဓိပတိနဲ့ လှူတဲ့သူကျတော့ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ရတယ်။ ပကာသနနဲ့လှူတဲ့သူကျတော့ ညောင်ပင်ကြီးလောက်လှူရင် ညောင်စေ့လောက်ရတယ်။

★ လှူတဲ့သူကလည်း စေတနာမှန်တယ်။ အလှူခံတဲ့ပုဂ္ဂိုလ်ကလည်း ဓမ္မဖြစ်တယ်ဆိုရင်တော့ ဟာ အပယ်ပိတ်တာပဲဗျို့။ တဏှာတော့ရှိတာပေါ့။

★ တစ်နေ့ တစ်ချိန်ကျရင် ဒီပန်းကပွင့်မှာတဲ့။ ဒီပန်းကိုဆောင်ထားကြပါ။ သည်းခံ၊ စေတနာမပျက်နဲ့။ သမ္မာနဲ့သုံးပါ။ တချို့က မဂ္ဂင်ဖေါင်ပေါ်က ဆင်းတဲ့သူ။ တချို့က တဝေတဝက်လိုက်လာတဲ့သူလည်း ရှိတယ်။ အဲဒါ စေတနာပဲဗျို့။

★ ဦးဇင်း ကို ခင်ဗျားတို့သိရပါလိမ့်မယ်။ ပြောထားတယ်နော်။ မှားရင်လည်း သိမယ်။ မှန်ရင်လည်း သိမယ်။ စေတနာသာ မပျက်စေနဲ့။ ဘယ်သူပဲ ဘာပြောပြော ဘာဆိုဆို သည်းခံပါ။

★ ကိုယ်က အရိယာစိတ်မဟုတ်သေးဘူး။ သမုတိစိတ်ဆိုတော့ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတွေနဲ့ ကိုယ့်လာပြောရင် ကိုယ်ကလည်း ဒီဒိဋ္ဌိတွေရှိတယ်ဗျ။ ကိုယ်ကလည်း အစွဲရှိတော့ စိတ်ပျက်တတ်တယ်။ မဂ္ဂင်ပေါ်က ခုန်ဆင်းသွားလိမ့်မယ်။ အဲဒီတော့ အာရုံပေါ်မှာ စေတနာမပျက်စေနဲ့။

★ ကံဆိုတာ ကောင်းတဲ့ကံလည်းရှိတယ်။ မကောင်းတဲ့ကံလည်းရှိတယ်။ သမုတိရဟန်းက တဏှာပါနေတယ်။ အရိယာသံဃာက တဏှာမပါဘူး။ အဲဒါကွာနေတယ်။

★ သင်္ခါရဆိုတာ စိတ်ကလေးတွေပြောင်းပြောင်းသွားတာ။ အဲဒီစိတ်ကလေးတွေကို ကျင့်လိုက်တဲ့အခါ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ဖြစ်လာတယ်။ အဲဒီစိတ်ကနေ ဓါတ်ဘက်ကူးသွားလိမ့်မယ်။ ဓါတ်ဘက်ကူးသွားတော့ အေးတာပေါ့ဗျာ။

★ ပထဝီဓါတ်၊ အာပေါဓါတ်၊ ဝါယောဓါတ်၊ တေဇောဓါတ်။ ရုပ်တရားကြီးရဲ့ ဖေါက်ပြန်တဲ့ဝေဒနာဟာ တဖြည်းဖြည်း ခေါင်းပါးသွားတယ်။ အာရုံလည်း ခေါင်းပါးပြီ။ ရုပ်ရဲ့ ဖေါက်ပြန်တဲ့ဝေဒနာလည်း သိသွားပြီ။ ဒီအစွန်းနှစ်ပါးလွတ်ထွက်သွားတာ။ အေးငြိမ်းခြင်းဓါတ်၊ စိတ်ကနေ ဓါတ်ပြန်ရှုတယ်။ အဲအခါ ဓါတ်ဘက်ရောက်တော့မှ သဘောပေါက်တယ်။

★ တောင်ပေါ်ကကြည့်ရင် တောင်အောက် အကုန်မြင်ရတယ်။ ဒါပေမယ့် ငါ့အလုပ်မဟုတ်ဘူးတဲ့။ မေးရင်တော့ ပြောပြမယ်။ လာခဲ့ပါ။ စမ်းပါတဲ့။

★ တဏှာဆိုတာ ခင်ဗျားပိုင်ဆိုင်တဲ့ ပစ္စည်းတစ်ခုကို သူတပါးကယူသွားတာ။ မြင်တော့သိတယ်၊ ပစ္စည်းကိုစွဲတာက တဏှာ၊ တဏှာကြောင့် ဒေါသဖြစ်တာက မာန်။ အယူမှား၊ အမှတ်မှား၊ အစွဲမှားတာက ဒိဋ္ဌိပေါ့ဗျာ။

★ မနောနဲ့ အာရုံနဲ့ပေါင်းလို့ သံသရာလည်တယ်။ သံသရာပြတ်အောင်လုပ်။ အခုဘဝလုပ်ရင် နောင်အနာဂါတ်လည်းရပ်မယ်။ ကမ္မဝဋ်မပါတော့ဘူး။ ကမ္မဝဋ်ပြတ်လို့ ဝိဘာကဝဋ်လည်း မပါတော့ဘူး။ အဲဒါက နိရောဓနဲ့ မဂ်ရောက်မှ ခင်ဗျားသိမှာပေါ့။

★ အပြင်သီလစင်ကြယ်အောင် အမြဲထိန်းရမယ်။ အပြင်သီလစင်ကြယ်မှ အတွင်းသီလငြိမ်းမယ်။ အတွင်းသီလငြိမ်းရင် ပညာပိုင်းကူးမယ်။

★ အဓိသီလဆိုတာ မြင်တာသီလ၊ ကြားတာသီလ၊ နံတာသီလ၊ စားတာသီလ။ အဓိစိတ္တဆိုတာ မြင်တဲ့ အာရုံ၊ ကြားတဲ့အာရုံနောက် မလိုက်ဘူး။ အဓိပညာဆိုတာ မြင်တာမမြဲဘူး။ ကြားတာမမြဲဘူး။ အဓိပညာဆိုတာ လောကကိုသိသွားတာ။

★ မနောက အာရုံမှာကျက်စားတယ်။ သင်္ခါရတွေပေါ့။ သင်္ခါရကဘာလဲ။ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စတဲ့။ ကံတွေပေါ့။ ကံကိုသတ်ချင်တယ်။ ဘာလုပ်ရမလဲ။ အကျိုးအကြောင်းကို မြင်အောင် ရှုမယ်။ ရုပ်-နာမ်ခေါ်တယ်။ အဲဒီရုပ်၊ နာမ်လွတ်ရင် အေးတာပေါ့။

★ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စ။ သဗ္ဗေ ဆိုတာ အကုန်ပါတယ်။ (၃၁)ဘုံပြောထားတယ်။ ကံကိုပြောထားတယ်။ ဘယ်ကံလဲ မနောကံ။ ကိုယ်နဲ့ရင်းရှာမှ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို သိတယ်။ မဂ်အလုပ်လုပ်တော့ ဉာဏ်ရတာပေါ့။ မဂ်ဉာဏ်လို့ခေါ်တယ်။

★ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို သိတော့မှ ပယ်တာ။ ပယ်တော့မှ နိုးရောဓနဲ့ မဂ်ဆိုက်တာပေါ့။ အဲဒါ သစ္စာ(၄)ပါးခေါ်တယ်။

★ အနတ္တကိုရောက်အောင်သွား။ အနိစ္စက ဘာလဲ။ အာရုံ မမြဲပါလား။ ဒုက္ခဆိုတာ ခန္ဓာကိုခေါ်ပါလား။ အနတ္တဆိုတာ သဘာဝသဘောတရားပါလား သိရမယ်။

★ အတွင်းက ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော အပြင်က ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ ဓါတ်တွေက ကိလေသာဓါတ်တွေ။ ကိလေသာက ဖြစ်လာတဲ့ဓါတ်တွေ။ မဂ္ဂဓါတ်ရမှ ခင်ဗျားထူးမှာ။

★ မဂ္ဂဓါတ်ဆိုတာ နွေ၊ မိုး၊ ဆောင်း ဥတုတွေကလည်း ပြောင်းလဲတယ်။ ရုပ်ကလည်း ဖောက်ပြန်တယ်။ နာမ်ကလည်း ခံစားတယ်။ သဘာဝသဘောတရား သူ့သဘော သူဆောင်နေတဲ့ အနတ္တတရား။

★ ကိလေသာဓါတ်ရှိရင် တဏှာက ကပ်နေတယ်။ တဏှာက သံသရာလည်တယ်။ သံယောဇဉ်ဆိုတာ စွဲလန်းတာခေါ်တယ်။

★ ဒုက္ခသစ္စာဆိုတဲ့ အကျိုးတရားက အခုတော့ ငုတ်နေတယ်ပေါ့။ အကြောင်းပေါ်ရင် တဏှာ ကိလေသာဖြစ်တတ်တယ်။ ဗျာပါဒ ဥပါဒါန်တွေဖြစ်တတ်တယ်။

★ ပညာဆိုတာ သတိပဋ္ဌာန်လေးပါးကိုကျင့်လို့ သူသိသွားတော့ သညာအမှတ်နဲ့ သိတာမဟုတ်ဘူး။ ပညာနဲ့သိတဲ့ဉာဏ်။ အခု ခင်ဗျားတို့သိတာက သညာသိ။ ဟောဒါ မိန်းမ၊ ဟောဒါ ယောကျာ်း၊ ကြောင်ကွ၊ ကြက်ကွ ခွဲခြားပြီးသိတာ။

★ ဦးဇင်းကတော့ သဘောပေါက်သွားပြီ။ အယုတ်၊ အလတ်၊ အမြတ်မရွေး မခွဲခြားတော့ဘူး။ လူမျိုးမရွေး၊ ဘာသာမရွေး လာချင်တဲ့သူလာကြတဲ့။ မခွဲခြားတော့ဘူးတဲ့။ ဦးဇင်း ဆီလာကြတယ်။ သူတို့ဟောပြောပါတယ်။ အသိလေးတွေပြောပြမယ်။

★ ဥစ္စာမာန်၊ ငါမာန်၊ စာမာန်၊ ဓနမာန်၊ ဗလမာန် မလုပ်နဲ့မပြောဘူး။ မစွဲနဲ့တဲ့။ အဲဒါတွေအားကိုးမှားနေတယ်။ လောကီကြောင်းတွေတဲ့။ လောကုတ္တရာမှာ ဒုက္ခကိုမြင်အောင်ကြည့်။ အနိစ္စကို မုန်းအောင်ရှု၊ အနတ္တကို ဆုံးအောင်သိ။ ရုပ်ကလည်း အနတ္တ၊ နာမ်ကလည်း အနတ္တ။

★ ပစ္စုပ္ပန်တည့်တည့်လေး မြင်တော့သိတယ်။ အဲဒီအသိလေး သစ္စာထား။ အဲဒါ အရိယာသစ္စာပဲ။ အရိယာသစ္စာဆိုတာ အာရုံနောက်ကို မနောမလိုက်တော့ဘူး။

★ ရုပ်တရားက ဓါတ်တွေပါကွာ၊ ဓါတ်တရားကြီးတွေပါကွာ။ အဲဒီတရားက သဘာဝသဘောတရားသူ့လုပ်တာပါ။ ငါလုပ်တာမဟုတ်ပါဘူး။ အဲဒီဓါတ်ကိုပဲ အခုဟာက ငါလုပ်တယ်ဖြစ်ကုန်ပြီ။ ငါမြင်တယ်။ ငါကြားတယ်၊ ငါစားတယ်။ အဲဒါ ခင်ဗျားတို့တွေးသာကြည့်ပေတော့။

★ အဓိသီလရမှ အပယ်ပိတ်မှာ။ အဓိသီလဆိုတာ အာရုံမှာ သမ္မာနဲ့ပေါင်း၊ မိစ္ဆာနဲ့ မပေါင်းနဲ့။ ငါမြင်တယ်၊ ငါကြားတယ်၊ ငါစားတယ်။ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်။ သက္ကာယဒိဋ္ဌိခေါ်တယ်။

★ အာရုံကိုသည်းခံပါ။ သမ္မာနဲ့လုပ်၊ မိစ္ဆာနဲ့မလုပ်နဲ့။ မိစ္ဆာအယူနဲ့လုပ်ရင် သီလပျက်တယ်။ မောဟကလုပ်လိုက်တော့ လောဘ၊ ဒေါသတွေဖြစ်ကုန်ရော။

★ ကာမဝဋ္ဋ်ကိုမသိတော့ ဒီဘဝမှာ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ တဏှာ၊ မာနစိတ်တွေ။ ဒါ အစွဲဥပါဒါန်တွေဖြစ်တယ်။ အဲဒါ အာရုံကိုမပယ်နိုင်လို့။ အာရုံကို ပယ်နိုင်တာ အာသွက္ခယဉာဏ်နဲ့ ပယ်မှရတယ်။

★ အဓိသီလဆိုတာ ထိုင်ရာမထ အာရုံ(၅)ပါးပေါ်မှာ အသိကပ်ထားတာ။ မြင်တာ သီလ၊ ကြားတာ သီလ၊ နံတာ သီလ၊ စားတာ သီလ၊ ထိတာ သီလ။ အဲဒါ အဓိသီလခေါ်တယ်။ ဘာဖြစ်လို့ အဓိသီလခေါ်သလဲ။ အဓိစိတ္တအားကောင်းနေလို့ ကျင့်ထားတာကိုးဗျ။

★ ကြက်မသတ်နဲ့၊ ဘဲမသတ်နဲ့။ ကိုယ်ကျင့်ထားတဲ့တရားမှ မရှိပဲ။ သတ်မှာပဲဗျ။ ကိုယ်ကျင့်ထားတဲ့အသိရှိရင် စာနာတယ်ဗျို့၊ မသတ်တော့ဘူး။ စာနာတယ်ဆိုတာ သူ့ဘက်ကိုယ့်ဘက်မျှတတာသမ္မာခေါ်တယ်။ မိစ္ဆာမဟုတ်ဘူး။

★ အာရုံပေါ်မှာ စေတနာထားပါ။ စေတနာမှန်ပါစေ။ ဒီလို ဝိသုဒ္ဓိစေတနာတွေထားမှသာလျှင် ခင်ဗျားတို့ ကျင့်ကြ၊ ကြံကြ၊ အားထုတ်ကြတဲ့အခါ ခဏလေးပဲ။ မီးခဲပြာဖုံးပဲ။ ဉာဏ်ရလွယ်တယ်။

★ ကိုယ့်စေတနာမှ မမှန်ရင် ဘယ်လောက်ပဲတရားထိုင်ထိုင် ဉာဏ်မပေါက်နိုင်ဘူး။ အသိတော့ရမှာပေါ့ဗျာ။

★ အာရုံ(၅)ပါးမှာ စေတနာဆိုတဲ့ ကံမှန်နေရင် အတွင်းမှာ ဉာဏ်ဖြစ်လိမ့်မယ်။ အဲဒီနှစ်ချက်နဲ့ကိုယ့်စိတ် ကိုယ်စစ်ပါဗျာ။ ခန္ဓာ(၅)ပါးရဲ့အကြောင်းသိမှ ရုပ်နာမ်နှစ်ပါးကိုသိမယ်။ ကိလေသာနဲ့တဏှာသိမယ်။

★ ဘာကြောင့် ကံလို့ခေါ်တာလဲ။ အစွဲဉပါဒါန်ကြောင့် ကံခေါ်တယ်။ သူစွဲရင် သူလုပ်မယ်။ ဒါ အစွဲတရားဆိုတဲ့ အသိလေးပါပဲ။ ကိုယ်ပြုလုပ်တဲ့ ကံရှိသလို ကိုယ်မပြုလုပ်တဲ့ကံလည်းရှိတယ်။ ကိုယ်မပြုလုပ်တဲ့ကံက သံသရာလည်တယ်။ ဘာကြောင့်လည်သလဲ တဏှာကြောင့်။ တဏှာဆိုတာ သာယာတာပေါ့ဗျာ။ တဏှာက ဘယ်ကလာလဲ။ ကိလေသာကလာတယ်။

★ သောကပရိဒေဝဆိုတဲ့ မနောက အာရုံငါးပါးမလွတ်တဲ့အတွက်ကြောင့် သင်္ခါရတွေဖြစ်တယ်။ ဒီအစွဲတွေကို သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိတွေနဲ့ ယူထားကြတယ်။ အဲဒီအစွဲကို သမ္မာလေးနဲ့ယူပါဗျာ။

★ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ သီလပြည့်စုံပြီးတော့ အပြင်ပညတ်မှာ သမ္မာလေးနဲ့ နှလုံးသွင်းပါဗျာ။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဆိုသလို ကိုယ့်သားမယားလည်း ချေချေငံငံ၊ ယဉ်ယဉ်ကျေးကျေးနဲ့ စကားပြောပါ။ နှလုံးသားက စေတနာမှန်ပါစေ။

★ ရုပ်က အိုမယ်၊ နာမယ်၊ သေမယ်။ စိတ်က မအိုဘူး။ စိတ်ကိုပြောတာ စိတ္တတဏှာနာမ် ခယမစ္ဆက စိတ္တရှင်စော ဘုရားဟောတဲ့။ စိတ်မှာ တဏှာပါနေတယ်။ ငါပါနေတယ်။ ငါမပါမှ နာမ်သေမှ ခင်ဗျား အေးမှာ။ အဲဒီနာမ်က ခင်ဗျား ခိုင်းနေတာ။

★ ခင်ဗျားရဲ့စေတနာက အယုတ်၊ အလတ်၊ အမြတ်မရွေး လူမျိုးမရွေး စေတနာတန်းတူထားနိုင်မယ်ဆိုရင် အဲဒါ (၃၁)ဘုံလွတ်တဲ့စိတ်ခေါ်တယ်ဗျို့။ ကျော်သားရင်သား မခွဲခြားဘဲ စေတနာထားသွားတယ်။ အဲဒါ ပညာစေတနာခေါ်တယ်။

★ သညာစေတနာက ဒါ ငါ့သမီး၊ ဟိုဟာ ငါ့သမီးမဟုတ်ဘူး ခွဲခြားလိုက်ပြီ။ ငါ့သမီးကျတော့ တဏှာနဲ့ကျွေးတယ်။ ဟိုက သမီးကျတော့ ဘယာနဲ့ကျွေးတယ်။ ညည်းကဘယ်လောက်၊ ကျုပ်ကဘယ်လောက် ဂုဏ်တင်လှူတာက ပကာသနစေတနာခေါ်တယ်။

★ နှလုံးသားကလာတဲ့စေတနာက အဓိပတိစေတနာခေါ်တယ်။ အဓိပတိစေတနာက ပြတ်တယ်။

★ ရုပ်က ဖောက်ပြန်တယ်။ နာမ်က ခံစားတယ်။ သညာ သင်္ခါရ ဉပါဒါန်က မခံစားနိုင်ဘူး။ ဒါဘာလဲဗျာပါဒခေါ်တယ်။ စိုးရိမ်ကြောင့်ကြတာပေါ့။ ရုပ်အကျိုး၊ နာမ်အကြောင်း။ အကျိုးနဲ့ အကြောင်းသာဖြစ်တယ်။ အလယ်ကသွားတဲ့။

★ ရုပ်အကျိုးတရားက ဖောက်ပြန်တော့ အကြောင်းတရား သိမှုနာမ်လေးက ခံစားတယ်။ မခံသာမှန်ပါဘိဒီတရား၊ ခံသာလျှင် သံသရာကြောမျောလိမ့်မယ်အများတဲ့။ မခံနိုင်ဘူးဗျို့။

★ ရုပ်အကျိုး၊ နာမ်အကြောင်း။ အကြောင်းနဲ့အကျိုးပြတ်အောင် ဝိပဿနာလုပ်၊ သတိပဋ္ဌာန်(၄)ပါး ရှိတယ်။ ခန္ဓာမှာ ကံတွေဖြစ်နေတဲ့အတွက် ခန္ဓာမှာ ဉာဏ်စိုက်။ အာရုံနဲ့ မနောနဲ့မပေါင်းနဲ့။

★ ရုပ်အကျိုးတရားက ဖောက်ပြန်တယ်။ အကြောင်းတရားက စိုးရိမ်ကြောင့်ကြဗျာပါဒတွေဖြစ်လာ တယ်။ ရုပ်ကြီးရဲ့ ဒုက္ခသစ္စာမှန်းမသိတော့ အကြောင်းမပယ်နိုင်ဘူး။

★ မြင်လိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ အကြောင်းငါးပါးကို ဘဝင်နဲ့မပေါင်းနဲ့ ပေါင်းရင် ဥပါဒါန်ဖြစ်တတ်တယ်။ ဥပါဒါန်ဖြစ်ရင် သောမနဿကံ၊ ဒေါမနဿကံ၊ ကုသိုလ်ကံ၊ အကုသိုလ်ကံဖြစ်ကုန်ရော။

★ ကျင့်ကြ၊ ကြံကြ၊ အားထုတ်ကြ၊ နှလုံးသွင်းကြ။ နှလုံးသွင်းမှန်မှ ခင်ဗျားသိမယ်။ သိရင် ပယ်မယ်၊ ပယ်ရင် မဂ်ဆိုက်၊ ဖိုလ်ဆိုက်မယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား လို့ခေါ်တယ်။

★ အပြင်အာရုံကိုယူရင် ကံတွေဖြစ်လိမ့်မယ်။ ဘာကံလဲ ကောင်းတဲ့ကံ၊ မကောင်းတဲ့ကံ။ ကံဆိုတာ စွဲတာ။ သာယာတာ တဏှာ။ အဲဒီတဏှာကိုသတ်ချင်တော့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာတွေ လုပ်ရမယ်။ အဲဒီသုံးပါးလုပ်မှသာ ရုပ်တရား၊ နာမ်တရားသိမယ်။

★ မိစ္ဆာဆိုတာ အရက်သောက်၊ ဖဲရိုက်၊ ကြက်သတ်၊ ဘဲသတ်။ မကောင်းတဲ့ဒုစရိုက်တွေလုပ်တာ။ သမ္မာဆိုတာ အဓိသီလကိုပြောတာ။ ကောင်းတဲ့ကံခေါ်တယ်။ အပါယ်ပိတ်တဲ့ကံခေါ်တယ်။

★ ပုတီးစိပ်တယ်ဆိုတာ အတွင်းစိတ်ကို အာရုံနောက်မလိုက်အောင် စက္ခုအာရုံ၊ နားသောတအာရုံ နောက်မလိုက်အောင် အတွင်းစိတ်ကို ဖမ်းထားတာ။ စိတ်ကလေးကို ထိန်းထားတာ။ ဉာဏ် မပေါက်သေးဘူး။ ဉာဏ်ပေါက်တာက မဂ္ဂင်(၈)ပါးနဲ့ကျင့်မှသာ ရုပ်နာမ်သိမှာ။

★ ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ဟောထားတယ်။ ကမ္မဝတ္ထုနဲ့ ကိုယ့်မှာရှိတာက ကိလေသာကာမ ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏၊ ကိုယ်လည်း ကြိုက်၏။ အရိယာ မကြိုက်။

★ သမုတိသစ္စာလည်း မှန်ဦးမှ။ ဝိရတီသစ္စာလည်း တည်ဦးမှ။ သဘာဝသစ္စာကို ပညာနဲ့သိမယ်။ သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ။ ပရမတ္ထသစ္စာဆိုတာ အတွင်းပြောတာ။ အတွင်းက ဓါတ်တွေကိုခေါ်တာ။ ဓါတ်တွေငြိမ်းတော့ အေးတာပေါ့ဗျာ။ ဒါတွေက အရိယာကျင့်တဲ့ လမ်းတွေခေါ်တယ်။

★ သမ္မာဒိဋ္ဌိကံ၊ မိစ္ဆာဒိဋ္ဌိကံ။ သမ္မာဆိုတဲ့ ကောင်းတဲ့ကံမှာလည်း ဒိဋ္ဌိပါတယ်။ မကောင်းတဲ့ကံကလည်း ဒိဋ္ဌိပါတယ်။ အဲဒီဒိဋ္ဌိကိုသတ်ပစ်လိုက်။ အဲဒီဒိဋ္ဌိက သံသရာလည်တာပဲ။ အာရုံ(၅)ပါးကိုယူထား တာ။ ကောင်းတာလည်းယူတယ်၊ မကောင်းတာလည်း ယူတယ်။ ဘုရားဟောအရ အစွဲခေါ်တယ်။

★ အစွဲဥပါဒါန် ကံကိုသတ်ချင်ရင် အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ မဂ္ဂင်ရှစ်ပါး၊ သိက္ခာ(၃)ပါးကို ကျင့်ရင် ကောဝမ္မောရမယ်။

★ ကံဆိုတာ စိတ်မချရဘူး။ ပြောင်းလဲတတ်တယ်။ ခင်ဗျားကို ဆဲလိုက်တယ်ဆိုရင် ဒေါသဖြစ်မယ်။ အခုတရားနာနေပြီ။ ပြန်သွားလို့ နောက်နေ ခင်ဗျားဖိနပ်တက်နင်းရင် ခင်ဗျားဒေါသဖြစ်သွားပြီ။ အာရုံပြောင်းသွားတော့ စိတ်ပြောင်းသွားပြီ။ ဒါ သင်္ခါရခေါ်တယ်။ သည်းခံစိတ်ထားရမယ်။

★ ကိုယ့်ကိုယ်ကို ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်၊ စာမာန်တွေ မစွဲနဲ့။ ခင်ဗျားအားကိုးမှားမှာစိုးလို့ လောကီကိုအားကိုးရင် သံသရာလည်လိမ့်မယ်။ လောကုတ္တရာ ကိုလုပ်ပါ။

★ ကံကိုသတ်ချင်ရင် သီလ၊ သမာဓိ၊ ပညာ အခြေခံရမယ်။ သူ့ကို ပထမအခြေခံပြီး၊ သူမှန်မှ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဖြစ်မှ မဂ်လမ်းရောက်မယ်။ မဂ်လမ်းကိုရောက်တော့မှ ရုပ်နာမ်ကိုကြည့်ပေ တော့။

★ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်းအကြောင်းအမှန်တရား၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ်။ အဲဒါစာတွေ။ ခန္ဓာနဲ့တိုက်ကြည့်လို့ သဘောပေါက်ရင် လောကုတ္တရာ သိတာပဲဗျို့။

★ အပြင်အာရုံနဲ့ မနောနဲ့ ပေါင်းလိုက်တဲ့အခါ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်။ ဘာနဲ့ယူထားတာလဲ။ သညာနဲ့ယူထားတယ်။ ပညာမဟုတ်ဘူး။ သညာကြောင့် သင်္ခါရဖြစ်တယ်။ သဗ္ဗေသင်္ခါရအနိစ္စ၊ သဗ္ဗေသင်္ခါရဒုက္ခ၊ သဗ္ဗေ သင်္ခါရအနတ္တတဲ့။ ဘုရားဟောတာ။ သညာကနေ ပညာဖြစ်အောင် ဝိပဿနာတရားကို ကျင့်ကြံအားထုတ်ရမယ်။

★ ကာမဝဋ်ဆိုတာဘာလဲ။ ငါ့ရဲ့ဘဝ အနန္တရက ကံက မပြတ်လို့ ဒီဘဝမှာ လာဆက်ရပါတယ်ဗျာ။ သိရမယ်၊ သိမှပယ်မယ်၊ ပယ်မှ မဂ်ဆိုက်၊ ဖိုလ်ဆိုက်မယ်။

★ ဒီအစွဲဥပါဒါန်ဟာ သိပ်ကြောက်ဖို့ကောင်းတယ်။ ကိုယ့်စိတ်ကလေးက အထိပေါ်မှာ သွားပြီးတော့ သာယာတယ်။ အမြင်ပေါ်မှာ သာယာတယ်။ အသံပေါ်မှာ သာယာတယ်။ အစားပေါ်မှာ သာယာတယ်။ တဏှာ။ မသာယာပြန်တော့လဲ တဏှာ။ အပြင်မှာမြင်လိုက်တဲ့အခါမှာ အယူမှား၊ အမှတ်မှား။ ဒေါသဖြစ်တယ်။ ဒါလည်းအစွဲပဲ။

★ သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ ဒိဋ္ဌိပါနေတယ်။ အဲဒီဒိဋ္ဌိကို သတ်ပစ်မှ ခင်ဗျားအေးမှာ။ အဲ ဋ္ဌိဒိက (၃၁)ဘုံမှာ ကျင်လည်ကျက်စားပြီးတော့ သညာ၊ သင်္ခါရ၊ ဥပါဒါန်ဖြစ်နေတယ်။ ဒိဋ္ဌိသက်တော့ တဏှာကို သိတာပေါ့ဗျာ။ အာရုံငါးပါးမယူတော့ဘူး။

★ ရုပ်ဖေါက်ပြန်တယ်။ နာမ်ခံစားတယ်။ ရုပ်အကျိုး၊ နာမ်အကြောင်း။ အကျိုးနဲ့အကြောင်း ဖြစ်လိုက်၊ ပျက်လိုက်။ မမြဲပါလား။ သဘာဝသဘောတွေပဲ။ ဒါတွေက ငြိမ်ပြီးတော့ ဓါတ်တွေဖြစ်ကုန်တယ်။ ဝေဒနာမဟုတ်တော့ဘူး။

★ မနောက အာရုံနဲ့မပေါင်းတော့ဘူး။ ဘာလို့မပေါင်းတာလဲ။ ဉာဏ်ရလို့မပေါင်းတော့တာ။ ဒီဉာဏ်က ဘယ်ကရလဲ။ မဂ္ဂင်(၈)ပါးကရတာ။ အဲဒါ မဂ်ဉာဏ်ခေါ်တယ်။ အနုသယကို တစ်ချက်တည်းဖြတ်တယ်။ အဲဒီမဂ်ရရင် ဒိဋ္ဌိသေတယ်။ သံသရာလည်တာ ဒိဋ္ဌိပဲ။

★ ခင်ဗျားတို့လှူတာ ဒိဋ္ဌိကြီးနဲ့။ သင်္ကန်းတွေကပ်လိုက်၊ ဆွမ်းတွေကျွေးလိုက်၊ ကျောင်းတွေဆောက်လိုက်။ အဲဒါ ဒိဋ္ဌိတန်းလန်းကြီးနဲ့ ဝိပဿနာအလုပ် လုပ်ပြီးမှ လှူတာ အမြတ်ဆုံးပဲ။

★ ကံသမားဖြစ်သွားတာကို ဉာဏ်သမားကဟောပြတာ။ ခင်ဗျားတို့ကို မျိုးစေ့လာပေးတာ။ လှူတာ မလှူတာအကြောင်းမဟုတ်ဘူး။ ခင်ဗျားရဲ့နှလုံးသားထဲက ဖြစ်သွားတဲ့စေတနာက နိဗ္ဗာန်သွားလိမ့်မယ်။

★ မနှစ်သက်တဲ့စိတ်၊ မနာလိုစိတ်၊ ကုက္ကုစ္စစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ ဘာကြောင့်ဖြစ်တာလဲ။ အာရုံကြောင့်ဖြစ်တာ။ ဒါ အနုသယကံခေါ်တယ်။ အာရုံကို ဟောသွားတဲ့ကံခေါ်တယ်။

★ ဝိဆိုတာ အထူးပဲ။ မနောက အမိစိတ္တကလေးဖြစ်အောင်လုပ်။ သူ့ဟာသူကျင့်နေတာ။ ဝိရတီသစ္စာတွေမှန်ရမယ်။ သမုတိသစ္စာကလည်း မှန်ရမယ်။ သဘာဝသစ္စာကို သိလိမ့်မယ်။ ဘယ်မလဲ မိန်းမ။ ဘယ်မလဲ ယောကျ်ား။ ပညတ်ကိုလည်းသိပြီ။ သဘာဝကိုလည်း သိပြီ။ ပညတ်က အစွဲကြီး။ အနှစ်သွားပြီးတော့ သဘာဝသဘောသိတာ။

★ ပရမတ်သိတာနဲ့ ပညတ်ပယ်တော့မယ်။ ပရမတ်ကို သိလို့ပယ်တာ။ ပညတ်မသိလို့စွဲနေတာ။ ဥပါဒါန်တွေဖြစ်နေတာ။ ခင်ဗျားတို့ ရုပ်၊ နာမ်တွေလည်း မမြဲဘူး။ ဦးပဏ္ဍိတ ရုပ်နာမ်လည်း မမြဲဘူး။

★ ဓါတ်တွေဖေါက်နေတာ။ ထိုတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ပူတယ်၊ အေးတယ်၊ ဒါ ပညတ်ကို နာမည်တပ်ထားတာ။ ပညတ်ရုပ်ရှိတယ်။ ပရမတ်သဘောရှိတယ်။ ပရမတ်မြင်မှ ပညတ်ပယ်တာ။ ကိုယ့်ရုပ်လည်း မစုံမက်တော့ဘူး။ သူများရုပ်လည်း မစုံမက်တော့ဘူး။

★ ရုပ်နာမ်သိအောင်လုပ်၊ ရုပ်နာမ်လွတ်ရင် ဟောဒီဘဝမှာအေးပြီ။ အာရုံမှာ ကျက်မစားတော့ဘူး။ အာရုံမှာ သင်္ခါရမလုပ်တော့ဘူး။ ဒါကြောင့်မို့လို့ သဗ္ဗေ သင်္ခါရ အနိစ္စ၊ သဗ္ဗေ သင်္ခါရ ဒုက္ခ၊ သဗ္ဗေ သင်္ခါရ အနတ္တ။ ဘုရားဟောတာ ကံကိုဟောတာ။

★ ကံသီလရှိတယ်။ ဈာန်သီလရှိတယ်။ ဉာဏ်သီလရှိတယ်။ လုပ်တတ်ဖို့လိုတယ်။ ခင်ဗျားတို့အပေါ်မှာ မူတည်တယ်။ (၃၁)ဘုံလွတ်တဲ့သီလလည်းရှိတယ်။ (၃၁)ဘုံမလွတ်တဲ့သီလလဲရှိတယ်။ မလွတ်တဲ့ သီလက ကံသီလ၊ ရှောင်ထားတဲ့သီလခေါ်တယ်။ (၃၁)ဘုံလွတ်တာက ဉာဏ်သီလခေါ်တယ်။ ဆောင်ထားတဲ့သီလခေါ်တယ်။

★ ကာယကံ၊ ဝစီကံ၊ မနောကံ လို့ရေးထားတယ်။ ပြုလုပ်တဲ့ကံက ကာယကံ၊ ဝစီကံ၊ ဒီအပြစ်ကို သွားပြုလုပ်ရင် ကံ၊ မကျူးလွန်ရင်တော့ ကံမဖြစ်ဘူး။ မပြုလုပ်တဲ့ကံက မနောကံ။ အာရုံနဲ့ပေါင်းလို့ ကံဖြစ်တယ်။ မနောကံက သံသရာလည်တယ်။

★ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ သိရမယ်။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို မဂ်ကပယ်တယ်။ မဂ်ကပယ်ရင် နိရောဓနဲ့ ဖလသမ္မာပတ်ကိုရတယ်။ ဈာန်ဖြစ်နေတယ်။ ဘယ်သူ သိလဲ။ မနောအာရုံဈာန်ဖြစ်နေတယ်။ အပြင်အာရုံ လောကီအာရုံ(၆)ပါးကို ပယ်နေတာ။

★ ပညတ်နဲ့ ပရမတ်ရှိတယ်။ ပညတ်လည်းမပယ်ဘူး။ ပညတ်သာသနာရှိတယ်။ ပညတ်သာသနာက ကံသာသနာ၊ ပရမတ်သာသနာက အနတ္တသာသနာခေါ်တယ်။ ပညတ်သာသနာ၊ ပညတ်က စွဲတာ ကိုးဗျ။ ဘုရားပညတ်က သမ္မာနဲ့စွဲတော့ ဘာဖြစ်လဲ။ နတ်ပြည်ရောက်မယ်။ ဗြဟ္မာ့ပြည်ရောက်မယ်။ ကောင်းရာမွန်ရာရောက်မယ်။

★ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ကိုယ့်အသိတရားမှန်ဖို့လိုတယ်။ ကိုယ့်စေတနာမှန်ဖို့လိုတယ်။ ဘယ်သူ ဘာပြောပြော စေတနာမပျက်စေနဲ့။ တရားအသိလည်းရတယ်။ စေတနာလည်းရတယ်။ အလုပ်လည်းဖြစ်တယ်။ သီလမှန်တယ်နော်။

★ ဝိသုဒ္ဓိသီလ ခေါ်တယ်။ နိဗ္ဗာန်သွားမယ့်သီလတွေ။ အတွင်းသီလတွေ။ အပြင်သွားပြီးတော့ ဒီလူကြီး ခဏခဏ ငါ့ကိုခိုင်းတာပဲဆိုတော့ မနောပေါက်သွားပြီ။ စိတ္တဝိသုဒ္ဓိမဖြစ်တော့ဘူး။

★ စိတ္တနုပဿနာ လူ့ဘုံမှာရှိတယ်။ လောကီမှာရှိတယ်။ ဓမ္မနုပဿနာက လောကုတ္တရာ သဘောလေး ဟောသွားတာ။ ပါဠိရှိရင် အနက်ရှိတယ်။ အနက်ရှိရင် အဓိပ္ပါယ်ရှိတယ်။ အဓိပ္ပါယ်ပေါက်အောင် ပြောသွားတဲ့အသိတရားတွေရှိတယ်။ ခန္ဓာသိတွေရှိတယ်။

★ ကာယကံ၊ ဝစီကံ၊ မနောကံ ဒါပညတ်ကယူတဲ့အယူတွေ။ ကာယကံ က သူများအသက်မသတ်နဲ့။ သူများပစ္စည်းမခိုးနဲ့၊ သူများသားမယား မဖျက်ဆီးပါနဲ့။ ဝစီကံက မုသာဝါဒါ၊ ပိသုဏာဝါစာ၊ ဖရုသ ဝါစာ၊ သမ္ဖပ္ပလာပ ဒါ စာပညတ်ကို သက်မှက်ထားတာ။ မနောကံ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ။ မနောသတ်၊ မနောသေရင် ကာယကံ၊ ဝစီကံလုံတယ်။ အာရုံ(၆)ပါးပယ်တယ်။

★ ဦးဇင်း အလှူခံပေးမယ်။ လှူလိုက်တဲ့ရဟန်း ဦးပဏ္ဍိတ က သစ္စာမှန်ရမယ်။ အပ်ပေါက်ထဲမှာ အပ်ကြိုးထိုးပေးလိုက်မယ်။ ခင်ဗျားတို့ စေတနာရှိရင် တစ်ပြားလှူလှူ၊ နှစ်ပြားလှူလှူ၊ ရေလှူလှူ၊ ပန်းလှူလှူ၊ ခင်ဗျားတို့မှာရှိတာ အလှူခံမယ်။ အဲဒီဒါနနဲ့ ဦးဇင်း လုပ်ပေးတာ။ သီလကတော့ ခင်ဗျားစိတ် ခင်ဗျားစစ်။ ခင်ဗျားစိတ်ကလေးကို သီလဖြစ်အောင်လုပ်။

★ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်း အမှန်တရား၊ နိရောဓ သစ္စာနဲ့ မဂ္ဂသစ္စာ။ ဦးပဏ္ဍိတ က နိရောဓနဲ့ မဂ်ရလို့လာပဟောတာ။ တွေးကြည့် ရဲရဲဝံ့ဝံ့ကိုပြောသွားမယ်။ နိရောဓနဲ့ မဂ်ရတယ်။ အဲဒါ အလုပ်လုပ်လို့ရတာ။ အစွဲပြတ်တာပေါ့။ အိမ်လည်းပြတ်၊ သူရုပ်နာမ်လဲပြတ်။ ကိလေသာဝဋ်၊ ခန္ဓာဝဋ်ဒုက္ခကတော့ ခံရတာပေါ့ဗျာ။

★ တရားထိုင်တဲ့အခါ အနည်းဆုံး ကာယကံ၊ ဝစီကံ၊ မနောကံ ကံတွေငြိမ်လာလိမ့်မယ်။ အာရုံ(၅)ပါး မြင်ချင်လား၊ မမြင်ချင်ဘူး။ ကြားချင်လား မကြားချင်ဘူး။ ထိတယ်၊ သိတယ်။ ထိတာကရုပ်၊ သိတာက နာမ်။ အဲဒါ မြင်အောင်ကြည့်။ ဉာဏ်နဲ့ကြည့်။ ကံနဲ့မကြည့်နဲ့။ ခင်ဗျား သီလ၊ သမာဓိ၊ ပညာ အကယ်၍ ဉာဏ်မရရင်တောင် ခင်ဗျားအပယ်ပိတ်မယ်။ သီလလဲဖြူစင်သွားပြီ။

★ သီလ၊ သမာဓိ၊ ပညာ ဒါတွေက ကိုယ်လုပ်ရမှာ။ အာရုံမှာမျောနေကြတယ်။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တွေ၊ တဏှာမာနစိတ်တွေ၊ ဒိဋ္ဌိသတ်မှ တဏှာပြတ်မယ်။ ဒိဋ္ဌိဆိုတာ အာရုံ(၅)ပါးကိုယူထားတယ်။ အာရုံ(၅)ပါးမလွတ်လို့ ဒိဋ္ဌိခေါ်တာ။

★ အကယ်၍ ဉာဏ်မပေါက်ရင်တောင် အာရုံ(၆)ပါးမှာ သမ္မာလေးနဲ့ယူ။ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ အယူတွေမယူနဲ့။ သမ္မာအယူကိုယူ။ သမ္မာဆိုတာ အာရုံမှာ သည်းခံ၊ စေတနာလေးထား၊ မျှတတယ်။

★ နတ်တွေရှိတယ်။ ခင်ဗျား နတ်ရှိတာလည်းမသိဘူး။ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ သာသနာစောင့်နတ်၊ လောကပါလနတ်ရှိတယ်။ ကိုယ်က ကာယကံ၊ ဝစီကံ၊ မနောကံတွေကို သစ္စာထားရင် နတ်က ကန်တော့တယ်။ သကြားမင်းကလည်း ကန်တော့တယ်။ ရုပ်၊ နာမ်ကိုသိသွားလို့။

★ နတ်တွေက နာမ်ပဲရှိတယ်။ ရုပ်မရှိဘူး။ ဦးပဏ္ဍိတ က ရုပ်ရှိတယ်။ ဒါကြောင့် သစ္စာလေးပါးကို သိတာ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ။ ဒုက္ခသစ္စာဆိုတာ ကံကြောင့် အစွဲတွေဖြစ်နေတာ။ ကောင်းတာလည်းစွဲတယ်၊ မကောင်းတာလည်း စွဲတယ်။

★ ဘုရားတည်ဖို့ ဘီလပ်မြေအိတ်တွေပျောက်သွားတော့ ဘုရားလူကြီးက တောက်ခေါက်တယ်။ ဒလဝမ်ဘယ်မှာလဲ။ ဘီလပ်မြေအိတ် (၄၀/၅၀)ပျောက်သွားတယ်ဆိုရင် မာန်ဖြစ်တာပဲ။ ဒလဝမ်ကို ဆူတော့တာပဲ။ အဲဒါဘာကြောင့်လဲ။ ကိုယ်တွင်းမှာရှိတဲ့တဏှာကို မသတ်လို့။ မာန်တွေဖြစ်ကုန်ရော။

★ ကိုယ်က ဘီလပ်မြေအိတ်ပျောက်တာ မကျေနပ်တော့ မာန်တွေဖြစ်ပြီး ဆူလိုက်၊ ပူလိုက်လုပ်တော့ တစ်ဖက်သားက ခံရတယ်ဗျို့ သူမှားတာကို။ သူများစိတ်ဆင်းရဲအောင် သွားမလုပ်နဲ့။ သွားမပြောနဲ့။ ကိုယ်က အနစ်နာခံပါ။ သူများစိတ်ဆင်းရဲတာ ကိုယ်မှာ အကျိုးမရှိပါဘူး။ အကျိုးပေါ်အကြောင်း သတ်ရတယ်။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ အကြောင်းကိုသတ်၊ မစွဲနဲ့။ အကြောင်းသတ်မှ ခင်ဗျားအေးမယ်။

★ အကျိုးဒုက္ခသစ္စာမှမသိရင် အကြောင်းသတ်လို့မရဘူး။ ဒုက္ခသစ္စာဆိုတာ ကိလေသာရုပ်ကြီးကို ပြောတာ။ ဒုက္ခကြီး။ အကျိုးသတ်မှ အကြောင်းမြတ်မှာ။ ဒိဋ္ဌိသတ်မှ တဏှာသိမယ်။ တဏှာဆိုတာ စက္ခုမှာသာယာတာ။ ခင်ဗျားတို့ တီဗွီကြည့်တယ်။ နှစ်သက်တယ်၊ သာယာတယ်။ ဒါတွေစွဲနေတာပဲ။ အဲဒါ (၃၁)ဘုံမလွတ်ဘူး။ အဲဒါ အရိယာသစ္စာသိလို့ဟောတာ။

★ အစွဲဉပါဒါန်ဆိုတာ တစ်ဘဝပြီးတစ်ဘဝဖြစ်ပေါ်လာတဲ့အကျိုးကို မသတ်တော့ အကြောင်းကို သတ်လို့မရဘူး။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်းတွေ သတ်လို့မရဘူး။ ဒါ အရိယာသစ္စာ။ သစ္စာနဲ့ ဉာဏ်တရားတွေဟောသွားတာ။ သဘောလေးသာနာ။

★ သဗ္ဗေ သင်္ခါရ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အနိစ္စပါတယ်။ ဒုက္ခပါတယ်။ အနတ္တပါတယ်။ ရုပ်နာမ်ရှိတဲ့ သတ္တဝါတွေဟာ ကိလေသာကိုမပယ်နိုင်သလောက်ဖြစ်နေကြတယ်။ ပညတ်ပေါ်မှာ မျောနေကြတယ်။ ပရမတ်ကို မသိကြဘူး။

★ ပညတ်တရားနဲ့ ပရမတ်တရား ကံတရားနဲ့ ဉာဏ်တရား။ ဉာဏ်ရသွားတဲ့ပုဂ္ဂိုလ်က ဉာဏ်မရသေးတဲ့ ကံသမားကိုဟောတာ။ ခင်ဗျားတို့ သွားစွဲနေတာ။ သားစွဲလိုက်၊ သမီးစွဲလိုက်၊ သောကပဋိဒေဝ ပူတယ်။ ဘယ်ကပူလဲ။ မနောကပူတယ်။ မနောကံနော် ကိုယ့်စိတ်ကိုယ်စစ်။

★ ဉပါဒါန် မနောကံလေးကို ဘာနဲ့သတ်မလဲ။ သတ်တတ်ဖို့လိုတယ်။ မနောကံက အာရုံမလွတ်လို့ ဖြစ်တာ။ သင်္ခါရတွေ။ အခုမြင်လိုက်၊ အခုကြားလိုက်၊ အခု စကားတွေပြောလိုက်။ ဉပါဒါန်ရဲ့ သောမနဿ၊ ဒေါမနဿ။ အကုသိုလ်ကံ၊ ကုသိုလ်ကံ။ အဲဒါ သံသရာလည်တဲ့တရားတွေ။ ပညတ်အာရုံတွေပေါ်မှာဖြစ်နေတဲ့တရားတွေ။

★ မဂ္ဂင်(၈)ပါး၊ သိက္ခာ(၃)ပါး၊ ကောဓမ္မော၊ ပြီးတော့ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏာဥဒပါဒိ စာကရေးထားတယ်။ စာကမှန်၏၊ ဉာဏ်မမိ၊ ထိအောင် သူမသိ၊ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ ခံစားရတယ်။

★ တရားဆိုတာ မဂ်တို့၊ ဖိုလ်တို့၊ ဈာန်တို့ဆိုတာ ကျင့်တဲ့သူပဲသိတယ်။ ကိုင်ပြလို့မရဘူး။ ယုံကြည်ပါတဲ့။ ဘာကိုယုံကြည်ရမှာလဲ။ သစ္စာ(၄)ပါးကိုယုံကြည်ပါ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဒါ သစ္စာလေးပါးခေါ်တယ်။

★ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ဘယ်မှာဟောလဲ။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ ပစ္စုပ္ပန်ဆိုတာ လူ့ဘုံမှာ ရှေ့လည်းမမျှော်နဲ့၊ နောက်လဲ မတွေးနဲ့၊ ပစ္စုပ္ပန်တည့်တည့်လေး မြင်တာကိုသိရမယ်၊ ကိုယ့်နားက ကြားတာကိုသိရမယ်။ ထိတာကို သိရမယ်။ သိတာစိတ်ပဲ။ အဲဒီတော့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်တို့ကနေ တွေးတော့တာပဲ။ အဲဒါ တွေးစိတ်ဖြစ်သွားပြီ။ စာလို စေတသိတ်လို့ခေါ်တယ်။ စိတ်၊ စေတသိတ်၊ ရုပ်၊ အဲဒီ(၃)ချက်ကို ပိုင်ပိုင်နိုင်နိုင် ဉာဏ်နဲ့ရမယ်ဆိုရင် နိဗ္ဗာန်ပဲ။

★ နိဗ္ဗာန်ဆိုတာ မြန်မာလို အေးငြိမ်းခြင်းခါတ်။ မစွဲတော့ဘူး။ သားသေလည်း မစွဲတော့ဘူး၊ သမီးသေလည်း မစွဲတော့ဘူး။ သူ့မှာ ကျင့်တဲ့စရဏရှိတယ်။

★ အရိယာသစ္စာက ဘုရားက လူပုဂ္ဂိုလ်အလယ်မှာ တရားဟောနေတာကို ဇိဋ္ဌမာန က ရှင်ဒီလိုလုပ်တာကောင်းရဲ့လားလို့ စွတ်စွဲတယ်။ တရားဟောပွဲမှာ လူတွေကကြည့်ကြတယ်။ ဘုရားက ဘာပြောလဲဆိုတော့ ကျုပ်နဲ့ခင်ဗျားနဲ့ နှစ်ယောက်တည်းသိတယ်။ အတိတ်ကိုလည်း မပြောဘူး၊ အနာဂါတ်ကိုလည်း မပြောဘူး၊ ပစ္စုပ္ပန်တည့်တည့်လေး ပြောသွားတာ။

★ ဥပါဒါန်ဆိုတာ ဗျာပါဒနဲ့ အဘိဇ္ဈာ။ ဗျာပါဒဆိုတာ သားသမီးတစ်ခုခုဖြစ်ရင်၊ အလုပ်အကိုင် အဆင်မပြေရင် ပူတာပဲဗျို့။ မနောပြောတာ။ မနောဟောတာ။ အသီးတစ်ရာ အညှာတစ်ခု။ အညှာဖြတ်မှ အသီးတွေအကုန်ပါမှာ။ အမိုက်ကစ ပြဿဒ်မီးလောင်ဆိုတာ ဒီအာရုံငါးပါးမလွတ်လို့ သံသရာတွေလည်နေတာ။

★ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာမှာရှိတယ်။ မဂ္ဂင်(၈)ပါးနဲ့ ဒီလမ်းကို ခင်ဗျားလျှောက်ပေတော့၊ လမ်းဆုံးရင် ရွာတွေ့မယ်။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်တယ်။

★ ဝိပဿနာဉာဏ်စခန်း သမထမဟုတ်ဘူး။ ဓါတ်ပေးတဲ့ဘုန်းကြီးမဟုတ်ဘူး။ ဓါတ်ပေးတယ်ဆိုတာ လောကီကြောင်းတွေ၊ အကြားအမြင်ရတာ။ ဦးပဏ္ဍိတ မရဘူး။ ကံနဲ့ ဉာဏ်ပဲသိတယ်။ ဈာန် သိတယ်။ ခင်ဗျားတို့လည်း အိုမယ်၊ နာမယ်၊ သေမယ်။ ဦးပဏ္ဍိတ လည်း အိုမယ်၊ နာမယ်၊ သေမယ်။ တစ်ဘဝကနေ တစ်ဘဝမပြောင်းခင် ကျင့်ကြပါ၊ ကြံကြပါ၊ အားထုတ်ကြပါ။ လူမျိုးမရွေး၊ ဘာသာ မရွေး ကိုယ်လုပ်ရင် ကိုယ်ရမယ်။

★ အာရုံ(၆)ပါးကို ယူလည်းယူတယ်၊ စွဲလဲ စွဲတယ်၊ မှတ်တာကိုဗျ။ ဟောဒါငါ့သား၊ ဟောဒါ ငါ့သမီး၊ တစ်ခုနဲ့တစ်ခု ခွဲခြားပြီးတော့သိတာကို သညာခေါ်တယ်။ အဲဒါ သံသရာလည်တဲ့တရားတွေ။ သညာ က မှတ်လို့ ပူဆွေးသောကရောက်ရတာပဲ။ အဲဒါ ဗျာပါဒ စိုးရိမ်ကြောင့်ကြ သောကပရိဒေဝဖြစ်ရ တယ်။ ကိုယ့်စိတ်ကိုယ်စစ်။ စိတ်ကို မစစ်တတ်လို့ ဒုက္ခရောက်တာ။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန် တရား။ သူမသိဘူး။ သွားစွဲတာကို။ စွဲတော့ ပူတာပေါ့။ အဲဒါ အရိယာသစ္စာနဲ့ပြောသွားတာ။ သမုတိ သစ္စာမဟုတ်ဘူး။

★ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ ဗိုလ်(၅)ပါးနဲ့ကျင့်သွားပြီ။ ကျင့်လို့ ပေါက်တယ်။ ပေါက်လို့ ခင်ဗျားတို့ကိုလာဟောတာ။ စာမတတ်ဘူး။ စာက ပါဠိ၊ အနက်၊ အဓိပ္ပါယ်ရှိတယ်။ ပါဠိကို အနက်ပြန်ပေးတယ်။ ဒါမှ တရားနာတဲ့သူ သဘောပေါက်မယ်။ ဒီကကျင့်လို့ သိတဲ့တရား၊ စာတော့ မတတ်ဘူး။

★ ပစ္စုပ္ပန်တည့်တည့်လေး မြင်လိုက်တာ စိတ်ပဲ။ အရာဝတ္ထုကိုမှတ်လိုက်တယ်။ အဲဒါ သညာ။ သညာ ကြောင့် သင်္ခါရ သွားစွဲရော။ အဲဒါ သင္ဗေသင်္ခါရ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာမှာ ရှိတယ်။ မြင်အောင်ကြည့်၊ မှန်အောင်ရှု၊ ဆုံးအောင်သိ။ တရားအားထုတ်။ တရား အားထုတ်ရင် အနည်းဆုံး ကံတွေငြိမ်လာလိမ့်မယ်။

★ စာနဲ့ပယ်တာက ကာယကံ၊ ဝစီကံ ဒီ(၂)ခုကိုတော့ ပယ်လို့ရတာပေါ့။ မနောကံကျတော့ ပယ်လို့ မရဘူး။ သူ့အပေါ်မှာ မူတည်တယ်။ ဒီကံမလွတ်ရင် ဒီကံက သံသရာလည်တယ်။ ရှောင်ထားတဲ့ တရားနဲ့ ဆောင်ထားတဲ့တရား အရေးကြီးတယ်။

★ ကရင်၊ ဗမာ အတူတူပဲ။ တစ်ခုထဲပဲ။ စေတနာထား။ အဲဒီစေတနာက နိဗ္ဗာန်သွားမယ့်စေတနာ။ ဉာဏ်စေတနာ။ ကံစေတနာမဟုတ်ဘူး။ ကံစေတနာက သူ့ဆီက ကိုယ်မျှော်ကိုးပြီးလုပ်တာ။ သူကလည်း ကံ၊ ကိုယ်ကလည်း ကံ။ သဘောလေးပြောပြမယ်။

★ စေတနာလေးမျိုးရှိတယ်။ သီလလေးမျိုးရှိတယ်။ သဒ္ဓါကလည်း လေးမျိုးရှိတယ်။ ပုထုဇဉ်စေတနာကတော့ တေ့ဆက်ခေါ်တယ်။ ပျက်သွားတတ်တဲ့စေတနာခေါ်တယ်။ သညာနဲ့ယှဉ်တဲ့စေတနာ၊ အမှတ်နဲ့ယှဉ်တဲ့ စေတနာက စိတ်မချရဘူး။

★ ပညာနဲ့ယှဉ်တဲ့စေတနာကမှ နိဗ္ဗာန်သွားမှာ။ အဲဒီပညာဆိုတာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာ(၃)ပါးကိုခေါ်တာ။ အဲဒီ(၃)ခုကိုအဆီထုတ်တော့ ဇောကမ္မောဖြစ်တယ်။

★ ဇောကမ္မော ဘယ်ကလာလဲ။ ရုပ်ပေါ်နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ဒါ ပဋိဝေဓလို့ခေါ်တယ်။ ဒီသင်္ကန်းဝတ်ထားတော့ ပဋိဝေဓပြုလို့ရတယ်။

★ ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ ပဋိဝေဓ သာသနာကို လုပ်ပေးချင်လို့ သင်္ကန်းဝတ်တာ။ ပဋိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာ(၃)ရပ်မှာ ပဋိဝေဓသာသနာ ဖော်ထုတ်ပေးတာ ကံတရားတွေဖြစ်နေကြပြီ။

★ သံဃာဆိုတာ ပဋိဝေဓဆိုက်တဲ့ သံဃာရှိတယ်။ ထုတ်တော့ မပြောဘူး။ မြေလျှောက် ရဟန္တာတွေရှိတယ်။ ရုပ်နာမ် သိပြီလေ။ ဝိညာဏ်လေးက ဘယ်ရောက်တယ်ဆိုတာ သိရမယ်။ ဒါဟာ ကံ၊ ကတ္တား၊ ကြိယာနဲ့ ပိုင်းခြားထားတယ်။ ရုပ်နာမ်သိထားတာ ဘယ်သူသိလဲ။ သူ့လိုကိုယ့်လိုပဲထင်ကြတယ်။ စာမတတ်ဘူး။ ဟုတ်တာပေါ့။ အပြင်ပညတ်ကြည့်တာကို။ ပရမတ်ရဲ့သဘော၊ ဓါတ်သဘောဆိုတာတွေကို မသိဘူး။

★ ဒကာ၊ ဒကာမတွေက ရဟန်းသံဃာတွေကို အားကိုးတယ်။ ရဟန်းကိုမြင်ရင် အနားကပ်ပြီး ကိုယ်စားမယ့်မုန့်ကိုလှူတယ်။ ဘယ်လောက်သနားဖို့ကောင်းသလဲ။ ဒီလူတွေကို ကယ်ရမယ်။

★ ရေပုံးနဲ့ ကြိုးလိုပဲ။ ရေတွင်းက(၁၀)တောင်လောက်နက်တယ်။ ကိုယ့်မှာက ပုံးပဲရှိတယ်။ ကြိုးမရှိဘူး။ ဒီတော့ ရေခပ်လို့မရဘူး။ ပုံးက ခန္ဓာဝန်ခေါ်တယ်။ ဒကာ၊ ဒကာမတွေက ကြိုးတွေလှူတယ်။ ပုံးကိုကြိုးချည်ပြီး ရေခပ်ရတယ်။ ကိုယ့်အား ကိုယ်ကိုးပြီး ဆွဲတင်ရတယ်။ ရေ ရတော့ သောက်ရတာပေါ့။ မနောဓါတ်အေးသွားတာပေါ့။

★ မနောဓါတ် ဘယ်ကရသလဲ။ ဒကာ၊ ဒကာမတွေက ကြိုးလှူတယ်။ သင်္ကန်းတွေပေးတယ်။ ငါကတော့ ပုံးဆိုတော့ ခန္ဓာဝန် ကံ၊ စိတ်၊ ဥတု၊ အာဟာရကို ဓါတ်နဲ့ရှုတော့ မဂ္ဂဖြစ်တာပေါ့။ အဲဒီတော့ သူ့မှာ ဘယ်လောက်အကျိုးရှိသလဲ။

★ ဒီတရားက သစ္စာဆိုတာလည်း ခန္ဓာမှာရှိတယ်။ သီလဆိုတာလည်း ခန္ဓာမှာရှိတယ်။ ပညာဆိုတာလည်း ခန္ဓာမှာရှိတယ် သမ္မာအယူကလည်း ခန္ဓာမှာရှိတယ်။ ခန္ဓာမှာရှိတော့ ခန္ဓာမှာ အရင်ရှာပြီးမှ စာကိုသွား။

★ ကိလေသာနဲ့ တဏှာ လူတိုင်းမှာရှိတယ်။ ငါ့မှာလည်း ရှိတယ်။ မင်းမှာလည်း ရှိတယ်။ သတ္တဝါတိုင်းမှာရှိတယ်။ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် အသိချင်းတူနိုင်ပါ့မလား။ ငါကျင့်တာ ကိလေသာနဲ့ တဏှာ။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို မြင်အောင်ကြည့်တာကွ။

★ ဘယ်သူတွေက ပိုက်ဆံလာပေးလဲ။ သိုက်ကလာပေးတာကွ။ သိုက်ကိုနိုင်တယ်ကွ၊ ဓါတ်ကိုလည်း ပိုင်တယ်ကွ၊ ခန္ဓာဓါတ်ကိုလည်း သိသွားပြီ။ နတ်ကိုလည်း ငါနိုင်တယ်ကွ။ မင်းတို့က ငှက်ပျောပွဲ၊ အုန်းပွဲတင်ပြီး သူများအားကိုးတာကွ။ မင်းတို့(၃၁)ဘုံမသိဘူး။ မင်းတို့က ပွဲတင်ပြီးမှ ဘုရားတည်တာ။ ဒီကတင်ရတာမဟုတ်ဘူး။ သူတို့ကိုခေါ်ခိုင်းတာ။ အဲဒီဥပါဒါန်က မင်းတို့ကို ဒုက္ခပေးတာကွ။

★ မနောကိုစစ်တယ်။ အဘိဇ္ဈာ၊ ဗျာပါဒ၊ ဒိဋ္ဌိရယ် ဒိဋ္ဌိကိုသတ်မှ အဘိဇ္ဈာ၊ ဗျာပါဒရဲ့အကြောင်းသိမယ်။ စွဲတာကိုဗျ။ စိုးရိမ်ကြောင့်ကြပူဆွေးသောကဖြစ်ရတယ်။ ဇာတိ၊ ဇရာ၊ မရဏ ရေးထားတယ်။ ဇာတိ ဆိုတာဘာလဲ။ ဇရာဆိုတာ ဘာလဲ၊ မရဏဆိုတာ ဘာလဲ။ အဲဒါကိုသိရမယ်။ သိမှ သံဝေဂရမယ်။ ဝိပဿနာအလုပ်အားထုတ်ထားရမယ်။ သေခါနီးမှ ဘာမှလုပ်လို့မရတော့ဘူး။ သွားရော မရဏ။ သေမင်းက ကံကုန်ရင် သွားရမှာပဲ။ ကောင်းရာသုဂတိကို ရောက်အောင်သွားရမယ်။

★ မြင်တော့ သိတယ်၊ ကြားတော့ သိတယ်၊ နံတော့ သိတယ်၊ စားတော့ သိတယ်။ ထိတော့ သိတယ်။ ဒီအသိ(၅)ခုကို လောကီအာရုံလို့ခေါ်တယ်။ ပညတ်အာရုံလို့ခေါ်တယ်။ ပညတ်ကို သမ္မာနဲ့ နှလုံးသွင်းရမယ်။ ပစ္စုပ္ပန်တည့်တည့် မြင်တော့သိတယ်၊ ကိုယ့်နားကကြားတော့ သိတယ်။ ဒါကို ဆဲတယ်၊ ငါ့အတင်းတွေပြောတယ်။ တစ်ခါတည်း ဒေါသဖြစ်သွားတယ်။ အဲဒီအကြောင်းကို သတ်ရမယ်။

★ သမ္မာဆိုတာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ ဒါ သီလမဂ္ဂင်။ သီလမဂ္ဂင်။ အာရုံ(၅)ပါးကို ပယ်ထားပြီ။ အတွင်းက တွေးစိတ်တွေ၊ နိဝရဏတွေ၊ အပြင်အာရုံနဲ့ အတွင်းအာရုံ ပေါင်းသေးလား။ ကိုယ့်စိတ်ကိုယ်စစ်။ ထိတာက ရုပ်၊ သိတာက နာမ်၊ ထိတာလည်း မမြဲဘူး၊ သိတာလည်း မမြဲဘူး။ အဲဒါ အနတ္တ။ အနတ္တကိုသိလာလိမ့်မယ်။ သဘောလေး။

★ အဲဒီလိုတရားထိုင်တဲ့အခါမှာ ကာယကံ(၃)ပါး သူများအသက် မသတ်ဘူး၊ သူများပစ္စည်း မခိုးဘူး။ သူများသားမယား မဖျက်ဆီးဘူး။ ကာယကံလုံနေပြီ။ ဝစီကံက မုသာဝါဒါ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဝါစာ။ ဝစီလုံနေပြီ။ အတွင်းသဒ္ဓါ၊ အပြင်သဒ္ဓါတွေရဲ့ ကောင်းမှုကြောင့် ဝီရိယထူထောင်ထားတယ်။ ဝီရိယထူထောင်တော့ သီလ၊ သမာဓိ၊ ပညာ ဖြစ်လာတယ်။

★ သီလဆိုတာ ဒုစရိုက်(၁၀)ပါး။ မိစ္ဆာဒုစရိုက်ကို သမ္မာဖြစ်အောင် သူလုပ်တယ်။ အာရုံ(၅)ပါးလည်း သမ္မာဖြစ်အောင်လုပ်တယ်။ ထိတယ်၊ သိတယ်၊ ထိတယ်၊ သိတယ်။ ဒီအလုပ်ကို သူလုပ်တယ်။

★ အပြင်သီလတွေ အားကောင်းလာတယ်။ မမြင်ချင်ဘူး။ မကြားချင်ဘူး။ မသိချင်ဘူး။ မနောရဲ့ အတွင်းအာရုံကိုသတ်တယ်။ အတွင်းအာရုံက သညာ၊ သင်္ခါရ၊ ဥပါဒါန် သဘောလေးရှုတယ်။

★ စာကရေးထားတယ်။ ရုပ်၏ လက္ခဏာ၊ နာမ်၏ လက္ခဏာ၊ ရုပ်အကျိုး၊ နာမ်အကြောင်း အကျိုးပေါ်မှာ အကြောင်း၊ အကျိုးတရား ရုပ်က ဖောက်ပြန်တယ်။ ကိလေသာဓါတ်တွေဖေါက်ပြန်တယ်။ အဲဒီကိလေသာဓါတ်တွေကို အတွင်းဓါတ်ကို အကုန်အစင်ပယ်နိုင်အောင် သူကျင့်ပါတယ်။

★ တရားစဉ်က ထွက်သွားတဲ့အခါ လှမ်းတယ်၊ လှမ်းတယ်။ ဒီလှမ်းတာကို ခြေထောက်ကလေးက ထိသွားတယ်။ ကိုယ့်ခြေဖဝါးက မြေကြီးကိုထိတော့ မသိဘူးလား။ ထိတာ ရုပ်၊ သိတာ စိတ်၊ ထိသိ ပေါ်မှာ မနောက အဲဒီအသိကပ်ထား။ ဘယ်အာရုံမှမလိုက်နဲ့။ အဲဒီလို ပစ္စုပ္ပန်တည့်တည့်လေးက သမ္မာခေါ်တယ်။ ဒါ အရိယာထသစ္စာခေါ်တယ်။ အရိယာထသစ္စာက အာရုံကိုပယ်မယ်။ အတွင်းကို သတ်မယ်။

★ သမုတိသစ္စာက သမ္မာကလာလိမ့်မယ်။ အဲဒီတော့မှ ဝိပဿနာလမ်း၊ ဝိရတီသစ္စာ သူလျှောက်မယ်။ အဲဒီတော့ ရုပ်အကျိုး၊ နာမ်အကြောင်း၊ ရုပ်အကျိုး၊ နာမ်အကြောင်း။ အကျိုးတရားနဲ့ အကြောင်းတရားကို သူသတ်နေတာကို ပညာပိုင်းခေါ်တယ်။ ပညာဆိုတာ သမ္မာကနေလာတာ။

★ ပညာဆိုတာ ပညတ်နဲ့ ပရမတ် ပိုင်းခြားသိသွားတာ။ ပညတ်က အပြင်မှာရှိနေတယ်။ ပရမတ်က အတွင်းဓါတ်ဇတွေ။ ကိလေသာဓါတ်တွေကို ချုပ်အောင် သူလုပ်တာ။ ပညာပိုင်းကနေ သမ္မာ ဖြစ်လာတယ်။ သမ္မာကနေ ပညာကိုသူတက်မယ်။ ရုပ်နာမ်ကိုသိသွားတာ။

★ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီ။ စေတီ(၄)မျိုးရှိတယ်။ ကြိုက်တာကို ကိုးကွယ်ကြ။ သာသနာက မဆိတ်သုဉ်းသေးဘူး။ ပုဂ္ဂိုလ်စစ်၊ ပုဂ္ဂိုလ်မှန်တွေရှိတယ်။ ကိုယ်က မသိနိုင်ဘူး။ အဲဒီပုဂ္ဂိုလ်ကသိတယ်။ သူက ဒီလမ်းကလာတာကိုး။ အရင်က အသိနဲ့မတူတော့ဘူး။ သွေးသားပြောင်းတယ်။ စိတ်ပြောင်းတယ်။

★ အာရုံ ဗိဂ္ဂါအာရုံ၊ ကိုယ်အာရုံ။ ဒီအာရုံဘာကြောင့် မပယ်နိုင်တာလဲ။ အဖေ၊ အမေ မွေးကတည်းက ဇာတိအမှတ်သညာကြောင့် သူ့မှာ ဥပါဒါန်တွေဖြစ်နေပါလား။ ဒီအမှတ်ကပဲ ဒါအဖေ၊ ဒါအမေ။ ဒါကြောင်၊ ဒါခွေး။ အဲဒီအမှတ်ကနေပြီးတော့ အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ သမ္မာဒိဋ္ဌိကံ၊ မိစ္ဆာဒိဋ္ဌိကံ တွေဖြစ်နေတယ်။

★ ဥပါဒါန်ဆိုတာ ဦးဖင်း က သဘောလေးပြောသွားမယ်။ ဦးပဏ္ဍိတ ရဲ့သားလေး သေသွားတယ်။ သမီးလေး သေသွားတယ်။ ဘဝအဆက်ဆက်ကပါလာတဲ့ မိရိုးဖလာအသိသညာက သူ့ကို ဒုက္ခ ပေးတာ။ တစ်ခါတည်း ဥပါဒါန်ဖြစ်တာပဲဗျို့။

★ ငါ့အဖေ ကားတိုက်ပြီးသေပါလား။ ဒီအသံကြားတာနဲ့ စိတ်ထဲမှာမကောင်းဘူး။ မနောဘဝင်မှာ မကောင်းဘူး။ ဥပါဒါန်ဖြစ်သွားတယ်။ အဲဒါ သီလပျက်တယ်။ အတွင်းသီလပျက်တယ်။ ဘာကြောင့် ပျက်သလဲ။ အလုပ်လုပ်တဲ့ စရဏမရှိလို့ သီလပျက်တာ။

★ ဝတ္ထုကလည်း စင်ကြယ်တယ်။ အဲဒီလူကလည်း စေတနာအလွန်ကောင်းတယ်။ အလှူခံတဲ့ရဟန်း ကလည်း ဓမ္မအစစ်ဖြစ်နေတယ်။ အဲဒါ အပါယ်ပိတ်တာပဲ။

★ အပယ်ပိတ်တာဘာကြောင့်လဲ။ စေတနာက အလွန်ကောင်းတာကိုးဗျ။ ကာမဝတ္ထုကို ငါမစွဲပါဘူး တဲ့။ အဲဒီရဟန်းကြီးကို လှူမယ်ဆိုပြီး ထမင်းထုပ်ကို မရ,ရအောင်ဝယ်ပြီး လှူလိုက်တယ်။ စေတနာ အဲဒီတော့မှ ဒီဆွမ်းကပ်တာ။ နှလုံးသားကမှန်လို့ အပြင်မှာ သူစင်ကြယ်တာ ရဟန်းကလည်း ဓမ္မ အစစ်ဖြစ်တယ်။

★ ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယောတဲ့။ ပကာသနစေတနာကို ဟောနေတာ။ အဓိပတိစေတနာက အပါယ်ပိတ်တယ်။

★ ဝိပဿနာအစစ်အမှန်က ကံပြတ်တာ။ ကံပြတ်ရင် တဏှာရပ်မယ်။ တဏှာရပ်ရင် ကိလေသာပြတ် မယ်။ ကိလေသာပြတ်လို့ တဏှာရပ်တာ။ အဲဒီနှစ်ချက် ခင်ဗျားတို့ကျင့်ကြပါ။ ခင်ဗျား တစ်ချက် ခုတ်ရင် နှစ်ချက်ပြတ်တယ်။

★ အပြင်မှာ စေတနာထား၊ အတွင်းမှာ ဉာဏ်ပေါက်တယ်။ အတွင်းမှာကံပေါက်ရင် အပြင်မှာ စေတနာ ပျက်တယ်။ ဘာဖြစ်လို့လဲ။ သညာကမှတ်လို့ ငါ့သမီး၊ ဒီကောင်ရိုက်တာကို ဒေါသဖြစ် တယ်။ ဒေါသဖြစ်ရင် သီလပျက်တယ်။ အပြင်အာရုံကိုယူလို့ အတွင်းမနောသီလပျက်တယ်။

★ အပြင်သီလက စိတ်မချရဘူး။ (အကာသီလ)၊ အနှစ်သီလကမှ ဉာဏ်ပေါက်လာမယ်။ ကာယကံ၊ ဝစီကံ၊ မနောကံအာရုံနဲ့ပေါင်းတော့ သွားပေါင်းတော့ ငါ့သမီးလေးကိုရိုက်လိုက်ပါလား။ ငါ့သားလေးကိုထိုးလိုက်ပါလား။ အဖေ၊ အမေ ဒေါသဖြစ်တယ်။ အဲဒီအာရုံသွားယူလိုက်တော့ မနောပေါက်တယ်ဗျို့။ ဘာဖြစ်လို့လဲ မနော က ကံဖြစ်နေတယ်။

★ အဲဒီအာရုံကြောင့် ဥပါဒါန် ကံဖြစ်တာ။ ကိလေသာရဲ့ ကံမျိုးစေ့ သူမပြတ်ဘူး။ ကိလေသာရဲ့ ကံမျိုးစေ့မပြတ်တော့ ဟော တဏှာ မလွတ်ဘူး။ အဲဒါ သမီးလေး သွားစွဲတာ။ တဏှာ ခေါ်တယ်။ အဲဒါ သီလပျက်တာ။ မိုးကျောခိုင်းတယ်ဗျို့။

★ ကာမဝဋ်ကိုမပယ်ရင် ဟောဒီဘဝမှာ မလွတ်ဘူး။ ဟောဒီဘဝ မလွတ်ရင် ဝိပါကဝဋ် လည်မှာပဲ။ ကာမဝဋ်ကို ပယ်နိုင်ရင် ဟောဒီဘဝ လွတ်မယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်၊ သီလမှာ ချုပ်တယ်။ ပညတ်သီလနဲ့ ပရမတ်သီလချုပ်သွားတာ။ အဲဒါ (၃၁)ဘုံလွတ်တဲ့တရား ခေါ်တယ်။ (၃၁)ဘုံလွတ်တဲ့စိတ်ခေါ်တယ်။

★ အာရုံကိုယူတော့ ကံ၊ အာရုံကိုမယူတော့ ဉာဏ်၊ ဝိဇ္ဇာစရဏသမ္ပန္နော အဲဒီအာရုံ(၅)ပါးကိုမယူတော့ ဉာဏ်၊ ဒီဉာဏ်က နှလုံးသားမှာဖြစ်နေတဲ့အတွက်ကြောင့် အာရုံ(၅)ပါးပေါ်မှာ စေတနာဟာ အယုတ်၊ အလတ်၊ အမြတ်မရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ စေတနာက အလွန်ကောင်းတယ်။ ဒီမျိုးစေ့ကိုလာပေးတာ။

★ အာရုံ(၅)ပါးမှာ စေတနာက အယုတ်၊ အလတ်၊ အမြတ်မရွေး စေတနာအကုန်ဖြစ်နေတဲ့ မျိုးစေ့ယူရင် ခင်ဗျားထူးပြီပေါ့ဗျာ။ နေပူထဲထွက်တော့ အရိပ်ထွက်တယ်။ ဒီအရိပ်က ကိုယ့်နောက်အမြဲပါတယ်။ ဒီမျိုးစေ့ပါသွားပြီ။ တစ်ဘဝပြီး တစ်ဘဝ သီလဝိသုဒ္ဓိဖြစ်အောင် ဝိပဿနာကိုလုပ်။

★ ဒီရုပ်က ကိလေသာဝဋ်ကြီး။ ဟိုအတိတ်အနန္တရက ကံမပြတ်တော့ ဒီဘဝမှာ ဒီကံနဲ့ ဒီရုပ်ရတာဗျို့။ အဲဒီရုပ်မှာ တဏှာပါနေတယ်။ တဏှာနဲ့ ကိလေသာ တွဲနေတယ်။ အဲဒီ တဏှာဟာ ဉာဏ်ရမှ သဘောပေါက်မယ်။ ကံကမသိဘူး။

★ ဝေဿန္တရာမင်းကြီး သားနဲ့သမီးကို ပုဏ္ဏားကိုလှူလိုက်တယ်။ ပုဏ္ဏားကဆင်းလာပြီးတော့ သူ့သားနဲ့ သမီးကိုရိုက်တော့တာပဲဗျို့။ ဝေဿန္တရာမင်း သံလျက်ဆွဲတယ်။ တဏှာကြောင့် မာန်ဖြစ်သွားပြီ။ ကိုယ့်စိတ်ကလေးကို ဉာဏ်လေးနဲ့သုံး။ ဒီဘဝမှာ ဒီတဏှာမပြတ်ရင် ဘဝတွေ ဘဝတွေမှာ ဒီရုပ်တွေရဦးမယ်။ ခွေးရုပ်လာမယ်၊ ကြောင်ရုပ်လာမယ်။

★ သူများမနာလို ကိုယ့်အကျိုးမရှိ။ မစ္ဆရိယစိတ်၊ မနာလိုစိတ်၊ ကုက္ကုစ္စစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တွေ အာရုံကြောင့်ဖြစ်နေတာ။ ဒီမနောကိုစစ်ပါ။

★ ဘယ်သူပျက်ပျက် ကိုယ့်စေတနာမပျက်ပါနဲ့။ သည်းခံပါ။ အာရုံပေါ်မှာ စေတနာမပျက်ပါနဲ့။ ကိုယ့်သမီးရိုက်တယ်၊ ရိုက်တဲ့သူကို စေတနာမပျက်ပါနဲ့။ ဒေါသမဖြစ်ပါနဲ့။ အတွင်းသီလကိုယူထားပါ။ မနောသီလလုံမှ အပယ်ပိတ်တာ။ အပြင်မှာ သမ္မာသုံး၊ အတွင်းမှာ ဉာဏ်လေးနဲ့သုံး။ သမီးကို ဟိုကောင်ရိုက်နေလဲ မစွဲနဲ့၊ ဟိုကောင်က မိစ္ဆာ၊ ကိုယ်က သမ္မာဖြစ်အောင်လုပ်။ အဲဒါ အပါယ်ပိတ်တယ်။

★ သမီးရိုက်တာကို ကိုယ်ကသွားပြီး ဒေါသဖြစ်ပြီးတော့ တုတ်ဆွဲ၊ ဓါးဆွဲမလုပ်နဲ့။ အပါယ်ပိတ်သွားမယ်ဆိုရင် ဒီကပ်က ခင်ဗျားလွတ်မယ်။ ဒီပွဲကိုကြည့်ရလိမ့်မယ်။ သိပ်ထူးတဲ့ပွဲ ကြည့်ရလိမ့်မယ်။ သာသနာ(၂၅၀၀)ကျော်မှာရှိတယ်။ နေတာထိုင်တာ မှန်ဖို့လိုတယ်။ သူများဟာတွေသွားမခိုးနဲ့။ မလုနဲ့။ မတိုက်နဲ့။ အရက်တွေမသောက်နဲ့။ လောင်းကစားတွေမလုပ်နဲ့။ ဘုရားမကြိုက်ဘူး၊ နတ်လည်း မကြိုက်ဘူး။

★ သမ္မာအယူရှိတယ်။ သမ္မာမှန်ရင် အပါယ်ပိတ်တယ်။ ဉာဏ်ပေါက်တယ်။ (၃၁)ဘုံလွတ်တယ်။ ဦးပဏ္ဍိတ ကျင့်ပြီးပြီ။ နေတတ်ပြီ၊ စားတတ်ပြီ၊ သေတတ်ပြီ။ တောထဲမှာနေလို့ရတယ်။ အခု ငါ သာသနာပြုတာကွ။ ပညတ်မှာ သာသနာလာပြုတာကွ။ ဉာဏ်နဲ့လာပြုတာ။ မင်းတို့လှူသမျှ ဒီအာရုံနောက်လိုက်တယ်၊ မလိုက်ဘူးဆိုတာ ငါပဲသိတယ်။

★ ကိလေသာဝဋ်၊ ဝဋ်ကောင်ကြီး သိပ်ကြောက်ဖို့ကောင်းတယ်။ ကိလေသာဝဋ်ကြီးက အမျိုးမျိုး ဒုက္ခပေးနေတယ်။ ကိုယ့်ရုပ်က ကိုယ့်ပြန်ပြီးတော့ ဒုက္ခပေးနေတယ်။ နိဗ္ဗာန်ကတော့ ရုပ်နာမ်မရှိဘူး။ သဘောလေးပဲ။ ကိလေသာရဲ့ဝဋ် သံယောဇဉ်အာရုံသွားစွဲနေတယ်။ ကိလေသာဝဋ်ဆိုတာက ရုပ်ဖောက်ပြန်တော့ နာမ်ဆင်းရဲတယ်။ ဒီရုပ်လိုချင်သေးလား၊ နာမ်ကြောင့် ရုပ်ဆင်းရဲတယ်။ ဟောလုပ်ပြန်ရောဗျို့။ အဲဒီတော့ အလယ်ကသွား။

★ မင်းတို့ ဒီဘုရားတည်နေတာ မင်းတို့မြင်တယ်မဟုတ်လား။ မင်းတို့ စေတနာမှန်ဖို့လိုတယ်။ ငါတောင်းစရာမလိုဘူး။ ထည့်ပါလို့ ငါပြောစရာမလိုဘူး။ မင်းတို့ ပုပ္ဗ၊ မုဥ္စ၊ ပရဆိုတဲ့ စေတနာသုံးတန် မင်းတို့သိသလားတဲ့။ ဓမ္မကလည်းအစစ်ဖြစ်ရမယ်။ စေတနာသုံးတန်ကလည်း အစစ်ဖြစ်ရမယ်။ ကုသလာနံ့ ဓမ္မာနံ့ ဟေတုပစ္စယော။ ဝေဒနိယဒိဋ္ဌ လက်ငင်းမျက်မှောက်အကျိုးပေးတယ်။ ဒါ ဆုတောင်းတဲ့တရားမဟုတ်ဘူး။

★ သီလဆိုတာ မှန်တယ်ဗျ။ သမာဓိဆိုတာလည်း မှန်တယ်ဗျ။ ပညာဆိုတာလဲ မှန်တယ်ဗျ။ ပညတ်ဆိုတာလည်း မှန်တယ်ဗျ။ အကုန်မှန်တာချည်းပဲ။ ပညတ်ဆိုတော့ ပယ်လို့မရဘူး။ ပယ်အပ်တဲ့တရားမဟုတ်ဘူး။ သိအပ်တဲ့တရားတွေ။ ကိုယ်ကသိရမယ်။

★ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ အပါယ်(၄)ဘုံကို မရောက်စေနဲ့။ အာရုံနဲ့တွေ့လိုက်တော့ တစ်ခါတည်း မာန်ဖြစ်တာပဲ။ ဒီကောင် ဘာဂရုစိုက်ရမှာလဲ။ ဒီကောင် ဘာကောင်လဲ။ မစားရ မသောက်ရနဲ့ မိစ္ဆာအယူ၊ သက္ကာယအယူတွေဖြစ်ကုန်ရော။ တဏှာမွှေလို့ မာန်ဖြစ်တာ။ အဲဒီ(၂)ခု ဒိဋ္ဌိကလုပ်တာ။

★ ဓမ္မလို့ စာကရေးထားတယ်။ ဒါ ဘုရားဟောအရ ဓမ္မဆိုတာဘယ်မှာလဲ။ နှလုံးသားမှာရှိတယ်။ အပြင်က ပညတ်ခေါ်တယ်။ နှလုံးသားက သူက ဓမ္မဖြစ်နေတယ်။ အဲဒီတော့ အယုတ်၊ အလတ်၊ အမြတ်မရွေးဘူး။ သူ့စေတနာက အင်မတန်မှ ထူးနေတဲ့စေတနာ။ ဒါ ဉာဏ်စေတနာခေါ်တယ်။

★ ကံစေတနာက ခွဲခြားတယ်။ ဒါ ငါ့သား၊ ဒါ ငါ့သမီး၊ ဒါ ငါ့သားမဟုတ်ဘူး။ ဒါ ငါ့မိန်းမ။ အဲဒီသညာစေတနာက ပျက်တတ်တယ်။ စေတနာပျက်ရင် သီလပျက်တယ်။ အတွင်းသီလပျက်တယ်။ အတွင်းသီလလုံမှ အပါယ်ပိတ်တယ်။

★ အဓိသီလဆိုတာ အဲဒီအာရုံပေါ်မှာ ဒီအယူကိုမယူဘူး။ မြင်တော့မြင်နေပြီ။ ကြားတော့ ကြားနေပြီ။ အဲဒါကိုမမှတ်ဘူး။ ပညာနဲ့သာ နှလုံးသွင်းထားတယ်။ အဲဒါကျင့်တဲ့သူပဲသိတယ်။

★ ခင်ဗျားတို့ယူထားတဲ့သီလ ဟုတ်တယ်၊ မှန်တယ်။ အပါယ်ပိတ်နိုင်တယ်။ မပိတ်နိုင်တယ်။ လမ်းလေးကိုပြလိုက်တာ။ မအေသေတယ်၊ မိန်းမနောက်လင်ယူသွားတယ်။ ဘယ်လိုနေမလဲ။ ပူတာပေါ့ဘုရား။ ဘာဖြစ်လို့ပူလဲ စွဲလို့ပူတာပေါ့။ အဲဒါ ဥပါဒါန်ခေါ်တယ်။

★ စွဲတော့ မိစ္ဆာအယူလား၊ သမ္မာအယူလား။ ကိုယ့်စိတ်ကိုယ်စစ်။ အဲဒီကံက သံသရာလည်မှာ။ အဓိသီလက သံသရာလည်မှာ မဟုတ်ဘူး။ အပါယ်ပိတ်တာ။

★ အဓိသီလ ဘယ်ကလာလဲ။ မဂ္ဂင်(၈)ပါးကရတယ်။ မဂ္ဂင်(၈)ပါးကို ကျင့်ကြ၊ ကြံကြ၊ အားထုတ်ကြ။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ အပြင်မှာမစင်ကြယ်ရင် အာရုံပေါ်မှာ မစင်ကြယ်ဘူး။ သညာ၊ သဒ္ဓါ ဥပါဒါန် ဖြစ်နေတယ်။ ဥပါဒါန် ဖြစ်နေရင် အတွင်းမနောပေါက်တယ်။

★ အတွင်းသီလ၊ အဓိစိတ္တလုံမှ အပြင်သီလက စိတ်ချရမယ်။ အတွင်းသမာဓိကောင်းမှ အပြင်စိတ်ချရမယ်။ ခင်ဗျားလုပ်တဲ့ စရဏရှိပါ။ ကိုယ့်အလုပ် ကိုယ်မှန်အောင်လုပ်ပါ။ တရားက ခံစားရတယ်။ နှလုံးသားက ခံစားရတယ်။

★ အဓိသီလဆိုတာ ဝိပဿနာသွားတဲ့လမ်း။ အဲဒီ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာကို အဆီထုတ်လိုက်မယ်။ အဆီထုတ်လိုက်တော့ ကောဓမ္မောကျမယ်။ ကောဓမ္မော ဘယ်ကလာလဲ။ ရုပ်ပေါ်၊ နာမ်ပေါ်ကလာတယ်။ ရုပ်ပေါ်၊ နာမ်ပေါ်ကလာရင် နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ အလုံးဒီပါဆိုတာ မနေရလုံ့သွားပြီ။ အာရုံကိုမလိုက်တော့ဘူး။ အဲဒါ ဉာဏ်။

★ ဦးပဏ္ဍိတ ကိလေသာနဲ့ တဏှာသတ်သွားတယ်။ ဝေဒနာနိရောဓါ၊ တဏှာနိရောဓေါလို့ ရေးထားတယ်။ ဝေဒနာကနေ တဏှာ၊ တဏှာကနေ မာန်ဖြစ်တတ်တယ်။ ဝေဒနာကို အသိလေးနဲ့သာလိုက်။ သူဖောက်ပြန်တာလား၊ ငါဖောက်ပြန်တာလား၊ သူဖောက်ပြန်တာ။ သူဖောက်ပြန်တာက သဘာဝခေါ်တယ်။ ငါက အံကြိတ်ထားရင် အတ္တဖြစ်သွားလိမ့်မယ်။ သီလ၊ သမာဓိဂုဏ်၊ ပညာဂုဏ်ဆိုတာ ဒီရုပ်နာမ်ပေါ်က ဖြစ်တာပါ။

★ ခင်ဗျားတို့ ဗုဒ္ဓကိုယုံကြည်တယ်။ ဓမ္မကိုယုံကြည်တယ်။ သံဃာကိုယုံကြည်တယ်။ ဗုဒ္ဓကိုယုံကြည်ရင်ခုနက တရားအားထုတ်။ တရားအားထုတ်ရင် ဓမ္မဖြစ်မယ်။ ဓမ္မဖြစ်ရင် သူဟာ သံဃာအဝတ်နဲ့ပဋိဝေဓကို လုပ်ပေးတော့မယ်။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ။ ပဋိဝေဓ အလွန်ထူးပါတယ်။ ပညတ်ကို သမ္မာနဲ့ယူပါ။ ပညတ်ရှိလို့လည်း ပရမတ်ကိုသိတာ။ ပညတ်ကိုယူတော့ယူတယ်။ မစွဲဘူး။

★ ကိလေသာခန်းခြောက်လာရင် ဒုက္ခသစ္စာကိုသိမယ်။ ကမ္မဝဋ်ပါလား၊ ဘဝအနန္တရက ကမ္မဝဋ်၊ ဒီကမ္မဝဋ်ကို မပယ်နိုင်လို့ ဟော ဒီဘဝမလွတ်ပါလား။ ဘဝဝဋ် ငါမလွတ်ရင် အနာဂါတ် ဝိပါကဝဋ်သွားရမယ်။ ကမ္မဝဋ် ဘာနဲ့လာလဲ။ ကိလေသာ တဏှာနဲ့လာတယ်။ ကိလေသာဝဋ်မပြတ်တော့ကိလေသာဝဋ်လည်တယ်။ ကိလေသာဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ်၊ ဝဋ်တွေလည်ပြန်ရော။

★ အဓိပညာက (၃၁)ဘုံလွတ်တဲ့ပုဂ္ဂိုလ်ခေါ်တယ်။ ပညတ်နဲ့ ပရမတ်ကို ဉာဏ်နဲ့သိသွားတာ။ ခန္ဓာကသိတာ။ ဉာဏ်ရသွားတော့မှ သီလနဲ့ သမာဓိကို ဖျက်လိုက်ပြီ။

★ အပြင်သီလ၊ ပညတ်သီလကိုပယ်ပြီးတော့ ပရမတ်သီလ၊ ဓမ္မသီလကိုသွင်းထားပြီ။ ပညတ်သီလ၊ ပရမတ်သီလတောင် မဟုတ်တော့ဘူး။ ဓမ္မသီလဖြစ်နေပြီ။ ဦးပဏ္ဍိတ လည်း ကိလေသာနဲ့ တဏှာထမ်းထားရတယ်။ မလွတ်ပါဘူး။ သတိအမြဲတမ်းထားနေရတယ်။ အပ္ပမာဒေန၊ သမ္ပာဒေထအဲဒီရုပ်၊ နာမ်က ကိုယ့်ကိုဒုက္ခပေးနေတာ။

★ ခန္ဓာသိနဲ့ စာသိကွာတယ်။ စာမှာ မင်္ဂ၊ ဖိုလ်၊ ဈာန်ရှိတယ်။ ခန္ဓာသိက ခံစားရတယ်။ ထုတ်တော့မပြောကက်ဘူး။ ခင်ဗျားကို့ယုံကြည်ပါလို့ တစ်လုံးတည်းပြောထားတယ်။ ယုံကြည်ပါဗျာ။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ယုံကြည်ပါ။ ယုံကြည်တာ သဒ္ဓါခေါ်တယ်။

★ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ဘယ်သီလတွေချုပ်တာလဲ။ ရုပ်တရား၊ နာမ်တရား။ အဲဒီသီလတွေချုပ်ထားတာ။ အဲဒါ ပညတ်နဲ့ ပရမတ်ကိုချုပ်တာ။ အစွန်း(၂)ပါးသဘောပေါက်တာ။ အလယ်ကသွားပြီ။

★ ဝိပဿနာတရားတွေကျင့်ရမယ်။ ပညတ်ချုပ်လည်း ရှိတယ်။ ပရမတ်ချုပ်လည်းရှိတယ်။ အဲဒီ(၂)ခုချုပ်တော့ ဖိုလ်ပေါ့ဗျာ။ ပညတ်နဲ့ ပရမတ်ကို ဉာဏ်ကချုပ်တာ။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏာဥဒပါဒိလို့ စာကဆိုထားတယ်။ စာနဲ့ ခန္ဓာနဲ့ တစ်ထပ်တည်းဖြစ်ရမယ်။

★ ကြိုးရှိလို့ ပုံးကို ရေတွင်းထဲချတယ်။ ပုံးနဲ့ရေထိမြုပ်တော့ ဆွဲတင်ရတယ်။ အဲဒီကြိုးက ဒကာမကြီးက ပေးလို့ ဒီရေရတာ။ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဒီဒကာမကြီးတွေပြသွားတာ။ ဓမ္မဖြစ်အောင် ကိုယ်ကလုပ်သွားတာ။ ဓမ္မမဖြစ်ရင် ကျောင်းစွဲတာတို့၊ အိမ်စွဲတာတို့၊ သင်္ကန်းစွဲတာတို့ဖြစ်တယ်။ စွဲတော့ ခံတဲ့။ ဒါပဲပြောလို့ရမယ်။

★ အာရုံမှာ စေတနာထား။ သြော် ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ကျွန်တော်လုပ်ပေးပါမယ်။ ကိုယ်က လုပ်ရင် စေတနာနဲ့လုပ်။ ဟုတ်ကဲ့၊ ဟုတ်ကဲ့ ခံမပြောနဲ့။ ခင်ဗျားစိတ်ကလေးကိုထိန်းထား။ စိတ်ထိန်းထားတာ ဝိသုဒ္ဓိခေါ်တယ်။ အာရုံမှာထိမ်းထားတာ။ စေတနာမပျက်နဲ့။ ဒီဘဝတိုတိုလေး ကောင်းရာသုဂတိဘုံကို ရောက်အောင်သွား။

★ ခန္ဓာဝန်ဒုက္ခကိုမသိတော့ ကာမဒုက္ခကိုလည်း မပယ်နိုင်တော့ဘူးဗျို့ ကံရဲ့အလုပ်တွေပါပဲ။ အဲဒီတော့ ကိလေသာဝဋ်၊ ကာမဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ်လို့ စာကရေးထားတယ်။ ကိလေသာဝဋ်က ခန္ဓာဝန်ခေါ်တယ်။ ကမ္မဝဋ်ဆိုတာ ကံတရား၊ ဉပါဒါန်ကံတွေ။ အာရုံကြောင့် ကံတွေဖြစ်နေတာ။ ဘဝဝဋ်ဆိုတာ ဟောဒီဘဝ အဝိဇ္ဇာနဲ့ အာရုံ(၆)ပါးနဲ့ နစ်မျောနေကြတယ်။

★ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရားတဲ့။ ဒါ ဘုရားဟောအရ ကံတွေကို ဟောတာ။ ဉပါဒါန်ကံတွေကို ဟောတာ။ သမုဒယသစ္စာ ဆင်းရဲခြင်းအကြောင်း အမှန်တရားတဲ့။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့အကြောင်း၊ ထိလိုက်တဲ့အကြောင်း၊ သိလိုက်တဲ့အကြောင်း။ အဲဒီအကြောင်းက အကျိုးပေါ်ကလာတယ်။ အကျိုးဆိုတာ ရုပ်ခေါ်တယ်။ အကြောင်းက နာမ်ခေါ်တယ်။ အဲဒါ ရုပ်နာမ်ခေါ်တယ်။

★ ခန္ဓာ(၅)ပါးကို ဘာကြောင့်ကျင့်ရတာလဲ။ ရုပ်နာမ်သိချင်လို့။ ရုပ်နာမ်သိချင်ရင် ကျင့်။ ခန္ဓာ(၅)ပါး ဆိုတာ နာမ်ခန္ဓာရှိတယ်။ ဥပါဒါန်ရှိတယ်။ သညာရှိတယ်။ သင်္ခါရရှိတယ်။ ဥပါဒါန်ရှိတယ်။ ရုပ်ရှိရင် ဝေဒနာရှိတယ်။ ဝေဒနာရှိရင် တဏှာရှိတယ်။ အမှတ်က သညာ၊ သညာက သင်္ခါရပြောင်းတယ်။ စိတ်ကလေးပြောင်းလဲတယ်။ သင်္ခါရ ဥပါဒါန်ကံခေါ်တယ်။

★ ကိုယ့်မှာရှိတာက ကိလေသာနဲ့တဏှာ။ ကိလေသာ ရုပ်တရား၊ တဏှာ နာမ်တရားတွဲနေတယ်။ တွဲနေတာကို ဂမ္ဘီရဉာဏ်နဲ့ကြည့်မှ သဘောပေါက်မယ်။ ကိလေသာက ဒုက္ခသစ္စာ၊ ရုပ်တရား။ တဏှာက သမုဒယသစ္စာ နာမ်တရား။ အကြောင်းနဲ့အကျိုး အတိတ်နဲ့ ပစ္စုပ္ပန် (၂)မျိုးရှိတယ်။ အတိတ်က ဘာလဲ ရုပ်တရား။ အကျိုးတရား ကိလေသာ ပစ္စုပ္ပန်က နာမ်တရား။ အကြောင်းတရား တဏှာက အာရုံမှာသွားစွဲတာ။ အဲဒီတဏှာက သံသရာလည်တာ။

★ သမ္မာဒိဋ္ဌိ ဆိုတာ အာရုံမပြတ်သေးဘူး။ အာရုံနဲ့ မနော မပြတ်သေးဘူး။ မင်းယူတဲ့အယူက အာရုံကို ယူထားတဲ့အတွက် မနောနဲ့အာရုံပေါင်းတဲ့အတွက် ဒိဋ္ဌိခေါ်တယ်။ အာရုံမှာတော့ မင်းလှူတယ်၊ တန်းတယ်။ မင်းဘာပဲဖြစ်ဖြစ် ကောင်းတာလုပ်တယ်။ အဲဒါ သမ္မာ။ ယူတဲ့အယူက ဒိဋ္ဌိ တဲ့။ ငါမြင် တယ်ဆိုတဲ့ အသိလေး။ ငါဆိုတဲ့ဟာလေးပါနေတယ်။ ဒိဋ္ဌိမလွတ်ဘူး။ ဒိဋ္ဌိက မဂ်ဉာဏ်ရမှ လွတ်မယ်။

★ မဂ်ဉာဏ်ဆိုတာ ပညတ်၊ ပရမတ် အစွန်း(၂)ပါးကိုသိသွားပြီ။ ပရမတ်က ဓါတ်ပရမတ်၊ တရားအစစ်၊ အမှန်ပဲ။ ပညတ်ကတော့ အမှတ်နဲ့သိတဲ့တရား၊ ကံတရားခေါ်တယ်။ ပရမတ်ကတော့ ဉာဏ်တရား ခေါ်တယ်။ အနတ္တတရားခေါ်တယ်။

★ အချိန်တန် အိမ်ပြန်ကြရမှာ။ ဝိပဿနာလုပ်။ ကွဲကူး ရပေါ်တယ်။ ဒီဉာဏ်အလုပ်တွေက အပါယ် ပိတ်တယ်။ ကံအလုပ်တွေက စိတ်မချရဘူး။ ငါမြင်တယ်ကွ၊ ငါ့ပစ္စည်း။ ငါ့ကားကို မင်းတိုက်ပစ်လိုက် တယ်။ ဒီတော့ ဒေါသဖြစ်တယ်ဗျို့။ အဲဒီတော့ ခင်ဗျားသီလရှိပါ့မလား။ အပြင်ကို သမ္မာနဲ့စွဲ။ မိစ္ဆာနဲ့ မစွဲနဲ့။

★ ငါမြင်တယ်ကွ၊ ငါကြားတယ်ကွ၊ ငါ့မနောက သိတယ်ကွ။ အဲဒီတော့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေဖြစ်ကုန်ရော။ အဲဒါသွားပြီ လေးဘက်ထောက်သွားလိမ့်မယ်။

★ ကံကြောင့် ဒီရုပ်ဖြစ်နေပါလား။ ကိလေသာရုပ်မှာ တဏှာကပ်နေတယ်။ တဏှာကို ဂမ္ဘီရဉာဏ်၊ ဇာနနဉာဏ်၊ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ အာလောကောဥဒပါဒိ။ အဲဒီဉာဏ်နဲ့ကြည့်ပေတော့။ အဲဒီ တော့မှ ရုပ်နာမ်သိသွားလိမ့်မယ်။

★ ရုပ်တရား၊ နာမ်တရား။ ရုပ်သတ်မှ နာမ်ပြတ်မယ်။ နာမ်ဆိုတာ တဏှာပဲ။ အဲဒီတဏှာက ရုပ်မှာရှိတယ်။ ကျင့်တဲ့သူပဲသိတယ်။ သိလို့လာဟောတာ။ အဲဒါ ခန္ဓာသိခေါ်တယ်။ စာသိ ဝိပဿနာအသိရှိတယ်။ ခန္ဓာသိ ဝိပဿနာအသိရှိတယ်။ မပယ်ဘူး။ သဘောပဲနော။ အာရုံ(၆)ပါး မလွတ်တဲ့သူများတယ်။ လွတ်တဲ့သူရှားတယ်။

★ ကာယသတိပဋ္ဌာန်မှာ ကံတွေ၊ ကာယကံ၊ ဝစီကံ၊ မနောကံတွေ မဂ္ဂင်နဲ့စစ်လို့မှန်ရင် သမုတိသစ္စာဖြစ်တယ်။ သမုတိသစ္စာဖြစ်နေရင် ဝိရတီသစ္စာ၊ ဝိပဿနာကျင့်။ ဒိဋ္ဌိ၊ တဏှာသတ်၊ ဒိဋ္ဌိသတ်မှ တဏှာပြတ်မယ်။

★ ဒိဋ္ဌိဆိုတာ အာရုံမှာယူတဲ့အယူက ဟော့ ငါမြင်တယ်ကွ၊ ဒါ ငါ့ပစ္စည်းကွ၊ ဒါ ငါ့သားကွ၊ ဒါ ငါ့မယားကွ။ ငါလို့ယူထားတယ်။ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ အဲဒါ သညာအမှတ်နဲ့ ငါလို့ယူတာနဲ့ ငါ့အိမ်၊ ငါ့တိုက်၊ ငါ့ပစ္စည်း။ အဲဒါ အတ္တတွေ။ သဘောလေးပဲ။

★ အခုပစ္စုပ္ပန်တည့်တည့်လေး။ ရှေ့လည်းမမျှော်နဲ့၊ နောက်လည်း မတွေးနဲ့။ အတိတ်၊ အနာဂါတ်ကို ဟောတာမဟုတ်ဘူး။ ပစ္စုပ္ပန်တည့်တည့်လေး မြင်လိုက်တော့ သိတယ်။ ကိုယ့်နားကကြားတော့ သိတယ်။ ကိုယ်နှာခေါင်းက နံတော့ သိတယ်။ လျှာကစားတော့ သိတယ်။ အသားကိုထိတော့ သိတယ်။ အဲဒါ မနောပဲဗျို့။

★ ကံရဲ့အကြောင်းက သဒ္ဓါသမ္ပတ္တိ၊ ရတနာသုံးတန် ကံ၊ ကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ ဒုလ္လဘ(၅)ပါးထဲက အပြင်က ပကာသနကံ ဘယာကံတွေက အတွင်းကံအနှစ်မှ မှန်တာကွ။ မင်းအသိလေးပြောင်းလိုက်ကွ။ ဒီက အတွင်းကိုပြောနေတာ။

★ ဒီကံတွေက ကိုယ့်ကို အသက်လဲရှည်စေတယ်။ ကံကျိုးရင် ကံဆယ်ပါ၊ ကံပေါက်ရင် ကံဖာပါ။ ကံနိမ့်ရင် ကံမြှင့်ပါ။ ဒီစေတနာတွေမှန်ဖို့လိုတယ်။

★ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အနတ္တဆိုတာ ရုပ်ကိုဟောတာ။ ရုပ်ပေါ်မှာရှိတဲ့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊ သိစိတ်တွေက အတ္တကံတွေဖြစ်နေတယ်။

★ အပြင်မှာ စေတနာမှန်ရင် အတွင်းမှာ ဉာဏ်ပေါက်တယ်။ အုန်းတုံးလည်းလျှောက်၊ လက်တန်းလည်းကိုင်။ လက်တန်းက ဒါန၊ အုန်းတုံးက လျှောက်သွားတာက သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ အဲဒါ သီလမဂ္ဂင်၊ အာရုံပေါ်မှာ ခင်ဗျားစိတ်ကိုထိန်းထားတာ။

★ လောကခံဆိုတဲ့ လောကကို အရှုံးပေးသွားရမယ်။ ဒီလိုအရှုံးပေးမှ ခင်ဗျားမှာ တရားတက်တယ်။ ဘုရားတောင်မှ မာရ်နတ်ကို ကျေးဇူးတင်တယ်။ သူဖျက်လို့ ဘုရားက တက်တက်သွားတာ။ အဖျက်ရှိမှ တရားက တက်တာဗျ။ အဲဒီအဖျက်ကို ကိုယ်က နှလုံးသွင်းတတ်ဖို့လိုတယ်။

★ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရသွားရင် အရိယာထရဟန္တာခေါ်တယ်။ သူက ဘာမှမစွဲတော့ဘူး။ ခင်ဗျားတို့က အင်မတန် သဒ္ဓါကောင်းတယ်။ သဒ္ဓါဆိုတာ ယုံကြည်တာ။ ယုံကြည်တဲ့အတွက်ကြောင့် စေတနာတွေဖြစ်လာပြီ။ ပေးချင်တဲ့စေတနာ၊ လှူချင်တဲ့စေတနာ၊ ကျွေးချင်တဲ့စေတနာ၊ သူ့ကို စေတနာသိပ်ရှိတာ။ အဲဒီစေတနာက သူ့စေတနာ သူ့အကျိုးပေးတယ်။ ဒီကလည်းဓမ္မ၊ ဟိုကလည်း စေတနာ။ ကံနဲ့ ဓမ္မနဲ့ပေါင်းလိုက်တော့ ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယောတဲ့။ ဝေဒနီယဒိဋ္ဌ မျက်မှောက်လက်ငင်းအကျိုးပေးတယ်။ သူ့ရဲ့နှလုံးသားက ယုံကြည်မှုလေးနဲ့ ဖြစ်လာတဲ့စေတနာက အံကိုက်ဖြစ်သွားတာကိုး။ အဲဒါ ကံပဲဗျို့။

★ သဒ္ဓါကလည်းကောင်း၊ စေတနာကလည်းကောင်း၊ ရဟန္တာကလည်း စစ်ရမယ်။ ရဟန်းပေါ်မှာ မူတည်တယ်။ အပြင်မှာ နေတာထိုင်တာ သွားမကြည့်နဲ့။ သူ့ရဲ့နှလုံးသားကိုခန့်မှန်းကြည့်၊ အနားနေတဲ့သူတောင် မသိပါဘူး။ ဦးပဏ္ဍိတ ဆဲတယ်၊ တိုင်းတယ်၊ ဟုတ်တယ်၊ မှန်တယ်။ ငါ့ဆဲလိုက်တဲ့ အသံကောင်းသလား၊ မကောင်းဘူးလားတဲ့။ မကောင်းရင် မင်းဘာလို့ယူရတာလဲ။ မကောင်းမှန်း သိရင် ဘာဖြစ်လို့ယူလဲ။ ဆူးပေါ်ဖက်ကျရင် ဖက်ပေါက်တယ်ကွ။ ဖက်ပေါ်မှာဆူးကျရင်လည်း ဖက်ပေါက်တယ်ကွ။

★ အာရုံပေါ်မှာကျက်စားပြီးတော့ မင်းတို့စေတနာတွေပျက်ကုန်တယ်။ ဒါက လူသိတယ်ကွ။ ဆဲကြတယ်။ မကောင်းမှန်းသိရင် ဘာလို့ယူရတာလဲ။ မင်းကို တရားယူခိုင်းတာကွ။ စာမတတ်တဲ့ကောင်က မင်းတို့ကို ဉာဏ်နဲ့ပေးလိုက်တာကွ။ မင်းက ကံနဲ့ယူတော့ ငါဘယ်လိုလုပ်ပြောရမှာလဲကွ။

★ ငါကလဲ စာပေမတတ်၊ ရဟန်းပဏ္ဍိတဆိုပြီးတော့ တံခါးတွေပိတ်ထားတယ်ကွ။ မင်းတို့တက်တက်လာတာ။ မင်းတို့ ဥပါဒါန်တွေယူထားတယ်။ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စ၊ ကိလေသာနဲ့ တဏှာ၊ တဏှာငါ့မှာလည်းရှိတယ်။ မင်းမှာလည်းရှိတယ်။ ဒါ ငြင်းလို့မရဘူး။

★ ဥပါဒါန်တရားတွေ။ အဲဒီဥပါဒါန်တရားတွေကို ကြာလာရင် မင်းတို့သိလာလိမ့်မယ်။ အဲဒါ ပုဂ္ဂိုလ်စစ်က မင်းတို့သိရောပေါ့။ မသိလို့မရဘူး။ မင်းကသိလို့ သဒ္ဓါနဲ့ စေတနာမှန်လာရင် အဲဒီ ရဟန်းကလည်း စစ်မယ်ဆိုရင်တော့ ဆုမကောင်းနဲ့ကွ။ မင်းပုခိုးသာကျွတ်ကျမယ်။ သူ ဒီအသိ မပျက်တော့ဘူး။

★ မကောင်းတဲ့ဒုစရိုက်တွေ အကုန်သိတယ်ကွ။ သူက လမ်းပြသွားပြီကွ။ မင်းတို့အတွက် ငါကျင့်ထားပြီးပြီကွ။ မင်းတို့စိတ်တွေငါသိတယ်။ ငါကျင့်ထားတာကွ။ ငါသစ္စာထားတယ်ကွ။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာ။ ဒီအသိ တရားကျင့်တဲ့သူက သိလာလိမ့်မယ်။ ခင်ဗျားမသိပေမယ့် ဟိုကသိနေပြီတဲ့။

★ လူတစ်ထောင်မှာ ပဋ္ဌာစာရီ ဒီအသိကိုရတာ။ သားသေ၊ လင်သေ၊ မြွေကိုက်တယ်။ အဲဒီတော့မှ သူက ဒီအသိရလာတဲ့ ဒီတရားဟာ သိပ်ကြောက်ဖို့ကောင်းတယ်။ ဝေသန္တရာမင်းကြီးတောင်မှ သားတွေ၊ သမီးတွေလှူလိုက်တယ်မဟုတ်လား။ ပုဏ္ဏားက ဆင်းရိုက်တော့ သံလျက်ဘာလို့ ဆွဲသလဲတဲ့။ အပြင်မှာမြင်တယ်မဟုတ်လား။ ပညတ်ကိုမြင်တော့ သွားစွဲတာပေါ့။ အဲဒါ သားသမီးစွဲတာ။ တဏှာ ပဲ။ တဏှာကြောင့် သံလျက်ဆွဲတာ မာန်ပေါ့။ အဲဒါ ဒိဋ္ဌိအကြောင်း မသတ်လို့။

★ ဒါ အနုသယ စိတ္တနုပဿနာကိုဟောတာ။ ဒါ ရဟန္တာတွေဟောတဲ့ တရားတွေ။ ပုဇ္ဇဉ်ရဟန်းတွေ မဟောနိုင်ဘူးတဲ့။ ဒီစိတ်နဲ့ပတ်သက်တဲ့တရားတွေ ဟောသွားတာ။ ရဟန္တာအစစ်၊ အတုမဟုတ်ဘူး။ ဒုက္ခသစ္စာနဲ့၊ သမုဒယသစ္စာ၊ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ။ ဒုက္ခနဲ့ သမုဒယက ဥပါဒါန်တွေဟောသွား တာ။ အဲဒီတော့မှ ဒီကံကိုပြတ်သွားလို့ နိရောဓနဲ့ မဂ်ရလို့လာဟောတာ။ အဲဒါ ရဟန္တာအစစ်။

★ အထင်လည်းမသေးနဲ့၊ အထင်လည်းမကြီးနဲ့။ သူများမြှောက်တိုင်းလည်း မမြောက်နဲ့၊ သူများ ခြောက်တိုင်းလဲ မကြောက်နဲ့။ အကုသိုလ်နဲ့ ကုသိုလ်လွတ်အောင်သာသွား။ ကုသိုလ်တော့ လုပ်တယ်။ မစွဲဘူး။ အကုသိုလ်တော့ လုပ်လည်းမလုပ်တော့ဘူး။ ဒီသဘောပဲ။ ဒါဘာလဲ။ မဂ်ဉာဏ်ရလို့ပေါ့။

★ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ ခင်ဗျားတို့ဘုန်းကြီးတွေတက်ဟောခိုင်း။ ဒီဥပါဒါန်ကံတွေတက်ဟောပါတဲ့။ ဘယ်သူမှ မဟောနိုင်ဘူးနော်။ နိရောဓနဲ့ မဂ္ဂ ဟောထားတယ်။ ဒုက္ခသစ္စာတွေ၊ သမုဒယသစ္စာတွေ။ လောကမှာ လူတိုင်းရှိနေတယ်။ ကိလေသာနဲ့ တဏှာ၊ ခင်ဗျား ပေါင်းသင်းနေတယ်တဲ့။ ဒီဥပါဒါန်တွေဖြစ်နေတယ်။ ဒါပေမယ့် မျိုးစေ့ရသွားပြီတဲ့။ အဲဒီမျိုးစေ့ရရင် စိတ်ပြောင်းသွားလိမ့်မယ်နော်။

★ လင်မယားတောင်မှ လင်က မုဆိုး၊ မယားက အမဲသားရောင်းတယ်။ တရားရတော့ မိန်းမကရတယ်။ ဟိုကျောင်ကသတ်တာ။ ဘယ်သူသိလဲ။ သိကိုသိရမယ်။ သိမှ ခင်ဗျားတို့ဝမ်းနည်းပက်လက်တွေဖြစ်ကုန်ပြီ။ အယူမှား၊ အမှတ်မှား၊ အစွဲမှားတွေ။ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ လွှမ်းမိုးထားတယ်။

★ တဏှာကအုပ်ချုပ်ထားလို့ မာန်တွေဖြစ်နေတာ။ ဘာတရားလဲ။ ဘယ်လောက်ရလို့လဲ။ မင်းက ဘယ်လောက်သိသလဲ။ ငါက ဘယ်လောက်သိတယ်။ မနောကသိနေတာကြီး။ သွားတော့မမေး ဘူး။ မင်းတို့ဟာမင်းတို့ ပေတံနဲ့တိုင်းနေတာ။ ကံတရားတွေ။ အဲဒီကံတရားတွေဘာကြောင့်ဖြစ်ရ တာလဲ။ လောကီကိုအားကိုးလို့ဖြစ်တာ။

★ အဲဒါ ဘယ်သူဟောနိုင်လဲ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ အဲဒါ ရဟန္တာ အစစ်တွေမှဟောတာ။ ဘုရားတွေဟောတာ။ တော်ရုံတန်ရုံတက်ဟောကြည့်။ မဟောနိုင်ဘူး။ သူတို့ဟောနိုင်တာ စာနဲ့ပဲဟောနိုင်တာ။ စာကစာပဲပေါ့။ အခုဟောနေတာ အနုစ်။ ဉပါဒါန်သတ်ပြီးမှ ဟောတာ။

★ လောကီမှာဉာဏ်ရှိသလို လောကုတ္တရာမှာလဲ ဉာဏ်ရှိတယ်။ သဘောလေးနဲ့နော်။ အတွင်းအာရုံနဲ့ အပြင်အာရုံ သဘောလေးလောက်ပဲ သူပြောမယ်။ သဘောဆိုတာ သဘာဝကိုသိလို့ သဘော ပြောတာ။ သဘာဝဆိုတာ ဓာတ်တွေနဲ့ ဓာတ်တွေကြောင့်မို့ ဓါတ်တွေကိုကျင့်ရတယ်။ စိတ်ပြီးရင် ဓာတ်ပဲ။ လောကီမှာ စိတ်လို့ဆိုတယ်။ လောကုတ္တရာမှာ ဓာတ်။ ဓာတ်ကို ပရမတ်ခေါ်တယ်။ စာလိုဆိုရင် ပညတ်၊ ပရမတ်ပေါ့။

★ ကာမဝဋ္ဋ်၊ ဘဝဝဋ္ဋ်၊ ဝိပါကဝဋ္ဋ် ဘာကြောင့်ငါမလွတ်သေးသလဲ။ ပယ်အပ်တဲ့တရား ကာမသဝ၊ ဘဝသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ ကျင့်ရမယ့်တရားက ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မသတိပဋ္ဌာန်။ သစ္စာတရားတွေက သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာ။ ဒါစာကရေးထားတာ။

★ စာနဲ့ စိတ်နဲ့ကိုက်ပေတော့။ စာရှိလို့ ဒီအသိ သိတာနော်။ စာမတတ်ပေမယ့် ခန္ဓာကနေပြီးတော့ စာကို အိုဘုရား ... ဘုရား ....။ စာကသိပ်မှန်တယ်။ ခန္ဓာကရထားတော့ စာကိုလေးစားတယ်နော်။ ခန္ဓာကသာမရရင် ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါးမသိရင် စာကိုတတ်တာပဲရှိတယ်။ တရားကို မခံစားရ ဘူး၊ ခံစားရတယ်ဆိုတာ အကျင့်နဲ့အတူတူပဲသိတယ်နော်။ တရားကိုခံစားရပါတယ်လို့ သူပြော သွားတယ်နော်။

★ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တွေရှိတယ်။ ဒါ ဘယ်သူ သိမလဲနော်။ အဲဒါတွေက သစ္စာတွေ။ သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာ။ အရိယာသစ္စာက အာသဝက္ခယာဉာဏ်ရရင် အာရုံပြတ်သွားပြီ။ လောကီအာရုံ တွေနော်။

★ ပညတ်ကို ခေါ်သမုတ်ထားလိုက်တာ။ ဒါကဘာ၊ ဒါကသညာ။ မှန်တာပေါ့။ နာမည်နာမတပ်ပေး လိုက်တာ။ အဲဒါကို သွားမစွဲနဲ့။ အသိပြောတာ။ ကိုယ်လုပ်ရင် ကိုယ်ရမှာပဲ။ အဓိသီလရရင် အဓိစိတ္တရမယ်။ အဓိစိတ္တရရင် အဓိပညာရမယ်။

★ အဓိသီလဆိုတာ အာရုံ(၅)ပါးပေါ်မှာ မြင်တာ သီလ၊ ကြားတာ သီလ၊ နံတာ သီလ၊ စားတာ သီလ၊ ထိတာ သီလ၊ သိတာ သီလ။ ဘာမြင်လဲ။ သီလအားကောင်းနေတာကိုဗျ။ ကျင့်ထားတာကိုဗျ။ စိတ်ပြောတာ။ အတွင်းစိတ်ကိုတည်အောင်ထား။ အတွင်းစိတ်ကို အာရုံပေါင်းရင် တည်အောင် ထား။ သဒ္ဓါရ အနိစ္စဆိုတာ ဘုရားက ကံကိုပြောထားတာ။ အဲဒီကံမှာ တဏှာပါနေတယ်။ တဏှာက ကိလေသာမှာဖြစ်နေတာ။

★ အသီးတစ်ရာ၊ အညာတစ်ခု။ တစ်လုံးစီတော့ဖြုတ်မနေတော့ဘူး။ ကြာနေတယ်။ အညာကိုပဲ ဖြုတ်တော့မယ်။ မနောသတ်တော့မယ်။ လက်ကလေးပိုက်ပြီး နှာခေါင်းနှစ်ပေါက် ဖိုထိုးတော့တာ ပဲဗျို့။ မနောရဲ့ဘဝင်အာရုံက ဒီနှာခေါင်းပေါက်ရဲ့ဝင်လေ၊ ထွက်လေရဲ့အာရုံကို သတိအမြဲကပ်ထား တယ်။ အတွင်းအာရုံက အမြင်အာရုံ ဝင်တာ၊ ထွက်တာကို သတိကပ်ထားတယ်။ သတိကပ်ထား တော့ စိတ်ကလေးဘာမှမတွေးတော့ဘူး။ အဲဒါ ကာယကံ၊ ဝစီကံ၊ မနောကံကို တပြိုင်နက်တည်း လုပ်ထားလိုက်တာပဲ။

★ ယုံကြည်ချက်သဒ္ဓါနဲ့ တရားထိုင်တဲ့အခါမှာ သဒ္ဓါကောင်းတော့ ဝီရိယကောင်းတယ်၊ ဝီရိယကောင်း တော့ သီလကောင်းတယ်။ သမာဓိကောင်းလာတယ်။ ပညာကောင်းလာတယ်။ သိက္ခာ(၃)ပါး ဆိုတာ အဲဒါခေါ်တာ။

★ ရုပ်က အိုမယ်၊ နာမယ်၊ သေမယ်။ စိတ်က မအိုဘူး။ မအိုခင်၊ မနာခင်၊ မသေခင်မှာ ဉာဏ်ရအောင် ရှာ။ အာရုံပေါ်မှာ ဒေါသမဖြစ်နဲ့။ မိစ္ဆာဒိဋ္ဌိနဲ့မလုပ်နဲ့။ အဝိဇ္ဇာစိတ်မလုပ်နဲ့။ မနောက အာရုံနဲ့ပေါင်း ရင် ဖြစ်တတ်တယ်။

★ အိမ်ကို ညှော်သည်လာတယ်။ ညှော်သည်က အလိုက်ကန်းဆိုးမသိတော့ အိမ်ရှင်စိတ်ဆင်းရဲရတယ်။ သူလည်း အရိယာမဖြစ်သေးဘူးဗျ။ အာရုံကြောင့် သူ့မှာ မနောပေါက်နေပြီ။ မရှိတာနဲ့ မသိတာ မသိတာက အခက်ဆုံးပဲ။ မရှိတာက ရှာလို့ရတယ်။

★ ဘာပဲဖြစ်ဖြစ် ဒီဘဝမှာ အာရုံ(၅)ပါးမှာ ငါ့ကိုဆဲလည်း ငါစေတနာမပျက်ဘူး။ ငါ့ကိုရိုက်လည်း ငါစေတနာမပျက်ဘူး။ လူကြီးမင်းများခိုင်းလည်း ငါသွားလုပ်မယ်။ စေတနာမပျက်ဘူး။ သညာ အမှတ်နဲ့မှတ်ရင် စေတနာပျက်တတ်တယ်။ ခင်ဗျားကို တစ်လုံးထဲထည့်ပေးလိုက်မယ်။ အဲဒီမှာ သညာအမှတ်က ရှုပ်နေ တယ်။ ငါ့ချည်းပဲခေါ်တာပဲ။ ဟိုလူကျတော့ မခေါ်ဘူး။ ငါ့ပဲခေါ်တာပဲ။ ငါ့ပဲခိုင်းတာပဲဆိုတော့ မနော ပေါက်တယ်နော်။ အဲဒီအမှတ်ကြောင့် သဒ္ဓါရဖြစ်တယ်။

★ သဒ္ဓါရက အာရုံနဲ့မနော အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်။ ဒိဋ္ဌိခေါ်တယ်။ သမ္မာဒိဋ္ဌိလည်းပယ်ရမယ်။ ပယ်မှာက မဂ်ဉာဏ်ကပယ်မှာ။

★ မိစ္ဆာဒိဋ္ဌိဆိုတာ ငါမြင်တယ်ကွ၊ မင်းငါ့စက်ဘီး မင်းယူသွားတယ်။ အခုကြည့်စမ်း၊ အကုန်ကျိုးပဲ့လာပြီ။ အဲဒါဒေါသဖြစ်တယ်။ စက်ဘီးကိုသွားစွဲတာတဏှာ။ တဏှာကြောင့် စက်ဘီးကြောင့် ဒေါသဖြစ်သွားတာ။ သီလပျက်တယ်။

★ အာရုံကို အမှတ်နဲ့ယူလိုက်တယ်။ အမှတ်က ငါ့စက်ဘီးက တစ်သောင်းကျော်တယ်၊ နှစ်သောင်းကျော်တယ်။ ခုံဖိနပ်စုတ်ကလေးပျောက်သွားတယ်။ ခင်ဗျားစိတ်မဆင်းရဲဘူး။ ပျောက်ပါစေကွာ။ ခင်ဗျား စင်ကြယ်ဘိနပ်(၆၀၀)တန် ဝယ်စီးလိုက်တယ်။ တစ်ဖက်ပျောက်ရင် မူးနောက်နေတာပဲ။ ဒါ ပစ္စည်းစွဲတာ။ ဥပါဒါန်ကံတွေ။ ကံပေမယ့် သမ္မာကံရှိတယ်။ မိစ္ဆာကံရှိတယ်။ ကိုယ့်စိတ် ကိုယ်စစ်။

★ (၃၁)ဘုံကလွတ်အောင် ရုပ်ပေါ်၊ နာမ်ပေါ်မှာ ခင်ဗျားတို့ရှာပေတော့။ (၃၁)ဘုံလွတ်တဲ့ပုဂ္ဂိုလ်တွေ အာရောဂျံ ပရမံ ကျန်းမာရေးလာဘ် ဒါပဲရမယ်။ ကံကျိုးရင် ကံဆယ်ထားမယ်။ ကံပေါက်ရင် ကံဖာတယ်။ ကံနိမ့်တော့ ကံမြှင့်တယ်။ ကံဆိုတာ စေတနာခေါ်တယ်။

**ဒုလ္လဘငါးပါး**

| | | | |
|---|---|---|---|
| ၁။ | ဗုဒ္ဓုပ္ပါဒဘာဝေါ ဒုလ္လဘော | - | ဘုရားအဖြစ်ကို ခဲယဉ်းစွာရအပ်ပေ၏။ |
| ၂။ | မနုဿတဘာဝေါ ဒုလ္လဘော | - | လူ့ဘဝကို ခဲယဉ်းစွာရအပ်ပေ၏။ |
| ၃။ | ပဗ္ဗဇ္ဇိတဘာဝေါ ဒုလ္လဘော | - | ရသေ့ရဟန်းအဖြစ်တို့ကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ |
| ၄။ | သဒ္ဓါသမ္ပတ္တိ | - | ရတနာသုံးတန်ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ |
| ၅။ | သဒ္ဓမ္မသာဝနံ | - | သူတော်ကောင်းတရားစကား နာကြားရပေခြင်းကိုလည်း ဒုလ္လဘောခဲယဉ်းစွာရအပ်ပေ၏။ |

**ဒုလ္လဘငါးပါးထဲမှာ -**

သဒ္ဓါသမ္ပတ္တိ ရတနာသုံးတန် ကံ ကံ၏အကျိုးက အမြတ်ဆုံးပဲ။ ကံပေမယ့် ကံခြင်းမတူဘူး။

★ အပြင်ကံတွေကတော့ မဇ္ဈရိယစိတ်၊ မနာလိုစိတ်၊ ကုက္ကုစ္စစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ ဒေါသစိတ်တွေ အာရုံကြောင့်ဖြစ်နေတာ။ မနောမဲ့နေတာ။ အာရုံနဲ့ မနောကို ဝိပဿနာ ဂမ္ဘီရဉာဏ်နဲ့ဖြတ်မှ အဲဒီ ကြိုးနှစ်ကြိုးကပြတ်မှာ။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ အကုန်ပြတ်မှာ။ အဲဒီကြိုးနှစ်ကြိုးပြတ်တာက နိရောဓဆိုက်တာပဲ။

★ သီလဆိုတာ ကာမသဝ၊ ဘဝသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ အာရုံ(၆)ပါး၊ မနောနဲ့မပေါင်းနဲ့။ တောင်ပို့မှာ ဂရယ်(၆)ပေါက်ရှိတယ်။ အပြင်(၅)ပေါက်ပိတ်။ အဲဒီဖွတ်က ဟိုအပေါက်ကထွက်၊ ဒီအပေါက်ကထွက်၊ မထွက်နိုင်တော့ဘူး။ တစ်ပေါက်ပဲရှိတယ်။ အဲဒီအပေါက်က သူထွက်လာရင် ရိုက်သာသတ်လိုက်။ အဲဒါတရားပဲ။ ဖွတ်သေရင် ပြီးရောပေါ့ဗျာ။

★ ခင်ဗျားတို့လုပ်တာ မလုပ်တာ ခင်ဗျားတို့အကြောင်း၊ ဦးဇင်း လုပ်ရတဲ့အလုပ်သဘောတွေကို ပြောပြတာ။ ပြောပြတာကို မယုံနဲ့ဦး။ လေ့လာပါ၊ သုံးသပ်ပါ၊ မေးမြန်းပါ၊ စုံစမ်းပါ။ ဘယ်သူမှ ကြောက်စရာမလိုဘူး။ ကိုယ့်အလုပ် ကိုယ်လုပ်။ မှန်အောင်လုပ်။ သူများပါးရိုက်လဲ သည်းခံပါ။ လောကဓံကို ခင်ဗျားသည်းခံထား။ ဒါမှ ဒီတရားကိုသိမယ်နော်။

★ ပဋိပတ္တိက တွင်းအောင်းပြီ။ အာရုံတွေကို သိမ်းလိုက်တယ်။ ဝီစိကိစ္စတွေကို သိမ်းလိုက်တယ်။ ဘယ်မှလဲ မသွားတော့ဘူး။ တစ်နေ့တစ်နေ့ ထိုင်တယ်၊ ရှုတယ်၊ မရလည်း စိတ်မပျက်ဘူး။ ရလည်း စိတ်မပျက်ဘူး။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မှာပဲ။ အဲဒီလိုကျင့်လိုက်တဲ့အခါ ထိတယ်၊ သိတယ်၊ ထိတာကရုပ်၊ သိတာကနာမ်၊ ကိလေသာတွေမလာတော့ပါလား။ တစ်ခုတည်းသော အာရုံဖြစ်နေပါလား။ မတွေးတော့ဘူးဗျို့။

★ သီလက ကိလေသာအာရုံတွေ မစွဲတော့ဘူး။ သမာဓိက အာရုံတစ်ခုတည်းကိုဆွဲဆောင်ပြီး ထိုင်သွားတာ။ သမာဓိတွေအားကောင်းတော့ ပညာတွေပေါ်လာတယ်။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ က ကိလေသာတွေမလာတော့ဘူး။ အဓိသီလဖြစ်သွားပြီတဲ့။ သူ့ကိုယ်သူ သီလဖြစ်ပြီ ဆိုတာ သိသွားပြီတဲ့။

★ အပြင်အာရုံတွေ စင်ကြယ်လာတဲ့အခါမှာ ရုပ်နဲ့ပတ်သက်တဲ့နာမ်ခန္ဓာလေးပါးပေါ်လာတယ်။ ရုပ်က ဖောက်ပြန်တယ်။ နာမ်က ခံစားတယ်။ အကျိုးနဲ့အကြောင်းသာဖြစ်ပါလား။ ဝေဒနာတွေ မခံမရပ် နိုင်အောင် ဖြစ်လာတယ်။ ဝေဒနာမှာ ငါမရောစေနဲ့။ ဝေဒနာဟာ မမြဲပါလား။ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ်တွေပါလား။ ဝေဒနာကို ဆုံးအောင်လိုက်။

★ လှူတတ်ဖို့လိုတယ်၊ ဒါနစစ်၊ ဒါနမှန်ဖြစ်ဖို့လိုတယ်။ ပုဂ္ဂိုလ်ထူးနဲ့တွေ့ဖို့လိုတယ်။ စေတနာနဲ့လှူတဲ့ ပုဂ္ဂိုလ်က အပယ်ပိတ်တယ်။ နတ်ပြည်ကို ကျိန်းသေတက်လိမ့်မယ်။ နတ်ပြည်ကို ပန်းရထားနဲ့ ပါလိမ့်မယ်။ နိမ္မိတဘုရား တရားဟောလိမ့်မယ်။ အဲဒီတရားကိုနာရမယ်။ နတ်သက်တမ်းလည်း ကုန်ရော အထက်ကိုကူးမှာ။ သူက ဝိသာခါလို ဖြတ်လမ်းကလိုက်တာ။

★ တရားက ခန္ဓာမှာရှိတယ်။ ဟိုကစာမှန်တယ်။ အဲဒါ အကာခေါ်တယ်။ အနှစ်ကိုရှာ။ အနှစ်ရှာမှ အကာသိမယ်။ အဲဒီတော့မှ အကာကိုရှိခိုးမယ်။ အခု အကာကိုသိတယ်။ သိပြီးစွဲနေတယ်။ အနှစ်တွေနဲ့ အကာကို သဘောပေါက်ဖို့လိုတယ်။

★ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီ စေတီ(၄)မျိုးရှိတယ်။ စေတီ(၃)မျိုးက ကံတွေ၊ ပညတ်စေတီခေါ်တယ်။ ဓမ္မစေတီက ပရမတ်စေတီခေါ်တယ်။ အဲဒါကတော့ ရတယ်၊ မရတယ် သူ့အပေါ်မူတည်တယ်။

★ ဘုရားတည်တယ်၊ ကျောင်းဆောက်တယ်၊ သင်္ကန်းလှူတယ်။ လိုအပ်တာအကုန်လှူတယ်။ အဲဒါ ပရိဘောဂပေ့ါ။ အဲဒါ ပညတ်ရဲ့ ကံတရားတွေ သမ္မာကံတွေ၊ ကောင်းတဲ့ကံတွေ၊ ကောင်းတဲ့ကံ ဆိုတာ စေတနာခေါ်တယ်။

★ အဲဒီစေတနာက သတ္တာသံပတ္တိ၊ ရတနာသုံးတန် ကံ ကံရဲ့အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရတယ်။ အဲဒါ ဒုလ္လဘ(၅)ပါးထဲက ကံ။ အဲ့ဒါ အပါယ်ပိတ်တယ်။

★ အပြင်ကံကတော့ ဘယာစေတနာ၊ ပကာသနစေတနာ၊ တဏှာစေတနာ၊ အဓိပတိစေတနာက နှလုံးသားထဲကပေါ်ပေါက်လာတဲ့စေတနာခေါ်တယ်။ အပယ်ပိတ်တဲ့စေတနာ၊ ဟိုအလှူကရော မရဘူးလား ရတယ်။ ပေါ့ဆဆနဲ့ ကံပဲနော်။

★ (၃၁)ဘုံမှာ လူ့ဘုံက အမြတ်ဆုံးပဲ။ သိ-ပယ်-ဆိုက်-ပွား။ သိရင်ပယ်မယ်၊ ပယ်ရင် မဂ်ဆိုက်၊ ဖိုလ်ဆိုက်မယ်။ သိ-ပယ်-ဆိုက်-ပွား စာကရေးထားတယ်။ စာကမှန်၏ ဉာဏ်မမီ ထိအောင် သူမသိ၊ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ ဘာလို့လဲ တကယ် ခံစားရတယ်။ တကယ်ခံစားရလို့ တကယ်လာဟောတာပါ။

★ တရားထိုင်တဲ့အခါမှာ ဘယ်သူနဲ့မှ စကားမပြောနဲ့။ ဝီစိကိစ္စတွေသိမ်း၊ ပယ်အပ်တဲ့တရားကို သိမ်းရမယ်။ ပယ်အပ်တဲ့တရားက ကာမသဝ၊ ဘဝသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ သိရမယ့်တရားက ကိလေသာဝဋ္ဋ်၊ ကာမဝဋ္ဋ်၊ ဘဝဝဋ္ဋ်၊ ဝိပါကဝဋ္ဋ်။ ကျင့်ရမယ့်တရား မဂ္ဂင်(၈)ပါး။ ခင်ဗျားကို့အပေါ် မူတည်တယ်။

★ လောကီစိတ်တွေ သားစိတ်၊ သမီးစိတ်၊ စီးပွားရေးစိတ်၊ သောကတွေပေါ့ဗျာ။ နောက်နောင်က အကြောင်းတွေလည်း ပေါ်လိမ့်မယ်။ ဘာကြောင့် ပေါ်သလဲ။ အပြင်အာရုံ(၅)ပါး မစင်ကြယ်လို့။ အာရုံ(၅)ပါးကိုပယ်လိုက်တဲ့။ ပယ်လိုက်တော့ ဘဝင်လေးက ကြည်လာတယ်။ အပြင်မှာက (၅)ပါး သီလစင်ကြယ်သွားပြီ။ အတွင်းအပြင်စိတ်ကလေးကလည်း ငြိမ်ပြီ။ အဲဒီ(၂)ခုငြိမ်ရင် ရုပ်ကိုရှုမယ်။ ရုပ်မှာ တဏှာရှိတယ်။ ဒီတဏှာကိုမြင်မှ အာရုံပြတ်တဲ့ဉာဏ်ရမယ်။

★ တရားအားထုတ်တဲ့အခါမှာ တချက်ခုတ်၊ နှစ်ချက်ပြတ်တယ်။ ကာယကံ၊ ဝစီကံ လုံနေပြီ။ မနောကို သတ်တာ။ မနောကိုသတ်တာ။ ဗျာပါဒ၊ အဘိဇ္ဈာ၊ ဒိဋ္ဌိ၊ ဘယ်သူ့သတ်မလဲ။ ဒိဋ္ဌိက အာရုံမယူတော့ ဘူး။ အာရုံမယူတော့ ဘဝင်စိတ်က ထိတယ်၊ သိတယ်၊ ထိတယ်၊ သိတယ်။ ထိတာကရုပ်၊ သိတာက နာမ်၊ ထိတာလည်း မမြဲဘူး။ သိတာလည်း မမြဲဘူး။ မမြဲတော့ အနတ္တ။ ကိုယ့်စိတ်ဖြစ်နေတာက အတ္တ။

★ နှာခေါင်းနှစ်ပေါက်ရဲ့အာရုံကို မင်းမသိဘူးလား။ သိတယ်။ အဲဒီသိတာစိတ်ပဲကွ။ စိတ်လို့သာ ခေါ်သမုတ်တာ။ အမှန်မှာ စိတ်မဟုတ်ဘူး။ စိတ်မဟုတ်တဲ့နေရာရောက်အောင်သွားပြီ။ မင်းအသိ စိတ်ကလေး ပညတ်အသိနဲ့ ပရမတ်အသိ၊ အတ္တအသိနဲ့ အနတ္တအသိ။ သညာအသိနဲ့ ပညာသိ။ ကံသိနဲ့ ဉာဏ်သိ။ ကိုယ့်ပေါ်မှာမူတည်တယ်။ တရားဆိုတာ နှလုံးသွင်းမှန်ဖို့လိုတယ်။

★ ပိန္နဲကုန်းတောထဲမှာ တရားအားထုတ်တယ်။ ရုပ်နဲ့ပတ်သက်တဲ့ နာမ်ခန္ဓာ(၄)ပါး။ တရားလေးတွေ သဘောပေါ့ဗျာ။ ဦးဇင်း လျှောက်မပြောရဲဘူး။ ချုပ်တယ်လို့လည်း မပြောရဲဘူး။ အဲဒါ ဉာဏ်ပဲဗျာ။ ဒုက္ခဝေဒနာလည်း မမြဲဘူး။ သုခဝေဒနာလည်း မမြဲဘူး။

★ ရုပ်က ဖေါက်ပြန်လာတဲ့ဝေဒနာတွေကို နာမ်က မစွဲတော့ဘူး။ မစွဲတော့ ဉပါဒါန်လွတ်တယ်။ သညာ ပြုတ်တယ်။ ဒီလိုဖြစ်သွားတာနဲ့ ရုပ်မှာ ဘယ်လိုဖြစ်တာလဲဆိုတော့ အာရုံ(၆)ပါးကို မြင်နေတာပဲ ရှိတယ်။ ကြားတာပဲရှိတယ်။ အာရုံကိုမစွဲတော့ဘူး။

★ ဝိဇ္ဇာဉာဏ် အမှန်ရရင် သစ္စာဉာဏ် အမှန်မြင်သွားမယ်။ အဲဒီတော့မှ ဒီအာရုံ(၆)ပါးကိုသတ်တာ ဉာဏ်ပဲ။ အတွင်းက ရုပ်နဲ့ပတ်သက်တဲ့ နာမ်ခန္ဓာ(၄)ပါးလည်း သိသွားပြီ။ ကာမသ၊ ဘဝသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝလည်း သိသွားပြီ။ အကျိုးပေါ်ကဖြစ်နေတဲ့အကြောင်းတရားလည်း ရုပ်သွား ပြီ။ အပြင်အာရုံ(၆)ပါးလည်း ရုပ်သွားပြီ။

★ ဦးပဏ္ဍိတ က စာမတတ်တော့ ကျင်းအောင်းတယ်။ ကျင်းအောင်းပြီး ရှုတယ်။ ဘယ်သူကို အရင်သတ်ရလဲ။ ဒိဋ္ဌိကို အရင်သတ်ရမယ်။ တစ်နေ့တစ်နေ့ ဒုက္ခသစ္စာကို နှလုံးသွင်းတယ်။ ကြာလာတော့ ဒီရုပ်တွေ၊ ဒီနာမ်တွေ မတွယ်တာတော့ဘူး။ အဲဒီလိုသိလိုက်တော့မှ ကာမဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ် တွေပါလား။ အတွင်းဓာတ်(၄)ပါးက ပထဝီဓါတ်၊ တေဇောဓါတ်၊ အာပေါဓါတ်၊ ဝါယောဓါတ်လည်း သူမစွဲတော့ဘူး။ အပြင်အာရုံလည်း မစွဲတော့ဘူး။

★ အတွင်းအာရုံချုပ်မှ အပြင်အာရုံ(၆)ပါးက လက်နက်ချကုန်ပြီ။ သီလတွေကောင်း၊ သမာဓိတွေကောင်း၊ ပညာတွေကောင်း။ အဲ့ဒီ(၃)ခုကိုဆွဲဆောင်သွားပြီ။ ပညတ်အာရုံကနေ ပရမတ်အာရုံကို သွားတွေ့ လိုက်ပြီ။ ပရမတ်အာရုံကို မနောနဲ့သွားပြီးတော့ အာရုံဖြစ်နေပြီ။ ခန္ဓာဝဋ်ကြီးကတော့ ပညတ်နယ်ထဲမှာ မနောရဲ့ အာရုံကတော့ လောကုတ္တရာထဲမှာဖြစ်နေပြီ။ ကိလေသာဘာမှ မရှိတော့ဘူး။ သဘောပဲ။ ဒီရုပ်၊ ဒီနာမ်တွေကိုသိတယ်လို့ မပြောဘူး။ သဘောပဲ အာရုံမြင်သွားပြီ။

★ ပရမတ်ကနေ ပြန်ဆင်းလာတယ်။ ပညတ်တာ ဘာမှမရှိတော့ပါလား။ ပရမတ်မြင်မှ ပညတ်စင်တယ်။ သဗ္ဗေ သင်္ခါရ အနိစ္စာ၊ သဗ္ဗေ သင်္ခါရ ဒုက္ခာ၊ သဗ္ဗေ သင်္ခါရ အနတ္တာ။ အိုခြင်းတရား၊ နာခြင်း တရား။ ပညတ် ပရမတ် လောကီ၊ လောကုတ္တရာသဘောလေးပေါ့ဗျာ။ သီလကအရေးကြီးပါ တယ်ဗျာ။

★ အပြင်မှာ နေတတ်ရမယ်၊ ထိုင်တတ်ရမယ်။ နေတာထိုင်တာမဟုတ်ရင် ဉာဏ်မပေါက်ဘူး။ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး။ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မပေါက်ဘူး။ ထိုင်သာထိုင် နေတာ။ ကံပဲဗျ။ အဲဒီဉာဏ်ရမှ အာရုံ(၆)ပါး။ ရုပ်နဲ့ပတ်သက်တဲ့ နာမ်ခန္ဓာ(၄)ပါး။ အဲဒါကိုကြည့် ပေတော့။ အဲဒါ ဝိဇ္ဇာဉာဏ်။ အဝိဇ္ဇာကိုပယ်လိုက်တယ်။

★ အဝိဇ္ဇာပယ်ရင် ဝိဇ္ဇာဉာဏ်ဝင်လာတယ်။ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်တယ်။ အလုပ်နှစ်ခုဖြစ်တာ။ အဲဒါပဲဗျို့။ အဲဒါကိုယ့်စိတ်ကိုယ်စစ်ပေတော့။ အထူးသဖြင့် သည်းခံပါ။ ဘယ်သူဘာပြောပြော သည်းခံပါ။ ကလေးခွေးကိုက်တာတောင် ခွေးကိုသွားမရိုက်နဲ့။ ကိုက်ပါစေကွာ။ သည်းခံလိုက်။ အဲဒီတော့ ဒီအာရုံတွေကို တွယ်တော့တွယ်ထားပါ။ သွားတော့ မစွဲလိုက်နဲ့။

★ မစွဲနဲ့။ စွဲရင်တော့ ကိုယ့်အကြောင်းပဲ။ အကြောင်းကိုသတ်တတ်အောင်သတ်ပါတဲ့။ အကျိုးပေါ်က မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း။ အဲဒီအာရုံတွေက သဘာဝမျက်စိနဲ့မြင်ရတဲ့ အာရုံပဲ။ အဲဒီအာရုံကို ကိုယ်က လို၊ မလိုဆိုကဲ့စိတ်ကလေးဖြစ်သွားရင် အဲ့ဒါ ဥပါဒါန်ပဲ။

★ အနုသယကိလေသာကိုသတ်ဖို့ အင်မတန်အရေးကြီးတယ်။ အနုသယကိလေသာကိုသတ်ရင် ခင်ဗျား ဟိုဘက်ကမ်းတွေ့ပါလိမ့်မယ်။ အဲဒီတော့ ခင်ဗျားတို့ ကျင့်ကြပါ၊ ကြံကြပါ၊ အားထုတ်ကြပါ။

★ လူ့ဘုံက အင်မတန်ထူးမြတ်ပါတယ်။ ဦးဇင်းတို့ ကမ္ဘာတည်ကတည်းက ဘဝတွေနဲ့ မျောလာရတယ်။ နောက်ကိုကြည့်လိုက်တော့ ဦးဇင်း ကြောက်သွားပြီ။ ကျင့်တော့ သိတယ်။ သိတော့ မြင်တယ်၊ မြင်တော့ ကြောက်ပြီတဲ့။ တခါတည်း အလွတ်ရုန်းတော့တယ်။

★ သဗ္ဗေသင်္ခါရ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ သင်္ခါရနယ်ထဲမှာ နေတယ်။ သင်္ခါရ ရပ်နေတဲ့နေရာရှိတယ်။ သင်္ခါရ လည်တဲ့နေရာရှိတယ်။ သင်္ခါရ ရပ်အောင် ဘယ်လိုလုပ်ကြမလဲ။ ကိုယ့်လမ်းကိုယ်လျှောက်ရမှာကိုဗျ။ အဲဒီတော့ သတိပဋ္ဌာန်(၄)ပါးကို ဘာနဲ့သတ်မလဲ။ သမ္မာအယူ၊ သမ္မာဒိဋ္ဌိပေါ့ဗျာ။ သမ္မာအယူနဲ့ သတ်မယ်။

★ သမ္မာအယူ၊ သမ္မာဒိဋ္ဌိနဲ့ယူမယ်။ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိအယူကိုပယ်လိုက်မယ်။ သက္ကာယဒိဋ္ဌိဆိုတာ ငါမြင်တယ်၊ ငါကြားတယ်၊ ငါ့သား၊ ငါ့သမီး၊ ငါ့ဥစ္စာ၊ ငါ့ပစ္စည်း အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်။ စွဲရင် ကံဖြစ်တယ်။ ဘယ်ကလဲ။ မနော။ မနောကံဘာကြောင့်ဖြစ်ရတာလဲ အာရုံကြောင့်ဖြစ်တယ်။

★ တရားအားထုတ်တဲ့အခါ သတိပဋ္ဌာန်(၄)ပါးမှာ ကာယသတိပဋ္ဌာန်လည်း ဂဏကြေတယ်။ ဝေဒနာသတိပဋ္ဌာန်လည်း ဂဏကြေတယ်။ ဘာလို့လဲ ခန္ဓာ(၅)ပါး၊ ရုပ်၊ နာမ်(၂)ပါးနဲ့ရင်းရှာတယ်။ စာကရေးထားတယ်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတဲ့။ ဒီကိလေသာဓာတ်တွေက နှောက်ယှက်တယ်။ ကိလေသာဓာတ်တွေက ငြိမ်းအောင်လုပ်မယ်။ ဒါကြောင့်မို့လို့ စိတ်အကြောင်းလည်း သိရတယ်။ ဓာတ်အကြောင်းလည်း သိရမယ်။ စိတ်အကြောင်းလည်းမသိဘူး၊ ဓာတ်အကြောင်းလည်း မသိဘူးဆိုရင်တော့ ကံဖြစ်နိုင်တယ်။

★ အပြင်တဏှာရှိတယ်။ အတွင်းတဏှာရှိတယ်။ မခံသာမှန်ပါဘိသည်တရား၊ ခံသာလျှင် သံသရာကြောမျောမယ်အများ။ အကျိုးတရားက ဖောက်ပြန်တယ်။ နာမ်တရားက ခံစားတယ်။ အဲဒီတော့ စိတ်ဆင်းရဲတယ်။ ရုပ်ရှိရင် ဝေဒနာရှိတယ်။ ဒီနာမ်ပေါ်က ဝေဒနာကို စိတ်ကလေးက မခံနိုင်ဘူး။ အဲဒါ လှဲချလိုက်တယ်။ အဲဒါ တဏှာပေါ့ဗျာ။

★ ရုပ်ကြောင့် နာမ်ဆင်းရဲတယ်။ နာမ်ကြောင့် ရုပ်ဆင်းရဲတယ်။ အစွန်း(၂)ပါးမလွတ်သေးဘူး။

★ ကာယသတိပဋ္ဌာန်။ ကာယဆိုတာ ကာယကံ၊ ဝစီကံ၊ မနောကံ။ အသိလေးကပ်ထားတယ်။ ဝေဒနာ သတိပဋ္ဌာန်မှာ ဝေဒနာအသိလေးကပ်ထားရမယ်။ စိတ္တရဲ့ သတိပဋ္ဌာန်မှာလည်း စိတ္တရဲ့ အသိလေး ကပ်ထားရမယ်။ ဓမ္မသတိပဋ္ဌာန်ကျတော့ သူသဘောပေါက်သွားပြီနော်။ ဓမ္မဆိုတာ တရားပေါ့။ အဲဒီတရားရဲ့ အသိတွေကို သူနှလုံးသားမှာ ကိန်းဝပ်သွားပြီ။

★ ဒိဋ္ဌိ အာရုံကို ငါလို့ယူတဲ့အတွက်ကြောင့် အာရုံနဲ့ မနောယူတဲ့အတွက်ကြောင့် ငါ့မှာ အာရုံမလွတ်ပါလား။ အဲဒီအာရုံတွေက အမှတ်များတွေဖြစ်နေပါလား။ ဒါ ငါ့သမီးလေးပါလား၊ ဒါ ငါ့သားလေးပါလား၊ ဒါ ငါ့အိမ်ပါလား။ အမှတ်က မှတ်တာ။ အဲဒီသညာက ဒုက္ခပေးတာ။ ဒီအနုသယတွေ သိလို့ပြောတာ။ အနုသယကိုပြောတာ။ အကြမ်းစားပြောတာမဟုတ်ဘူး။

★ ကာယကံ၊ ဝစီကံကိုပြောတာမဟုတ်ဘူး။ မနောနဲ့ အာရုံနဲ့ သိပ်နှုတယ်။ ဒါ ငါ့သမီးလေးပါလား။ ဒါ ငါ့သားလေးပါလား။ ဒါ ငါ့အိမ်ပါလား။ ဒီလိုသညာနဲ့မှတ်လို့ တဏှာဥပါဒါန်တွေဖြစ်တယ်ဗျို့။ အဲဒါ (၃၁)ဘုံလည်တယ်နော်။

★ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်၊ သီလမှာချုပ်တယ်။ ပညတ်သီလ၊ ပရမတ်သီလ ချုပ်သွားပြီ။ ပညတ်သီလဆိုတာ အပြင်၊ ပရမတ်သီလဆိုတာ အတွင်းဓါတ်တွေ။ ဒါ ကျင့်တဲ့သူပဲ သိတယ်နော်။

★ ပညတ်တရားရှိတယ်။ ပရမတ်တရားရှိတယ်။ ဦးဇင်းတို့လည်း ပညတ်နဲ့မလွတ်ပါဘူး။ ပညတ်ကို မပယ်ပါဘူး။ ဒါပေမယ့် မစွဲဘူး။ ပညတ်ကို ယူလည်းယူတယ်။ စွဲလည်းစွဲတယ်။ အဲဒါ ကံပေါ့ဗျာ။ (၃၁)ဘုံလည်တယ်။ ကိုယ့်စိတ် ကိုယ်စစ်။ မဂ္ဂင်နဲ့စစ်။

★ မနောနဲ့ အာရုံပေါင်းတာ ဒိဋ္ဌိခေါ်တယ်။ ငါမြင်တယ်၊ ငါကြားတယ်ဆိုတာက အတ္တ။ စွဲတာက သညာကလုပ်လိုက်တာ။ ငါမြင်တယ်ကွဆိုတာ အတ္တမစွဲသေးဘူး။ ဘာနဲ့မြင်သလဲ။ အမှတ်နဲ့မြင်တယ်။ စွဲတော့မယ်။ ငါ့မိန်းမလာတယ်ဟေ့။ ကဲ သားလေးရေ ဆီးကြိုကြ။ ကံနဲ့က မသိလိုက်ဘူး နော်။ ဉာဏ်ကသိတာ။

★ သီလတွေဆိုတာ ဝိနည်း(၂၂၇)သွယ်ယူထားတဲ့ သီလနဲ့ (၈)ပါးသီလနဲ့ကတော့ မတူဘူးဗျို့ လူတော့လူပဲ၊ ယူတဲ့အသိမတူဘူး။ အသိပြောတာ သူတော်တော်ထိန်းထားတယ်။ (၈)ပါးသီလ လည်း (၈)ပါးသီလအလျောက် ထိန်းထားတဲ့သီလ။ အဲဒီလိုသီလတွေထိန်းထားတယ်။ အာရုံကို ထိန်းတဲ့သီလနဲ့ မတူဘူးဗျို့။

★ လုပ်မှ သိမယ်၊ သိမှ ပယ်မယ်၊ ပယ်မှ မင်္ဂဖိုလ်ဆိုက်မယ်။ မကောင်းတာပယ်တာပေါ့။ ကံပယ်တာ။ တဏှာပယ်တာ။ အဲဒါတွေလွတ်ပြီ။ ခင်ဗျားတို့ ဦးဇင်း တို့က ဟောဒီဘဝမှာ အာဂန္တုဧည့်သည်တွေ ပြန်ကြရဦးမယ်နော်။ အတိတ်ကိုလည်း ပြန်ကြည့်။ အနာဂတ်ကိုလည်း ပြန်မယ့်လမ်းကိုလည်း ကြည့်ပေတော့။

★ ဟောဒီပစ္စုပ္ပန်ဘဝနော်။ ဉာဏ်နဲ့ကြည့်။ အဲတာ ကိုယ့်လမ်းကိုယ်သာလျှောက်ပေတော့။ အခု ခင်ဗျားတို့စွဲနေကြတဲ့ ဥပါဒါန်ကံတွေ၊ အဘိဇ္ဈာတွေ၊ ဗျာပါဒတွေ၊ မိစ္ဆာဒိဋ္ဌိတွေ မဂ်ဉာဏ်နဲ့သတ်မှ ရတယ်။

★ ခင်ဗျားတို့ရဲ့ ဒါနရဲ့ ကုသိုလ်တွေ၊ သီလရဲ့ ကုသိုလ်တွေ၊ စေတနာပေါ့ဗျာ။ နှလုံးသားရဲ့ စေတနာက အယုတ်၊ အလတ်၊ အမြတ်မရွေးဘူး။ သူ့ရဲ့ စေတနာတွေက စင်ကြယ်နေတယ်။ လူမျိုးမရွေး၊ ဘာသာမရွေး သူပေးနေတယ်။ စားပါကွ၊ သောက်ပါကွ။ သူပေးနေပြီ။ အဲဒီစေတနာက (၃၁)ဘုံ လွတ်တဲ့စေတနာ ဝိသုဒ္ဓိစေတနာခေါ်တယ်။

★ ဝိသုဒ္ဓိစေတနာက စိတ်ဟောသွားတာ။ အဲဒီစေတနာမှန်မှ လှူတဲ့ပစ္စည်းလေးက ညောင်စေ့ လောက်ဖြစ်ပေမယ့် စေတနာရှိလို့လှူတာပေါ့ဗျာ။ စေတနာကို အလှူခံတာ။ တစ်ချက်ခုတ် နှစ်ချက် ပြတ်ပဲ။ ဦးဇင်း ဟောဒီကနေ အလှူခံမယ်။ ရတဲ့ပိုက်ဆံအကုန်ပေးပစ်ခဲ့မယ်။

★ မနုတသဘာဝေါ ဒုလ္လဘော လူ့ဘဝကို ခဲယဉ်းစွာရပြီ။ ဘာနဲ့ရသလဲဆိုတော့ ကံနဲ့ရတာပဲဗျို့။ ဒါကြောင့်မို့လို့ ဆိုထားပါတယ်။ ကာမဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ်။ အဲဒါ ကံပဲ။ ကိုယ်ကနေ တဏှာ အကြောင်းမသတ်တတ်ဘူးတဲ့။ အကျိုးပေါ်ကနေ အကြောင်းတရားတွေ။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ အဲဒီအကြောင်းတွေပေါ့ဗျာ။

★ ကိုယ့်ကိုဆဲလိုက်တယ်။ ဆဲလိုက်တဲ့အသံရဲ့ အာရုံကို ကိုယ်ကသွားစွဲတာ။ အသံရဲ့အာရုံက ငါ့ကို ဆဲပါလားဆိုတော့ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန် ကြောင့် ဘဝတဲ့။ အာရုံကိုသွားစွဲတာ။ သညာက အမှတ်ကြောင့် အဲဒီသညာက သံသရာကို မှောက်မှားအောင်လုပ်တာပဲ။

★ ကောင်းတဲ့သညာ၊ မကောင်းတဲ့သညာ။ အဲဒါ ကံပေါ်ကနေပြီးတော့ လို၊ မလိုဆိုတာ ကောင်းလိုက် တာဆိုတာ ဘုရားတွေကိုရှိခိုးလိုက်တော့ ဘုရားရဲ့ အာရုံသွားစွဲတာ။ စွဲတော့ဘာလဲ။ ကောင်းမှု ကုသိုလ် ဥပါဒါန်လို့ခေါ်တယ်။ အဲဒါ ကောင်းတဲ့ကံပါပဲ။ ဒါပေမယ့် ပယ်ဖို့ပြောတာမဟုတ်ဘူး။ သဘောပြောသွားတာ။ ကံကို ပြောသွားတာ။

★ အတိတ်ကလာတာကလည်း ကံပဲ။ ပစ္စုပ္ပန်ရောက်ပြန်တော့လည်း ကောင်းမှုကုသိုလ်ကံ၊ မကောင်းတဲ့ အကုသိုလ်ကံ။ ကိုယ်က လုပ်နေတယ်။ ဒါကြောင့်မို့လို့ ပဋိပတ္တိ၊ ပဋိယတ္တိ၊ ပဋိဝေဓ တဲ့။ သာသနာ(၃)ရပ်ရှိတယ်။

★ ပဋိယတ္တိက မှန်တာပြောရရင် သီလတဲ့။ ပဋိပတ္တိကို ကူးလိုက်ပါတဲ့။ ကူးလိုက်တော့ သမာဓိဖြစ်လာပါတယ်။ စိတ်ကိုစင်ကြယ်အောင်ထိန်းပါ။ သမာဓိကနေ အထွဋ်အထိပ်ရောက်သွားရင် ပညာပါတဲ့။ အဲဒီတော့ ပဋိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ အဲဒီသဘောပဲ။

★ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ ရာဇမာန်၊ ဓနမာန်၊ ပစ္စည်းမာန်။ အဲဒါလည်း စိတ်ပဲ။ အဲဒီ စိတ်က ဘယ်ကဖြစ်တာလဲ။ အကျိုးပေါ်က အကြောင်းတွေဖြစ်နေတယ်။ အဲဒီအကြောင်းကို သတ်လိုက်ပါ။ အဲဒီအကြောင်းက အင်မတန်ကြောက်ဖို့ကောင်းတယ်။

★ တရားထိုင်တယ်။ ထိုင်တဲ့အခါ ဝင်တယ်၊ ထွက်တယ်။ အဲဒီအာရုံကို သိတာစိတ်၊ ဝင်လေထွက်လေ အာရုံမှာပဲ သိနေတဲ့အခါကျတော့ သားလည်းမစွဲတော့ဘူး။ သမီးလည်း မစွဲတော့ဘူး။ အဲဒီ ဝင်လေ၊ ထွက်လေ ထိတာက ရုပ်၊ သိတာက နာမ်။ ဒီအာရုံတွေ မမြဲဘူး။ အဲဒါ အနတ္တ။ သားစွဲ၊ သမီးစွဲတာက အတ္တ။

★ ဘုရားကပညတ်တယ်။ သီလတွေ။ ဒါမလုပ်နဲ့။ ဒါမလုပ်နဲ့။ အဲဒီသီလတွေမှန်တယ်။ ကိုယ်ကမစွဲနဲ့။ သားရေနစ်လည်း မစွဲနဲ့။ သမီးလေး တစ်ခုခုဖြစ်လည်း မစွဲနဲ့။ အဲဒါ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်တယ်။ မမြဲပါလား။ သူ့ကံကြောင့်ဖြစ်ရပါလားလို့ နှလုံးသွင်း။

★ အပြင်သီလက ကာယကံ၊ ဝစီကံကို ရှောင်ထားတယ်။ သူ့ခြေထောက်ကို ကန်လိုက်တယ်ဆိုရင် သူဒေါသထွက်သွားတယ်။ ကန်တဲ့သူကိုလည်း စေတနာပျက်သွားတယ်။ စေတနာပျက်ရင် အတွင်းသီလပျက်တယ်။ အပြင်သီလလည်းယူ၊ အတွင်းသီလလည်း မပျက်စေနဲ့၊ စေတနာ မပျက်စေနဲ့။

★ ရုပ်ဖောက်ပြန်လာတယ်။ စိတ်ကလေးက ငြီးငြူလာတယ်။ စိတ်ချမ်းသာတဲ့နေရာပြောင်းလိုက်တယ်။ ဝေဒနာက ရုပ်သွားတယ်။ အဲဒါ တဏှာခေါ်တယ်။ ရုပ်ကြောင့် နာမ်ဆင်းရဲတယ်။ နာမ်ကြောင့် ရုပ်ဆင်းရဲတယ်။ အစွန်းနှစ်ပါးမလွတ်သေးဘူး။

★ ပဋိပတ္တိလုပ်မှသာလျှင် မနောရဲ့အကြောင်းကို သိလာလိမ့်မယ်။ ကိုယ့်စိတ်ကိုစစ်တဲ့အခါကျတော့ ကိလေသာတွေနဲ့ဝေးပြီ။ တစ်ခုတည်းသောအာရုံဖြစ်နေပါလား။ လောကီကာမဂုဏ်ကနေ လောကုတ္တရာနယ်ကို ရောက်သွားပြီ။ ဘာမှ ကိလေသာနဲ့ပက်သက်ပြီး စွဲလမ်းခြင်း သူ့မှာမရှိတော့ဘူး။

★ တရားထိုင်တဲ့အခါ ကိုယ့်စိတ်ကိုယ်စစ်၊ ကိလေသာအာရုံရဲ့ တွေးတောတဲ့စိတ်တွေရှိသေးလား။ ရှိရင် ခင်ဗျားတို့ အပြင်မှာ မစင်ကြယ်လို့၊ အပြင်မှာ ဆင်ခြင်ပါ။ ကြည့်ပြီးနေထိုင်ပါ။ လူတွေနဲ့သွားပြီး စကားမပြောပါနဲ့။ ကိုယ့်စိတ်ကိုယ်စစ်ပါတဲ့။

★ အဘိဇ္ဈာဆိုတာ အာရုံမှာမြင်လိုက်တော့ သိပ်ပြီးမကျေချင်ဘူး။ တစ်ခါတည်းမြင်တယ်ဆိုရင် စားစရာတွေဖွက်ထားတယ်။ သံသရာလည်နေတဲ့တရားတွေပါ။ အခုဘဝလည်နေတာ။

★ သဒ္ဓမ္မသာဝနံ သူတော်ကောင်းရဲ့တရားနာကြားရခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ ခန္ဓာထဲက ကျင့်ပြီးရရှိတဲ့တရားပါတဲ့။ လာတော့လည်း တစ်ယောက်တည်း။ ပြန်တော့လည်း တစ်ယောက်တည်းတဲ့။ ကိုယ်ကစွဲတာတဲ့။ စွဲရင် ဥပါဒါန်။ ဥပါဒါန်ဖြစ်တာနဲ့ ကံဖြစ်တယ်။

★ ဘုရားသခင်ကိုယ်တော်မြတ်ကြီး အာယုသင်္ခါရလွှတ်လိုက်တဲ့အခါမှာ ရှင်အာနန္ဒာ ကျန်ခဲ့ပါတယ်။ ရှင်အာနန္ဒာက စာအားကြီးတတ်တယ်။ သူက အကုန်လုံး တရားတွေရတယ်။ အဲဒီတော့ ရဟန္တာ ပေါင်း(၅၀၀)က သံဃာရတနာတင်ဖို့ သူ့ကိုဖိတ်တယ်။ သူက ရဟန္တာမဖြစ်သေးဘူး။ မဖြစ်တော့ သူလည်းကျင့်ရတယ်။ တစ်ညလုံးသူကျင့်တယ်။ မရတဲ့အဆုံး မနက်မိုးလင်းပြီးတော့ ငါတော့ မရတော့ပါဘူး။ သူမာန်ချလိုက်တယ်။ အဲဒီတော့မှ ရဟန္တာဖြစ်တာ။ ဖြစ်တော့မှ ကြွသွားတယ်။ ဒီတရားကိုကျင့်ပေးရမယ်။

★ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သုံးချက်ကိုပြီးမြောက်အောင်လုပ်လိုက်ပါတဲ့။ ပဋိယတ္တိမနေပါနဲ့။ ပဋိပတ္တိကိုလုပ်ပါတဲ့။

★ ကံဆိုတာ ကိုယ်ပြုလုပ်တဲ့ကံရှိသလို ကိုယ်မပြုလုပ်တဲ့ကံရှိတယ်ဗျ။ ကိုယ်ပြုလုပ်တဲ့ကက သွားဆဲ တာတို့၊ သွားရိုက်တာတို့ ကိုယ်မပြုလုပ်တဲ့ မနောကံက ခြေမရှိ၊ လက်မရှိနဲ့ သိပ်ကြောက်ဖို့ကောင်း တယ်။ သံသရာလည်တာသူပဲ။

★ သံသရာလည့်တဲ့တရားနဲ့ သံသရာပြတ်တဲ့တရား။ ပြတ်တဲ့တရားက ကောင်းတယ်။ ကံကိုဖြတ်ပစ် လိုက်။ အစွဲဖြတ်ပစ်လိုက်။ စွဲရင်ကံ၊ မစွဲရင် ဉာဏ်။ ဒါပဲရှိတယ်။

★ ဉာဏ်က ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာသဝေါဥဒပါဒိ၊ ဉာဏာဥဒပါဒိ၊ အာသွက္ခယဉာဏ် က အာရုံမှာ ပညာနဲ့ယူတာ။ အတ္တက အာရုံမှာ သညာနဲ့ယူထားတယ်။ ကံဖြစ်တာပေါ့ဗျာ။ အမှတ်ကြောင့် သညာ၊ သင်္ခါရ၊ ဥပါဒါန်တွေဖြစ်ကုန်ရော။

★ သံသရာဘယ်ကစလဲ။ ခန္ဓာကစတယ်။ ဘာကြောင့်စလဲ။ အာရုံမလွှတ်လို့ဖြစ်တာ။ အင်မတန်နုတဲ့ တရား စိတ္တနုပဿနာကိုပြောတာ။ သေချာလေးပြောသွားမယ်။ ဦးပဏ္ဍိတ ရသွားပြီ။ ဒါ အလုပ်လုပ်မှ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်တယ်။ မနောသတ်။ ကာယ၊ ဝစီငြိမ်တယ်။

★ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်တယ်။ ဝိပဿနာဉာဏ်အစစ်ခေါ်တယ်။ ဉာဏ်ချည်းသက်သက်ပဲနော်။ အဲဒီဉာဏ်ရသွားရင် ခင်ဗျားတို့ သိပါလိမ့်မယ်ဗျာ။ အဲဒီဉာဏ်ပဲ။ မဂ္ဂင်(၈)ပါး လမ်းဆုံးရင် ဉာဏ်ရမယ်။ မဆုံးရင်တော့ မရဘူးပေါ့ဗျာ။

★ (၁၀)သိန်းတန်တဲ့ကားလေးကို (၆)သိန်းနဲ့ရောင်းတယ်။ ဝယ်မယ့်သူကလည်း သူ့လက်ထဲမှာ (၁၀)သိန်းလောက်ရှိတယ်။ ကားလေးကိုမြင်တော့ သာယာတယ်။ (၆)သိန်းဆိုတဲ့အသံမှာလည်း သာယာတယ်။ အဲဒါ ကိုယ့်လည်ပင်းကိုယ်ကြိုးကွင်းချည်ထားတာ မသိဘူး။ အဲ့ဒါ တဏှာပဲ။ တဏှာကနေ ကံဖြစ်တာ။ အဲဒါ သံသရာလည်တာပဲ။

★ အခု သံသရာလည်နေတာ။ နောင်အနာဂတ်လည်းသွားလိမ့်မယ်။ ဘာနဲ့သွားမလဲ။ ကိလေသာဝဋ်၊ ကာမဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ် နဲ့ လည်သွားတာ။

★ ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အဝိဇ္ဇာဆိုတာ အာရုံ(၆)ပါး။ အတွင်းအာရုံနဲ့ အပြင်အာရုံကို သညာနဲ့ပေါင်းတယ်။ ငါမြင်တယ်ဆိုကတည်းက ရုပ် ရုပ် ရုပ်။ ကိလေသာဝဋ် ဒုက္ခသစ္စာလို့ မသိဘူး။ မသိတော့ သမုဒယအကြောင်းကို သတ်လို့မရဘူး။ အာရုံမပယ်နိုင်ဘူး။

★ ဒိဋ္ဌိက အာရုံ(၆)ပါးကိုမယူနဲ့ပေါ့ဗျာ။ ငါမမြင်ချင်ဘူး၊ ငါမကြားချင်ဘူး၊ ငါ မသိချင်ဘူး၊ ငါ မနောကလည်း မသိချင်တော့ဘူး။ အာရုံ(၅)ပါးကိုမယူတော့တဲ့အတွက် သညာသဉ်ာရဲ ဥပါဒါန် ကံပြတ်တယ်။ အာရုံပြတ်တယ်။

★ ခင်ဗျားတို့ရဲ့ အဝိဇ္ဇာကြီးကို ဒါနနဲ့ဆေးကြောပါ၊ သီလနဲ့ဆေးကြောပါ၊ ဘာဝနာနဲ့ပွားများပါ။ ဦးပဏ္ဍိတ ရဲ့ အဝိဇ္ဇာတုံးကြီးကို အဓိသီလနဲ့ဆေးကြောတယ်၊ အဓိစိတ္တနဲ့ ဆေးကြောတယ်၊ အဓိပညာနဲ့ ပွားများတယ်။

★ တဏှာသတ်တဲ့ရဟန်းခေါ်တယ်။ စာမတတ်ပေမယ့် ပြောသွားမယ်။ ရုပ်ကုဋ္ဌေငါးထောင်၊ နာမ်ကုဋ္ဌေ တစ်သိန်း။ ဖြစ်ပျက်မှုမမြင်ရင် ကိလေသာကြွေးတင်တယ်။ ရုပ်ကိုမသိလို့ တဏှာကြွေးတင်တာ။ တဏှာကို ဉာဏ်နဲ့ကစားသွားတယ်။

★ အဓိသီလ၊ အဓိစိတ္တ အားကောင်းလာတော့ စိတ်ကလေးငြိမ်လာတယ်။ ဘဝင်လေးက စိတ်လို့သာခေါ်သမုတ်တာ။ ကိုင်ပြလို့မရဘူး။ ထုတ်ပြလို့မရဘူး။ ဘုရားက ပညတ်ခဲ့တယ်။ ပညတ်၊ ပရမတ်ရှိတယ်။

★ ခန္ဓာ(၅)ပါးကို ထုံးလိုမွှေ၊ ရေလိုနှောက်မှ ရုပ်နာမ်သိတာ။ အဲဒီရုပ်နာမ်က ကိုယ့်ကိုဒုက္ခပေးတာပဲ။ အဲဒါကို အဟုတ်အောက်မေ့နေတာ။ ရုပ်ကိုမသိတော့ သညာ၊ သဉ်ာရဲ၊ ဥပါဒါန် လိမ်ငြိဖျိုး နာမ်ကခိုင်းတော့ ရုပ်ဒုက္ခဖြစ်ပြီ။

★ ရုပ်၏ ဝေဒနာ၊ နာမ်၏ အာရုံမှာခံစားတာ။ ရုပ်က ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာ ဆင်းရဲခြင်းအကြောင်း အမှန်တရား၊ နိရောဓသစ္စာက တန်ဖိုးမဖြတ်နိုင်ဘူး။ သစ္စာ(၄)ပါးကို ဘုရားမှ ဟောတာ။ ကံကိုဟောသွားတာ။ ဉပါဒါန်ကို ဟောသွားတာ။ ကံပြတ်နေပြီ။

★ တန်ဖိုးရှိတဲ့ကားလေးကို တစ်ယောက်ယောက်က ဖျက်ဆီးလိုက်တယ်။ မျက်စိကမြင်တယ်၊ မြင်တော့ ဒေါသထွက်သွားရော။ ကားကိုစွဲတာ။ ကားအကြောင်းကိုမသတ်တာ။ တဏှာကြောင့် မာန်ဖြစ်သွားတယ်။ ဒီတဏှာ၊ မာန။ ဘယ်သူကလုပ်လဲ။ ဒိဋ္ဌိကလုပ်တယ်။

★ ဒိဋ္ဌိဆိုတာ အာရုံကို ပညာနဲ့မယူဘူး။ အာရုံမှာ သညာနဲ့ယူတဲ့အတွက်ကြောင့် အမှတ်မှား၊ အစွဲမှားတဲ့အတွက်ကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ။ အဲ့တာ သံသရာလည်တာပဲဗျို့။

★ ကိုယ့်စိတ် ကိုယ်စစ်။ ဘာနဲ့စစ်မလဲ။ မဂ္ဂင်နဲ့စစ်။ အဲဒီတော့ စိတ်နဲ့ စေတသိတ်သေပြီလား။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်။ အဲဒီစိတ်တွေက အာရုံရဲ့စိတ်တွေ။ မနောမှာလာစွဲပြီ။ စေတသိတ်ဖြစ်သလား။ အဲဒီကောင်(၂)ကောင်ပယ်ပစ်။ အဲဒီတော့မှ စိတ်၊ စေတသိတ် လုံးဝမလာတော့ဘူး။

★ တရားသာထိုင်နေတယ်။ မယားတွေးလိုက်၊ သားတွေးလိုက်၊ သမီးတွေးလိုက်။ သြော် အိမ်မှာ ခနိမမိုးရသေးပါလား။ အဲဒါတွေတွေးပြီးစွဲ ပူနေတယ်။ မနော အနုသယစိတ်တွေ။ အမတန်နုတဲ့ စိတ်တွေ။ ကိလေသာရဲ့ ဒါဏ်ရာဒါဏ်ချက်တွေ။ မနောမှာဖြစ်နေတယ်။

★ ကာယကံ၊ ဝစီကံကတော့ လုံနေပြီ။ မနောက မြင်စိတ်၊ ကြားစိတ်ကနေပြီးတော့ ဟိုတုန်းကဟာတွေလဲ အကုန်တွေး၊ အစွဲဉပါဒါန်တွေ၊ စေတသိတ်တွေဖြစ်နေတယ်။

★ မဂ္ဂင်(၈)ပါးဆိုတာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ။ အဲဒီဘုရားဟောတဲ့မဂ္ဂင်(၈)ပါးနဲ့ ခင်ဗျားနှလုံးသားနဲ့ တစ်ထပ်တည်းထား။ အဲဒါမှ ခင်ဗျားလိုချင်တဲ့လမ်းသိလိမ့်မယ်။

★ ဒလစဉ်၊ ဒလစပ် လှုပ်ရှားနေတဲ့အာရုံကို ထိတယ်၊ သိတယ်၊ သိတာက စိတ်။ ကာယပသာဒမွေးညင်းမှာ လေကထိလိုက်ရင် ထိတော့ သိတယ်၊ ထိတာက ရုပ်၊ သိတာ စိတ်။ အဲဒီထိသိသတိ အမြဲတမ်းထားပါတဲ့။ အဲဒီလိုသတိထားတဲ့အခါကျတော့ စိတ်ကလေးက ငြိမ်လာတယ်။ အာရုံ (၅)ပါးမှာလည်း မမြင်ချင်ဘူး၊ မကြားချင်ဘူး၊ မသိချင်တော့ဘူး။

★ နှာခေါင်းနှစ်ပေါက်ရဲ့ ထိတယ်၊ သိတယ်ဆို မနေဘူး။ အဲဒီတော့မှ အသိလေးပေါ်လာတယ်။ သြော် ငါသိနေတာ သညာသိပါလား။ အဲဒီတော့ ပညာသိကိုရှာမယ်။ ရှာတဲ့အခါကျတော့ ရက်ပေါင်း၊ လပေါင်းကြာတော့ စိတ်ကလေးငြိမ်လာတယ်။

★ ပညတ်သိ၊ ပရမတ်သိရှိတယ်။ ဘုရားပညတ်သွားတာပါ။ ရုပ်နာမ်တွေကို ပညတ်သွားပြီတဲ့။ ရုပ်တရား၊ နာမ်တရားဆိုတာ ပညတ်တွေပဲ။ ရုပ်တရား၊ နာမ်တရားက ပညတ်တွေဆိုတော့ ပရမတ် တရားကိုရှာပါတဲ့။ ပရမတ်ဆိုတာ ဓါတ်ပရမတ်ခေါ်တယ်နော်။ ဓာတ်ဆိုတာ ဓာတ်(၄)ပါး၊ မဂ်(၄)ပါး ကို ရှုလိုက်တော့ ပညတ်၊ ပရမတ်သဘောပေါက်သွားပြီ။

★ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ။ အဓိသီလက လောဘ၊ ဒေါသ ခေါင်းပါးတယ်။ အဓိစိတ္တက လောကီစိတ်မဟုတ်တော့ဘူး။ ဓာတ်သဘောတွေပဲ။ နှလုံးသွင်းနိုင်တော့ အာရုံပြုနေတဲ့အခါမှာ ပြောင် ဓာတ်သဘောတွေပဲ။ အဲဒီတော့ ပညတ်နဲ့ ပရမတ်ကွဲမှသာလျှင် သဘာဝဆိုတဲ့အကြောင်းလေး တွေကို ခံစားရမှာပေါ့။

ဒီ(၃)ခုကို မထိန်းဘူး။ ဗျာပါဒဆိုတာ ဘာလဲ။ ဗျာပါဒဆိုတာက စိုးရိမ်ကြောင့်ကြတဲ့စိတ်။ အဲဒီတော့ တွေးမယ်၊ တွေးပြီးရင် ဘာလုပ်မလဲ။ မှန်တယ်ဆိုပြီး ကြံစည်မယ်။ ကြံစည်ပြီးရင် နှစ်သက်မယ်။ ဒီအချက်(၃)ချက်ကို ပေါင်းလိုက်မှ ကာယကံမြောက်တယ်။ ဒါ ခင်ဗျားတို့ စဉ်းစားပါ။ ခင်ဗျား တွေးမယ်လေ တွေးမှာပေါ့ အဲဒါ ကာယကံရှင်သိလိမ့်မယ်။ ဒါကတော့ စိတ်ပိုင်းနဲ့ဆိုင်တဲ့လုပ်ငန်း တစ်ခုပြောပြမယ်။ တွေးမယ်၊ ကောင်းတာပဲတွေးတွေး၊ မကောင်းတာပဲတွေးတွေး သူတွေးနိုင်မယ်။ တွေးပြီးရင် တွေးပြီးတဲ့ စိတ်ကနေ ကြံစည်တဲ့စိတ် အဲဒီတော့ ကြံစည်တာဘယ်လိုလဲ ဦးပဥ္စင်းက စာမတတ်ဘူး။ ငါကြိုးဆွဲချမယ်ကွာ။ ငါအားကြီးရှက်တာပဲကွာ။ ငါအားကြီးရှက်တယ်။ သူတွေးတာ မိဘတွေ တစ်ယောက်မှမသိဘူး။ ငါကြိုးဆွဲချမယ်ကွာ။ ဒီညတော့ ငါချမယ်ကွာ။ မထူးတော့ပါဘူး သူတွေးတာ သူ့အတွေးမှားနေပြီ။ ဒါမိစ္ဆာဒိဋ္ဌိဖြစ်သွားပြီ။ စာအရဆိုရင် အတွေးမှားသွားပြီ။ အဲဒီတော့ တွေးပြီးရင် ဘာလုပ်မလဲ။ ကြံစည်မယ်၊ ကြံစည်တာဘာလဲ ကြိုးလိုက်ရှာတယ်။ ကြိုးကကော မလာ ဘူးဗျာ။ အဲဒါလျှောက်ရှာတာပဲ။ ကြိုးမရတော့ ပုဆိုးဖြဲမယ်။ ဒါကြံစည်တာတွေပဲ။ ဒါကြံစည်တဲ့စိတ် ခေါ်တယ်။ အဲဒီလိုကြံစည်ပြီးရင် သူရလာပြီ။ ရလာတော့မှာ သူနှစ်သက်တော့မှာကိုးဗျာ။ သူ့အကြံ အစည်အောင်မြင်တော့မှာကို အဲဒီကြိုးကြီးရပြီး လည်ပင်းချည်တယ်။ အဲဒီတော့ ငါဘယ်လို နေရာက ဘယ်လိုလုပ်ရမလဲ။ ဘယ်လိုနေရာက ဘယ်လိုလုပ်တယ်။ ဘယ်လိုသင့်တော်မယ်။ ဘယ်လိုဘယ်လို ဖြစ်မယ်ဆိုတာ သူဟာသူသိတယ်ဗျာ။ အဲဒီတော့ လည်ပင်းကြိုးချည်ပြီး တုတ်ချည်တာပဲ။ အဲဒါ ခုန်ချတာ နှစ်သက်တာ၊ ဆုံးဖြတ်လိုက်တာ အဲဒီအချက်(၃)ချက်ကို ကာယကံမြောက်တယ်လို့ ခေါ်တယ်။ ဒါ မနော၊ ဒါ ကာယကံမြောက်တယ်ခေါ်တယ်။ ခုနကဟာက မျက်စေ့မြင်တယ်။ ဟိုရှေ့မှာ ငါတွေတွေ့တယ်။ ငါးတွေတွေ့တဲ့အခါမှာ ငါးတွေတော့မြင်ပြီကွာ။ ဟော အဲဒီငါးကိုမှတ်တာက သညာ။ မကောင်းတဲ့ ငါးကို မရိုက်ဘူးဗျာ။ မလုပ်ဘူး။ အဲ ဘာငါးလဲဆိုတော့ ငါးကြင်းတွေ၊ ငါးသိုင်းတွေ၊ ဘာတွေ၊ ငါးသလောက်တွေ၊ ငါးရဲ့အမနည်းပညတ်တွေကို ခေါ်သမုတ်ပေးလိုက်တာ အမှန်ကတော့ ပညတ်၊ ရုပ်ပညတ်၊ နာမ်ပညတ်၊ အဲဒီတော့ ဦးပဥ္စင်းက စာမတတ်ဘူးနော်။ ဒီပညတ်ကို ခေါ်သမုတ်တာ ငါးနာမည်က ငါးကြင်း၊ ငါးသလောက်တဲ့၊ ငါးပတ်တဲ့၊ အမျိုးမျိုးပေါ့ဗျာ။ အမည် နာမပေးလိုက်တာ ပညတ်ကိုခေါ်သမုတ်တာ ကိုယ့်မှာရှိတာက သညာ။ ကျင့်တဲ့ စရဏမရှိဘူး။ ကိုယ့်မှာကျင့်တဲ့ စရဏ မရှိတော့ ကိုယ့်မှာပါလာတဲ့ မိမွေးတိုင်း၊ ဖမွေးတိုင်းပါလာတဲ့ အသိ။ အဲဒါ သညာ။ သညာကနေပြီး မှတ်တာ၊ ပြတာ။ ဒီငါးသိပ်ကောင်းတာပဲ။ အချိန်(၃၀)လောက်ရှိပြီဆိုပြီး မျက်စေ့မြင်တာပေါ့။ စက္ခုအာရုံကမြင်တာပေါ့။ မြင်တဲ့အခါမှာမှတ်တယ်။ မှတ်တော့မှ သောမနဿဖြစ်တယ်။ သောမနဿ

ဖြစ်ပြီး တုတ်ရှာတယ်။ အဲဒီတော့ တုတ်ရပြီးသွားရိုက်တာ။ အဲဒါတွေးကြည့်ပေါ့။ အဲဒါ ကာယကံမြောက်ခေါ်တယ် ဒါကတနည်းနည်းနဲ့ ကာယကံမြောက်တာ။ ဟိုက မနောထဲကဖြစ်သွားတဲ့ ကာယကံမြောက်။ သိပ်အရေးကြီးပါတယ်။ သီလ လွယ်သယောင်ယောင်နဲ့ နက်နဲခက်ခဲပါတယ်။ ဦးပဥ္စင်းက စာမတတ်ဘူး။ မျက်စေ့ကတော့ မြင်တာပေါ့ဗျာ။ ဒါကြောင့်မို့လို့ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ။ ဒါကြောင့်မို့ ဘုရားကဟောတယ်။ သမုဒိသစ္စာ၊ ဝိသတိသစ္စာ။ သဘာဝသစ္စာ မရမတ္တသစ္စာ အရိယသစ္စာ၊ ဘုရားကြတော့ အရိသမုဒိသစ္စာဆိုတာ အပြင်မှာ ကိုယ်ရဲ့ပြောစကားတွေ ကိုယ့်ရဲ့သားသမီးတွေ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ မင်္ဂလာ(၃၈)ဖြာနဲ့ စိတ်ချမ်းသာအောင်နေတယ်ဗျာ။ အဲ သားတို့၊ သမီးတို့ ဘုရားရှိခိုကြပော့။ အဖေ၊ အမေတွေကန်တော့ကြပော့။ ဖွားအေ ဘိုးအေတွေ ကန်တော့ကြပော့ ညဘက်စားတာ၊ သောက်တာတွေ သိပ်မစားကြနဲ့ပော့၊ တပေါ်စ မြိုးခြံတာနော် ပိုက်ဆံကို ဖြုန်းတာနဲ့ သုံးတတ်တာ ဒီနေရာမှာသိပ်အရေးကြီးပါတယ်။ ဟိုက ပိုက်ဆံဖြုန်းတာ။ သုံးတတ်ဖို့လိုတယ်။ ဩော် ငရုတ်သီး၊ ကြက်သွန်လေးတွေမရှိပါလားဟဲ့။ ဆားလေးတွေ မရှိပါလားဟဲ့။ ဆန်လေးတွေ မပြည့်စုံ ပြည့်စုံအောင် ဝယ်ထားမယ်ဟဲ့။ သမာနဲ့ အလုပ်လုပ်တယ်။ ဟိုက မိစ္ဆာနဲ့ အလုပ်လုပ်တယ်။ ဒါ ခင်ဗျား တို့ပေါ်မှာ မူတည်တယ်။ ဒီလမ်းတော့ ပြန်ရမှာပဲ။ ဘုန်းကြီးလဲ မလွတ်ပါဘူး။ ဘုရားလဲ မလွတ်ပါဘူး။ သူက သတ္တဝါမှန်သမျှ ပြန်ရမှာပဲ။ သဗ္ဗေသင်္ခါရ အနိစ္စာ။ ကြည့်စမ်း ဝမ်းနည်းဖို့ကောင်းလိုက်တာဗျာ။ မရှိရင် ရှာရတယ်။ မသိတာက အခက်ဆုံးပဲ။ ခုနကပြောပြီးမဟုတ်လား။ မနောက တွေးတယ်။ အဲဒီ တော့ ဥပမာပေါ့ဗျာ။ ပြောမှားဆိုမှားလဲရှိရင်ခွင့်လွှတ်ပါ။ ဒီက စာနဲ့ အသိနဲ့ပြောရတာကိုဗျာ။ စာက ရေးထားတယ်။ ခုနက စက္ခုအာရုံ၊ စက္ခုအာရုံ၊ နား သောတအာရုံ၊ ဟော စိတ်ပိုင်းကလာပြီ၊ ကြားပြီဗျို့။ ဦးပဥ္စင်း နာမည်ဖျက်လိုက်ပါဗျာ။ မြမောင်ပေါ့ဗျာ။ မြမောင်ကို ကလော်ဆဲလိုက်တယ်။ နားကြားတယ် သိတယ်။ သညာက မှတ်ပေးတယ်။ ဟော့ မြမောင် မင်းဆဲနေပြီကွာ။ လူတောထဲမှာ လှောက်ရည်ဆိုင်မှာ သညာက မှတ်ပေးတယ်။ အဲဒီတော့မှ ဒေါသကဖြစ်တယ်။ သူပြန်ပြီးဆဲတယ်။ မကောင်းတာကို ဆဲတာ အဲဒါ မိစ္ဆာဒိဋ္ဌိခေါ်တယ်။ အဲဒါ သီလပျက်တယ်။ ဘာဖြစ်လို့လဲ။ ဒေါသ၊ လောဘဖြစ်သွားတာကိုးဗျာ။ သီလ ဆိုတာ လောဘ၊ ဒေါသ ခေါင်းပါးရမယ်။ လောဘ၊ ဒေါသ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ အဲဒီတော့ သဘောလေးပြောကြမယ်ဆိုရင် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်။ စာမတတ်ဘူး။ ဘုရားသခင်ကိုယ်တော် မြတ်ကြီးရဲ့ ခေတ်နဲ့ ဒီခေတ်နဲ့က ခေတ်ကိုပြန်ကြည့်ပေတော့ စာကတော့ မူသေရှိတယ်ဗျို့။ လူတွေရဲ့ စိတ်တွေက အဲဒါတွေးသာကြည့်ပေတော့။ ဘုရားခေတ်ရဲ့ ကာလအချိန်မှာ သစ်ပင်တစ်ပင်စိုက်တယ်။ ဘူးပင်တစ်ပင်စိုက်တယ်။ ဘူးသီးအများကြီးသီးတယ်။ ငရုပ်ပင်တစ်ပင်စိုက်တယ်။ အများကြီး

သီးတယ်။ ဒီခေတ်မှာ မလွယ်ဘူးဗျို့ ဆေးပက်ရတော့မယ်။ ကိုယ့်ဉာဏ်နဲ့ကိုယ်လုပ်တယ်။ လူခိုးတယ်။ ဒီခေတ်ကိုပြောတာ ဘုရားခေတ်ရဲ့စာတွေ ပကတိ အခုထိရှိတယ်။ လူတွေရဲ့စိတ်တွေက မမှန်တော့ ဘာဖြစ်လို့ မမှန်လဲ။ ဒီခေတ်ကိုပြန်ကြည့်မယ်ဆိုရင် ဘောဂသံပတ္တိဖြစ်နေတယ်။ ဘောဂပစ္စည်းဟာ နိုင်ငံခြားက အမျိုးမျိုးဝင်လာကြပြီး အဲဒီတော့မှ တီးကောက်တို့၊ ရေဒီယိုတို့၊ ကက်ဆက်တို့ အမျိုးမျိုး ပေါ့ဗျာ။ ဘုန်းကြီးကတော့ စာတော့မတတ်ဘူး။ အဲဒါကိုလိုချင်တပ်မက်မောပြီးတော့ အတ္တတွေ ဖြစ်နေတယ်။ အတ္တတွေဖြစ်နေတယ်နော်။ အတ္တဆိုတာ အစွဲပေါ့ဗျာ။ ဒါ ကိုယ့်ပိုက်ဆံရှိတာဘဲ။ ကိုယ်ဝယ်လို့ရပါတယ်။ ဒါသဘောပြောတာ ဘာလုပ်လုပ်ရပါတယ်။ ကိုယ်ရှိတာကိုဗျာ။ ဒါတရားသစ္စာ ရဲ့အကြောင်းဟောပြတာ။ ဒါတွေဝယ်တယ်၊ ဒါတွေလုပ်တယ်၊ ဒါတွေကြောင့် ဒါတွေဘယ်လိုဖြစ် လာသလဲဆိုတော့ ဘောဂသံပတ္တိပစ္စည်းတွေ အခြေအရံတွေအများကြီး သူလားလားချက်တွေရှိလာ တယ်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးခေတ်က ဒါမျိုးတွေမရှိပါဘူးဗျာ။ အဲဒီတော့ လူအိုကြီးတွေလဲ ပြန်ကြည့်ပါဗျာ။ ဘုရားက ဘယ်မှာပွင့်လဲ။ အိန္ဒိယမှာပွင့်တယ်။ ဒါဗမာပြည်။ အဲဒီတော့ ဗမာပြည်ကို ပြောပြမယ်ဆိုရင် ဦးပဥ္စင်းက စာမတတ်ဘူး။ မပြောတော့ မပြောသေးဘူးပေါ့ဗျာ။ ဒါကြောင့် ဘုရားဟာ အိန္ဒိယမှာပွင့်တယ်။ ဘာလို့ပွင့်လဲ။ သဖီးသပ်နဲ့ သဖုံးသပ် ညီနောင်(၂)ပါးက ရက္ခစိုးကပြတာ။ ဒါမှ သူသိတာပေ့ါ။ မင်းတို့ဘယ်ကလာလဲ။ ကျွန်တော်တို့ ပုဂံပြည်ကလာတယ်။ ကုန်သည်တွေ ညီနောင် တွေပါ။ အေး ဘုရားပွင့်နေပြီကွာတဲ့။ သွားသွား သူလွှတ်ပါတယ်။ ရက္ခစိုးမျိုးက သူတော်ကောင်းကြီး များက လွှတ်တာပါ။ သေချာပါ။ ရုပ်ကစိုးနတ်တောင်ပိုင်၊ ကွင်းပိုင်သရဲတစ္ဆေရှိတယ်။ ခင်ဗျားတို့ မမြင်လို့။ သူခေါ်ထားတာဘဲ။ သရဲတဲ့၊ တစ္ဆေတဲ့၊ သဘက်တဲ့၊ နတ်တဲ့၊ သိကြားမင်းတဲ့၊ ဗြဟ္မာမင်းတဲ့ ဒါရှိတယ်။ ဒါထုတ်ပြပါဆိုတော့ ဘယ်လိုလုပ်ထုတ်ပြမလဲ။ အဲဒီတော့ ပညတ်တရားနဲ့ ပရမတ်တရား ပရမတ်တရားကိုထုတ်ပြပါဆိုတော့ ဘယ်လိုလုပ်ထုတ်ပြမလဲ။ ဒါနှလုံးသားကိုဗျာ။ ခုနကဖြစ်ပေါ် လာတဲ့ မိစ္ဆာဒိဋ္ဌိ၊ သမာဒိဋ္ဌိဆိုတာ နှလုံးသားကဖြစ်နေတာ။ ခုနက ဦးမြမောင်ကြီး ဆိုပြီး ဟိုကဆဲလိုက် တယ်ကြားတော့ ဒေါသဖြစ်တာ။ အဲဒါ သီလပျက်တယ်။ ဒီသီလတွေဟာ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ ဒီခေတ်ကာလမှာ ဒီစိတ်ကိုထိန်းရတော့မယ်။ အဲဒီတော့ သီလဝိသုဒ္ဓိကို အပြင်သီလကို ယူတတ်ရင် စိတ်မချရဘူး။ မမှန်ဘူးမပြောဘူး။ မှန်တယ်။ စိတ်မချရဘူးနော်။ လုပ်မဲ့အလုပ်အတွက် သီလကို ထိန်းကြောင်းကြပါ။ အတွင်းသီလမှာ ဩော် (အေး)၊ ငါဆဲပါလား။ အဲဒီတော့ ဘုရားက သဗ္ဗေသင်္ခါရ အနိစ္စပါလား။ ကြားတာဟာ မမြဲတာဟာ အနိစ္စပါလား။ အဲဒီတော့ အနိစ္စပါလား။ နံတာဟာ မမြဲတာ ဟာ အနိစ္စပါလား၊ အဲဒါ အနတ္တတရားခေါ်တယ်။ အနတ္တစိတ်ခေါ်တယ်။ မြင်တာကိုသွားစွဲရင် အတ္တစိတ်

ခေါ်တယ်။ အတ္တစိတ်ကိုပြန်ခွဲပေးလိုက်မယ်။ သမာဒိဋ္ဌိ ကောင်းသောမြင်ခြင်း၊ မကောင်းသောမြင်ခြင်း၊ မကောင်းတာမြင်တာ မိစ္ဆာဒိဋ္ဌိဗျာ။ အဲဒါ သံသရာသွားပြီပေါ့ဗျာ။ စာကရေးထားပါတယ်။ သမာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိဟာ မြင်လိုက်တယ် ဦးမြမောင် ရဲ့သမီး လူတစ်ယောက်က ဖက်နမ်းတယ်။ မမြဲပါလားဆိုတော့ အနတ္တဖြစ်သွားပြီ။ မြဲပါတယ်ဆိုတော့ ဦးမြမောင် ဓါးနဲ့ခုတ်တော့မယ် သမီးထိတာကိုးဗျ။ စွဲတာကိုးဗျ။ အကြောင်းသတ်တရားကိုဗျ။ အကြောင်းမသတ်တော့ အဲဒါသွားပြီးတော့ ကိုယ့်သီလပျက်သွားပြီး။ ခြေဉ် ဝါ့သမီးလေးက ဘဝက ကုသိုလ်ကံတရားတွေပဲ။ ကာမဝဋ်၊ ဘဝဝဋ် လူတစ်ယောက်ကံတွေ ပါလား။ သတ္တဝါတစ်ခု၊ ကံတစ်ခုတွေပဲလေ။ မလုပ်ပါနဲ့ဗျာ ကျွန်တော့သမီးလေးပါဗျာ။ ကျုပ်သမီးလေး ပါဗျာ။ မလုပ်ပါနဲ့ဗျာ။ တောင်းပန်ပါတယ်ဗျာ။ ဒါသမာဒိဋ္ဌိမြင်လိုက်တယ်ဆိုကတည်းက တုတ်စွဲ၊ ဓါးစွဲ ရိုက်ချအပြီး အဲဒါ မိစ္ဆာဒိဋ္ဌိစိတ်။ ဒါအပါယ်ကိုသွားမယ့်စိတ်တွေ။ အဲဒီတော့ ဒီအာရုံ(၆)ပါးပေါ်မှာ ဖြစ်နေကြတာပဲဗျို့။ အဲဒီတော့ ဒီအာရုံ(၆)ပါးဟာ ဘယ်လိုဖြစ်သလဲ။ ကာယကံ၊ ဝစီကံ၊ မနောကံ ဒီအနုသယ ကာယနုပဿနာ၊ စိတ္တာနုပါဿနာ၊ ဝေဒနာနုပါဿနာ၊ ဓမ္မာနုပဿနာ၊ ဘဝင်စိတ်နုဿနာ၊ ကာယကံရှင်ပဲသိတယ်။ ဒါတွေပြန်ရမှာ ချက်ချင်းဝေဒနာက ဒိဋ္ဌအကျိုးပေးပါတယ်။ ဒီသီလတွေကို စိတ္တဝိသုဒ္ဓိကို ထိန်းကျောင်းရင် သီလဟာ အင်မတန်မှ မွန်မြတ်ပါတယ်။ ဟောဒီဘဝမှာ ခင်ဗျားရဲ့ နှလုံးသားရဲ့စိတ်ကို ထမ်းထားတာ။ ခြေဉ် မြင်တာ သီလ၊ ကြားတာ သီလ၊ နံတာ သီလ၊ သီလဘုရား က ရေးထားတာပဲ။ အဲဒါ ဘုရားရေးတဲ့တရား။ သီလ မြန်မာလို မိမိရဲ့စိတ်က လောဘ၊ ဒေါသမလုပ် ရဘူး။ သမ္မာအယူကိုယူ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သူလဲတင့်တယ်တယ်၊ ကိုယ်လဲ တင့်တယ်တယ်။ သူလဲ အကျိုးရှိတယ်။ ကိုယ်လဲ အကျိုးရှိတယ်။ အခုတော့ မလုပ်နဲ့ ဆန်တစ်တင်း ဝယ်လာတယ်။ ဆန်တစ်အိတ်ဝယ်လာတယ်။ ဆန်ကွဲက (၄)ပြည်လောက်ထိုးတယ်။ စားတော့အများ ခံတော့ တစ်ယောက်ပဲ။ သိကြားမင်း က သိတယ်။ ဗြဟ္မာမင်းက သိတယ်။ အိမ်စောင့်နတ်သိတယ်နော်။ သူက စိတ်ကိုသိထားတယ်။ ဒါကြောင့် ဒကာ၊ ဒကာမ များများ တွေးနေတဲ့စိတ်၊ တွေးချင်တာတွေ ပါ ခင်ဗျားတွေးတာ ဘေးပတ်ဝန်းကျင်က သိပ့်မလားတဲ့။ မသိပါဘူး။ မသိတဲ့သူက များတယ်ဗျာတဲ့။ သိတဲ့လူက ရှိတယ်။ မပြောဘူး ဒါစိတ်ပိုင်း၊ ဒါစိတ္တဝိသုဒ္ဓိခေါ်တယ်။ ဒါ ဝိပဿနာလို့ခေါ်တယ်။ ဒါကြောင့် မို့ သမုဒယသစ္စာ၊ ဝိသတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ်သစ္စာ၊ အရိယာသစ္စာနော်။ ဥပမာ ဦးပဏ္ဍိတ ဒကာမတစ်ယောက်က လာလှူတယ်။ လာလှူပြီဗျို့။ အရှင်ဘုရားက ကထိန်သင်္ကန်းကြီး ကပ်ပါတယ် ဘုရား။ ငွေကလည်း ခြောက်ထောင်ပေးပါတယ်ဘုရား။ ယူတဲ့ဘုရား။ ဘုန်းကြီးက မျက်စေ့ဖွင့်ကြည့် တယ်။ မျက်စေ့ဖွင့်ကြည့်တော့ ဒကာမ ဘာသိသလဲ။ ဘုန်းကြီးက မျက်စေ့ဖွင့်ကြည့်တော့ သောမနဿ

ဖြစ်တယ်။ သက်နိုးတောင် CYC ကွာ။ ဟာ သူဖြစ်ကုန်ပြီ။ မြင်တော့သိတယ်။ နှလုံးသားက သောမနဿဖြစ်တယ်။ အဲဒါဘာလဲ ကံဘုန်းကြီးခေါ်တယ်။ ဒကာမကြီးက သောတာပန်ဖြစ်နေပြီ။ အထင်သွား မသေးနဲ့။ အထင်လည်း မကြီးနဲ့။ အဲဒီ ဦးပဏ္ဍိတ က သောတာပန်မဖြစ်သေးဘူး။ အကြောင်းရှာရင်တော့ တွေ့ကြပြီပေါ့ဗျာနော်။ ဒါကြောင့် ဘုန်းကြီးလည်း လူပေါ့ဗျာ။ ဗမာလို ပြန်ရင်တော့ လူပါပဲ။ သူလဲအကျင့်တရားတွေကို မှန်မှန်မြတ်မြတ်နဲ့ နှလုံးသွင်းပြီးတော့ ကျင့်တာပဲ။ သူ့ပေါ် မူတည်တယ်။ မှန်တယ်၊ မမှန်တယ် သိကြားမင်းသိတယ်နော်။ လူကတော့ ဘယ်သိမလဲဗျာ။ သနားဖို့ သိပ်ကောင်းတယ်။ အေး ဒါကြောင့်မို့ ဒကာမက သောတာပန်ဖြစ်တယ်။ ဦးပဏ္ဍိတ က ကံကို သက်နိုးတွေ သွားစွဲတယ်။ သောမနဿ မျက်စေ့မြင်တော့ မနောလေးက ဝမ်းသာတယ်။ အဲဒါ ကံစွဲတာ၊ ကံခေါ်တယ်။ အဲဒါကံပဲ။ စွဲရင် ဒုက္ခသစ္စာခေါ်တယ်။ ကံလည်းခေါ်တယ်။ ကဲပြီးရောပေါ့ဗျာ။ ဒကာမကြီးက သောတာပန်ဖြစ်တယ်။ အဲဒီ ဦးပဏ္ဍိတ က သောတာပန်မဖြစ်သေးဘူး။ ဝဋ္ဋကာမနှင့် ကိုယ့်မှာရှိတာက ကိလေသာကာမနှင့် ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယာက မကြိုက်ဘူးတဲ့။ ကိုယ့်စိတ်ကိုယ်စစ်လိုက်တဲ့။ ဒါပဲနော် အခုန ရေးထားတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ ဒီကံတွေကို သမာဒိဋ္ဌိနဲ့ထိန်းထားတယ်။ မိစ္ဆာဒိဋ္ဌိကို မလုပ်ပါဘူးဗျာ။ မိစ္ဆာဒိဋ္ဌိဆိုတာ ခုန သိပါပြီ။ အရက်မသောက်ဘူး၊ ဖဲမရိုက်ဘူး၊ မိစ္ဆာဒိဋ္ဌိဆိုတာ အရက်သောက်တယ်၊ ဖဲရိုက်တယ်။ သမာဒိဋ္ဌိဆိုတာ ဘာမှမလုပ်ဘူး။ ကောင်းတဲ့ဟာပဲလုပ်တယ်။ ကောင်းတဲ့ဟာကလည်း တင့်တင့်တယ်တယ် ဝတ်တယ်၊ တင့်တင့်တယ်တယ် သွားတယ်။ ဒကာ၊ ဒကာမများ ကြည်ညိုလေးစားအောင် တင့်တယ်အောင်နေတယ်။ မနောတော့ မှန်တယ်/မမှန်တယ်ဆိုတာတော့ သူ့ပေါ်မှာမူတည်တယ်။ ဒါ သူ့ပေါ်မှာမူတည်တယ် မလုပ်နဲ့ဗျာ။ ကတုံးလဲ ဟိုအောက်မှာရောက်နေတာ တပုံကြီးပဲ။ ခုနက ပြောပြီမဟုတ်လား။ ဟိုက ဒကာမကြီးက သောတပန်တည်နေပြီ။ ဦးပဏ္ဍိတ က အဲဒီသက်နိုးကို စွဲနေပြီ။ မနောက စွဲနေပြီ။ မျက်စေ့မြင်တယ်၊ နားကြားတယ်။ အဲဒါသွားစွဲတော့ ကံဖြစ်နေပြီဟာ။ ကတုံးလည်း လူပဲဗျာနော်။ မှတ်ထား တရားဟာ မှန်ရင် ပေါ်တယ်။ ဟုတ်ရင်ကျော်တယ်။ မှန်ရင် စင်ပေါ်ကကောက်မယ်။ ဝါတော့မရှိဘူး ဦးပဏ္ဍိတ ဟာ အစက မကောင်းတဲ့လူပါ။ မကောင်းပါဘူး။ ဘာဖြစ်လဲ မသိမှ မသိတာပဲ။ ခိုးမယ်၊ လိမ်မယ်၊ ညာမယ်၊ အဲဒီဗိုလ်ထဲမှာ ဆရာကြီး ဦးကျင်အေး ဒရဝမ်ပါဗျာ။ စောင့်တာ ကောင်းကောင်းမစောင့်ဘူး။ အဲဒီ မီးချောင်းထဲက ခြုပ်ကို ခိုးသေးတယ်။ ဒါဘာလဲ အာဒိန္နာဒါနာ၊ ဒါ သမာဒိဋ္ဌိမဟုတ်ပါဘူး။ မိစ္ဆာဒိဋ္ဌိကြီးပါ။ အဲဒီ မိစ္ဆာဒိဋ္ဌိကြီးကိုယူကာ ဒါသဘောကိုပြန်ပြောပြတာ။ ဒီလိုလုပ်လာတဲ့သူပါ။ အဲဒါ ဘာလဲ မိစ္ဆာဒိဋ္ဌိတွေ လုပ်လာတယ်။

သမ္မာဒိဋ္ဌိဆိုတာ လှူမယ်ဟဲ့၊ တန်းမယ်ဟဲ့။ လူကြီးကို ရိုသေတယ်။ လူငယ်ကို လေးစားတယ်။ ဒါ သမ္မာဒိဋ္ဌိ။ ခုနက မကောင်းတာတွေကြံမယ်၊ ဖဲရိုက်မယ်၊ အရက်သောက်မယ်၊ မကောင်းတာတွေ တွေးမယ်၊ မကောင်းတာတွေကြံမယ်၊ ဒါ မိစ္ဆာဒိဋ္ဌိ၊ ဒါ အပါယ်သွားတော့မယ်။ အဲဒီတော့ ဘာမှ နားမလည်ဘူး၊ စာလဲ မတတ်၊ ပေလည်း မတတ်၊ ရဲအဖွဲ့မှာလုပ်ပါတယ်နော်၊ ရဲအဖွဲ့မှာလုပ်တော့ စာမတတ်ဘူး၊ ဂဏ်စာရေးကတော့ တတ်တာပေါ့၊ သူက နိုင်တော့တာပဲဗျို့၊ နိုင်တော့ ရဲသားလေးက အေးကွာ ကောင်းပါတယ်။ ညနေ ၄ နာရီ ပေါ်လစီတယ်။ အထွေထွေ ဘယ်နေရာစောင့်လိုက်၊ ဘယ်နေရာစောင့်လိုက်။ ဟုတ်ကဲ့ဗျာ၊ ဟုတ်ကဲ့ဗျာ။ ကိုယ့်မှာ စာမတတ်တော့ စာတတ်တဲ့လူက နိုင်တယ်ဗျို့၊ ခင်ဗျားတို့ပညာနဲ့သာ သဘောလေးပဲသုံးပေတော့။ အဲဒီတော့ ခုန စာမတတ်တဲ့သူက ဟုတ်ကဲ့ဗျာ၊ ဟုတ်ကဲ့ဗျာ။ ခုန ဂဏ်စာရေးက မင်းဘာလုပ်လိုက်၊ ညာလုပ်လိုက်။ လုပ်လဲလုပ်ရသေး တယ်။ အမာန်လဲခံရသေးတယ်။ ဒါကြောင့်မို့ ကောင်းပါတယ်ဗျာ၊ ကောင်းပါတယ်ဗျာ။ ကိုယ်စာမှ မတတ်ဘူးဘဲ။ အဲဒီတော့ ခုနက ဒါတွေက ခိုးတယ်၊ လိမ်တယ်၊ ဒါ မိစ္ဆာဒိဋ္ဌိ၊ မကောင်းတဲ့စိတ်တွေ၊ မကောင်းတဲ့အယူတွေ၊ မကောင်းတာတွေနှလုံးသွင်းပြီး မင်းကောင်းတာတွေသွားစွဲတာ တန်းပြုတ် တာပေါ့ တွေးတာကိုဗျာ။ တွေးတော့ မီးချောင်းထဲကခြုပ်တတ်ယူတာ။ အဲဒါရမှ ပိုက်ဆံရမှာ။ ပိုက်ဆံ ရမှ ဖဲရိုက်ရမယ်ဗျာ။ အဲဒီတော့ ဒါတွေလုပ်ခဲ့ပါတယ်ဗျာ။ ဦးဇွင်းကြီး မှားခဲ့ပြီ။ ခင်ဗျားတို့ မလုပ်ကြ ပါနဲ့လို့ ဦးပဇ္ဇင်းက မေတ္တာရပ်ခံပါတယ်။ ဒါတရားပါ။ ဒါခန္ဓာကသိလို့ ပြန်ပြီးပြောပြတာပါ။ စာတတ်တာ မဟုတ်ပါဘူး။ ဒါတွေ ခင်ဗျားတို့လဲပြန်ရမယ်။ အဲဒီတော့ ခုနက ဘုရားကရေးတယ်။ အိမ်သူအိမ်သား (၁၀)ယောက်ရှိတယ်။ (၁၀)ယောက်ရှိတဲ့အခါမှာ ဘယ်လိုလဲဆိုတော့ အဲဟိုလူကြီးကပြောတယ်။ စာမှ မတတ်တာကိုဗျာ။ ဘုရားရဲ့လမ်းကို၊ ဘုရားရဲ့စကားကို နားမထောင်ရင် မဂ်တား ဖိုလ်တားတယ်တဲ့။ ဘုရားဟောအရ ဘုရားရဲ့ ဆုံးမတော်အရ အဲဒီစာပေကျမ်းဂန်ကို မလိုက်ရင်း မဂ်တား၊ ဖိုလ်တားတယ်။ အဲ လူတစ်ယောက်က ဦးပဇ္ဇင်းကိုပြောတယ်။ ဘုရားစာတော့ ဦးပဇ္ဇင်းမတတ်ဘူး။ မဆိုတတ်ဘူး။ ခင်ဗျားရဲ့စာအုပ်ထဲမှာ ဘုရားရဲ့ ဟောကြားချက်အရ အဲဒီတော့ ဘုရားဟောတဲ့ အယူဝါဒကို မလိုက်ချင်၊ မဂ်တား၊ ဖိုလ်တားတယ်တဲ့။ ဒါဖြင့် ဒကာကြီးလာဗျာ၊ လာဗျာတဲ့ဆိုတော့ ဦးပဇ္ဇင်းက မေးရော။ ခင်ဗျားအိမ်မှာတဲ့။ ဥပမာ ခင်ဗျားသားသမီးရှစ်ယောက်ရှိတယ်ဗျာလို့ ခင်ဗျားသားသမီး ရှစ်ယောက် က ခင်ဗျားစိတ်နဲ့ ခင်ဗျားသားသမီးစိတ်တွေနဲ့တူနိုင်မလား။ ဒီလိုမေးပြီ။ ခင်ဗျားရဲ့ စိတ်နဲ့ ခင်ဗျား သားသမီး ရှစ်ယောက်စိတ်နဲ့ တူနိုင်ပါ့မလား။ တချို့က တူမယ်ဘုရား။ တချို့ကတော့ မတူဘူး စိတ်တူတဲ့ သူသာရမယ်ဗျို့၊ မတူတဲ့လူက ဘာရမှာလဲ။ အဲဒါ သူ့သဘောပေါက်သွားပြီး သက်နီးလာကပ်တယ်။

စိတ်ပဲဗျာ။ စိတ်ကိုဟောတာ။ သူက စာမှမတတ်တာ။ ခုန သမာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ ဒါကစာ။ ဗမာလို အသိနဲ့ပြောရင် မကောင်းတာတွေ လျှောက်တွေးနေတယ်။ မကောင်းတာတွေ နှစ်သက်တယ်။ မကောင်းတာတွေ ကြံစည်တယ်။ နှလုံးသွင်းတာမှားနေပြီ။ အဲဒါ မိစ္ဆာဒိဋ္ဌိပဲ။ နှလုံးသွင်းတာ မှန်နေရင် သမ္မာဒိဋ္ဌိပဲ။ ခင်ဗျားစိတ် ခင်ဗျားစစ်။ အဲဒါဘာလဲ စိတ္တဝိသုဒ္ဓိခေါ်တယ်။ ခုနကပြောသလိုပေါ့ ဒီသီလ ကို ကြိုးစားမှ ဒီသီလတွေရမှ အပါယ်လေးပါးတံခါးပိတ်မယ်။ အဲဒီတော့ ဒီသီလတွေဟာ အင်မတန် အရေးကြီးပါတယ်။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက် ကလူကို သည်းခံပါ။ ကိုယ်ကျင့်တရား၊ ဖြဟ္မစိုရ်တရား၊ သံဝေဂတရား ဒါမျိုးက ရင်ဝမှာမာန်ရှိတယ်။ မဥ္စမာန်ဆိုတာရှိတယ်။ ကြားတာနဲ့ စိတ်ပြောင်းတယ်၊ မြင်တာနဲ့ စိတ်ပြောင်းတယ်၊ နံတာနဲ့ စိတ်ပြောင်း တယ်၊ စားတာနဲ့ စိတ်ပြောင်းတယ်၊ ထိတာနဲ့ စိတ်ပြောင်းတယ်။ စိတ်ကိုပြောတာ။ စိတ်ကဘာလဲ သောမနဿစိတ်၊ ဒေါမနဿစိတ်။ ဝမ်းမြောက်တဲ့စိတ်။ ဒေါသဖြစ်တဲ့စိတ်။ ဒေါသဖြစ်ရင် သီလပျက် တယ်။ ဘုရားက သီလရေးတယ်။ ခင်ဗျားစိတ်ကို ခင်ဗျားထိန်း။ အဲဒီခင်ဗျားစိတ်က လောဘ၊ ဒေါသ ခေါင်းပါးရမယ်။ အဲဒီတော့ ဒေါသ၊ လောဘဆိုတာ ခင်ဗျားစက်ဘီးလေးထောင်ထားတယ်။ စက်ဘီး လေးရဲ့တန်ဖိုးက တစ်သောင်းကျော်လောက်တန်တယ်။ ကျကျနနရှိရှိသေသေစီးတာ။ အဲဒီပုဂ္ဂိုလ်က ထောင်ထားတာ။ လူတစ်ယောက်က ကုလားထိုင်ပေါ်ကစက်ဘီးကို ခြေထောက်နဲ့တွန်းလိုက်တာ မြင်တော့သိတာပေါ့။ အဲဒီစက်ဘီးကို သွားစွဲတာက တဏှာ။ အဲဒီတဏှာကြောင့် ဒေါသဖြစ်တာက မာန်။ ပစ္စည်းစွဲထားတာ။ အဲဒါကြောင့် ဒေါသဖြစ်တာ အယူမှား၊ အစွဲမှားထားတာ။ အဲဒါ မိစ္ဆာဒိဋ္ဌိ ခေါ်တယ်။ ပထမတန်းအရေးကြီးပါတယ်။ သီလ လွယ်လွယ်မထင်ပါနဲ့။ ဘုရားရဲ့ခေတ်ကာလရဲ့သီလ။ အခုခေတ်ရဲ့သီလနဲ့ အခုခေတ်က ဘောဂသံပတ္တိအား ခင်ဗျားတို့အားကြီးပေါ့ဗျာ။ တီးကောက်တွေ၊ တစ်ရာတန်၊ နှစ်ရာတန်၊ ကိုးရာတန် ဟိုက ထိုင်ဝမ်၊ အင်္ဂလန်နိုင်ငံ သွားချင်လိုက်တာ။ သူတို့တွေဟာ ဘဝင်ကမြင့်နေတယ်။ ကိုယ့်တိုင်းပြည်လေး ကိုယ်နေပေါ့ဗျာ။ ကိုယ့်ဟာလေး ကိုယ်လုပ်စားပေါ့ဗျာ။ ဒီမှာက အင်မတန်မှ ကောင်းပါတယ်ဗျာ။ ဟိုရောက်တော့ ပြန်ရမှာခက်နေတယ်။ သွားချင်တော့လည်း သူတို့ပဲ။ ပြန်ချင်တော့လည်း သူတို့ပဲ။ ဒီစိတ်တွေ အဲဒီတော့ တရားဟာ ကိုယ်မှာရှိတယ်။ ခုနက သွားစွဲရင် ဒုက္ခသစ္စာ၊ ဘုရားကတော့ဟောတယ် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ ဒါဘုရားဟောအရ ခင်ဗျားက သွားစွဲရင် ကောင်းတာပဲစွဲစွဲ၊ မကောင်းတာပဲ စွဲစွဲ အဲဒါ ဒုက္ခသစ္စာပဲ။ အဲဒါလည်း ပြန်ပြီး သံသရာအပါယ်ကျတယ်မပြောဘူးနော်။ ခင်ဗျား နတ်ပြည်ရောက်ရင် နတ်ပြည်မှာ သက်တမ်းကုန်ရင် ပြန်ဆင်းမယ်။ ဖြဟ္မာ့ဘုံရောက်ရင် ဖြဟ္မာရဲ့ သက်တမ်းကုန် ပြန်ဆင်းမယ်။ ခင်ဗျားကံ

ပဲဗျာ။ သဘောလေးပဲ။ အဲဒီ(၃၁)ဘုံရဲ့ ထွက်ရာထွက်ကြောင်းရှာရမယ်။ ကာမသဝ၊ ဘာဝသဝ၊ ဒိဋ္ဌိသဝ၊ အဝိဇ္ဇာသဝ။ ဒါဘုရားဟောထားတာ။ ကိုယ်ကသိရမယ်။ သိမှ ပယ်မယ်၊ ပယ်မှ ဆိုက်မယ်၊ ဆိုက်မှ ပွားမယ်၊ သိပယ်ဆိုက်ပွား။ အဲဒီတော့ ကိုယ်ကမသိဘူး။ မသိတော့ ခက်တာပေါ့ဗျာနော်။ တရားဟာ ကိုယ်မှာရှိတယ်။ အနိစ္စဟာ ကိုယ်မှာရှိတယ်။ ဒုက္ခက ကိုယ်မှာရှိတယ်။ အနတ္တက ကိုယ်မှာရှိတယ်။ အဲဒီသီလက ကိုယ်မှာရှိတယ်။ သမာဓိက ကိုယ်မှာရှိတယ်။ ပညာက ကိုယ်မှာရှိတယ်။ ဂတိရဉာဏ်၊ ဇဝနဉာဏ် ကိုယ်မှာရှိတယ်။ စက္ခုဥပသာရီ၊ ဉာဏဥပသာရီ၊ အာသောဥပသာရီ။ အဲဒါ လောကုတ္တရာဉာဏ်။ အဲဒီဉာဏ်ရရင် ဘုံ(၃)ပါးမြင်လိမ့်မယ်။ အဲဒီဉာဏ်ရရင် ခင်ဗျားသဘောလေးပဲ သဘောလေးပဲပြောပေးပါမယ်။ ဦးပဥ္စင်း သစ္စာတွေနဲ့ဆိုသွားပါမယ်။ ဒါတွေကို ခုနကပြောသလို ဝိသာခါကျောင်းအမကြီးကြည့် သူဘာလဲဆိုတော့ ခင်ဗျားတို့စာတတ်တွေပဲ။ သူ လင်ယူတယ်။ သူသဘာဝတရားကို မပယ်နိုင်ဘူး။ ဒီသဘာဝတရားဟာ ဘိုးစဉ်ဘောင်ဆက် ဘီလက်ထက်က ဘုရားမပွင့်ခင်သာရှိတယ်။ သဘာဝတရား ဦးပဥ္စင်း အမေ ဒေါ်အုန်းမေ လည်း လင်ယူမှာပဲဗျာ။ ဦးပဥ္စင်းရဲ့ အစ်မကြီးလည်း လင်ယူမှာပဲ။ ဦးပဥ္စင်းရဲ့ သမီးလည်း လင်ယူမှာပဲဗျာ။ ဒါသဘာဝတရား ပယ်လို့မရဘူး။ အဲဒီသဘာဝတရားကို သဘောပေါက်ရမယ်။ သမာဒိဋ္ဌိနဲ့ သုံးရမယ်။ မိစ္ဆာဒိဋ္ဌိနဲ့ သုံးထားတယ်။ သဘာဝတရားကိုက ငါမယားပဲ ငါပိုင်တာပဲကွာဆိုပြီး ငါ့ဝမ်းထဲမှာ တစ်မျိုးထားတယ်။ အပြင်မှာတော့ တစ်မျိုးပေါ့။ သွားပြီပေါ့။ ဒါကြောင့်မို့ သမုဒိသစ္စာ ဝိသတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ်သစ္စာ။ ဘုရားကဟောထားတယ်။ ဒုက္ခသစ္စာ၊ သမုဒိသစ္စာ၊ နိယောဓသစ္စာ၊ မဂ္ဂသစ္စာ။ ဒါဘုရားဟောထားတာ။ ဒုက္ခသစ္စာဆိုတာ သွားစွဲရင် ဒုက္ခပဲ။ ခင်ဗျားစိတ်က သွားစွဲရင် ဒုက္ခပဲ။ နေစရာမရှိတော့ဘူး။ ဒါ သစ္စာ(၄)ပါးကိုဟောတာ။ ဒါသဘောကိုပြောတာ။ သွားစွဲရင် ဒုက္ခသစ္စာ၊ သမ္မာဒိဋ္ဌိစွဲစွဲ၊ မိစ္ဆာဒိဋ္ဌိစွဲစွဲ၊ စွဲရင်တော့ သံသရာလည်မှာပဲ။ ဒီအဆင့်က တော်တော်မြင့်သွားပြီနော်။ ဒီအဆင့်ဆိုရင်တော့ ဒကာကြီးတို့ သဘောပေါက်ပါပြီ။ သူမစွဲဘူး၊ မစွဲတဲ့ပုဂ္ဂိုလ် တိုင်းပြည်မှာရှိတယ်။ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ။ စာအရဆို နိရောဓပုဂ္ဂိုလ်ပေါ့။ အဲဒါမစွဲဘူး။ ဒုက္ခသစ္စာ၊ သမုဒိသစ္စာ၊ နိရောဓ သစ္စာ။ အဲဒီပုဂ္ဂိုလ်က မစွဲဘူး။ အာရုံ(၆)ပါးမြင်တာ မတ်တပ်စားတာ၊ မတ်တပ်ကြားတာ၊ မတ်တပ် နံတာ၊ မတ်တပ်ထိတာ၊ မတ်တပ်သူမစွဲတော့ဘူး။ ကံပြတ်သွားပြီ။ အဲဒီပုဂ္ဂိုလ်က အေးသွားပြီ။ ချက်ချင်း အေးတာနော်။ အားကြီးအေးသွားပြီ။ သူ့ညတန် နိဗ္ဗာန်ဆိုတာ အဲဒါခေါ်တာ။ ဆိတ်သုဉ်းသွားပြီ။ အဲဒါ စာတော့မတတ်ဘူးပေါ့ဗျာ။ ဒီလိုပုဂ္ဂိုလ်မျိုးနဲ့ ကိုယ်ကလည်း ပုပ္ပ၊ မုစ္စ၊ ပရဆိုတဲ့ စေတနာကလည်း မှန်တယ်။ ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ် ဒီသံဃာကို ရေလေးတိုက်လိုက်တာ။ အဲဒါ

ဝေသနိယ ဒိဋ္ဌိအကျိုးရတယ်။ ဘာတွေရလဲ။ ကျန်းမာရေးလာဘ်၊ စီးပွားရေးလာဘ်ရတယ်။ အပါယ်လေးပါး တံခါးပိတ်တယ်။ ဉာဏ်ဘုန်းကြီးကို မှီထားတာ။ ကံဘုန်းကြီးမဟုတ်ဘူး။ ဉာဏ်ဆိုတာ ကံပြတ်သွားပြီ။ မစွဲတာဉာဏ်ခေါ်တယ်။ ခုနက နိရောဓဆိုတာ အဲဒီပုဂ္ဂိုလ်ပဲနော်။ ဒါပေမယ့် စာမှန်တယ်ဗျာ။ စာမှ မတတ်တာ။ သင်ပါဆိုလို့ ဘယ်လိုလုပ်သင်မလဲ။ ငါးပါးသီလလည်း မပေးတတ်ဘူး။ (၁၀)ပါးသီလလည်း မပေးတတ်ဘူး။ ရေစက်လည်း မချတတ်ဘူး။ ဘာမှမတတ်ဘူး။ သူ့ဘာခိုင်းခိုင်း မရတော့ဘူး။ စိတ်နဲ့ပတ်သက်တာမေး စိတ္တဝိသုဒ္ဓိရဲ့အကြောင်းကိုမေး၊ သီလဝိသုဒ္ဓိရဲ့ အကြောင်းကို ခင်ဗျားတို့ အဲဒါကတော့မတတ်ဘူး။ နှစ်မျိုးရှိတယ်။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိက မနော၊ မနောကို ကျင့်ထားတာ။ ကာယနုဿနာ၊ စိတ္တနုပဿနာ၊ ဝေဒနာနုပဿနာ၊ ဓမ္မနုပဿနာ၊ စိတ်ကလေး အနုသယကို သူကျင့်ထားတာ။ အရိယာများဟာ အနုသယကိုပယ်ရတာ မလွယ်ဘူး။ ပုထုဇဉ်များဟာ တဏှာကိုပယ်ရတာ မလွယ်ဘူး။ ဒီသဘောပဲ။ တဏှာဆိုတာ သာယာတာ ခေါ်တယ်။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ။ ဦးပဉ္စင်းကြီးကို ခင်ဗျားတို့ လာလာပြီးတော့ ဒီလိုပြောလိုက်တော့ ခင်ဗျားတို့ပစ္စည်းတွေ ဘာမှ မစားတော့ဘူး။ စားကြပော့၊ ဟိုသံဃာတွေ စားပော့၊ စားပော့။ သူက သစ္စာနဲ့ပောသွားပြီလေ။ မစားဘူးကွာတဲ့။ ငါးခါးအပြတ်ခံမယ်။ ငါသစ္စာအမှတ်နဲ့ရောတာ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ ဟော အနိစ္စကို ဝိပဿနာ အနိစ္စကိုမြင်အောင်ကြည့်ရပါတယ်။ အနိစ္စကိုမြင်ရင် ဘာဖြစ်လာမလဲ။ အနိစ္စမြင်လာရင် ဒုက္ခသိလာလိမ့်မယ်။ ဒုက္ခသိတာက မဂ္ဂသစ္စာခေါ်တယ်။ မဂ္ဂသစ္စာမြင်သွားရင် နိရောဓသစ္စာခေါ်တယ်။ ဒီစိတ်ပိုင်းနဲ့သွားတာ။ ခုနက စာတွေမတတ်တော့ဘူး။ ဝိနည်းလည်း ဘာမှမသိတော့ဘူး။ အဲ့ဒါတွေကို ပြောမှား၊ ဆိုမှားရှိရင် ခွင့်လွှတ်၊ မမှန်ရင် ဒီက သာသနာ၊ ဒီဘက်လိုင်းကိုကြည့်ပါ။ အခု ဥပမာလေးပြောရင် အခုမေးပါ။ ခင်ဗျားတို့ မြောင်းမြမြို့ မှတ်စလင်တွေ၊ စနေသင်းကျောင်းကလာတယ်။ ကုလားတွေလာတယ်၊ ကရင်တွေလာတယ်။ ရခိုင်တွေလာတယ်။ ချင်းတွေလာတယ်။ အရပ်လေးမျက်နှာက လာတယ်။ ခရစ်ယာန်တွေလာတယ်။ အတူတူစကားပြောသွားတယ်။ အတူတူစကားပြောတော့ အဲဒီတော့မှသဘောပေါက်သွားတယ်။ သာသနာပြုတာဗျနော် အယုတ်၊ အလတ်၊ အမြတ်မရွေးတော့ဘူး။ မခွဲခြားတော့ဘူး။ အဲဒါသာသနာပြုတာ။ အဲမင်းဘာလဲ သွားလာ ဒီကောင်ခွဲခြားတာ သညာ၊ သင်္ခါရ၊ ဥပါဒါန်ဖြစ်နေတယ်။ ပညာမှာမရှိဘဲ နည်းပါးတယ်။ ဒါတွေ သိပ်အရေးကြီးပါတယ်။ ဒါပေမယ့် သင်္ကန်းမှန်တယ်။ မှန်တယ်။ သိုက်ရှိတယ်၊ ဓာတ်ရှိတယ်။ နတ်ရှိတယ်။ အဲဒီတော့ လူထဲမှာလည်း ကောင်းတဲ့လူရှိသလို မကောင်းတဲ့လူရှိတယ်။ ဗိုလ်ကြီးက

သူစစ်သားရွေးတယ်ဗျာ။ ရွေးတာက ဒီဗိုလ်ကြီးက အကောင်းစားလက်ရွေးစင်ကိုရွေးတာ။ ကောင်းတဲ့ လူကိုရွေးတာ၊ စစ်လိုက်တာ။ ဟိုဟာစစ်လိုက်၊ ဒီဟာစစ်လိုက်တာ။ စစ်ပြီးရင် ဘာလုပ်လဲ။ ဆေးစစ်တာ၊ ဆေးစစ်ပြီးရင် စစ်သားစုဆောင်းရေး ဟိုအထက်ဘက်ကို ဘယ်ညာ ဘယ်ညာလေ့ကျင့်ရေးကွင်း စစ်သားပေါင်း ငါးရာလောက်လုပ်တယ်။ သင်ပေးတဲ့ဆရာက ဒီက အကောင်းဆုံးလုပ်သွားတာ။ ဟိုကျတော့ လေ့ကျင့်ရေးကွင်းထဲမှာ ခံရိုက်တယ်။ ဒါတွေဟာ ကိုယ်ကယူသွားတာအကောင်း ဟိုရောက်တော့ ဟိုကိုခံရိုက်တယ်။ ဒါဘာလဲ စိတ်တွေပဲ။ ဒီသံဃာထဲမှာလည်း ကောင်းတဲ့သံဃာရှိသလို မကောင်းတဲ့ သံဃာရှိမှာပဲ။ ဒါသဘောပြောတာ။ ဘယ်သူကိုမှမပြောဘူး။ ဦးပဍ္ဍင်းက စာမတတ်ဘူး။ မတတ်တာ ဦးပဍ္ဍင်း က (၃)ဝါပြောတာ။ ကန်တော့ရင် ဒီဘဝနောက်ဆုံးပါပဲအရှင်ဘုရားတို့။ ကန်တော့ပါတယ်။ သာသနာပြုတာမမှန်ရင် ချွတ်ပေးပါမယ်။ သင်္ကန်းချွတ်ပေးမယ်။ သာသနာပြုတဲ့ အတွက်ကြောင့် သူသည်ပြောမယ်ကွာ။ မင်းတို့မေးပါတဲ့။ မင်းတို့မေးရင် ငါကလည်းပြန်မေးမယ်။ မင်းတို့ ငါပြန်မေးလိုက်ရင် မင်းတို့ငါမသိဘူးကွာ။ မင်းတို့မေးလို့ ငါမပြောနိုင်ရင် ငါချွတ်ပေးလိုက်မယ် ဟု ပုဆိုး၊ အင်္ကျီကောက်ဝတ်သွားမယ်။ ငါဒီမြောင်းမြမြို့ကထွက်သွားမယ်။ ဒီလိုပြောပါတယ်။ စာတော့ မတတ်ဘူး၊ စကားမပြောတတ်ဘူးကွာတဲ့။ ပညတ်၊ ပရမတ်ကွာ။ အခု ဥပမာ ဦးပဍ္ဍင်း အမေ ဒေါ်အုန်းမေ၊ အမှန်ကတော့ ဒေါ်အုန်းမေ ဖျက်လိုက်။ အဲဒီမအေနာမည် မိန်းမပရမတ်အနေနဲ့ မိန်းမ။ မယားလဲ မိန်းမ၊ အမေလည်း မိန်းမ။ ကြည့် ခေါ်လို့မကောင်းတော့ဘူး။ အဲဒီတော့ ပညတ်ကိုပယ်တာ မဟုတ်ဘူး။ ပညတ်ကိုခေါ်သမုတ်ပေးတာ။ နာမည် နာမတပ်ပေးတာ။ ဒေါ်အုန်းမေ ပညတ်ကို ကပ်ပေးတာ။ ကိုယ့်မှာရှိတာက သညာ။ သညာအသိ သိလိုက်တော့ သွားစွဲရော။ အဲဒါခွဲခြားပြီး သိလိုက်တာ။ ဒါငါ့အမေပဲ။ ဒါငါ့အဖေပဲ။ ဒါငါ့မယားပဲ။ ခွဲခြားပြီး သညာကိုဗျာ သည်နေရာပညာအစား ထိုးရမယ်။ ပညတ်နေရာမှာ ပရမတ်အစားသွင်းရမယ်။ အတ္တနေရာမှာ အနတ္တအစားသွင်းရမယ်။ အနတ္တဆိုတာ သင်္ခါရ အနိစ္စ သဗ္ဗေသင်္ခါရ ဒုက္ခ သဗ္ဗေသင်္ခါရ အနတ္တ မစွဲဘူးဗျာ။ ပြီးတော့ ယူထားမယ်။ ဘုရားက ဆုံးမထားတဲ့ (၃၈)ဖြာနော်။ မင်္ဂလာ သမ္မာဒိဋ္ဌိအယူ ယူရမယ်။ မိစ္ဆာဒိဋ္ဌိအယူ မယူပါနဲ့။ ဒါသမ္မာဆိုတာ ဘုရားဟောထားတာ။ ကျမ်းဂန်ပါဠိတွေယူရမယ်နော်။ အဲဒါတွေယူရမယ်။ ဒါတွေကို သွားစွဲရင် မကောင်းတာတွေသွားစွဲမယ်။ မကောင်းတာတွေသွားစွဲတာ မိစ္ဆာဒိဋ္ဌိပဲ။ ကောင်းတာတွေ ယူပါ။ ခုနက ဝိသာခါကျောင်းအမကြီး သူဘာလဲ။ ဘုရားကိုမှီတာဗျာ။ ဘုရားဆီက မေတ္တာရတာ။ ဉာဏ်ရတာ။ ဘုရားက အတုလ် အတုမရှိ။ ဘုရားဆီက မျိုးစေ့ရတာဗျာ။ သူကဘာလဲ။ ပယ်သလဲ။ မိစ္ဆာဒိဋ္ဌိကိုပယ်တယ်။ သမ္မာဒိဋ္ဌိကိုယူတယ်။ အဲဒီတော့ သဘာဝတရားကို မပယ်နိုင်ဘူး။ သဘာဝ

တရားကို မပယ်နိုင်ဘူး။ သမ္မာဒိဋ္ဌိကိုယူကာ မိစ္ဆာဒိဋ္ဌိကိုမြင်တယ်။ မိစ္ဆာဒိဋ္ဌိကို မယူဘူး။ သမာဒိဋ္ဌိကို ယူတယ်။ ကြားတာလဲ သမာဒိဋ္ဌိကိုယူတယ်။ မိစ္ဆာဒိဋ္ဌိကိုပယ်တယ်။ နံတာလဲ မိစ္ဆာဒိဋ္ဌိကိုပယ်တယ်။ သမ္မာဒိဋ္ဌိကိုယူတယ်။ အဲဒါတွေ အာရုံငါးပါးပေါ်မှာ သမ္မာအယူကို ယူထားတယ်။ အဲဒါ အပါယ်ပိတ်တယ်။ မိစ္ဆာဒိဋ္ဌိကိုမယူဘူး။ ဒါပေမယ့် သူယောကျ်ားနဲ့တော့ နေတာပေါ့။ သဘာဝတရားပဲ။ ပယ်လို့ မရဘူးဗျာ။ ဒါ ဒကာ၊ ဒကာမများတွေမှာ ကိုယ့်ရဲ့စိတ်ထားကောင်းနှလုံးသွင်း၊ အကျိုးရှိမယ့်ဟာကို နှလုံးသွင်း။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ဆရာတော်တွေ သမားတော်၊ ကိုရင်တွေ သူတို့ဘာလုပ်လုပ် ကိုယ့်အကြောင်းမလုပ်နဲ့။ လှူဖို့က ကိုယ့်ကိစ္စ။ ကိုယ့်အလှူမြောက်မှ ကောင်းမှုကုသိုလ်ကံရမယ်။ သူဘာလုပ်လုပ် လုပ်ချင်ရာလုပ်။ သူ့အကြောင်းဝေဖန်ရင် ကိုယ်မလှူဖြစ်တော့ဘူး။ ကိုယ်က ဒီဒါနလေးကို ဦးစားပေးရမယ်။ ဒကာ၊ ဒကာမများရဲ့ အဝိဇ္ဇာထုံးကို ဘယ်လိုဆေးကြောရမလဲ။ သီလနဲ့ဆေးကြောမယ်။ ဒါနနဲ့ ဆေးကြောမယ်။ ဘာဝနာနဲ့ ပွားများမယ်။ ဦးပဏ္ဍိတရဲ့ အဝိဇ္ဇာကို ဘာနဲ့ဆေးကြောမလဲ။ သူကျတော့ အဓိသီလ၊ အဓိစိတ္တ၊ ဒါဝိပဿနာလိုင်း။ ဒီသီလတွေဟာ ခုနကပြောသလို ဝိပဿနာ။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့ တွေ့လိုက်တော့ သူလှူတာဗျာ။ သမ္မာဒိဋ္ဌိကိုယူတယ်။ မိစ္ဆာဒိဋ္ဌိဆိုတာ ခုနက စက်ဘီးလေးထောင်ထားတာ။ လူတစ်ယောက်လာတွန်းလှတ်လိုက်တာ။ အဲဒီစက်ဘီးကိုသွားစွဲတာ။ မိစ္ဆာဒိဋ္ဌိခေါ်တယ်။ အများကြီးပဲ ကျယ်ပြန့်တယ်။ မိစ္ဆာဒိဋ္ဌိက ကပ်နေတာ။ သမ္မာဒိဋ္ဌိက လုပ်ယူရတာ။ ဒါကြောင့်မို့ ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာလို့ ဆိုထားပါတယ်။ ဘာလုပ်မလဲ။ တစ်ပိဿာတော့များတယ်။ ကုသိုလ်ကျတော့ တစ်ပဲထဲ။ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ်။ ညောင်ပင်ကြီးလောက်လှူရင် ညောင်စေ့လောက်ဖြစ်တယ်။ ကိုယ်လှူတတ်ဖို့လိုတယ်။ ဘယ်သာမဏေပဲဖြစ်ဖြစ်လှူပါ။ ကိုယ်လှူမှ ကိုယ့်ရဲ့ ကောင်းမှုစေတနာရမယ်။ ကိုယ့်ရဲ့စိတ်ကိုထိန်းထားတာက သီလ။ အဲဒီလိုပုဂ္ဂိုလ်တွေကိုလှူတော့ စိတ်ကလေးက ယဉ်ကျေးလာတယ်။ သိမ်မွေ့လာတယ်။ လှူတတ်ဖို့လိုတယ်။ ဘုရားလှူထားတဲ့ ဝိသာခါကျောင်းအမ ဘုရားမျိုးစေ့ရတယ်။ ရဟန္တာလှူရင် ရဟန္တာမျိုးစေ့ရတယ်။ သံဃာလှူရင် သံဃာမျိုးစေ့ရတယ်။ ကံဘုန်းကြီးလှူရင် ကံမျိုးစေ့ရတယ်။ ကံဆိုတာ သမ္မာဒိဋ္ဌိ ကံကောင်းတဲ့ကံ သူက ကာမာသဝ၊ ကာမာသဝ။ သူကပြတ်ထားတာ ကိုယ်က ကာမာသဝ ကိုယ်ကမပြတ်ဘူး။ ကိုယ်က ကာမာသဝ နှစ်သက်တယ်။ သူကပြတ်ပြီ။ သူကမယူဘူးပေါ့ဗျာ။ မိန်းမ သူက ကာမာသဝပေါ့ဗျာ။ ဒီဖြစ်ဟာ ဘာလုပ်မလဲတော့မသိဘူးပေါ့ဗျာ။ အဲဒါမှာ ထူးမြတ်တဲ့ဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ အဲဒီတော့ အရေတော် အဲအမှန်ကတော့ စိတ်ပဲဗျာ။ ကိုယ့်စိတ်ကို ကိုယ်ထိန်း။ အဲ ကိုယ်က

ဘုရားပါလား။ သံဃာတော်အရှင်မြတ် ဦးစားပေးဂုဏ်သိက္ခာတွေလုပ်ပေး မပယ်ရဘူး။ သူ့အကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ ဘုရားကို စေတီကကွယ်ထားတယ်ဆိုရင် ခင်ဗျားတို့ ဥပမာစေတီပေါ့ဗျာ။ သွားပြီးတော့ ရွှေချတယ်။ ရွှေနှစ်သိန်းဖိုး နှစ်နှစ်လောက်စုရတယ်။ သုံးသိန်း၊ လေးသိန်းလောက် ရတယ်။ အဲဒီတော့ ရွှေချတယ်။ ဒီလိုရွှေချတိုင်း အပါယ်ပိတ်မယ်ဆိုရင် ငါလဲချမယ်ကွာ။ ဒီ ဒါနနဲ့ အပါယ်ပိတ်မယ်ဆိုရင် ငါလဲချမယ်ကွာပြောပြီ။ သဒ္ဓါတိကဘုရား၊ ပညာတိကဘုရား နှစ်ခုရှိတယ်။ မင်းဘယ်ဟာကြိုက်မလဲ ပညာတိကဆိုတာ ဝိပဿနာရဲ့ တကယ့်အစစ်အမှန်တွေ ဟောတဲ့တရား နားထောင်ဦးကွာ။ မယုံနဲ့ဦး၊ လေ့လာပါ၊ သုံးသပ်ပါ၊ စုံစမ်းပါ သူ့ဆီက အသိရမှ ပယ်မယ်ကွာ။ ဘာပယ်မလဲ မိစ္ဆာဒိဋ္ဌိနဲ့ ကံကိုပယ်လိမ့်မယ်။ အဲဒီကံဟာ ကညွတ်ကွင်းလျှောက်ဖြစ်နေတာကွာ။ ဘယ်ကဖြစ်လဲ။ အာရုံ ၆ ပါးက ဖြစ်နေတာ။ ဘယ်ကလဲ။ မနောကံကွ၊ အဲဒီ ကံက သံသရာကိုလည်ပြီ၊ သမ္မာဒိဋ္ဌိကတော့ နတ်ပြည်ရောက်မှာပေါ့။ ဗြဟ္မာ့ပြည်ရောက်မယ်။ (၃၁)ဘုံ လွတ်အောင် မင်းချပေါ့။ လွတ်တယ်၊ မလွတ်တယ် ကျင့်တဲ့လူပဲသိတယ်ကွာ။ ဒါကြောင့် ခက်ကုန်ပြီ။ ဦးပဉ္ဇင်းက စာမတတ်ဘူး။ ဗိုလ်တဲမှာ ဒလဝမ်လုပ်တယ်။ လုပ်တာကို မသိဘူး။ ခိုးတယ် ဟုတ်တယ် ဖွင့်ပြောမယ်။ အခုလာမေးရင် အကုန်ပြောမှာပဲ။ အဲလောကီအကြောင်း သဘောလေးပေါ့ဗျာ။ ဒါတွေကို ဒကာ၊ ဒကာမများ ဦးပဉ္ဇင်းကြီးမိုက်တာကို ခင်ဗျားတို့ မမိုက်ကြပါနဲ့။ ယုံကြည်ကြပါ။ တရားအစစ်၊ ဘုရားဒီလိုရွှေချမယ်၊ ဒီလိုအပါယ်ပိတ်မယ်ဆိုရင် ဦးပဉ္ဇင်းကြီး မကျင့်တော့ပါဘူး။ ဒီလို ရွှေချလို့ အပါယ်ပိတ်မယ်ဆိုရင် စိတ်က ဒီနေ့ရွှေချပြီး မနက်ဖြန်စိတ်ကပြောင်းသွားမယ်။ ဒါကြောင့်မို့ တွေ့ဆက်၊ ကွင်းဆက်၊ ဂိုတ်ဆက် တဲ့။ ဟာ ဘာတွေလဲ။ တွေ့ဆက်၊ ဂိုတ်ဆက်၊ ကွင်းဆက်တဲ့။ ကြားဖူးလား။ ကြားဖူးတယ်။ ကြားဖူးရင် သိသလား။ တွေ့ဆက်ဆိုတာ ဥပမာ ငါစာမတတ်ဘူးကွာ။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်။ တွေ့ဆက် အကြောင်းပြောပြမယ်။ ဥပမာ တရားပွဲကြီး ကူးကြီးဆရာတော်ကြီးဟာ အမတန်မှ စာပေကျမ်းဂန် အလွန်တက်ပါတယ်။ ဟောတဲ့အခါမှာလည်း ပါဠိပါတ်သားတွေ အလွန်ဒွာန်ကရိုဏ်းကျပါတယ်ကွာ။ အဲဒီတော့ ကူးကြီးဆရာတော်တရားပါမှာလုပ်တော့ ဆေးလိပ်တောင် မသောက်နိုင်ဘူးကွာ။ ဒကာမကြီးက ငုံ့ပြီးနာနေတာပဲ။ အာရုံစိုက်ပြီး နေတာပဲကွာ။ တရားပွဲလဲ ပြီးလဲပြီးရောကွာ နောက်က ဒကာမတွေက သူ့ဖိနပ်ကိုတက်နင်းတော့ ရှေ့လဲပြီးတော့နင်းတော့ ဓောက်ကန်းတွေ၊ ဘာကန်းတွေ။ ဟောတရားပွဲမှာ တွေ့ဆက်၊ အပြင်ရောက်တော့ စိတ်ပြောင်းသွားပြီ၊ သီလပျက်ကုန်ပြီ၊ ကိုယ့်စိတ်ကိုယ် ထိန်းကြပါ။ အဲဒါတွေ့ဆက်ခေါ်တယ်။ တဒင်္ဂလေးပဲ တမဟုတ်ချင်းလေးပဲဖြစ်လိုက်တယ်။ ကွယ်ရာကျတော့ စိတ်ပြောင်းသွားပြီ။ ဒါဘာဖြစ်လဲ။ သီလတွေပျက်မယ်။ ဟိုဘုရားရဲ့ခေတ်ကာလ

မြတ်စွာဘုရားခေတ်ကာလအချိန်က တစ်မျိုး။ ဒီကာလ တစ်မျိုးဗျာ။ အဲဒီဟာကို ကာလကြည့်တာကတော့ မှုမှန်ရှိတယ်။ စိတ်တွေက မှန်ဖို့လိုတယ်။ ပစ္စည်းဘောဂတွေနဲ့ ဖြစ်ကုန်ပြီဗျို့။ ဦးပဍ္ဍင်း က ပြောပြပါတယ်ဗျာ။ အခုက အဲဒါတော့ဆက်ပေါ့ဗျာ။ ခုံဖိနပ်ကြီးနောက်က နင်းလိုက်တော့ ဝမ်းလျားထိုးပြီး စောက်ကန်းတွေ၊ ဘာတွေ ညာတွေ။ အဲဒါ စိတ်ဆိုးတာပေါ့ဗျာ။ စိတ်ဆိုးရင် သီလရှိပါ့မလား။ မိစ္ဆာဒိဋ္ဌိဖြစ်သွားပြီ။ တော့ဆက်၊ ချိတ်ဆက်ဆိုတာ လူ့ပြည်မှာပေါ့ဗျာ။ စာတော့မတတ်ဘူး။ ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်။ သေသေချာချာသိအောင်ပြောသွားမယ်။ လူ့ပြည်မှာ တရားထိုင်တာပေါ့ဗျာ။ သူပဲသိတယ်။ ပညတ်အာရုံကနေ ပရမတ်အာရုံ လက်ကဖျောက် လက်ကလေးတစ်ဖျောက်၊ ကြိုးကလေးတလိပ်သွားလိုက်တာ အဲဒါဂျိတ်ဆက်ကွာ။ လောကုတ္တရာအာရုံရတာ လောကီကို ပြန်ဆင်းလာပြီး ခန္ဓာဝန်ပြန်ဆင်းလာပြီး ပါးရိုက်လဲခံမယ်။ သေနတ်နဲ့ ပစ်လဲခံမယ်။ သတ်ချင်ရာသတ်၊ ရိုက်ချင်တာရိုက် သည်းခံမယ်။ လောကုတ္တရာအာရုံကိုရထားတာ။ အဲသဘောလေး၊ အဲဒါကိုခေါ်တာ။ ကွင်းဆက်ကတော့ ကောက်ပြင်ကြီးလို ရေပက်လည်ဝိုင်း အဲဒါ ဘုရားမေတ္တာ အနန္တော အနန္တ။ မေတ္တာတွေ အရုပ်အလတ် အားကြီး ကြီးမားတယ်။ ဒါကြောင့်မို့ ဘုရားက အခုစာတော့မတတ်ဘူး။ ပြောမှား ဆိုမှားရှိရင် ခွင့်လွှတ်။ သာသနာ ၂၅၀၀ ကျန်သေးတယ်။ အရှင်ဘုရားရဲ့ သာဝကတွေကျန်ပါတဲ့ဘုရား။ သိကြားက ၂၅၀၀ ထိန်းပါမယ်။ ဘုရား ငါးထောင်ဖြစ်ပြီး ၅၀၀၀ ဖြစ်သွားတဲ့အခါကျ အဲဒီတော့ ဒီသိကြားက ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာကို သူထိန်းမယ်တဲ့။ သူက ကူညီမယ်တဲ့။ အခုသာသနာ ၂၅၀၀ ကျော်သွားပြီ။ အနှစ်(၃၀)ကျော်ပြီ။ အခုဘာလဲဆိုရင် သိကြားပေါ့ဗျာ။ အဲဒီဘုရားသာသနာကို သိကြားကကူမယ်။ မကောင်းသူပယ်၊ ကောင်းသူကယ်မယ်။ ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ငါး ကြောင်စား။ ကျန်တဲ့ငါး ဘုရားကယ်။ အဲဒါ အဲဒီဟာတွေ ကောက်တတ်ဖို့လိုတယ်။ အဘိုးကြီးအို ခါးကုန်းကုန်း၊ မသေပါနဲ့ဦး၊ နောင်နှစ်ခါ တန်ဆောင်မုန်း ပွဲကြည့်ပါဦး။ သဘောလေးပဲပြောသွားမယ်။ မသိသူကျော်သွား သိသူဖော်စား။ ဒီသဘောလေး ဒီတပေါင်တွေဖော်ပေးတာ။ ဘယ်သူတွေကပြောပြော ဒီရပ်ကွက်ကလူကြီးက မင်းတို့ တစ်အိမ်တစ်ယောက်ထွက်ဆို ထွက်ကြပါ။ စေတနာနဲ့အလုပ်လုပ်ကြပါ။ စေတနာနဲ့ လုပ်ရင် ပုပ္ပ၊ မုစ္စ၊ ပရဆိုတဲ့ စေတနာကောင်းမှုကုလသိုလ်ကံရမယ်။ လူကြီးကြောက်ပြီးတော့ မနောက တောင်ကြံ မြောက်ကြံ။ လုပ်လဲလုပ်ရသေးတယ်။ မိစ္ဆာဒိဋ္ဌိတွေနဲ့လုပ်တယ်။ အလုပ်လည်းလုပ်ရသေးတယ် မိစ္ဆာဒိဋ္ဌိတွေဖြစ်တယ်။ သမ္မာဒိဋ္ဌိတွေနဲ့ လုပ်ပါ။ လုပ်လေအကျိုးရှိလေ။ တို့ရပ်ကွက်က သန့်ရှင်းရေး တို့လုပ်မယ်။ စေတနာနဲ့လုပ်ပါ။ ဘုရားက စေတနာဟောထားတာ။ စေတနာကို ကံကောက်ထားတယ်။

ဘာကံလဲ သမ္မာကံဗျာ။ လူကြီးက နိုင်းတယ်။ ပိုက်ဆံထည့်ရမှာ တွေးရွံ့လို့ ဒီလိုဖြစ်နေတယ်။ အဲဒါ လုပ်သာလုပ်ရတယ်။ စေတနာမပါဘူး။ စေတနာမပါရင် မိစ္ဆာဒိဋ္ဌိ။ အဲဒီစိတ်ကို ခင်ဗျားထိန်းရမယ်။ ကြည့် ဒီကာလမှာ မလွယ်တော့ဘူး။ မကောင်းသူပယ်မယ် ကောင်းသူကိုကယ်မယ်။ ခုန ကုဋေ ဘယ်လောက်လဲ အသချေ်ဘယ်လောက်လဲ သာဓကတွေ။ ငါ့ရဲ့ကိုယ်စား ထားပစ်ခဲ့တယ်။ ဒီလောက် ဆို သဘောပေါက်ရောပေါ့ဗျာ။

( သာဓု ... သာဓု ... သာဓု ... )

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း
(ဝိသုဒ္ဓိကျောင်း)အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိ နှင့် အောင်သစ္စာ
ဝိသုဒ္ဓိ မှ ဝိမုတ္တိ
ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

၁၃–၁၁–၁၉၉၃ ရက်နေ့၊ မြောင်းမြမြို့၊ ရွှေသာကျောင်းဘုရားတွင်
ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော ဝိသုဒ္ဓိဓမ္မာသစ္စာ
တရားတော်

# ဝိသုဒ္ဓိဓမ္မစာစဉ် (၂၈)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာသမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-794506595
09-251620128, 09-447572355

(၁၃-၄-၂၀၀၃)

## မြောင်းမြမြို့ ရွှေသာလျောင်းဘုရားတွင် ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူသော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဂုဏ်ရှိရည်ဝက်၊ ဓနဉာဏ်၊ လောကုတ္တရာဉာဏ်နဲ့ ကြည်မှုသဘောပေါက်ပါတယ်။ ကျင့်တဲ့လူပဲသိပါတယ်၊ သစ္စာနဲ့ ဟောပါတယ်။ မှန်တာပြောရင် သစ္စာခေါ်တယ်။ ဒါကြောင့်မို့လို့ သစ္စာဉာဏ်၊ ကိစ္စဉာဏ်ကတဉာဏ်လို့ ဘုရားကပြောပြပါတယ်၊ ဟောပြောပါတယ်ဗျာ။ အဲ့ဒီတော့ မိစ္ဆာဒိဋ္ဌိဆိုတာ ငါနားလည်တယ်။ ငါတတ်တယ်။ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့မယား၊ ငါ့သား၊ ငါဆိုင်တယ်ဆိုတဲ့မနောက ခုနက မနောရဲ့ယူထားတဲ့အယူကမှားနေပြီ။ ဒါကာယကံရှင် သိရပါမယ်။ စောစောကသမ္မာကိုတော့ သမီးတို့သားတို့ ရှိခိုးကြပေ့၊ ကန်တော့ကြပေ့၊ ဘုရားကိုဝတ်ပြုကြပေ့၊ ဒါ ကောင်းတဲ့မင်္ဂလာကို နှလုံးသွင်းတဲ့သဘောတရားခေါ်ပါတယ်။ ဒါကမကောင်းတာကို နှလုံးသွင်းထားပါတယ်နော် ငါ့သား၊ ငါးမယား၊ ငါ့မှာကုဋေပေါင်းများစွာချမ်းသာတယ် အဲ့ဒီတော့ သူ့နှလုံးသားက မကောင်းတာကို နှလုံးသွင်းထားတဲ့အတွက် မိစ္ဆာခေါ်ပါတယ်။ အဲ့ဒီမကောင်းတာနှလုံးသွင်းထားတာကို သွားစွဲတာက ဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ ပါဋ္ဌိလို့ခေါ်တာပါ။ အဲ့ဒီတော့ စောစောက ဥပမာလေးပြောရရင် သီလဝိသုဒ္ဓိ အဲ့ဒီတော့ သီလဝိသုဒ္ဓိရှိရင် စိတ္တဝိသုဒ္ဓိ ဟောတယ် ဘယ်စိတ်လဲ မနောစိတ် ကျင့်တဲ့သူပဲ သိပါတယ်၊ အဲ့ဒါကို မှန်မှန်ကန်ကန်နဲ့ ဟောပြီးတော့သစ္စာနဲ့ ကတိသစ္စာနဲ့ မှန်သောအခါ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်ဆိုတော့ ဒီမေတ္တာရေတွေဟာ ရေတွေပါနော် ဦးဇင်းဘာမှမတက်ပါဘူး။ ဒါ ဘာလဲ။ သီလရဲ့တန်ခိုး ဘယ်သီလလဲအတွင်းသီလခေါ်တယ်၊ စိတ္တဝိသုဒ္ဓိ သီလခေါ်တယ်။ အပြင်သီလကသီလဝိသုဒ္ဓိခေါ်တယ်၊ စိတ္တဝိသုဒ္ဓိသီလခေါ်တယ်၊ အပြင်သီလကသီလဝိသုဒ္ဓိခေါ်တယ်။ သူ့ရဲ့အတွင်းက စိတ္တဝိသုဒ္ဓိ အဲဒါပဋိပတ္တိသွားတဲ့လိုင်းခေါ်တယ်။ ပဋိယတ္တိလိုင်းသွားတာက သီလဝိသုဒ္ဓိ ဒါတွေကို စင်စစ် စစ်ဆေးမယ်ဆိုရင် ဘာကိုမူတည်ပြီး စစ်ရလိမ့်မလဲ။ ကာယကံ၊ ဝစီကံ၊ မနောကံ ဒီ(၃)ကံပဲမို့ ဒီကံသုံးပါးကဘယ်သူကနေပြီးတော့ မနောကနေပြီးတော့ ခုနကပြောသလို မိစ္ဆာဒိဋ္ဌိဖြစ်အောင်လုပ်တာသူပဲ သမ္မာဒိဋ္ဌိဖြစ်အောင်လုပ်တာလဲသူပဲ ဒါ ကာယကံရှင်တွေသိတယ် ဒါအဲ့ဒီပုဂ္ဂိုလ်သိရပါလိမ့်မယ် ဘာဖြစ်လို့လဲ သူ့အပေါ်မူတည်တာကိုဗျ။ သူ့နှလုံးသားဖြစ်နေတာ၊ ဘေးပတ်ဝန်းကျင်က မသိဘူး။ မိစ္ဆာဒိဋ္ဌိ ဆိုတဲ့ လမ်းစဉ်တွေဟာ နှလုံးသားဟာ အကျိုးရှိတဲ့ဟာကို နှလုံးသွင်းရမယ် အကျိုးမရှိတဲ့ဟာကို နှလုံးမသွင်းရဘူး သီလဝိသုဒ္ဓိဆိုတာက (၇) ပါးကို ခေါ်ထားတယ်၊ ဒါပြောမှားဆိုမှားရှိရင် ခွင့်လွှတ်နော်။ စာမတတ်ဘူး။ ဘာမှစာမတတ်ပါဘူး။ ဒါ့ကိုယ့်ရဲ့ဒကာကြီးတွေ ဦးဇင်းလည်းပြန်ရမှာပဲ ဦးဇင်းလည်းဒိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားဆိုတာရှိပါတယ်။ ဒကာ၊ ဒကာမတွေလည်း နာနေတဲ့ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ ဒီဘဝကနေပြီးတော့ အနာဂတ်ကိုပြန်ရမယ်။ ဒီဘုံမှာ ပစ္စုန်ပန်ဘုံမှာကောင်းတဲ့ ထူးမြတ်တဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေနဲ့ ဂုဏ်ရှိရည်ဝက်၊ ဓနဉာဏ်တွေနဲ့ အဲဒီပုဂ္ဂိုလ်မျိုးတွေနဲ့ လေ့လာပါ သုံးသပ်ပါ။ စုံစမ်းပါ၊ မေးမြန်းပါ။ ပြောတိုင်း မယုံနဲ့အုံးနော်။ လေ့လာပါအုံး။ သုံးသပ်ပါအုံး။ ပြောတိုင်း ဦးပဏ္ဍိတပြောတိုင်းမယုံပါနဲ့။ ခုနက မိစ္ဆာဒိဋ္ဌိက နှလုံးသားကဖြစ်နေတာ အဲ့ဒီတော့ နှလုံးသားကဖြစ်နေတဲ့အခါမှာ ကလေးရေ၊ သမီးတို့သားတို့ အေး ဘုရားရှိခိုးကြ အဲ့ မင်္ဂလာ (၃၈)ဖြာသောဒီသက္ကာရရှိခိုးကြ ကောင်းသောနှလုံးသွင်းခြင်း၊ ဟိုဟာကမကောင်းသော နှလုံးသွင်းခြင်း။ အဲ့ အဲ ခုနကလို လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒေါသ အမျိုးမျိုး ဒါတွေဟာ သူ့အပေါ်မှာ မူတည်တယ်။ အဲဒါတွေကို အဖွဲ့အစွဲခေါ်ပါတယ်။ အဲဒါတွေက လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ဒါတွေခေါ်ပါတယ်။ အဲ့ဒီတော့ ဒါတွေကို နှလုံးသွင်းထားတဲ့အတွက်

ကြောင့် အယူများတယ်၊ အစွဲများတယ်။ အဲ့ဒီတော့ ခုနကပြောသလို သီလဝိသုဒ္ဓိဆိုတဲ့ဟာက ကာယကံ၊ ဝစီကံ၊ မနောကံ။ အဲ့ဒီတော့ ကာယကံ၊ ဝစီကံ၊ ကာယကံ (၃) ပါး၊ ဝစီကံ (၄) ပါး၊ (၇) ပါးကို သူကရှောင်ထားတယ်။ အဲ့ဒီလိုရှောင်ထားတဲ့အခါမှာ (၇) ပါး သူတော်ကောင်းမြတ်အောင် သမာဒိဋ္ဌိကို ယူပါတယ်။ အပြင်ကဟာတွေ ယူထားတယ်။ သူများအသက်မသတ်ပါဘူး။ သူများပစ္စည်းမခိုးပါဘူး။ သူများသားမယားမဖျက်ဆီးပါဘူး။ သေရည်သေရက်မသောက်ပါဘူး။ မဟုတ်မမှန်တဲ့ စကားမပြောပါဘူး။ အဲ့ဒီတော့ သူ့အပေါ်မှာ (၇) ချက်ကို သူကယူထားတယ်။ ဒါတွေကို သူမလုပ်ပါဘူး။ အဲ့ဒီတော့ အပြင်ဟာတွေကို မျက်စိတံခါး၊ နားတံခါး၊ နှာခေါင်းတံခါး၊ နေရာတံခါး၊ ကိုယ်တံခါး။ အဲ့ဒီတော့ ဒီငါးပါးနဲ့ မနောနဲ့ဟာ သမာဒိဋ္ဌိဖြစ်အောင် ဒီကယူတယ်။ မိစ္ဆာဒိဋ္ဌိ ဖြစ်အောင် ဒီကမယူဘူး။ ဒါဝိပဿနာလိုင်း။ ဟိုဟာက ပါဏာတိပါတာ၊ အာဒိန္နဒါန၊ ဟိုဟာက ပဋိပတ္တိလိုင်း။ အဲ့ဒီတော့ (၇) ပါးကို သူကထိန်းထားတယ်၊ ဒီကမနောထိန်းထားတယ်၊ အဲ့ဒီတော့ ဒီကဘာကိုလဲ စက္ခုအာရုံ၊ နားသောတအာရုံ၊ နှာခေါင်းနဲ့သာအာရုံ၊ ဇိဝှါအာရုံ၊ ကိုယ့်အာရုံ၊ အပြင်အာရုံ (၅) ပါးကို မနောနဲ့မပေါင်းဘူး။ အဲ့ဒီကော့ မပေါင်းဆိုရင် ဘာမှလည်းမခွဲဘူး။ ဟိုကစွဲတယ်။ ဘာတွေစွဲမလဲ ဟို (၇) ခုကိုတော့ သူထိန်းထားပြီးတော့ ဘာသူစွဲနိုင်မလဲ ဆိုရင် သူမှာ မနောမှာရှိတာထက် ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာ ဒါကို သူမထိန်းနိုင်ဘူး။ အနုသယကို ခုနက ဟာတော့ (၇) ခု ထိန်းထားတယ်။ မနောစိတ္တဝိသုဒ္ဓိဖြစ်အောင် သူမလုပ်ဘူး။ အဲ့ဒီကော့ စောစောက စိတ္တဝိသုဒ္ဓိဖြစ်တာက ဝိပဿနာလိုင်း စောစောကစာပေကျမ်းဂန်တွေနဲ့ သွားတာက ပါဏာတိပါတာ၊ အာဒိန္နဒါန၊ နစ္စဂီတ၊ ဝါဒိတ၊ ဝိသုတ၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန ဒါတွေထိန်းထားတယ်။ မနောကျတော့ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာ ဒီသုံးလုံးကိုမထိန်းဘူး။ ဗျာပါဒဆိုတာဘာလဲ၊ ဗျာပါဒဆိုတာ စိုးရိမ် ကြောင့်ကြတဲ့စိတ်။ အဲ့ဒီတော့ တွေးမယ်၊ တွေးပြီးရင်ဘာလုပ်မလဲ၊ တွေးပြီးရင်မှန်တယ်ထင်ပြီးကြံစည်တယ်။ ကြံစည်ပြီးရင်ဘာလုပ်မလဲ။ တွေးပြီးရင်မှန်တယ်ထင်ပြီးကြံစည်တယ်။ ကြံစည်ပြီးရင် နှစ်သက်မယ်။ ဒီအချက်သုံးခုကို ပေါင်းလိုက်မှ ကာယကံမြောက်တယ်။ ဒါခင်ဗျားတို့ စဉ်းစားပါ။ ခင်ဗျားတွေးမယ်လေ၊ တွေးမှာပေ့ါ။ အဲ့ဒါ ကာယကံရှင်သိလိမ့်မယ်။ ဒါကတော့ စိတ်ပိုင်းနဲ့ပတ်သက်တဲ့ လုပ်ငန်းတစ်ခုကို ပြောပြရတာ။ တွေးမယ် ကောင်းတာပဲတွေးတွေး၊ မကောင်းတာပဲတွေးတွေးသူတွေးမယ်။ တွေးပြီးရင် တွေးပြီးတဲ့ စိတ်ကနေပြီးတော့ ဘယ်ကိုတက်သွားလဲ၊ ကြံစည်တဲ့စိတ်။ အဲ့ဒီတော ကြံစည်တာဘယ်လိုလဲ၊ တွေးတယ်။ ဥပမာ ဦးဖင်းက စာမတတ်ဘူး။ ငါဗွီကြီးချမယ်ကွာ။ ငါအားကြီးရှက်တာပဲကွာ။ ငါအားကြီး ရှက်တာပဲ၊ သူတွေးတာ မိဘများတစ်ယောက်မှ မသိဘူး။ ဆွေမျိုးညာတကာတွေမသိဘူး။ သူငယ်ချင်းအပေါင်းသင်းတွေ မသိဘူး။ ငါဗွီကြီးချမယ်ကွာ။ ဒီညတော့ ငါချတော့မယ်ကွာ၊ မထူးတော့ပါဘူး။ အဲ့ဒါကို သူတွေးတာ၊ အတွေးမှားနေပြီ၊ ဒါမိစ္ဆာဒိဋ္ဌိဖြစ်သွားပြီ၊ စာအရဆို အတွေးမှားသွားပြီ။အဲ့ဒီတော့ တွေးပြီးရင် ဘာလုပ်လဲ၊ ကြံစည်တယ်။ ကြံစည်တော့ တာလဲကြိုးလိုက်ရှာတယ်။ ကြိုးကတော့ မလာဘူးဗျ။ အဲ့ဒီတော့ လျှောက်ရှာတာပဲ။ ကြိုးမရရင် ပုဆိုးဖြဲမယ်။ ဒါကြံစည်တာတွေပဲ။ အဲဒါ ကြံစည်တဲ့စိတ်ခေါ်တယ်။ အဲဒီလို ကြံစည်လို့ ကြံစည်ပြီးရင် သူရလာပြီ၊ အဲ့ဒီတော့ ရလာတော့မှ သူနှစ်သက်တာကို ဗျ။ သူ့အကြံအစည် အောင်မြင်တော့မှာကိုး။ အဲဒီ ကြိုးကြီးကိုလည်းပင်ချည်တယ်။ ငါ ဘယ်နေရာတော ဘယ်လိုလုပ်ရမလဲ၊ ဘယ်လိုနေရာတော့ ဘယ်လိုလုပ်တယ်။ ဘယ်လို သင့်တော်တယ်။ သူဟာသူသိတယ်ဗျ။လည်ပင်း ကြိုးချည်ပြီး ထုတ်ချည်ပြီး ထုတ်ချည်တာပဲဗျို့။ အဲဒါ ခုန်ချတာ နှစ်သက်တာပဲ။ ဆုံးဖြတ်တာ။ အဲ့ဒီအချက်သုံးချက်ကို ကာယကံမြောက်တယ်လို့ခေါ်တယ်နော်။ ဒါမနော၊ အဲဒါကာယကံ မြောက်တယ် ခေါ်တယ်။ ခုနက ဟာကမျက်စိမြင်တယ်။ မျက်စိမြင်တော့ ဟိုးရှေ့မှာ

ငါးတွေတွေ့တယ်။ ငါးတွေတွေ့တဲ့အခါမှာ ဒီငါးတွေတော့ မြင်ပြီကွတဲ့ ဟော အဲ့ဒီငါးကို မှတ်တာက သညာ။ မကောင်းတဲ့ ငါး လူမကြိုက်ဘူးဗျ။ မလိုက်ဘူး။ ဘာငါးလဲဆိုတော့ ငါးကြင်းတွေ၊ ငါးသိုင်းတွေ ဘာတွေ၊ ငါးဝဝလောက်တွေဟာ ငါးရဲ့နာမည် နံပတ်ကို ပညတ်နဲ့ ခေါ်သမုတ်ပေးလိုက်တာ။ အမှန်ကတော့ ပညတ်နော် ရုပ်ပညတ်၊ နာမ်ပညတ်၊ အဲ့ဒီတော့ ဦးဇင်းက စာမတတ်ဘူးနော် ဒီပညတ်ကို ခေါ်သမုတ်တယ် ငါးနာမည်က ငါးကြင်းတဲ့၊ ငါးသားလောက်တဲ့ ငါးဘတ်တဲ့ အမျိုးမျိုး ပေါ့ဗျာ။ ဒါနာမည်နံပတ်ပေးလိုက်တာ၊ ပညတ်ကိုခေါ်သမုတ်တာ။ ကိုယ်မှာရှိတာက သညာ။ ကျင့်တဲ့ ရေစာမရှိဘူး။ ကိုယ့်မှာကျင့်တဲ့ ရေစာမရှိတော့ ကိုယ့်ရဲ့ဗီဇမွေးတိုင်း ဖမွေးတိုင်း ပါလာတဲ့အသိ။ အဲဒါ သညာ၊ သညာကနေပြီးတော့ ဟိုမှာ မှတ်တာ၊ ဟာ ဒီ ငါးသိပ်ကောင်းတာပဲကွ၊ အကြိမ် (၃၀) လောက်ရှိပြီ၊ မျက်စိမြင်တာပေါ့၊ စက္ခုအာရုံကမြင်တာပေါ့၊ မြင်တဲ့အခါမှာမှတ်တယ်၊ သောမနဿဖြစ်တယ်။ သောမနဿဖြစ်ပြီး တုတ်ရှာတယ်။ နောက်တော့ သွားရိုက်တယ်။ အဲဒါတွေးကြည့်တယ်။ အဲဒါ ကာယကံမြောက်ခေါ်တယ်။ ဒါက ကစ်မျိုးနည်းနဲ့ ကာယကံမြောက်။ ဟိုက မနောထဲက ဖြစ်သွားတဲ့ ကာယကံမြောက်။ သိပ်အရေးကြီးပါတယ်။ သီလဟာ လွယ်မယောင်ယောင်နဲ့ သိပ်နက်နဲပါတယ်။ ဦးဇင်းကစာမတတ်ဘူး။ မျက်စိကတော့ မြင်တာပေါ့ဗျ။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ သဘာဝသစ္စာ၊ မရမတ္တသစ္စာ၊ အရိယာသစ္စာ၊ ဒါ ဘုရားဟောအရ၊ သမုဒိသစ္စာဆိုတာ အမြင်မှာ ကိုယ်ရဲ့ လင်မယားတွေ၊ ကိုယ့်ရဲ့သားသမီးတွေ ကျန်းကိုင်းမှ၊ ကိုင်းကျန်းမှ မင်္ဂလာ (၃၈)ဖြာနဲ့ စိတ်ချမ်းသာအောင် နေတယ်ဗျာ။ သားတို့ သမီးတို့ ဘုရားရှိခိုးကြရင်၊ အဘိုးအဘွားတွေကန်တော့ရင် ကန်တော့ကြပေါ့။ ညဘက် စားတာတွေ၊ သောက်တာတွေ သိပ်မစားကြနဲ့ပေါ့၊ တက်ပါစေ၊ ချိုးခြံတယ်၊ ပိုက်ဆံကို ဖြုန်းတတ်တာနဲ့ သုံးတတ်တာ ဒီနေရာမှာ အရေးကြီး ပါတယ်။ ဟိုဟာက ဖြုန်းတာ။ ပိုက်ဆံကိုဖြုန်းတာ။ သုံးတတ်ဖို့လိုတယ်။ ဟော ငရုတ်သီးတွေ၊ ကြက်သွန်တွေ မရှိပါလား။ ဟဲ့ ဆားလေးတွေမရှိပါလားဟဲ့။ ဆန်လေးတွေ မပြည့်စုံရင် ပြည့်စုံအောင် ဝယ်ထားမယ်ဟဲ့။ သမ္မာနဲ့အလုပ်လုပ်တယ်။ ဟို က မိစ္ဆာနဲ့အလုပ်လုပ်တယ်။ ဒါ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ ဒီလမ်းတော့ပြန်ရမှာပဲ၊ မလွတ်ပါဘူး။ ဘုန်းကြီးလည်းပြန် ရမှာပဲ၊ ဘုရင်လည်း မလွတ်ပါဘူး။ သတ္တဝါမှန်သမျှ ပြန်ရမှာပဲ။ သဗ္ဗေသင်္ခါရ အနိစ္စ၊ ကြည့်စမ်းဝမ်းနည်းဖို့ကောင်းလိုက်တာ ဗျာ။ မရှိရင်ရှာလို့ရတယ်။ မသိတာ အခက်အခဲဆုံးပဲ၊ ခုနက ပြောပြီးပြီမလား။ မနောက တွေးတယ်၊ အဲဒီတော့ ဥပမာပေါ့ဗျာ၊ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။ ဒီက စာနဲ့အသိနဲ့ပြောရတာကိုးဗျ။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။ ဒီက စာနဲ့အသိနဲ့ ပြောရတာကိုးဗျ။ စာကရေးထားတယ်။ စက္ခုအာရုံ၊ နားသောတအာရုံ။ ဟော စိတ်ပိုင်းကလာပြီး။ ကြားပြီဗျို့၊ ဦးဇင်းက ဦးဇင်းနာမည် ထည့်လိုက်ပါဗျာ။ မြမောင်ပေါ့ဗျာ။ မြမောင်ကို ကလော်ဆဲလိုက်တယ်။ နားကကြားတယ်၊ သိတယ်၊ သညာက မှတ်ပြီဗျို့၊ အဲ့ဒီတော့မှ ဒေါသဖြစ်တယ်။ သူပြန်ပြီးတော့ ဆဲတယ်။ မကောင်းတာကိုစွဲတာ။ အဲ့ဒါ မိစ္ဆာဒိဋ္ဌိခေါ်တယ်။ အဲ့ဒါ သီလပျက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လောဘ၊ ဒေါသ၊ ဖြစ်သွားတာကိုးဗျ။ သီလဆိုတာ လောဘ၊ ဒေါသ ခေါင်းပါးရမယ်၊ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ။ အဲ့ဒီတော့ သဘောလေးပြောရမယ်ဆိုရင် ဒါ ပြောမှားဆိုမှားရှိရင်ခွင့်လွှတ် ကျုပ်က စာမတတ်ဘူး။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ခေတ် ကာလနဲ့ဒီခေတ်နဲ့က ခေတ်ကို ပြန်ကြည့်ပေတော့၊ စာကတော့မူတွေရှိတယ်ဗျို့၊ လူတွေရဲ့ စိတ်တွေက အဲဒါ တွေးသာကြည့်ပေတော့။ ဘုရားကျင့်တဲ့ ကာလအချိန်မှာ သစ်ပင် တစ်ပင်စိုက်တယ်၊ ဗူးပင်တစ်ပင်စိုက်တယ်။ ဗူးသီးအများကြီးသီးတယ်။ ငရုတ်ပင် တစ်ပင်စိုက်တယ် အများကြီးသီးတယ်။ ဒီခေတ်မှာ မလွယ်ဘူးဗျို့၊ ဆေးပက်ရတယ်။ ကိုယ့်ဉာဏ်နဲ့ ကိုယ်သွားလုပ်တယ်၊ လူမိုးတယ်၊ တစ်ခေတ်၊ ခေတ်ကိုပြောတာ

ဘုရားခေတ်ကစာပဲ ပကတိ အခုထိရှိတယ်။ လူတွေရဲ့စိတ်တွေက မမှန်တော့၊ ဘာဖြစ်လို့မမှန်လဲ၊ ဒီခေတ်ကို ပြန်ကြည့်မယ်ဆိုရင် ဘောဂသံတ္တိခေတ် ဖြစ်နေတယ်။ ဘောဂပစ္စည်းက နိုင်ငံခြားက အမျိုးမျိုးဝင်လာကြတယ်။ အဲ့ဒီတော့မှ ထီးကောက်တို့ ရေဒီယိုတို့၊ ကက်ဆက်တို့ အမျိုးမျိုးပေါ့ဗျာ။ ဘုန်းကြီးက စာတော့ မတတ်ဘူးဗျို့။ အဲ့ဒါကို လိုချင်တယ်မက်မောပြီးတော့ အတ္တတွေဖြစ်နေတယ်။ အတ္တဆိုတာ အစွဲပေါ့ဗျာ။ ကိုယ့်ပိုက်ဆံရှိတာပဲ ကိုယ်ဝတ်လို့ရပါတယ်။ ဒါသဘောပြောတာ။ ဘာလုပ်လုပ် ရပါတယ်။ ဒါကိုယ့်ရှိတာကိုဗျ။ တရားသစ္စာရဲ့အကြောင်း ဟောပြောရတာ။ ဒါတွေဝယ်တယ်၊ ဒါတွေလုပ်တယ်။ အဲဒါတွေဟာ ဘောဂသံပတ္တိပစ္စည်းတွေ အခြေရုံတွေ အများကြီး သူရှိလာတယ်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးခေတ်ကာလက ဒါမျိုးတွေ မရှိပါဘူးဗျာ။ လူအိုးကြီးတွေလည်း ပြန်ကြည့်ပါဗျာ။ ဘုရားကဘယ်မှာပွင့်တယ်၊ ဒါဇမာပြည်၊ ဇမာပြည်ကို ဦးဖင်း ပြောရမယ်ဆိုရင် ဦးဖင်းကစာမတတ်ဘူး။ မပြောတော့ မပြောသေးဘူးပေါ့ဗျာ။ ဒါ့ကြောင့် ဘုရားဟာ ဘာကြောင့် အိန္ဒိယမှာပွင့်လဲ ဘလိကနဲ့သဗ်သသည်နောင် နှစ်ပါးကို ရက္ခစိုးကပြောတာ။ ဒါမှ သူတို့သိတာ။ ဟော့ မင်းတို့ ဘယ်ကလာသလဲ၊ ကျွန်တော်တို့ ပုဂံပြည်ကလာတဲ့ကုန်သည် ညီနောင်ပါဘုရားတဲ့၊ အေး ဘုရားပွင့်နေပြီကွတဲ့၊ အခုသွားကြလို့သူလွှတ်ပါတယ်။ ရက္ခစိုးနတ် သူတော်ကောင်းကြီးတွေက လွှတ်တာပါ။ အသေအချာပါ။ ရက္ခစိုး၊ နတ်၊ တောင်ပိုင်၊ ကွင်းပိုင်၊ သရဲ၊ တစ္ဆေ ရှိတယ်။ ခင်ဗျားတို့ မမြင်လို့၊ သူခေါ်တာပဲ။ သရဲတဲ့၊ တစ္ဆေတဲ့၊ သဘက်တဲ့၊ နတ်တဲ့၊ သိကြားတဲ့၊ ဗြဟ္မာတဲ့ ရှိတယ်။ ဒါထုတ်ပြပါဆိုလို့တော့ ဘယ်လိုလုပ် ထုတ်ပြမှာလဲ။ အဲ့ဒီတော့ ပညက်တရားနဲ့ ပရမတ်တရားရှိတယ်။ မရမတ်တရား ထုတ်ပြပါဆိုလို့တော့ ဘယ်လိုလုပ်ထုတ်ပြမှာလဲ။ ဒါနလုံးသားကိုးဗျ။ စောစောက ဖြစ်ပေါ်နေတဲ့ မိစ္ဆာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဆိုတာ နလုံးသားကဖြစ်ပေါ်နေတာ။ အဲဒီတော့ စောစောက ဦးမြမောင်ကြီးဆိုပြီးတော့ဟိုကဆဲလိုက်တယ်။ ကြားတော့ တစ်ခါတည်း ဒေါသဖြစ်တယ်။ ဒါသီလပျက်တယ်၊ အဲ့ဒီတော့ စောစောက ဒီသီလတွေဟာ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ ဒီခေတ်ကာလမှာ စိတ်ကိုထိန်းရတော့မယ်။ အဲ့ဒီတော့ ဒီသီလဝိသုဒ္ဓိ အပြင်သီလကို ယူထားရင် စိတ်မချရဘူး။ မမှန်ဘူး မပြောဘူး။ မှန်တော့ စိတ်မချရဘူး။ လုပ်မဲ့လုပ် အတွင်းသီလကို ထိန်းကြောင်းကြပါ။ အတွင်းသီလမှာခြော် အေးအေး ငါ့ကိုဆဲပါလား။ ဆဲတယ်၊ မဆဲတယ်ဆိုတာပြောပြမယ်။ ဘုရားက သဗ္ဗေသင်္ခါရ အနိစ္စ။ ဘုရားဟောပြီ။ သင်္ခါရအနိစ္စဆိုတာ ဘာလဲ။ ခြော် ငါ့မျက်စိနဲ့ မြင်တာဟာ မမြဲပါလား။ ကြားတာဟာ မမြဲတာဟာ အနိစ္စပါလား။ နံတာလား မမြဲတာ အနိစ္စပါလား။ အဲဒါ အနတ္တတရားခေါ်တယ်ဗျ။ အနတ္တစိတ် ခေါ်တယ်၊ မြင်တာကို သွားစွဲရင် အတ္တစိတ်ခေါ်တယ်။ အတ္တစိတ်မှာ ပြန်ခွဲပေးလိုက်မယ်။ သမ္မာဒိဋ္ဌိ ကောင်းသောမြင်ခြင်း၊ မကောင်းတာကိုမြင်တာ မိစ္ဆာဒိဋ္ဌိဗျ။ အဲ့ဒါ သံသရာသွားပြီပေါ့ဗျာ။ စာကရေးထားပါတယ်။ သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ မြင်လိုက်တယ်။ ဥပမာပေါ့ဗျာ။ ဦးမြမောင်ရဲ့သမီးကို လူတစ်ယောက်က ဖက်နမ်းတယ်၊ ခြော် မမြဲပါလားဆိုတော့ အနတ္တဖြစ်သွားပြီ၊ မြဲပါတယ်ဆိုတော့ သွားပြီတော့ ဦးမြမောင် ဓားနဲ့ခုတ်တော့မယ်။ သမီးကိုထိတော့ စွဲတာကိုဗျ။ အကြောင်းသတ်တရားကိုးဗျ။ အကြောင်းမသတ်တော့ ကိုယ့်သီလပျက်သွားတယ်။ ခြော် ငါ့သမီးလေး ဟာ ဘဝက ကုသိုလ်ကံတရားတွေပဲ။ ဘဝဝဋ်၊ ကာမဝဋ်၊ ဝိပါကဝဋ်၊ ခြော် လူတစ်ယောက်ရဲ့ ကံတွေပါလား။ သတ္တဝါတစ်ခု ကံတစ်ခုပဲ။ အင်း မလုပ်ပါနဲ့ ဗျာ။ ကျွန်တော်သမီးလေးပါဗျာ။ မလုပ်ပါနဲ့ဗျာ။ ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ ဒါသမ္မာဒိဋ္ဌိ၊ မြင်လိုက်တယ် ဆိုကတည်းက တုတ်စွဲ၊ ဓားစွဲ ရိုက်ချင်ပြီ၊ အဲ့ဒါ မိစ္ဆာဒိဋ္ဌိစိတ်။ အဲ့ဒါအပ္ပာယ်ကို သွားမဲ့စိတ်တွေ။ အဲ့ဒီတော့ ဒီအာရုံခြောက်ပါးပေါ်မှာ ဖြစ်နေကြတာပဲဗျို့။ အဲဒီတော့ ဒီအာရုံခြောက်ပါးဟာ ဘယ်လိုဖြစ်သလဲ။ ကာယကံ ဝစီကံ၊ မနောကံ ဒီအနုသယယာ

ကာယနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ၊ ဘဝင်စိတ်နုပဿနာ ကာယကံရှင်ပဲသိတယ်၊ ဒါတွေ ပြန်ရမှာ။ ချက်ချင်း ဝေနေယျ ဒီအကျိုးပေးပါတယ်၊ ဒီသီလတွေကို စိတ္တဝိသုဒ္ဓိကို ထိန်းကျောင်းရင် သီလဟာအင်မတန် မွန်မြတ်ပါတယ်၊ ဟောဒီဘဝမှာ ခင်ဗျားရဲ့ နှလုံးသားရဲ့စိတ်ကို ခင်ဗျားထိန်းထားတယ်။ ခြောက် မြင်တာသီလ၊ ကြားတာသီလ၊ နံ့တာသီလ၊ စားတာသီလ၊ ဘုရားကရေးထားတာ။ အဲ့ဒါ ဘုရားရေးတဲ့တရားသီလ။ မြန်မာလို မိမိရဲ့စိတ်က လောဘ၊ ဒေါသ၊ ခေါင်းပါးရမယ်။ မိစ္ဆာဒိဋ္ဌိ လောဘ၊ မိစ္ဆာဒိဋ္ဌိ ဒေါသ မလုပ်ရဘူး။ သမ္မာအယူကိုယူ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမာအာဇီဝ သူလည်း တင့်တယ်။ ကိုယ်လည်း တင့်တယ်တယ်။ သူလည်း အကျိုးရှိတယ်။ ကိုယ်လည်းအကျိုးရှိတယ်။ အခုတော့ မလုပ်နဲ့။ ဆန်တစ်တင်း ဝယ်လာကယ်၊ ခင်ဗျားတို့ ဆန်တစ်အိတ် ဝယ်လာတယ်၊ ဆန်ကွဲက ၄ ပြည်လောက်ထိုးတယ်၊ ဒါဟာ စားတော့ အများ ခံတော့တစ်ယောက်တည်း။ သိကြားမင်းသိတယ်၊ ဗြဟ္မာမင်းသိတယ်။ ကိုယ်စောင့်နတ်သိတယ်။ သူက စိတ်ကိုသိထားတယ်။ ဒါကြောင့် ဒကာ၊ ဒကာမများ တွေးနေတဲ့စိတ်တွေးချင်တာတွေးပါ။ ခင်ဗျားတွေးစမ်းပါ။ ခင်ဗျားတွေးတဲ့စိတ် ဘေးပတ်ဝန်းကျင်က သိပါ့မလား။ ဒီကပြန်မေးတယ်။ မသိပါဘူး။ မသိတဲ့လူကများတယ်ဗျ။ သိတဲ့လူက ရှိတော့ရှိတယ် မပြောဘူး။ ဒါစိတ်ပိုင်း။ စိတ္တဝိသုဒ္ဓိခေါ်တယ်၊ ဒါဝိပဿနာလိုင်းခေါ်တယ်။ ဒါကြောင့်မို့လို သမုဒ္ဒိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာ။ ဥပမာ ဦးပဏ္ဍိတကို ဒကာမတစ်ယောက်က လာလှူတယ်။ အရှင်ဘုရားကို ကထိန်သင်္ကန်းကြီးကပ်ပါတယ်ဘုရားတဲ့၊ ငွေကလည်းခြောက်ထောင်ပေးပါတယ်ဘုရားတဲ့၊ ယူတဲ့ဘုရား။ ဟာ ဘုန်းကြီးက မျက်စိဖွင့်ကြည့်တယ်။ မျက်စိဖွင့်ကြည့်တော့ ဒကာမက ဘာသိမလဲဗျ။ ဘုန်းကြီးက မျက်စိဖွင့်ကြည့်လိုက်တော့ သောမနက ဖြစ်ကယ်။ သင်္ကန်းတောင်မှ စီပိုင်စီကွတဲ့။ ဟာ သူဖြစ်ကုန်ပြီ၊ မြင်တော့ သိတယ်။ နှလုံးသားက သောမနဿဖြစ်တယ်။ အဲ့ဒါ ဘာလဲ ကံဘုန်းကြီးခေါ်တယ်။ ဦးပဏ္ဍိတ ဒကာမကြီးက သောတပန် ဖြစ်နေပြီ၊ သောတပန် စစ်နေပြီ၊ အထင်လည်း မသေးနဲ့၊ အထင်လည်းမကြီးနဲ့၊ သူကသောတပန်၊ အဲ့ဒီ ဦးပဏ္ဍိတက သောတပန်မဖြစ်သေးဘူး။ အကြောင်းရှာရင်တော့ တွေ့ကြပြီပေါ့ဗျာ။ ဒါကြောင့် ဘုန်းကြီးလည်း လူပေါ့ဗျာ။ ဗမာလို ပြန်ရင် လူပါပဲ၊ လူတို့သူလည်းအကျင့်တရားတွေ မွန်မွန်မြတ်မြတ်နဲ့ သူလည်းနှလုံးသွင်းပြီးတော့ ကျင့်တာပဲဗျ။ သူ့အပေါ် မူတည်တာပဲ၊ မှန်တယ် မမှန်တယ်။ သိကြားမင်းသိတယ်၊ လူကတော့ ဘယ်သိမလဲပေါ့ဗျာ။ လူဟာ သနားဖို့သိပ်ကောင်းပါတယ်ဗျာ။ ဒါကြောင့်မို့လို စောစောက ဒကာမက သောတပန်ဖြစ်တယ်၊ ဦးပဏ္ဍိတက ကံကိုသင်္ကန်းတွေ သွားစွဲတယ်။ သောမနဿ မျက်စိမြင်တော့ မနောလေးက ဝမ်းသာတယ်။ အဲ့ဒါစွဲတာကံခေါ်တယ်။ အဲ့ဒါကံပဲ။ အဲ့ဒီစွဲရင် ဒုက္ခသစ္စာခေါ်တယ်။ အဲ့ဒါ ကံခေါ်တယ်။ အဲ့ဒါပြီးရောပေါ့ဗျာ၊ ဒကာမကြီးက သောတပန်ဖြစ်တယ်။ အဲဒီဦးပဏ္ဍိတက သောတပန်မဖြစ်သေးဘူး။ ဝတ္ထုကာမ နှင့် ကိုယ့်မှာရှိတာက ကိလေသာကာမ နှင့် ယှဉ်တွဲ သုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယာမကြိုက်ဘူး။ ကိုယ့်စိတ်ကိုယ်စစ်လိုက်တဲ့။ ဒါပဲ စောစောက ရေးထားတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ အဲ့ဒီတော့ ဒီကံတွေကို သမ္မာဒိဋ္ဌိနဲ့ ထိန်းထားတယ်၊ မိစ္ဆာဒိဋ္ဌိကို မလုပ်ပါဘူးဗျာ။ မိစ္ဆာဒိဋ္ဌိဆိုတာ ခုနသိပါပြီ၊ မိစ္ဆာဒိဋ္ဌိဆိုတာ အရက်သောက်တယ်။ ဖဲရိုက်တယ်၊ သမ္မာဒိဋ္ဌိက ဘာမှ မလုပ်ဘူး။ ကောင်းတဲ့ဟာပဲလုပ်တယ်၊ ကောင်းတာလေးကို တင့်တင့်တယ်တယ် ဝတ်တယ်၊ တင့်တင့်တယ်တယ် သွားဝယ်၊ ဒကာ၊ ဒကာမများကြည်ညို လေးစားအောင်၊ တင့်တယ်အောင် နေတယ်။ မနောကမှန်တယ်၊ မမှန်တယ်တော့ သူ့အပေါ်မူတည်တယ်။ မလုပ်နဲ့ဗျ ကဝုံးလည်းပဲ ဟိုးအောက်ရောက်နေတာ တစ်ပုံကြီးပဲ။ ခုနကပြောပြီးပြီမလား ဒကာမကြီးက

သောတပန်တည်နေပြီ။ မျက်စိမြင်တယ်၊ နားကြားတယ်။ အဲ့ဒါ သွားစွဲတော့ ကံဖြစ်နေပြီ။ ကတုံးလည်း လူပဲဗျ။ မှတ်ထား တရားဟာ ပုတ်ရင်ပေါ်တယ်၊ ဟုတ်ရင် ကျော်တယ်။ မှန်ရင် စင်တော်က ကောက်တယ်။ ဝါတော့ မရှိဘူး။ ဦးပဏ္ဍိတဟာ အစက မကောင်းတဲ့သူပါ။ မကောင်းပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သိမှမသိဘဲကို၊ သူခိုးမယ်၊ လိမ့်မယ်၊ ညာမယ်။ အဲ့ဒီဗိုလ် ထဲမှာ ဆရာကြီး ဦးချစ်အေး ဒလဝမ်ပါဗျာ။ အဲ့ဒီ ဒလဝမ်လေး စောင့်တာကို ကောင်းကောင်းမစောင့်ဘူး။ မီးချောင်းထဲက ခြုပ်ကို ခိုးသေးတယ်။ ဒါဟာ အဒိန္နဒါနာ။ သမ္မာဒိဋ္ဌိ မဟုတ်ပါဘူး။ မိစ္ဆာဒိဋ္ဌိပါ။ အဲဒီမိစ္ဆာဒိဋ္ဌိကို ယူတာဒါသဘောကို ပြန်ပြော ပြရတာ။ ဒီလိုလုပ်လာတဲ့လူဟာ အဲဒါဘာလဲ မိစ္ဆာဒိဋ္ဌိကိုလုပ်လာတာ။ သမာဒိဋ္ဌိဆိုတာ လှူမယ်တဲ့၊ တန်းတယ်တဲ့ လူကြီးကို ရှိသေတယ်၊ လူငယ်ကို လေးစားတယ်။ ဒါသမ္မာဒိဋ္ဌိ။ ခုနက မကောင်းတာကို ကြံမယ်၊ အရက်သောက်မယ်၊ ဖဲရိုက်မယ်၊ မကောင်းတာကိုကြံမယ်၊ အရက်သောက်မယ်၊ ဖဲရိုက်မယ်၊ မကောင်းတာတွေ တွေးမယ်၊ မကောင်းတာတွေကြံမယ် ဒါမိစ္ဆာဒိဋ္ဌိ၊ ဒါဟာအပွါယ်သွားတော့မယ်။ အဲ့ဒီတော့ ဘာမှနားမလည်ဘူး။ စာလည်း မတတ်၊ ပေလည်းမတတ်။ ရဲအဖွဲ့မှာ အလုပ်လုပ် ပါတယ်။ ရဲအဖွဲ့မှာ အလုပ်လုပ်တော့ ကိုယ်ကစာမတတ်ဘူး။ အဲ့ဒီက စားရေးကတော့ စာတတ်တာပေါ့ဗျာ။ ဟာ သူကနိုင် တော့တာပဲဗျာ။ နိုင်တော့ ရဲသားလေးကလေအေးကွာ ကောင်းပါတယ်။ ညနေ ၄ နာရီခွဲလေးရှိသေးတယ်။ အထွေထွေ ဘယ်နေရာစောင့်လိုက် ဘယ်နေရာစောင့်လိုက် ဟုတ်ကဲ့ဗျာ ဟုတ်ကဲ့ဗျာ။ ကိုယ့်မှာစာမတတ်တော့ စာတတ်တဲ့လူက နိုင် တယ်ဗိုျ။ ခင်ဗျားတို့ ပညာနဲ့သာ သဘောလေးကောက်ပေတော့။ စောစောက စာမတတ်တဲ့သူက ဟုတ်ကဲ့ဗျာ၊ ဟုတ်ကဲ့ဗျာ။ ခုနက စားရေးက မင်းဘာလုပ်လိုက်၊ ညာလုပ်လိုက်။ လုပ်လည်းလုပ်ရသေးတယ်။ အမန်လည်းခံရသေးတယ်။ ဒါကြောင့် မို့လို ကောင်းပါတယ်ဗျာ ကောင်းပါတယ် ကောင်းပါတယ်။ ကိုယ်က စာမှမတတ်တာ။ အဲ့ဒီတော့ ခိုးတယ်၊ လိမ်တယ်။ ဒါတွေဟာ မိစ္ဆာဒိဋ္ဌိ။ စိတ်တွေ မကောင်းတဲ့ အယူတွေ၊ မကောင်းတာတွေ နှလုံးသွင်းပြီး မကောင်းတာတွေ သွားစွဲတာ။ တန်းဖြုတ်တာပေါ့ဗျ။ တွေးတာပေါ့ဗျ။ တွေးတော့ မီးချောင်းထဲက ခြပ်တက်ယူတာ။ အဲ့ဒါရမှ ပိုက်ဆံရမှာ ပိုက်ဆံရမှ ဖဲရိုက်လို့ ရမယ်ဗျ။ အဲ့ဒီတော့ ဒါတွေလုပ်ခဲ့ပါတယ်ဗျာ။ ဦးဇင်းကြီးမှားခဲ့ပါတယ်။ ခင်ဗျားတို့ မလုပ်ကြပါနဲ့လို့ ဦးဇင်းက မေတ္တာရပ်ခံပါ တယ်။ ဒါတရားပါ။ ဒါကို ခန္ဓာကသိလို့ ပြန်ပြောပြရတာပါ။ စာတတ်တာမဟုတ်ပါဘူး။ ခင်ဗျားတို့လည်း ပြန်ရမယ်။ ဘုရားကရေးတယ်။ အိမ်သူအိမ်သား ၁၀ ယောက်ရှိတယ်။ ၁၀ ယောက်ရှိတဲ့အခါမှာ ဟိုလူကြီးက ဦးဇင်းကို ပြောတယ်။ စာမှမတတ်တာကိုဗျ။ ဘုရားရဲ့လမ်းကို ဘုရားရဲစာကို နားမထောင်ရင် မဂ်ထားဖိုလ်ထားတယ်တဲ့။ ဘုရားရဲ့စာအရ၊ ဘုရားဟောအရ၊ ဘုရားရဲ့ဆုံးမတော်အရ စာပေကျမ်းဂန်ကို မလိုက်ရင် မဂ်တားဖိုလ်ထားတယ်တဲ့။ လူတစ်ယောက်က ဦးဇင်းကို ပြောတယ်။ ဒါဖြင့် ဒကာကြီးလာဦး။ ဘုရားစာတော့ ဦးဇင်းမတက်ဘူး။ မဆိုတတ်ဘူး။ ခင်ဗျားက စာအုပ်ထဲမှာ ဘုရားရဲ့ ဟောကြားချက်အရ ဘုရားဟောတဲ့အယူဝါဒကို ခင်ဗျားကမလိုက်ရင် မဂ်ထားဖိုလ်ထားတယ်တဲ့၊ ဒါဖြင့် ဒကာကြီး လာဗျာ။ အဲဒီတော့ ဦးဇင်းကမေးရော။ ခင်ဗျား အိမ်မှာလို ဥပမာဗျာလို့ ခင်ဗျားအိမ်မှာ သားသမီး ၈ ယောက်ရှိတယ်ဗျာ။ အဲ့ဒီ ခင်ဗျားသားသမီး၈ယောက်က ခင်ဗျားစိတ်နဲ့ ခင်ဗျားသားသမီးစိတ်တွေနဲ့ တူနိုင်ပါမလားလို့၊ ဒီလိုမေးပြီ။ တချို့တော့ တူမယ်ဘုရားတဲ့၊ တချို့တော့ မတူဘူး။ စိတ်တူတဲ့ သူသာရမယ်ဗိုျ။ မတူတဲ့သူတော့ ဘာရမလဲ။ အဲ့ဒါ သူ့သဘောပေါက်သွား တယ်။ သက်နိုးလာကပ်တယ်။ စိတ်ပဲဗျ။ ဒီက စိတ်ဟောတာ။ စာမှ မတတ်တာကိုးဗျ။ ခုနက သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ ဒါစာ ဗမာလို အသိနဲ့ ပြောရင် မကောင်းတာတွေ လျှောက်တွေးတယ်၊ မကောင်းတာတွေကြံစည်တယ်၊ မကောင်းတာတွေ နှစ်သက်

တယ်။ ဒါတွေဟာ နှလုံးသွင်းတာ မှားနေတယ်။ အဲဒါဟာ မိစ္ဆာဒိဋ္ဌိပဲ။ နှလုံးသွင်းတာမှန်နေရင် သမ္မာဒိဋ္ဌိ၊ ခင်ဗျားစိတ် ခင်ဗျားစစ်။ အဲဒါဘာလဲ စိတ္တဝိသုဒ္ဓိခေါ်တယ်။ ခုနကပြောသလိုပေါ့ ဒီသီလကို ကြိုးစားမှ ဒီသီလတွေရမှ အပျှယ်လေးတံခါး ပိတ်မယ်၊ ဒီသီလတွေဟာ အင်မတန်အရေးကြီးပါတယ်။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ့်ထက်တန်းတူကိုကြင်နာပါ၊ ကိုယ့်အောက်ကလူကို သီးခံပါ။ ကိုယ်ကျင့်တရား။ ဖြဟ္မစိုတရား၊ သံဝေဂတရား။ ဒါမျိုးက ရင်ဝမှာ မာန်ရှိတယ်၊ မာန်ဆိုတာ ရှိတယ်၊ ကြားတာနဲ့ စိတ်ပြောင်းတယ်။ မြင်တာနဲ့ စိတ်ပြောင်းတယ်။ နံတာနဲ့စိတ်ပြောင်းတယ်၊ စားတာနဲ့ စိတ်ပြောင်းတယ်။ ထိတာနဲ့စိတ်ပြောင်းတယ်။ စိတ်ကိုပြောတာ။ သောမနဿစိတ်၊ ဒေါမနဿစိတ်ဝမ်းမြောက်တဲ့စိတ်၊ ဒေါသဖြစ်တဲ့စိတ်။ ဒေါသ ဖြစ်ရင် သီလပျက်တယ်။ ဘုရားက သီလရေးတယ်၊ ခင်ဗျားစိတ်ကို ခင်ဗျားထိန်း။ ခင်ဗျားစိတ်က လောဘ၊ ဒေါသ ခေါင်းပါးရမယ်။ အဲ့ဒီတော့ လောဘ၊ ဒေါသဆိုတာ ဘယ်လိုလဲ။ ခင်ဗျားစက်ဘီးလေးထောင်ထားတယ်။ စက်ဘီးလေးရဲ့ တန်ဖိုးက ကစ်သောင်းကျော်လောက် တန်တယ်။ ကျကျနန ပစ္စည်းကို ရှိရှိသေသေစီးတာ အဲဒီပုဂ္ဂိုလ်က။ စက်ဘီးကို ထောင်ထားတာ လူတစ်ယောက်က ကိုယ်က လုလားထိုင် ကနေပြီး စက်ဘီးကို ခြေထောက်နဲ့ တွန်းလိုက်တာ မြင်တော့ သိတာပေါ့ဗျ။ အဲဒီစက်ဘီးကို သွားစွဲတာကတဏှာ။ အဲ့ဒီ တဏှာကြောင့် ဒေါသဖြစ်တာ။ အယူမှား အစွဲမှားတာလား။ အဲဒါမိစ္ဆာဒိဋ္ဌိခေါ်တယ်။ အသေချာ အရေးကြီးပါတယ်။ သီလ လွယ်တယ်မထင်ပါနဲ့၊ ဘုရားရဲ့ခေတ်ကာလ သီလအခုခေတ်ရဲ့ သီလနဲ့ အခုခေတ်က ဘောဂသံပတ္တိခေတ်။ အသုံးဆောင်တွေ အများကြီးပေါ့ဗျာ။ ထီးကောက်တွေ တစ်ရာတန်၊ နှစ်ရာတန်၊ ကိုးရာတန်၊ ထိုင်ဝမ်၊ အင်္ဂလန်နိုင်ငံတွေကို သွားချင်လိုက်တာသူတို့တွေ။ အဲ့ဒီတော့ ဘဝင်ကမြဲနေတယ်။ ကိုယ့်တိုင်းပြည် ထဲ ကိုယ်နေပေ့ါဗျ။ ကိုယ့်ဟာလေး ကိုယ်လုပ်စားပေ့ါဗျ။ ဒီမှာက အင်မတန်ကောင်းပါတယ်ဗျာ။ ဟိုရောက်တော့ ပြန်ရမှာလဲ ခက်နေတယ်။ သွားချင်တော့လည်းသူတို့ပဲ။ ပြန်ချင်တော့လည်း သူတို့ပဲ။ ဒီစိတ်တွေပဲနော်။ တရားဟာ ကိုယ်မှာရှိတယ်။ ခုနက သွားစွဲရင် ဒုက္ခသစ္စာ၊ ဘုရားကဟောထားတယ်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဒါဘုရားဟော အရ။ ခင်ဗျားက သွားစွဲရင်ကောင်းတာပဲ စွဲစွဲ၊ မကောင်းတာပဲ စွဲစွဲ အဲဒါ ဒုက္ခသစ္စာပဲ။ အဲဒါလည်းပြန်ပြီး သံသရာ။ အပျှယ်ကျတယ် မပြောကူးနော်။ နတ်ပြည်ရောက်ရင် နတ်ပြည်ကနေပြီးတော့ သက်တမ်းကုန်ရင် ပြန်ဆင်းမယ်၊ ဗြဟ္မာဘုံကို ရောက်ရင် ဗြဟ္မာဘုံကနေပြီးတော့ သက်တမ်းကုန်ရင် ပြန်ဆင်းမယ်။ ခင်ဗျားကံပဲဗျ။ သဘောပေးပဲ။ အဲ့ဒီတော့ ဒီသုံးဆယ့် တစ်ဘုံရဲ့ထွက်ရာထွက်ကြောင်းကို ရှာရမယ်။ ကံမာသဝ၊ ဒိဋ္ဌသဝ၊ အဝိဇ္ဇာသဝ ဝိဇ္ဇာ ဒါဘုရားဟောထားတာ။ ကိုယ်ကသိရမယ်၊ သိမှပယ်မယ်၊ ပယ်မှဆိုက်မယ်၊ ဆိုက်မှပွားမယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား။ အဲ့ဒီတော့ ကိုယ်ကမသိဘူး၊ မသိတော့ ခက်တာပေ့ါဗျ။ တရားဟာကိုယ်မှာရှိတယ်။ အနိစ္စဟာ ကိုယ်မှာရှိတယ်။ ဒုက္ခဟာ ကိုယ်မှာရှိတယ်။ အနတ္တဟာကိုယ်မှာရှိတယ်။ ဒုက္ခဟာ ကိုယ်မှာရှိတယ်။ အနတ္တဟာ ကိုယ်မှာရှိတယ်။ သီလဟာ ကိုယ်မှာရှိတယ်။ သမ္မာဒိဋ္ဌိဟာကိုယ်မှာရှိတယ်။ ပညာကိုယ်မှာရှိတယ်၊ ဂန္ထီရဉာဏ်၊ ဇဝနဉာဏ် ကိုယ်မှာရှိတယ်။ စကျွဲဥဒပါဒိ၊ အာသဝေါဥဒပါဒိ၊ ဉာနဥဒပါဒိ အဲ့ဒါလောကုတ္တရာဉာဏ်။ အဲဒီဉာဏ်ရရင် ဘုံသုံးပါးမြင်လိမ့်မယ်၊ အဲ့ဒီဉာဏ်ရရင် ခင်ဗျားသဘောပေးပဲ၊ ဦးဇင်းသစ္စာနဲ့ဆိုထားပါတယ်၊ ဝိသာခကျောင်းအမကြီးကိုကြည့်၊ သူ့ဘာလဲဆိုတာ ခင်ဗျားတို့ စာအတတ်တွေပဲ။ လင်ယူတယ်၊ သဘာဝတရားကို မပယ်နိုင်ဘူး။ ဒီသဘာဝတရားဟာ ဘိုးစဉ် ဘောင်ဆက် ဘီလက်ထက်က ဘုရားမပွင့်ခင် ကတည်းကရှိတဲ့ သဘာဝတရား။ ဦးဇင်းရဲ့ အမေလည်း လင်ယူရမှာပဲဗျ။ ဒါသဘာဝတရား။ ပယ်လို့မရဘူး။ အဲ့ဒီသဘာဝတရားကို သဘောပေါက်ရမယ်။ သမ္မာဒိဋ္ဌိနဲ့ သုံးရမယ်။ မိစ္ဆာဒိဋ္ဌိနဲ့

သုံးထားတယ်။ သဘာဝတရားကို။ ငါ့မယားပဲကွ ငါပိုင်တာပဲကွ။ ဟာ ဝမ်းထဲမှာ တစ်မျိုးထားတယ်။ အပြင်မှာကတော့ တစ်မျိုးပေါ့ သွားပြီ။ ဒါကြောင့်မို့လို သမုဒိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာလို့ဘုရားကဟောထားတယ်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောသစ္စာ၊ မဂ္ဂသစ္စာ ဒါ ဘုရားဟောတာ။ ဒုက္ခသစ္စာဆိုတာ သွားစွဲရင်ဒုက္ခပဲ။ ခင်ဗျားစိတ်က သွားစွဲရင် ဒုက္ခပဲ၊ ဒါနေစရာ မရှိတော့ဘူး။ ဒါသစ္စာလေးပါးကို ဟောတာ။ ဒါသဘောကို ပြောတာနော်။ သွားစွဲရင် ဒုက္ခသစ္စာ။ သမ္မာဒိဋ္ဌိစွဲစွဲ၊ မိစ္ဆာဒိဋ္ဌိ စွဲစွဲ စွဲရင် သံသရာလည်မှာပဲ။ ဒီအဆင့်က တော်တော်မြင့်သွားပြီ၊ ဒီအဆင့်ဆိုရင်တော့ ဒကာကြီးတော့ သဘောပေါက်ပါတယ်။ သူမစွဲဘူး။ မစွဲတဲ့ပုဂ္ဂိုလ် တိုင်းပြည်မှာရှိတယ်။ ဘယ်လိုပုဂ္ဂိုလ်လဲ။ စာအရဆို နိရောဓပုဂ္ဂိုလ်ပေါ့ဗျာ။ အဲ့ဒါမစွဲဘူးဗျ။ ဒုက္ခသစ္စာ၊ သမုဒိယသစ္စာ၊ နိယောဓသစ္စာ အဲ့ဒီပုဂ္ဂို ုလ်က မစွဲဘူး။ အာရုံခြောက်ပါး မြင်တာမတ်တပ်၊ ကြားတာ မတ်တပ်၊ စားတာ မတ်တပ်၊ နံ့တာမတ်တပ်၊ ထိတာမတ်တပ် သူမစွဲတော့ဘူး။ ကံပြတ်သွားပြီ၊ အဲ့ဒီပုဂ္ဂိုလ်ဟာ အေးသွားတာ။ ချက်ချင်းအေးတာ။ သူအေးသွားပြီး။ သုညတ နိဗ္ဗာန်ဆိုတာ အဲ့ဒါကိုခေါ်တာ။ စာတော့မတတ် ဘူးပေါ့ဗျာ။ ဒီလိုပုဂ္ဂိုလ်မျိုးနဲ့ ကိုယ်ကလည်း ပုပ္ပ၊ မုဒ္ဒ၊ ပရဆိုတဲ့ စေတနာကလည်းမှန်တယ်။ ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ် ဒီသံဃာကို သွားပြီးတော့ ရေလေးတိုက်လိုက်တာ။ အဲဒါဝေခနီယဒိဋ္ဌ အကျိုးရတယ်။ ဘာတွေရလဲ။ ကျွန်းမာ ရေးကဒ် ရတယ်။ စီးပွားရေးလဒ်ရတယ်။ အပ္ပာယ်လေးတံခါး ပိတ်တယ်။ ဉာဏ်ဘုန်းကြီးကို လှူထားတာကိုး။ ကံဘုန်းကြီး မဟုတ်ဘူး။ အသေချာလေး ပြောသွားပြီ၊ ဉာဏ်ဆိုတာ ကံပြတ်သွားပြီ။ မစွဲတာ ဉာဏ်ခေါ်တယ်။ ခုနက နိရောဓဆိုတာ အဲဒီပုဂ္ဂိုလ်ပဲ။ ဒါပေမယ့် စမှန်တယ်ဗျ။ စာမှမတတ်တာ။ မြင်ပါဆိုလို့ ဘယ်လိုလုပ် မြင်မလဲ။ ငါးပါးသီလလည်း မပေးတတ်ဘူး။ ဆယ်ပါးသီလလည်း မပေးတတ်ဘူး။ ရှစ်ပါးသီလလည်းမပေးတတ်ဘူး။ ပဝါသနာလည်း မပြုတတ်ဘူး။ ရေစက်လည်းမချ တက်ဘူး။ ဘာမှမတတ်ဘူး။ သူ့ကို ဘာခိုင်းခိုင်း မရတော့ဘူး။ စိတ်နဲ့ ပတ်သက်လို့ကတော့ မေး။ စိတ္တဝိသုဒ္ဓိရဲ့ အကြောင်း ကိုမေး။ သီလဝိသုဒ္ဓိရဲ့ အကြောင်းကို ခင်ဗျားတို့ အဲ့ဒါကတော့ မတတ်ဘူး။ ၂ မျိုးရှိတယ်၊ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ မနော။ မနော ကို ကျင့်ထားတာ။ ကာယနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တနုပဿနာ၊ ဓမ္မနုပဿနာ စိတ်ကလေး အနုသယကိုကျင့်ထားတာ။ အရိယာများ အနုသယကို ပယ်ရတာ မလွယ်ဘူး။ ပုထုဇဉ်ကလည်း တဏှာကို ပယ်ရတာ မလွယ်ဘူး။ ဒီသဘောပဲ။ တဏှာဆိုတာ ကံကိုခေါ်တယ်။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပဒါန်၊ ဥပဒါန်းကြောင့် ဘဝ။ ဦးဇင်းကြီးကို ခင်ဗျားတို့ လာလာပြီးတော့ လှူတယ်။ အင်းသဘောလေးပေါ့။ ခင်ဗျားတို့ ပစ္စည်းကို ဘာမှမစားတော့ဘူး။ စားကြတော့ ဟိုသံဃာတွေ စားပေါ့။ သူက သစ္စာနဲ့ ဟောသွားပြီလေ။ မစားဘူးကွတဲ့။ ငါခါးအပြတ်ခံမယ်ကွတဲ့။ သစ္စာအမှန်နဲ့ရေ ထားလို့၊ ဒုက္ခသစ္စာ၊ သမုဒိယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ အနိစ္စကို ဝိပဿနာ အနိစ္စကို မြင်အောင်ကြည့်ပါတဲ့။ အနိစ္စမြင်လာရင် ဘာဖြစ်မလဲ။ အနိစ္စမြင်လာရင် ဒုက္ခသိလာလိမ့်မယ်။ ဒုက္ခသိတာက မဂ္ဂသစ္စာခေါ်တယ်။ မဂ္ဂသစ္စာ မြင်သွားတာက နိရောဓသစ္စာခေါ်တယ်။ ဒါစိတ်ပိုင်းနဲ့ သွားတာ။ ခုနက စာတွေမတတ်တော့ ဘူး။ ဝိနည်းလည်း ဘာမှမသိတော့ဘူး။ ဒါတွေကိုပြောမှားဆိုးမှားရှိရင်ခွင့်လွှတ်။ မမှန်ရင် ဒီက သံဃာဗိဘက်လိုင်းကို ပြုထားတယ်။ အခု ဥပမာလေး ပြောကြမယ်ဆိုရင် မေးပါခင်ဗျားတို့မြောင်းမြမှု မူစလင်တွေ လာတယ်၊ စနေသင်းကျောင်းက နာယကနဲ့လာတယ်။ ကုလားတွေ လာတယ်။ ကရင်တွေလာတယ်။ ရခိုင်တွေလာတယ်။ ချင်းတွေလာတယ်။ အရပ်လေးမျက်နှာက လာတယ်။ ခရစ်ယာန်တွေလာတယ် အတူတူစကားပြောသွားတယ်။ အဲ့ဒီတော့မှ

သူတို့သဘောပေါက်တယ်။ အဲ့ဒါ သာသနာပြုတာဗျ။ အယုတ်အလတ် မရွေးတော့ဘူး။ မခွဲခြားတော့ဘူး။ အဲဒါ သာသနာပြုတာ။ အဲမင်းဘာကောင်လဲသွားလာ ဒီကောင် ဒါခွဲခြားတာ။ သညာသခီရ ဥပဒါန်ဖြစ်နေတာ။ ပညာမှာမရှိဘူး။ နည်းပါးတယ်။ ဒါတွေ သိပ်အရေးကြီးပါတယ်။ ဒါပေမဲ့ သညာမှန်တယ်။ သိုက်ရှိတယ်။ ဓာတ်ရှိတယ်၊ နတ်ရှိတယ်။ အဲ့ဒီတော့ လူထဲမှာလည်း ကောင်းတဲ့လူရှိတယ်။ မကောင်းတဲ့လူ ရှိတယ်။ ဗိုလ်ကြီးက စစ်သားရွေးတယ်ဗျ။ ရွေးတဲ့အခါ ဒီဗိုလ်ကြီးက အကောင်းစား လက်ရွေးစင်ကို သူကရွေးတာ။ ကောင်းတဲ့လူကို သူကရွေးတာ စစ်လိုက်တာ ဟိုကစစ်လိုက် ဒီကစစ်လိုက်။ စစ်ပြီးရင် ဆေးစစ်လိုက်သေးတယ်။ ဆေးစစ်ပြီးရင် စစ်သားစုခောင်းရေးက ဟိုးအထက်ဘက်ကို ဘယ်ညာ၊ ဘယ်ညာ လေ့ကျင်းရေးကွင်း စစ်သားပေါင်း ငါးယောက်လောက်လုပ်တယ်။ သင်ပေးတယ် ဆရာက။ သင်ပေးတော့ ဒီကလက်ရွေးစင် ယူသွားတာ အကောင်းဆုံးယူသွားတာ။ ဟိုကျတော့ လေ့ကျင့်ရေးကွင်းထဲမှာ ဗိုလ်ကိုခံရိုက်တယ်။ ဒါတွေဟာတွေကြည့်၊ ကိုယ်က ဒီကယူသွားတာအကောင်း ဟိုရောက်တော့ ခံရိုက်တယ်။ ဒါဟာစိတ်တွေပဲဗျ။ ဒီသံဃာထဲမှာလည်း ကောင်းတဲ့ သံဃာရှိသလို မကောင်းတဲ့ သံဃာလည်း ရှိမှာပဲဗျ။ ဒါသဘောပြောတာ။ ဘယ်သူ့ကိုမှ မပြောဘူး။ ဦးဇင်းက စာမတတ်ဘူး။ ဦးဇင်းက အကုန် သိလို့ပြောထားတယ်။ ကန်တော့ချင်လို့ ကန်တော့ချင်လို့၊ ဒီဘဝနောက်ဆုံးပဲ အရှင်ဘုရားတို့ကို ကန်တော့ ပါတယ်ဘုရား။ သာသနာပြုတာ အသေချာမမှန်ရင် သင်္ကန်းကို ချွတ်ပေးပါမယ်။ သာသနာပြုတဲ့အတွက်ကြောင့် သူသည် ပြောမယ်ကွတဲ့။ မင်းတို့မေးပါတဲ့ ငါကို။ မင်းတို့မေးရင် ငါကလည်း ပြန်မေးမယ်။ မင်းတို့ကို ငါပြန်မေးလိုက်ရင် မင်းတို့ကို ငါမချွတ်ဘူးကွတဲ့။ မင်းတို့မေးလိုက်လို့ ငါမဖြေနိုင်ရင် သင်္ကန်းချွတ်ပေးလိုက်မယ်။ ပုဆိုး အင်္ကျီခေါက်သွားမယ်ကွာတဲ့၊ ဒီမြောင်း မြို့ကြနေ ထွက်သွားမယ်လို့ ဒီလိုပြောပါတယ်။ စာတော့ မတတ်ဘူးကွာတဲ့။ စကားမပြောတတ်ဘူးကွာတဲ့။ ပညတ် ပရမတ်ကွာတဲ့။ အခု ဥပမာ ဦးဇင်းအမေနာမည် ဒေါ်အုန်းမေ အမှန်ကတော့ ဒေါ်အုန်းမေထည့်လိုက်။ အမေနာမည်က မိန်းမခေါ်တယ်ဗျ။ ပရမတ်အနေနဲ့ဆို မိန်းမခေါ်တယ်။ မယားလည်းမိန်းမ၊ အမေလည်းမိန်းမဆိုတော့ ကြည့်ခေါ်လို့ မကောင်း တော့ဘူး။ ပညတ်ကို ပယ်တာမဟုတ်ဘူး။ ပညတ်ကို ခေါ်သမုတ်ပေးတာ ဒေါ်အုန်းမေလို့။ နာမည် နံပတ်တပ်ပေးတာ။ ကိုယ့်မှာရှိတာက သညာ ။ သညာအသိနဲ့သိတော့ သွားစွဲရော။ အဲဒါခွဲခြားပြီ။ သညာကိုးဗျ။ သညာနေရာမှာ ပညာအစားသွင်း ရမယ်။ ပညတ်နေရာမှာ ပရမတ် အစားသွင်းရမယ်။ အတ္တနေရာမှာ အနတ္တအစားသွင်းရမယ်။ အနတ္တ မစွဲဘူးဗျ၊ ဘုရားဆုံးမ ထားတဲ့ မဂ်လာ ၃၈ ဖြာ သမ္မာဒိဋ္ဌိ အယူကိုယူရမယ်။ မိစ္ဆာဒိဋ္ဌိကို မယူပါနဲ့၊ သမ္မာဆိုတာ ဘုရားဟောထားတဲ့ ကျမ်းဂန် ပါဠိယူရမယ်။ မကောင်းတာတွေ သွားစွဲတာ မိစ္ဆာဒိဋ္ဌိပဲဗျ။ ကောင်းတာကို ယူပါ။ ခုနက ဝိသာခါ ကျောင်းအမကြီးကဘုရားကို လှူတာ ဘုရားခံဆီးပွေ့တွာရတယ်။ ညာဏ်ရတယ်။ ဘုရားက အတုလန် အတုမရှိ ဘုရားကိုကပ်တော့ မျိုးစေ့ရတာပေါ့ဗျာ။ သူက မိစ္ဆာဒိဋ္ဌိတွေကို ပယ်တယ်။ သမ္မာဒိဋ္ဌိကို ယူတယ်။ အဲ့ဒီတော့ ယောကျ်ားနဲ့ ပေါင်းတယ်၊ သဘာဝတရားကို မပယ်နိုင်ဘူး။ မြင်တာလည်း မိစ္ဆာဒိဋ္ဌိကိုမယူဘူး။ သမ္မာဒိဋ္ဌိကိုယူတယ်။ ကြားတာရော၊ နံတာရော သမ္မာအယူကို ယူထားတယ်။ အဲ့ဒါ အပွာယ်ပိတ်တယ်။ မိစ္ဆာဒိဋ္ဌိကို မယူဘူး။ သူယောကျ်ားနဲ့တော့ နေတာပေါ့၊ သဘာဝတရားကတော့ ပယ်လို့မရဘူးဗျ။ ဒကာ၊ ဒကာမများမှာ ကိုယ့်ရဲ့စိတ်ထားကောင်း နှလုံးသွင်း အကျိုးရှိတဲ့ဟာကို နှလုံးသွင်းပါ။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့ရွယ်တူကို ကြင်နာပါ။ ခရာတော်တွေ၊ သမားတော်တွေ၊ ကိုရင်တွေ သူတို့တာလုပ်လုပ် သူ့အကြောင်း ကိုယ့်အကြောင်း မလုပ်နဲ့။ လှူဖို့က ကိုယ့်ကိုး ကိုယ်ဒီအလှူမြောက်မှ ကောင်းမှုကုသိုလ်ကံရမယ်။ သူဘာလုပ်လုပ် လုပ်ချင်ရာလုပ်

သူ့အကြောင်း ဝေဖန်ရင် ခင်ဗျားမလှူဖြစ်တော့ဘူး။ ကိုယ်က ဒီဒါနလေးကို ဦးစားပေးရမယ်။ ဒကာ၊ ဒကာမများရဲ့ အဝိဇ္ဇာတုံးကို ဘာနဲ့ ခုတ်ဖြတ်ရမလဲ။ သီလနဲ့ခုတ်ဖြတ်မယ်။ ဒါနနဲ့ခုတ်ဖြတ်မယ်။ ဘာဝနာနဲ့ ပွားများမယ်။ ဦးပဏ္ဍိတရဲ့ အဝိဇ္ဇာတုံးကြီးကို ဘာနဲ့ခုတ်ဖြတ်မလဲ အဓိသီလ၊ အဓိစိတ္တ ဒါဝိပဿနာလိုင်း။ အဲ့ဒီတော့ ဒီသီလတွေဟာ ခုနကပြောသလို ဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့တွေ့တော့ သူလှူတာဗျ။ သမ္မာဒိဋ္ဌိကိုယူတယ်။ မိစ္ဆာဒိဋ္ဌိဆိုတာ ခုနက စက်ဘီးလေးထောင်ထားတာ လူတစ်ယောက်က တွန်းလိုက်တာ။ အဲ့ဒီစက်ဘီးကို သွားစွဲလိုက်တော့ ဒေါသဖြစ်တာ အဲဒါ မိစ္ဆာဒိဋ္ဌိခေါ်တယ်။ မိစ္ဆာဒိဋ္ဌိက အများကြီးကျယ်ပြန့်တယ်။ မိစ္ဆာဒိဋ္ဌိက ကပ်နေတယ်။ သမ္မာဒိဋ္ဌိကလုပ်ရတယ်။ ဒါကြောင့်မို့လို့ ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿလို့ ဆိုထားပါတယ်။ ဘာလို့ ငရဲတစ်ပိဿရလဲ ကုသိုလ်ကျတော့ တစ်ပဲတည်းတဲ့၊ ညောင်ပင်ကြီး လောက်လှူရင် ညောင်စိလောက်ရတယ်။ ညောင်စိလောက်လှူရင် ညောင်ပင်ကြီးလောက်ရတယ်။ ကိုယ်လှူတတ်ဖို့လိုတယ်။ ဘယ်ရှင်သာမနေပဲဖြစ်ဖြစ် မခွဲခြားပါနဲ့။ လှူပါ။ ကိုယ်လှူမှ ကိုယ့်ရဲ့ကောင်းမှုကံ ကုသိုလ်စေတနာရမယ်။ ကိုယ့်ရဲ့ စိတ်ကို ထိန်းထားတာကသီလ။ အဲဒီလို ပုဂ္ဂိုလ်တွေကိုလှူတော့ စိတ်ကလေးက ယဉ်ကျေးလာတယ်။ သိမ်မွေ့လာတယ်။ နေတတ်ဖို့လိုတယ်။ စောစောကဘုရားကိုလှူထားတဲ့ ဝိသာခါကျောင်းအမ ဘုရားမျိုးစေ့ရတယ်။ ရဟန္တာကို လှူရင် သမထမျိုးစေ့ရတယ်။ ကံဘုန်းကြီးကို လှူရင်ကံမျိုးစေ့ရတယ်။ ဒါပဲရှိတာပဲ။ ကံဆိုတာ သမ္မာဒိဋ္ဌိကံ ကောင်းတဲ့ကံ။ သူက ကာမသာဝ ပြတ်ထားတာ။ ကိုယ်ကမပြတ်ဘူး။ ကိုယ်က ကာမဘာဝနှစ်သက်တယ်။ သူကပြတ်တယ်။ သူကမယူဘူးပေါ့ဗျာ မိန်းမ။ အဲ့ဒါ ကာမဘာဝပေါ့ဗျာ။ ဒီဖြင့်ဟာတော့ ဘာလုပ်မလဲ မပြောတတ်ဘူး။ အဲ့ဒီမှာတော့ ထူးမြတ်တယ်။ ဘုရားသခင် ကိုယ်တောင်မြတ်ကြီးရဲ့အရေတော်ပဲ။ အမှန်ကတော့ စိတ်ပဲဗျာ။ ကိုယ့်စိတ်ကို ကိုယ်စစ်။ ကိုယ်ကသြော် ဒါဘုရားပါလား။ ဒါက သံဃာတော်အရှင်သူမြတ်။ ဦးစားပေး၊ ဂုဏ်သိက္ခာတွေလုပ်ပေး။ မပယ်ရဘူး။ ဒါပေမဲ့ သူ့အကြောင်း ကိုယ့်အကြောင် မလုပ်နဲ့။ ဘုရားကို စေတီကကွယ်တယ်ဗျ။ တရားကို စာကကွယ်တယ်ဗျ။ သံဃာကို ရဟန်းကကွယ်တယ်ဗျ။ ဘုရားကို စေတီက ကွယ်ထားတယ်ဆိုတော့ ခင်ဗျားတို့ ဥပမာ ပြောရရင် စေတီပေါ့ဗျာ ရွှေချတယ်။ ရွှေနှစ်သိန်းဖိုး။ အမလေး ၂နှစ် လောက်စုရတယ်။ သုံးသိန်း လေးသိန်းလောက်ရတယ်။ အဲ့ဒီတော့မှ ရွှေကိုချတယ်၊ ဒီလိုရွှေချတိုင်း အပ္ပါယ်ပိတ်မယ်ဆိုရင် ငါလည်းချမယ်ကွတဲ့၊ ဒီ ဒါနနဲ့ အပ္ပါယ်ပိတ်မယ်ဆိုရင် ငါလည်းချမယ်ကွတဲ့ပြောပြီ။ သဒ္ဓါဓိကဘုရား။ ပညာဓိကဘုရား။ ၂မျိုးရှိတယ်။ မင်းဘယ်ဟာကြိုက်သလဲ။ ပညာဆိုတာ ဝိပဿနာရဲ့ တကယ်အစစ်မှန် ပေါတဲ့အသိတွေ။ မယုံနဲ့ဦးကွတဲ့။ လေ့လာပါ၊ သုံးသပ်ပါ၊ စုံစမ်းပါမေးမြန်းပါ။ သူ့ဆီက အသိရမှ ပယ်မယ်ကွတဲ့။ ဘာပယ်မလဲ။ မိစ္ဆာဒိဋ္ဌိနဲ့ကံကိုပယ်မယ်ကွတဲ့။ အဲ့ဒီကံဟာ ကရွတ်ကွင်းလျှောက်ဖြစ်နေတာကွတဲ့။ ဘယ်ကဖြစ်နေတာလဲ၊ အာရုံခြောက်ပါးကဖြစ်နေတာကွတဲ့။ ဘယ်ကံလဲ။ အနုသယကံကွတဲ့။ မနောကံကွတဲ့။ အဲ့ဒီကံက သံသရာကို လည်ပြီကွတဲ့။ မင်းသမားဒိဋ္ဌိကို ထိန်းထားတော့ မင်းနတ်ပြည် ရောက်မှာပေါ့ကွတဲ့။ ဗြဟ္မာပြည်ရောက်မှာပေါ့ကွတဲ့။ မင်းသုံးဆယ့်တစ်ဖုံလွတ်အောင် ချပေါ့ကွတဲ့။ ဒါကြောင့် ခက်ကုန်ပြီ။ ဦးဇင်းကာစာမတတ်ဘူး။ ဦးဇင်းက ဗိုလ်ထဲမှာ ဒလဝမ်လုပ်တယ်။ လုပ်တာကို မသိဘူး ခိုးတယ်ဟုတ်တယ်၊ အခုဖွင့်ပြောမယ်၊ လာမေး အကုန်ပြောမှာပဲ။ လောကီအကြောင်း သဘောလေးပေါ့ဗျာ။ ဒါတွေကို ဒကာ၊ ဒကာမများ ဦးဇင်းကြီး မိုက်ခဲ့ပြီ။ ခင်ဗျားတို့ မမိုက်ကြပါနဲ့၊ ယုံကြည်ကြပါ။ တရားအစစ် ခင်ဗျားတို့ကို ဒီလို ရွှေချရင် အပယ်ပိတ်မယ်ဆို ဦးဇင်းမကျင့်တော့ဘူး။

မကျဉ်မတော့ပါဘူးဗျ။ ဟာဒွေချလို့ အပယ်ဂိတ်ပယ်ဆိုစိတ်က ဒီနေ့ရွေချပြီ မနက်ဖြန် စိတ်ကပြောင်းသွားပြန်ရော။ ဒါကြောင့် မိုးလို့ ဇာတ့်ဆက်တဲ့၊ ကွင်းဆက်တဲ့၊ ချိတ်ဆက်တဲ့။ ဟာဘာတွေလဲ ဗဲဒါ။ တော့ဆက်တဲ့ အဲဒါ၊ ကွင်းဆက်တဲ့၊ ချိတ်ဆက်တဲ့ ကြားဖူးသလား ကြားဖူးတယ်၊ ကြားဖူးတော့ သိသလား။ သိသလားတဲ့ မေးတယ်။ သိတော့မသိဘူး။ အေး တော့ဆက်ဆိုတာ ဥပမာ ငါစာမတက်ဘူးကွာတဲ့ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်နော်တဲ့။ တော့ဆက်ရဲ့အကြောင်း ပြောပြမယ်။ ဥပမာကွာတဲ့ ထူးကြီးဆရာတော်ရဲ့တရားပွဲကြီးဟာ အင်မတန်မှ စာပေကျမ်းဂန် အလွန်တတ်ပါတယ်တဲ့။ ပေါတဲ့ နေရာမှာလည်း ပါဠိပတ် သားတွေ အင်မတန် ပိသတိုင်ကရိုင်းကျပါတယ်ကွတဲ့။ ထူးကြီးဆရာတော် တရားပွဲလုပ်တော့ ဒကာမကြီးက ဆေးလိပ်တောင် မသောက်နိုင်ဘူးကွတဲ့။ ဒကာမကြီးက တစ်ခါတည်း ငုံ့ပြီးနာနေတာပဲတဲ့။ အာရုံကို စိုက်နေတာပဲကွာတဲ့။ တရားပွဲလည်းပြီးရော အဲဒီ ဒကာမကြီးဟာ နောက်က ဒကာမတွေက သူ့ဖိနပ်ကို တက်နင်းလိုက်တော့ ရှေ့ကိုလဲသွားတော့ နင်တို့ စောက်ကန်းတွေ၊ ဘာကန်းတွေ ညာကန်းတွေ။ တရားပွဲမှာ တော့ဆက် အပြင်ရောက်တော့ခင်ဗျား စိတ်ပြောင်းသွားပြီ။ သီလပျက်ကုန်ပြီ။ ကိုယ့်စိတ်ကို ကိုယ်ထိန်းကြပါ။ အဲဒါ တော့ဆက်ခေါ်တယ်။ တော့ဆက်ဆိုတာ တဒင်္ဂလေးပဲ တမုဟုတ်ချင်လေးပဲ ဖြစ်လိုက်တယ်၊ ကွယ်ရာကျတော့ စိတ်ပြောင်းသွားပြီ၊ ဒါဟာ သီလတွေ ပျက်မယ်ဗျ။ ဘုရားရဲ့ခေတ်ကာလကတစ်မျိုး၊ ဒီကာလကတစ်မျိုးဗျတဲ့၊ အဲဒီဟာကို ကာလကြည့်။ စာကတော့ မှုမှန်ရှိတယ်။ စိတ်တွေ မှန်ဖို့အရေးကြီးတယ်။ ပစ္စည်းဘောဂတွေနဲ့ ဖြစ်ကုန်ပြီဗျို့။ အဲ့ဒါတော့ ဦးဖင်းကြီးက ပြောပြပါတယ်ဗျာ။ ခုနကအဲဒါ တော့ဆက်ပေါ့ဗျာ။ ဖိနပ်ကလေးကို နောက်ကတက်နင်းတာနဲ့ ဝမ်းယား လိုးလဲတော့ စောက်ကန်းတွေ၊ ဘာတွေ၊ ညာတွေပြောတာ။ အဲဒါ စိတ်ဆိုးတာပေါ့ဗျ။ စိတ်ဆိုးရင် သီလရှိပုံ့မလား။ မိစ္ဆာဒိဋ္ဌိ ဖြစ်သွားပြီ၊ နာတော့ သမ္မာဒိဋ္ဌိ အဲဒါတော့ဆက်။ ချိတ်ဆက်ဆိုတာလူပြည့်မှာပေါ့ဗျာ စာတော့မတတ်ဘူး ပြောမှားဆိုမှားရှိရင် ခွင့်လွှတ် သေချာသိအောင်ပြောသွားမယ်။ လူ့ပြည်မှာ တရားထိုင်တာပေါ့ဗျာ။ တရားထိုင်တော့ သူပဲသိတယ်၊ ပညတ်အာရုံက နေ ပရမတ်အာရုံကို လက်ကလေးတဖျောက် ကြိုးတန်းပြီး သွင်းလိုက်တာ၊ အဲဒါဟာ ချိတ်ဆက်ခေါ်တယ်၊ လောကုတ္တရာအာရုံ ကို ရထားပြီ၊ လောကီကို ပြန်ဆင်းလာတယ်၊ ခန္ဓဝန်ကို ပြန်ဆင်းထားတယ်၊ ပါးရိုက်လည်းခံမယ်၊ သေနတ်နဲ့ပစ်လည်းခံမယ်၊ သတ်ချင်တာသတ်။ ရိုက်ချင်တာရိုက် သူခံမယ်။ သည်းခံတော့မယ်။ ဟိုမှာ ချိတ်ထားတယ်။ လောကုတ္တရာအာရုံကို ရထားတယ်။ သဘောလေးပဲ။ အဲဒါကိုခေါ်တယ်။ ကွင်းဆက်ကတော့ ကျောက်ပြင်ကြီးလို ရေပတ်လည်ဝိုင်း အဲ့ဒါကတော့ ဘုရားက မေတ္တာအနန္တာအနန္တာမေတ္တာတွေ အယုတ်အလတ် အားကြီးကြီးမားတယ်။ စာတော့မတတ်ဘူးဗျာ ပြောမှားဆို မှားရှိရင်ခွင့်လွှတ်။ သာသနာငါးရာမှာ အရှင်ဘုရားရဲ့ သာဝကတွေ ကျန်ပါတယ်ဘုရားတဲ့ သကြားကလျှောက်တယ်။ အေး ကျန်ရင် တပည့်တော် နှစ်ထောင့်ငါးရာထိန်းပါမယ်ဘုရားတဲ့။ ငါးထောင်ဖြစ်သွားရော။ ငါးထောင်ဖြစ်သွားတဲ့အခါကျတော့ သကြားက ဒီဘုရားသခင်ကိုယ်တော်ဖြစ်ကြီးရဲ့ သာသနာကိုသူထိန်းမယ်တဲ့၊ သူကူညီမယ်တဲ့၊ အခုသာသနာ နှစ်ထောင့်ငါးရာ ကျော်သွားပြီ၊ အနှစ်သုံးဆယ်ကျော်ပြီ။ အခုဘာလဲဆိုတော့ သိကြားပေါ့ဗျာ။ ဘုရားရဲ့သာသနာကို သိကြားက ကူလိမ့်မယ်။ မကောင်းသူပယ် ကောင်းသူကယ်မယ်။ ဟဲ့ သိကြားငါးတင် တင်တဲ့ငါးကြောင်စာ ကျန်တဲ့ငါး ဘုရားကယ်။ အဲ့ဒီဟာတွေ ခင်ဗျားတို့ ကောက်တတ်ဖို့လိုတယ်။ အဖိုးကြီးဒိုဒို ခါးကုန်းကုန်း မသေပါနဲ့အုံး နောင်နှစ်ခါတန်ဆောင်ဖုန်း ပွဲကြည့်ပါအုံး ဒါတွေပေါ်လာတယ်။ သဘောလေးပဲပြောသွားမယ် မသိသူကျော်သွား သိသူ ဖော်စား ဒီသဘောလေးပဲ၊ ဒီတစ်ဘောင်တွေ ဖော်ပေးပါတယ်။ အဲဒီတော့ ဘယ့်သူဘာပြောပြောရက်ကွက်လူကြီးက မင်းတို့ တစ်အိမ်တစ်ယောက်ထွက်ဆို

ထွက်သာပေးလိုက်။ စေတနာနဲ့ အလုပ်လုပ်ပါ။ စေတနာနဲ့ အလုပ်လုပ်ရင် ပုဗ္ဗ၊ မုန္တ၊ ပရ ဆိုတဲ့ စေတနာကောင်းမှု ကုသိုလ်ကံရမယ်။ လူကြီးကြောက်ပြီးတော့ မနေက တောင်ကြဲ မြောက်ကြဲ လုပ်လည်း လုပ်ရသေးတယ်။ မိစ္ဆာဒိဋ္ဌိကြီးနဲ့လုပ်တယ်။ လုပ်လည်းလုပ်ရသေးတယ် မိစ္ဆာဒိဋ္ဌိကြီးနဲ့ လုပ်တယ်။ လုပ်လည်းလုပ်ရသေးတယ် မိစ္ဆာဒိဋ္ဌိကြီးဖြစ်နေတယ်။ သမ္မာဒိဋ္ဌိနဲ့ လုပ်ပါ။ လုပ်လေ အကျိုးရှိလေ။ ဗိုလ်ချုပ်ကွက်ထဲမှာ သန့်ရှင်းရေးလုပ်မယ်ကွာ။ ဒါစေတနာနဲ့လုပ်တာ။ ဘုရားကဲ စေတနာကို ဟောထားတယ်။ စေတနာကို ကံကောင်းထားတယ်။ ဘာကောင်းတာလဲ သမ္မာကံဗျ။ အဲ့ဒီတော့ လူကြီးက နိုင်းတယ် တစ်ခါတည်း ပိုက်ဆံထည့်ရမှာ ခွဲနေတယ်။ အဲ့ဒါလုပ်ဘာလုပ်ရတယ်၊ စေတနာမပါဘူး။ စေတနာ မပါရင် မိစ္ဆာဒိဋ္ဌိ၊ အဲဒီစိတ်ကို ခင်ဗျားထိန်းရမယ်။ ဒီခေတ် ဒီကာလမှာ မလွယ်တော့ဘူး။ ခုနက မကောင်းသူပယ်မယ် ကောင်းသူကယ်မယ်။ သချိုဘယ်ကောက်လဲ၊ ဗိုလ်ချေဘယ်လောက်လဲ၊ ကုဋေဘယ်လောက်လဲ။ သူ့သာဝကတွေကို ငါ့ရဲ့ကိုယ် စား ထားပစ်ခဲ့မယ်။ အဲဒါ သာသနာတစ်ပတ် ဝိမုတ္တိယကာခေတ် စာလိုပြန်ပြောတာ။ အဲဒါပေါ့ဗျာ။ နောက်သဘောပေါက်လာ လိမ့်မယ်။ ဒီလောက်ဆို တော်ရောပေါ့ဗျ။ (သာဓု ၊ သာဓု၊ သာဓု)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ခါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၁၆၂၀၁၂၈၊ ၀၉-၄၄၇၅၇၈၂၃၅၅

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝါးကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၇.၀၂.၁၉၉၉)ရက်နေ့၊ ဧရာဝတီတိုင်းဒေသကြီး

ပုသိမ်မြို့၊ မြတ်တိုရေခဲစက်လေယာဉ်ကွင်းအနီးတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၂၉)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# (၇.၁၂.၁၉၉၉)ရက်နေ့၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မြတ်တိုရေခဲစက် လေယာဉ်ကွင်းအနီးတွင် ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဦးပဍ္ဍင်း က စာပေကျမ်းဂန်မတတ်ပါဘူး။ စာပေကျမ်းဂန်မတတ်ပါဘူး။ အဲဒီတော့ မတတ်တော့ ဦးပဍ္ဍင်း က ပြောရမှာ ပညတ်မှာ မှားယွင်းသွားမယ်ဆိုရင် အားလုံးခွင့်လွှတ်ပါလို့ ဦးပဍ္ဍင်း ခွင့်တောင်းပါတယ်။ စာမှမတတ်တာနော်။ သံဃာတော်အရှင်မြတ် ဆရာတော် သမားတော် ထေရ်ကြီး၊ ဝါကြီးများလည်း တပည့်တော်အား စာပေကျမ်းဂန်မတတ်တော့ အသိတရားလေးကို ဟောပြတဲ့အခါမှာ မှားယွင်းသွားမယ်ဆိုရင် ခွင့်လွှတ်ပါလို့ တပည့်တော် စာမတတ်ပါဘူး။ စာကရေးထားတယ်။ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ဒီလိုရေးထားပါတယ်။ အဲဒီ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ကြားတော့ကြားဖူးတယ်။ မသိဘူး။ ကြားတော့ ကြားဖူးတယ်။ နောက်တစ်ခါ ဘာတွေကြားသလဲဆိုတော့ အဘိဓမ္မဆိုတဲ့ သဘောလေး၊ ဝိနည်းဆိုတဲ့ သဘောလေး၊ သုတ္တန်ဆိုတဲ့ သဘောလေး။ အားလုံးက သာသနာပြုကြပါတယ်။ အဲဒီတော့ ဦးပဍ္ဍင်း က စာပေကျမ်းဂန်မတတ်တော့ ခန္ဓာသိနဲ့ သဘောလေးသာနာကြပါ။ အဲဒီသဘောလေးဟာ သဘာဝကို သိလို့ သဘောလေးလို့ပြောတာပါ။ ဒီခန္ဓာသိဆိုတာက ကံအကြောင်းကိုပြောတာပါ။ ကံအကြောင်းကိုပြောတာပါ။ ဒီကံဟာ မိမိပြုလုပ်တဲ့ကံရှိသလို မိမိမပြုလုပ်တဲ့ကံရှိတယ်။ အဲဒီကံလေးကို ဦးပဍ္ဍင်း က သဘောလေးပြောပြပါတယ်။ ဒီကံဆိုတာက (၃)ပါးခေါ်တယ်။ အဲဒီ(၃)ပါးဟာ ဗမာလိုပြန်မယ်ဆိုရင်တော့ သူများပစ္စည်းမခိုးနဲ့၊ သူများသားမယား မဖျက်ဆီးနဲ့။ သူများအသက်ကို မသတ်နဲ့တဲ့။ ဒါ ပါဠိလိုဆိုရင် ပါဏာတိပါတ၊ အာဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ လို့ စာကဟောသမုတ်ထားပါတယ်။ အဲဒီတော့ စာမတတ်တဲ့အတွက် စကားပြောတဲ့အခါ မှားယွင်းသွားရင် အားလုံးက သည်းခံပါလို့ ပါဠိရှိရင် အနက်ရှိတယ်။ အနက်ရှိရင် အဓိပ္ပါယ်ရှိတယ်။ အဓိပ္ပါယ်ရှိရင် အဓိပ္ပါယ်ကိုပေါက်ပါရဲ့ သဘောကို မနောမှာရှာပါး ပါဠိ အနက် အဓိပ္ပါယ် ဒီလိုရေးထားပါတယ်။ ပါဠိစကားကို သူမတတ်တော့ အနက်အဓိပ္ပါယ်သဘော၊ သဘောဟာ မနောမှာရှိပါတယ်။ အဲဒီတော့ ဒီမနောလေးကို သဘောလေးနဲ့နာကြပါ။ ဒါဖြစ်ကောင်းပြီးတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးကံရှိတယ်။ အခု ဦးပဍ္ဍင်း တို့မှာရှိပါတယ်။ သူများအသက် မသတ်နဲ့၊ သူများပစ္စည်း မခိုးနဲ့၊ သူများသားမယား မဖျက်ဆီးနဲ့၊ မုသာဝါဒ သူများကို မဟုတ်မမှန်စကားမပြောနဲ့။ ဗမာလိုဘာလဲ လှပသော၊ တင့်တယ်သော မစ္ဆနဲ့ပေါ့။ မသာယာနဲ့ပေါ့။ ဒါတွေပြောတာပါ။ အဲဒီတော့ ဒီရဲ့ ကံတရားတွေဟာ ဘယ်ကံက သံသရာလည်သလဲ။ အဲဒီတော့ ကိုယ်က မခိုးပါဘူး၊ မလုပါဘူး၊ သူများအတင်း

မပြောပါဘူး။ ဘာဖြစ်သလဲ။ မနောကံကဖြစ်တယ်။ မနောကံက ခေါ်သမုတ်ထားတာ။ အပြစ်တစ်ခုရှိမှ ကံလို့သတ်မှတ်လိုက်တာ။ ဒီအပြစ်က ဘာအပြစ်လဲ။ ဥပါဒါန်၊ ဥပါဒါန်ဆိုတာ ဘာလဲ။ သားလေးရေနစ်တာတို့၊ သမီးလေးပျောက်ဆုံးသွားတာတို့ ကိုယ့်စီးပွားရေးမှာ ရောင်းလို့ဝယ်လို့ အဆင်မပြေတာတို့ ကိုယ်လုပ်ချင်တဲ့လုပ်ငန်းကို မအောင်မြင်တာတို့ ဒါလေးတွေဟာ ဥပါဒါန် မနောမှာဖြစ်တယ်။ ဘာလို့သိလဲ။ အာရုံငါးပါး စက္ခုအာရုံ၊ နား သောတအာရုံ၊ နှဲသာအာရုံ၊ ဇိဝ်ှါအာရုံ၊ ကိုယ်အာရုံ ဒါအနုသယကိုဟောတာ။ အငိမတန်နုတဲ့ အနုသယ။ ကာယနုပဿနာ။ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာခေါ်ပါတယ်နော်။ အဲဒါလေးတွေကို ခန္ဓာမှာရှာ။ အဲဒီနုပဿနာလေးခုဟာ ကာယနုပဿနာ။ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ ဘယ်သူပေါ်မှာရှိလဲ။ ရုပ်ပေါ်မှာရှိတယ်။ အဲဒါ ခန္ဓာငါးပါးခေါ်တယ်နော်။ ရုပ်ရယ်၊ စိတ်ရယ်၊ စေတသိတ်ရယ်။ အဲဒီ(၃)ချက်ကိုသတ်ရင် နိဗ္ဗာန်ဘဲ။ နီးနီးလေးပဲ။ ဒီရုပ်ပေါ်မှာဖြစ်နေတဲ့စိတ် တွေးစိတ်။ အဲဒီလို(၃)ချက်။ ဒါကြောင့်မို့ စိတ်၊ စေတသိတ်၊ ရုပ်။ အဲဒီ(၃)ခုကို မခွဲဘူးဆိုရင် ဒီလူသဘောပေါက်လာလိမ့်မယ်။ ဒီဘဝမှာ ဟောဒီဘဝမှာ သဘောလေးပဲ ဦးပဥ္စင်း က ဟောပါတယ်။ ဒါကြောင့်မို့လို့ ဘုရားကဟောပါတယ်။ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စတဲ့။ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခတဲ့။ သဗ္ဗေ အလုံးစုံသော သင်္ခါရဓမ္မ အနတ္တတဲ့ ရေးထားတယ်။ ဒီသင်္ခါရဆိုတာ ပါဠိစကား။ ဗမာလိုဆိုရင်တော့ ဘာလဲဆိုတော့ အာရုံနဲ့ မနောပေါင်းပြီးတော့အား(ဟိုကတစ်မျိုး၊ ဒီကတစ်မျိုး) လောကီကြောင်းတွေ၊ လောကုတ္တရာမဟုတ်ဘူး။ ဒါကြောင့် အဲဒီလောကီကြောင်းမှာ သမာဒိဋ္ဌိရှိတယ်။ မိစ္ဆာဒိဋ္ဌိရှိတယ်။ သမ္မာဒိဋ္ဌိဆိုတာ လုပ်ပြီးတော့ မွေးယူရတယ်။ ပုပ္ပ၊ မုစ္စ၊ ပရဆိုတဲ့ စေတနာကံတွေနဲ့ လှူကြတန်းကြတယ်။ အမျိုးမျိုးလှူကြတယ်။ အဲဒီလှူလိုက်တဲ့ဝတ္ထုကာမပေါ်မှာ မိမိရဲ့နှလုံးသားက စေတနာစစ်ရမယ်။ ဒီစေတနာက မှန်ဖို့လိုတယ်။ ဝတ္ထုကာမ ကိုယ်မှာရှိတာက ကိလေသာကာမ ယှဉ်တွဲမိပါက အများကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယာကမကြိုက်ဘူးတဲ့။ မစွဲဘူး။ ဒီအစွဲက အဲဒီတော့ ကိုယ့်စိတ်ကိုယ်စစ်။ ငါ အာရုံ ၆ ပါးလွတ်ပြီလား။ မလွတ်သေးရင် ငါရုပ်နာမ် ၂ ပါးကို မသိဘူး။ ဘာကြောင့်မသိလဲ။ သတိပဋ္ဌာန် ဝေဒနာသတိပဋ္ဌာန်၊ စိတ္တာသတိပဋ္ဌာန်၊ ဓမ္မသတိပဋ္ဌာန်၊ နောက် ကာယသတိပဋ္ဌာန် ထိုကာယပေါ်မှာ အနုဆုံးရှိတဲ့အာရုံတွေပေါ်မှာ ကာယမှာရှိတဲ့ ထိတာ သိတယ်။ ပူတာ သိတယ်။ အေးတာ သိတယ်။ အဲဒါတွေပဲ။ အဲဒါအပြင်ရဲ့သဘော။ အဲဒီတော့ အပြင်ရဲ့သဘော ဆိုတာဘာလဲ။ ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ် ဒါ့အပြင် အကြောင်းလေးပါးအတွင်းမှာ ပထဝီရယ်၊ တေဇောရယ်၊ အာပေါရယ်၊ ဝါယောရယ်။ ဒါ တရားကျင့်တာတွေ။ ဒါ ဘုရားကျင့်တဲ့ အသိတွေ။

သဘောလေးနဲ့ပြောသွားတာ။ ဒါတွေဟာ အင်မတန်မှအရေးကြီးပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ။ အဲဒီကံသုံးကံ ဘယ်ကံကသံသရာလည်သလဲ။ မနောကံကလည်တယ်။ အခုဘဝမှာ အဲဒီတော့ မနောကံကလည်တဲ့အတွက်ကြောင့် အာရုံနဲ့ပေါင်းတယ်။ မနောနဲ့အာရုံပေါင်းတော့ အဲဒါ သခၤါရ ခေါ်တယ်။ အဲဒီသခၤါရ ဘာကြောင့်ဖြစ်ရတာလဲ သည်ကြောင့်ဖြစ်တာ။ သည်ဆိုတာ ပါဠိစကား။ ဗမာလို အမှတ်တရားခေါ်တယ်။ ဟောဒါက ဓါတ်ဗူး။ ဟောဒါက ရေနွေးအိုး၊ ရေနွေးအိုးနဲ့ ဓါတ်ဗူး မတူဘူး။ အဲဒါ ခွဲခြားတာ၊ မှတ်တာ သည်ခေါ်တယ်။ အဲဒီအပေါ်မှာသာယာတာ တဏှာခေါ်တယ်။ ဒါလေးကို သွားသာယာတယ်။ ဒါလေးကို နှစ်သက်တယ်။ မနောက အာရုံနောက်ကိုလိုက်ပြီး အဲဒါကံပဲ။ အင်မတန်နုတယ်။ ၃၁-ဘုံမထွက်နိုင်ဘူး။ ၃၁ ဘုံ ထွက်တဲ့အသိက တစ်မျိုး။ ၃၁ ဘုံ မထွက်တဲ့အသိက တစ်မျိုး။ ခင်ဗျား ဥပမာဘုရားကဟောတယ်။ သဗ္ဗေ အလုံးစုံသော သခၤါရအနိစ္စ သဗ္ဗေဆိုတာပါသွားပြီ။ ကြည့်စမ်း အဲဒီတော့ စာတော့မတတ်ဘူးဗျာ။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်။ ဒီကလည်း သဘောလေးနဲ့ပြောလိုက်တာ။ သဗ္ဗေ အလုံးစုံသော သခၤါရ အနိစ္စဆိုတာ ကံကိုဟောတာ ဗျို့။ ဗြဟ္မာ့ဘုံ ၂၀ ပါတယ်။ နတ်ဘုံ ၆ ဘုံပါတယ်။ လူ့ဘုံ တစ်ဘုံ အဲဒါ ၃၁ ဘုံပဲ။ အဲဒီ ၃၁ ဘုံမှာ လူ့ဘုံဟာ အမြတ်ဆုံးပဲ။ လူ့ဘုံက ကျင့်ရင်ရမယ်။ ကျင့်ရင်သိမယ်။ သိရင်ပယ်မယ်။ ပယ်ရင် မဂ်ဖိုလ် ဆိုက်မယ်။ ဦးပဏ္ဍိတ ရတယ်မပြောဘူး။ ကြိုးစားရင် ကြိုးစားသလိုရမယ်။ သီလဆိုတာ ခန္ဓာမှာရှိ တယ်။ သမာဓိဆိုတာ ခန္ဓာမှာရှိတယ်။ ပညာဆိုတာ ခန္ဓာမှာရှိတယ်။ ဉာဏ်ဆိုတာ ခန္ဓာမှာရှိတယ်။ ဈာန်ဆိုတာ ခန္ဓာမှာရှိတယ်။ အဲဒါရှာတတ်ဖို့လိုတယ်။ ခင်ဗျားတို့ပေါ်မှာမူတည်တယ်။ ဟောဒီရုပ်ပေါ် မှာ ရင်းရှာမှသိမယ်။ သိရင် ပယ်မယ်။ ပယ်မှ မဂ်ဖိုလ်ဆိုက်မယ်နော်။ ခန္ဓာသိခေါ်တယ်။ ခင်ဗျားမျက်စိ ပစ္စုပ္ပန်မှာ တည့်တည့်မှာ ဒါလေးမြင်လိုက်တယ်။ မြင်လိုက်တော့ မသိဘူးလား။ သိပါတယ်။ အဲဒါ သိစိတ်တဲ့။ ဟော ခင်ဗျားနားက မကြားဘူးလား။ ကြားပါတယ်။ အဲဒါ ကြားစိတ်ပဲ။ ကြားစိတ်အတိုင်း ထားပါလား။ ခင်ဗျားသွားမှတ်တယ်။ ဟဲ့ ငါ့ဆဲတာဘဲ။ ငါ့ကိုမှတ်အောင်ပြောလိုက်တာ။ အဲ ဆဲသူက ဘာလဲ မိစ္ဆာအယူ။ မိစ္ဆာဒိဋ္ဌိ။ ကိုယ်ကလည်း မိစ္ဆာအယူကိုယူတော့ မိစ္ဆာဒိဋ္ဌိဖြစ်တယ်။ ဒါကြောင့်မို့ အကြောင်းသတ်တရား မြင်လိုက်တဲ့၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့ အကြောင်း၊ ထိလိုက်တဲ့အကြောင်း၊ သိလိုက်တဲ့အကြောင်း။ ဒီအကြောင်းသတ်မှ ပစ္စုပ္ပန်အကြောင်း သတ်မှ အတိတ်ရဲ့အကြောင်းရပ်မယ်။ အတိတ်ရဲ့အကြောင်းပြတ်မှ ပစ္စုပ္ပန်အကြောင်းရပ်မယ်။ ဒီလိုသဘောတရားလေးတွေရှိတယ်။ အတိတ်ရဲ့အကျိုးတရားဟာ ဘာလဲ။ ရုပ်တရား၊ အတိတ်က ဘာနဲ့ရလဲ။ မနုဿတဘာဝေါ ဒုလ္လဘော။ လူ့ဘဝမှာ ခဲယဉ်းစွာရသည်။ အဲဒီရုပ်တရားဟာ ဘာနဲ့

ဆောက်လုပ်တာလဲ။ ကိလေသာနဲ့ဆောက်လုပ်ထားတာနော်။ ကိလေသာဆိုတာ သဘောလေးပေါ့ဗျာ။ သဘောလေးသာနာ။ ဒီကိလေသာနဲ့ ဘာနဲ့ဆောက်လုပ်ထားလဲ။ တဏှာကြောင့် ကိလေသာဖြစ်တာ။ ဒါကြောင့်မို့ တဏှာနဲ့ ဒိဋ္ဌိကိုသတ်ပါတဲ့။ အဲဒီတော့ ဒိဋ္ဌိကဘာလဲ။ အမှတ်မှားတယ်။ အယူမှားတယ်။ အစွဲမှားတယ်။ ငါ့ကိုယူထားတယ်။ ငါ့သမီး၊ ငါ့သား၊ ငါ့စက်ဘီး၊ ငါ့ပစ္စည်း၊ ငါ့ကိုယ်ဆိုပြီးတော့ လောကီကိုအားကိုးထားတဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိဟာ ဖြစ်နေပြီ။ မနောမှာ အောင်းနေပြီ။ ကိုယ့်ကိုကိုယ် အောင်မှန်းမသိဘူး။ အဲဒီသဘောလေးတွေရှိတယ်ဗျာ။ အင်မတန်နုတယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတာ ဟောဒီမှာရှိတယ်။ အာရုံပေါ်မှာ ကျက်စားနေတယ်။ ဒါကြောင့်မို့ အဲဒီအာရုံငါးပါးနဲ့ မနောက မနောရဲ့ကံက အတိတ်ကရလာတဲ့ကံ၊ ပစ္စုပ္ပန်မှာရေးတာက အာရုံမသတ်နိုင်တာ။ အဲဒီပစ္စုပ္ပန်ရဲ့ သည်သခီရဉပါဒါန်က ဒါတွေဖြစ်နေတယ်။ ကံကတော့ အဲဒီပစ္စုပ္ပန်သွားစွဲရင် ကံဘဲ၊ ဟောဒီ မနောကံကြားလိုက်တယ်။ သူများကဆဲလိုက်တယ်။ အေး အေး အေး ဒီလိုမလုပ်ဘူး။ ဘယ်သူပဲပျက်ပျက် မင်းမပျက်ပါနဲ့တဲ့။ မင်းစေတနာမပျက်နဲ့တဲ့။ စေတနာဟာ ဝိသုဒ္ဓိသီလခေါ်တယ်။ သီလ(၄)မျိုးလောက်ရှိလိမ့်မယ်။ ရဟန္တာသီလနဲ့ အနာဂါမ်သီလမတူဘူး။ အနာဂါမ်သီလနဲ့ သကဒါဂါမ်သီလ မတူဘူး။ သကဒါဂါမ်သီလနဲ့ သောတပန်သီလ မတူဘူး။ သောတပန်သီလနဲ့ ပုထုဇဉ်ကလျာဏသီလ မတူဘူး။ ဒီသီလတွေပဲ။ ဒါနဆိုတာ ခင်ဗျားတို့ဘုရားလှူရင် ဘုရားမျိုးစေ့ရမယ်။ ရဟန္တာလှူရင် ရဟန္တာမျိုးစေ့ရမယ်။ သဘောလေးပဲ။ သာသနာမဆိတ်သုဉ်းသေးဘူး။ သာသနာ ၂၀၅၀၀ ဒီသာသနာ ၂၅၀၀ နှစ်ကျော်လာပြီ။ သာသနာ ၂၅၀၀ မှာ နှစ် ၃၀ ကျော် ၄၀ ရှိပြီ။ သာသနာ ၅၀၀၀ ဘက်ကူးနေပြီ။ ဒါကြောင့်မို့ အိပ်နေရင်း သေရင်သေမယ်။ လေငန်းဖြစ်မယ်။ ရောဂါအမျိုးမျိုးဖြစ်မယ်။ ဒေါက်တာတောင် စမ်းသပ်လို့မရတော့ဘူး။ စမ်းသပ်လို့ရတဲ့ရောဂါရှိသလို စမ်းသပ်လို့မရတဲ့ရောဂါလည်းရှိမယ်။ ၆ လသေမယ်။ ၇ လ သေမယ်။ ဒီလိုတတ်အပ်ဟောတာတွေပဲ။ အဲဒါဘုန်းကြီးကျောင်းအများကြီးရောက်နေတယ်။ ဒါဘာလဲ။ ခင်ဗျားတို့စာရေးထားတဲ့ အာရောဂျံပရမံ ကျန်းမာရေးလာဒ်တဲ့။ လာဒ်ထဲမှာ သူအကြီးဆုံးပဲ။ ပြီးတော့ နဘယံ ဘေးမရှိတဲ့။ အဲဒါ ပါဠိစကားတွေ။ အဲဒါတွေသိရမယ်။ အဲဒါတွေ မသိတော့ ဘာမှလဲမလုပ်တတ်ဘူး။ ဆရာကောင်းမတွေ့တော့ အဲဒီလိုဖြစ်ကြတယ်။ စာကရေးထားတယ်။ စာကမှန်၏။ ဉာဏ်မမီထိအောင် သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကအေးပြီတဲ့။ ဗိုက်ထဲမှာ ရေခဲတုံးကြီးထည့်ထားသလိုပဲ အေးနေပြီ။ အာရုံနောက်မှ မလိုက်တာပဲ။ အာရုံနောက်မလိုက်ရင် ဉပါဒါန်မရှိဘူး။ ဉပါဒါန်မရှိရင် ကံပြတ်ပြီ။ မနောကံပြတ်သွားပြီ။ အင်မတန်မှ ထူးပါတယ်။ ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီးဟာ ဘာနဲ့ဆေးကြောမလဲ။ သီလစစ်၊

သီလမှန်နဲ့ဆေးကြောပါ။ အဲ ဒါနစစ်၊ ဒါနမှန်နဲ့ဆေးကြောပါ။ ဘာဝနာစစ် ဘာဝနာမှန်နဲ့ ပွားများပါ။ ဒါနဆိုတာ ခုနက ၃၁ ဘုံလွတ်တဲ့ပုဂ္ဂိုလ်တွေရှိတယ်။ ကိုယ်ပြည့်မှာ အဲဒါ ခင်ဗျားတို့ကြည့်တတ်ဖို့ လိုတယ်။ ကိုယ်ကလည်း စေတနာစစ်ရမယ်။ ဟိုရဟန်းတော်လည်း မေ့အစစ်ဖြစ်ရမယ်။ ဒါကြောင့်မို့ ကုသိုလ်နဲ့ မေ့နဲ့ ပေတုပစ္စယောတဲ့ ဘုရားဟောအရပဲ။ အဲဒါ ပါဠိစကားတွေ။ အင်မတန်မှထူးပါတယ်။ ခင်ဗျားတို့လည်း မမြဲဘူး၊ ဦးပဏ္ဍိတ လည်း မမြဲဘူး။ သမ္မာလေးနဲ့လုပ်ကြပါ။ မိစ္ဆာလေးနဲ့ မလုပ်နဲ့။ မိစ္ဆာဆိုတာ ပါဠိစကား။ ဗမာလိုပြန်လိုက်ရင် ငါအိမ်၊ ငါ့မယား၊ ငါ့သမီး၊ ငါ့သား၊ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့စက်ဘီး၊ ငါ့မော်တော်ကား။ အဲဒီကားလေးကို တစ်ယောက်ယောက်ကရိုက်ချိုးရင် ဘာဖြစ်လဲ။ ကားကိုစွဲရင် တဏှာ။ အဲဒီကားလေးကိုစွဲရင် တဏှာခေါ်တယ်။ တဏှာကြောင့် ဥပါဒါန်ဖြစ်သွားတယ်။ မနောထိခိုက်တယ်။ ဒေါသဖြစ်သွားတယ်။ ကားဟာ သိန်း ၄၀ ပေးရတယ်ကွာတဲ့။ အခု မှန်ကိုရိုက်ခွဲ ပစ်တယ်ကွာတဲ့။ သူသက်သက်လုပ်တာ။ မတော်တဆဖြစ်တာမဟုတ်ဘူးကွာတဲ့။ မူးမူးရူးရူးနဲ့ ရိုက်ခွဲ ပစ်တာကွာတဲ့။ ငါမြင်တယ်ကွာတဲ့။ ငါကားကိုလုပ်တာ။ မိစ္ဆာအယူ သမ္မာကလုပ်ပြီးယူရတာ။ လုပ်ပြီး တော့ ကိုယ်တော်မြတ်တွေကို ရှင်သာမဏေတို့ ရဟန်းတို့လိုက်ပြီးတော့ လှူရတာ။ ကိုယ်ကမလွတ် ဘူး။ ကိုယ်က ဘာမလွတ်သလဲ ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အဝိဇ္ဇာဆိုတာ အာရုံ ၆ ပါး။ အဲဒီအာရုံကို ယူထားတာက ဒိဋ္ဌိစေတသိတ်ခေါ်တယ်။ ဟောဒီဘဝမှာ နှစ်သက်နေပြီ။ ဟောဒီ ကာမနဲ့ နှစ်သက်သွားပြီ။ မျောပြီပေါ့။ ဟိုဟာကိုလည်း သူမသိပြန်ဘူး။ ကာမဝဋ္ဋ၊ ဘဝဝဋ္ဋ၊ ဝိဘာကဝဋ္ဋ။ ဒါဘုရားဟောထားတာ။ ဒါက တရားတွေ ခင်ဗျားတို့ သေသေချာချာလေး အသိလေးကိုနာပါ။ အဲဒီတော့ ခင်ဗျား ပစ္စုပ္ပန်တည့်တည့်ကိုမြင်တယ်။ မသိဘူးလား။ အဲဒါ သိစိတ်။ အဲဒီစိတ်ကလေးဟာ အဲဒီပစ္စည်းကိုမမှတ်ဘူးလား။ မှတ်ပါတယ်။ ဒါ ကျွန်မသမီးက၊ ဒါ ကျွန်မသမီးမဟုတ်ဘူး။ အဲဒါ ခွဲခြားတာ။ မှတ်တာ။ အဲဒါ ပါဠိလို သညာ ခေါ်တယ်။ အဲဒီ သညာကနေ သင်္ခါရဖြစ်တယ်။ ဒါကြောင့် မို့လို့ သဗ္ဗေ အလုံးစုံသော၊ သင်္ခါရ အနိစ္စတဲ့ သင်္ခါရနဲ့ယှဉ်တဲ့သီလရှိတယ်။ သင်္ခါရပြတ်ပြီးတော့ယှဉ်တဲ့ သီလရှိတယ်။ ဒါ ခင်ဗျားတို့ပေါ်မှာမူတည်တယ်။ သင်္ခါရနဲ့ဖြစ်နေတဲ့ အာရုံ ၆ ပါးနဲ့မလွတ်တဲ့ သီလရှိ တယ်။ အာရုံ ၆ ပါးလွတ်တဲ့သီလရှိတယ်။ အဲဒါကွာနေတယ်။ ကိုယ့်စိတ် ကိုယ်စစ်။ ပြန်ကြမှာပဲ ခင်ဗျားတို့အရင်ပြန်မလား။ ဦးပဏ္ဍိတ အရင်ပြန်မလား။ အနတ္တတရားပဲ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ တစ်နေ့ကံကုန်ရင် သွားရမှာပဲ။ ဘုရားတောင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးတောင်မှ အာယု သင်္ခါရလွှတ်တာပဲနော်။ ဦးပဥ္စင်းတို့က ကျောက်ခဲသလဲတွေ။ ကံကုန်ရင် သွားရမှာပဲ။ ရောဂါအမျိုးမျိုး နဲ့ အဲဖြစ်မလားဟဲ့ စိုးရိမ်ကြောင့်ကြနေရတယ်။ ဒီရုပ်ကြီးဟာ အဲဒီရုပ်ကြီးဟာ အင်မတန်ကြောက်မက်

ဖွယ်ကောင်းတယ်။ အဲဒီရုပ်ကြီးမှာ တဏှာတွေရှိတယ်။ အဲဒီတဏှာကို အဲဒီတော့ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏာဥဒပါဒိ နဲ့ရှာမှ တဏှာကိုသိမယ်။ အဲဒီ တဏှာက ကိုယ့်ကိုဒုက္ခပေးနေတာ။ အဲဒီတဏှာမပြတ်တော့ ကာမဝဋ်ဖြစ်နေပြီ၊ ဘဝဝဋ်မလွတ်တော့ ဘူး။ ဝိဘာဂဝဋ် သွားပြီ၊ ပဲ့ကို အနာဂါတ်ကိုပါ ပြန့်ပြီ။ ဒီဝဋ်တွေဟာနော် ဘာဖြစ်ဖြစ် မကောင်းတာ မလုပ်ကြနဲ့။ ကိုယ့်အိမ်နားနေကြတဲ့ အိမ်နီးချင်း တစ်ယောက်နဲ့တစ်ယောက် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ကိုယ့်ထက်ကြီးတဲ့သူကိုရိုသေ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ပြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ဘယ်သူပဲပျက်ပျက် မိမိမပျက် ပါနဲ့။ မိမိစေတနာမပျက်ပါနဲ့။ သူတစ်ပါး ဘယ်လိုပြောပြော ကိုယ်စေတနာမပျက်ပါနဲ့။ စေတနာဟာ သီလနော်။ ဝိသုဒ္ဓိသီလ။ အာရုံကိုထိန်းတဲ့သီလ။ အာရုံကို မမှတ်တဲ့သီလ။ အဲဒီသီလကိုယူထားပါ။ အဲဒီသီလကို ယူထားတဲ့အတွက်ကြောင့် အပါယ်လေးပါးတံခါးပိတ်မယ်။ တွေ့လား ခင်ဗျားရဲ့ မြေလှျောက်ရဟန္တာတွေ။ လှူထားသူကလည်း နဖူးစာရေးတာမဟုတ်ဘူး။ အဲဒီရဟန္တာ မြေလှျောက် ရဟန္တာတွေလှူတာ။ အဲဒီရဟန္တာက ၃၁ ဘုံလွတ်တာ။ ဟော ရုပ်နာမ်ကိုသူလွတ်သွားပြီ။ ဝိညဉ်က အဲဒီလိုပုဂ္ဂိုလ်ကို ကိုယ်ကလည်း ကိုယ့်မှာရှိတဲ့ရေလေးလှူလိုက်တယ်။ ဖျာလေးခင်းပေးလိုက်တယ်။ ကိုယ့်စေတနာ ကိုယ့်အကျိုးပေးလိမ့်မယ်။ ဟော ဝေနေယျဒိဋ္ဌ ဒီစေတနာ။ အဲဒီလိုယူတတ်ဖို့လိုတယ်။ သာသနာမဆိတ်သုဉ်းသရွေ့မှာ မြေလှျောက်ရဟန္တာတွေရှိတယ်။ မရှိဘူးလို့ပြောလို့မရဘူး။ ရှိတယ်။ မရှာတတ်လို့ မသိလို့။ ဦးပဏ္ဍိတ ပြောလဲ မယုံပါနဲ့။ လေ့လာပါ။ သုံးသပ်ပါ။ စုံစမ်း ပါ။ မေးမြန်းပါ။ ကိုယ်လည်း အလုပ်လုပ်ပါ။ ဝိပဿနာတရားကို သတိပဋ္ဌာန်လုပ်ပါ။ ဘာနဲ့လုပ်မလဲ။ မဂ္ဂင်ရှစ်ပါးနဲ့လုပ်ပါ။ မဂ္ဂင်ရှစ်ပါးက ဘုရားဟောအရ နိဗ္ဗာန်ကိုပို့တာသူ။ ဘယ်လိုပို့သလဲ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ အဲဒါ သီလမဂ္ဂင်။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမာဓိမဂ္ဂင်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ။ အဲဒါ ပညာမဂ္ဂင်။ ကိုယ့်စိတ်ကိုယ်စစ်။ ကိုယ်က မိစ္ဆာတွေဖြစ်နေတာ။ အဲဒီလို စစ်လိုက်တော့ အဲဒါ သမ္မာတွေ။ သမ္မာဆိုတာ နိဗ္ဗာန်သွားမယ့်သီလခေါ်တယ်။ နိဗ္ဗာန်သွားမယ့် သမာဓိ ခေါ်တယ်။ နိဗ္ဗာန်သွားမယ့် ပညာခေါ်တယ်။ အဲဒီသုံးပါးကို အဆီညှစ်ထုတ်တော့ ဘာဆီတွေကျလဲ။ ဇကောခမ္မောကျတယ်။ ဇကောခမ္မောက ဘယ်ကလာသလဲ။ ရုပ်ပေါ်၊ နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်ပြီးတော့ ကံသီလကို ဉာဏ်သီလကချုပ် ထားတာနော်။ အဲဒီသဘောလေး အင်မတန်အားကျဖို့ကောင်းပါတယ်။ ခင်ဗျားမရှိတာ ရှာရင်ရတယ်။ မသိတာ အခက်ဆုံး။ အသိလေးတစ်လုံးယူထား။ အဲဒီအသိလေး ဘယ်သူပျက်ပျက် ကိုယ်မပျက်နဲ့။

ကိုယ်လည်း ကျင့်လည်းမကျင့်နိုင်တော့ဘူး။ ကိုယ့်မှာလဲ ကာမာသဝ၊ သဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ လေး။ ခုက ကိုယ့်ကိုနှိပ်စက်နေတယ်။ အဲဒါကြီးက ကာမဝဋ်ဖြစ်ပြီ။ ဘဝဝဋ်မလွတ်တော့ဘူး။ ဝိဘာဂ ဝဋ်ဖြစ်ပြန်ပြီ။ ဟောဟော ဒီကျောင်းလေး ကောင်းအောင်လုပ်လိုက်တာ။ တဏှာ၊ မာန၊ ဒိဋ္ဌိက လုပ်လိုက်တာ။ ကြည့်စမ်း တဏှာဆိုတာ သာယာတာ၊ ကောင်းကောင်းလေးစားချင်တယ်၊ ဇိဝှာ ကောင်းကောင်းလေး ရုပ်ရှင်ကြည့်ချင်တယ်။ စက္ခုအာရုံမှာ သာယာတာ။ နားသောတမှာ သာယာတာ။ နှံသာမှာ သာယာတာ။ ဇိဝှာ သာယာတာ။ ကိုယ်အာရုံမှာ သာယာတာ။ မနောဓမ္မမှာလည်း အယူမှား၊ အမှတ်မှား၊ အစွဲမှားနေပြီ။ အယူကောမှားနေပြီ။ ငါတော့ယူထားပြီ။ အမှတ်ကလည်း ငါသိတယ်။ ငါမြင်တယ်။ ပြီးတော့လည်း အမှတ်ကလည်းမှားနေပြီ။ အစွဲကလည်း မှားနေပြီ။ ဟောဒါ အနုသယ ကိုဟောတာ။ ဒီအနုသယအာရုံတွေကိုပယ်နိုင်မှသာလျှင် ခင်ဗျားတို့ လမ်းဖြောင့်မယ်။ ဒီအနုသယ ခုနကတော့ ကိလေသာကြမ်းကြီးကတော့ ပါဏာတိပါတာကိုလည်း ရှောင်လို့ရပါတယ်။ အာဒိန္နာဒါန ကိုလည်း ရှောင်လို့ရတယ်။ ငါးသိန်းပေါင်းမြောက်များစွာရှိတာကိုး။ အဲ ကာမေသုမိစ္ဆာစာရာကိုလည်း ရှောင်လို့ရပါတယ်။ မုသာဝါဒကိုလည်း ငါရှောင်လို့ရပါတယ်။ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ငါရှောင်လို့ရပါတယ်။ ဒီကံတွေကို ကာယကံ၊ ဝစီကံကို ငါရှောင်လို့ရပါတယ်။ မနောကံကို ငါရှောင်လို့ မရဘူး။ သားအတွက်နဲ့ သောကပဋိဒေဝ၊ သမီးအတွက်နဲ့ သောကပဋိဒေဝ၊ အလုပ်အကိုင်ဟာ တစ်ခုခု ဖြစ်တာနဲ့ သောကပဋိဒေဝ ပူနေရပြီ။ (ဥပါဒါန်တွေ)[၂] ဒီဥပါဒါန်ဟာ သံသရာလည်တဲ့တရား။ ကိုယ့်စိတ် ကိုယ်စစ်။ ဥပါဒါန်ဟာ သမ္မာနဲ့ ဥပါဒါန်ဖြစ်ပါစေ။ မိစ္ဆာနဲ့ မဖြစ်ပါစေနဲ့။ အော် (အေး)[၃] အော် (အေး)[၃] အော် (အေး)[၃]။ အနတ္တတရားပါလားကွယ်။ အော် (အေး)[၃]။ ရင်ထဲအေးသွားတယ်။ အတ္တကြီးသွားပြီး တော့ တစ်ခါတည်း ကြိုးချည်ပြီးတော့ မသေချင်ဘူး။ အတင်းဆွဲလို့မရဘူး။ အချိန်ကျရင် သွားမှာ။ ကဲ ဦးပဏ္ဍိတ လည်း အချိန်ကျရင်သွားမှာပဲ။ ခင်ဗျားလည်း အချိန်ကျရင်သွားမှာပဲ။ အဲဒီတော့ ဒီလို ဟာတွေကို အဲဒီတော့ တရားဟာ နှလုံးသွင်းတတ်ဖို့လိုတယ်။ အော် (အေး)[၃] အော် (အေး)[၃] အော် (အေး)[၃]။ အာရုံ(၆)ပါးမှာ အော် (အေး)[၃] အော် (အေး)[၃] အော် (အေး)[၃]။ မယားကပြောတယ်။ အော် (အေး)[၃] အော် (အေး)[၃] အော် (အေး)[၃]။ လင်ကပြောတယ်။ အော် (အေး)[၃] အော် (အေး)[၃] အော် (အေး)[၃]။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ။ သူများခိုင်းတာကို စေတနာနဲ့လုပ်ပါ။ သူများက ဟော့ကောင်တွေ တစ်အိမ်တစ်ယောက်ထွက်ကွာ။ မင်းတို့ဘာလဲကွာ။ ဟာ ကြောက်လို့လုပ်တယ်။ စေတနာပျက်နေပြီ။ လုပ်လည်းလုပ်ရသေးတယ်။ စေတနာမနောကပျက်ပြီ။ ဒီမှာနားကြားတယ်။ စေတနာပျက်သွားပြီဗျို့။ အဲဒီတော့ အပြင်မှာလည်းယူတာကိုသည်းခံပါ။ နှလုံးသားမှာလည်း စေတနာ

မပျက်ပါနဲ့။ လုပ်တဲ့ဒါနပေါ်မှာလည်း ကိုယ်ရဲ့ကာယ ဝဇီဒါနဘာလဲ။ စင်ကြယ်ပါစေ။ နှလုံးသားမှာလည်း စေတနာမပျက်ပါနဲ့။ ဟောဒီကောင်းတယ် ကောင်းပါလား။ ဒီကောင်အလုပ်တယ်လုပ်ပါလား။ လူကြီးကတောင် ဟော စေတနာတွေရှိလာပြီဗျို့ ကိုယ့်အလုပ်တော့လုပ်တယ်။ စေတနာပျက်တယ်။ လူကြီး ရပ်ကွကလလူကြီးတွေကြောက်လို့ ဟောလုပ်တော့လုပ်တယ်။ ထွက်တော့ထွက်တာပဲ။ ပေါက်တူးလေးကိုင်ပြီးတော့ မြက်ရှင်းတာပဲ။ အဲဒါသာတွက်ကြည့်။ ကိုယ့်စိတ်ကိုယ်စစ်ဗျို့ အများသွားတဲ့လမ်း ပြည်သူအများသွားတဲ့လမ်း။ တို့တွေမဟုတ်ဘူး။ အများလုပ်ရတာပဲကွာ။ တို့တော့ လုပ်မှပဲကွာ။ သန့်သန့်ရှင်းရှင်းနဲ့ စေတနာသန့်သန့်ရှင်းရှင်းနဲ့ သဘောလေးနဲ့လုပ်ရင် အင်မတန်ထူးတဲ့ သီလတွေ၊ စေတနာကလည်းမှန်တယ်။ ခုန ခင်ဗျားလုပ်တဲ့ ကာယ၊ ဝစီဒါကကလည်းမှန်တယ်။ အဲဒါ ခင်ဗျားကဖြစ်နေတာ။ ကိုယ့်ကိုယ်ကိုယ်ဖြစ်နေတာကို ဖြစ်မှန်းမသိဘူး။ နှလုံးသားက စေတနာကလည်း အလွန်ကောင်းတယ်။ လုပ်ချင်တဲ့စေတနာကလည်း ပေါ်နေပြီ။ ကာယ ဝစီကလည်း ကြိုးစားပြီး လုပ်တယ်။ ဒါကြောင့်မို့ ဝီရိယထူထောင်ပါ။ ဝီရိယဘာကြောင့်ဖြစ်ရသလဲ။ သဒ္ဓါကြောင့်ဖြစ်တာပါ။ သဒ္ဓါဆိုတာ ဘုရားကိုလည်းယုံကြည်ပါတယ်။ တရားကိုလည်း ယုံကြည်ပါတယ်။ သံဃာတော်ကိုလည်း ယုံကြည်ပါတယ်။ ယုံကြည်တာ သဒ္ဓါ။ သဒ္ဓါက ဝီရိယလုပ်ပြီး တရားတွေ အားထုတ်ပြီး။ တရားတွေ အားထုတ်တဲ့အခါမှာ သဒ္ဓါကတင်ပေးလိုက်တယ်။ သဒ္ဓါဗိုလ်တွေက တင်ပေးလိုက်တယ်။ ဟောသီလဗိုလ်တွေဖြစ်လာပြီ။ သမာဓိဗိုလ်တွေဖြစ်လာပြီ။ ပညာဗိုလ်တွေဖြစ်လာပြီ။ အဲဒီတော့ ခင်ဗျားတွေးကြည့်။ ဒုစရိုက် ၁၀ ပါးလုံနေပြီ။ ကာယဒုစရိုက်လည်း ပါဏာတိပါတာ ဒါလည်း ဒီ အယူဝါဒလည်း မယူပါဘူး။ အဒိန္နာဒါနာ အဲဒီအယူဝါဒလည်း ဥပေက္ခာပါပြီ။ အဲ ကာမေသု မိစ္ဆာစာရ အဲဒီအယူဝါဒလည်း မယူပါဘူး။ မုသာဝါဒ မဟုတ်မမှန်တဲ့စကားလည်း မပြောပါဘူး။ ဟော ဝိပဿနာ လုပ်တော့ ပါးစပ်ပိတ်နေပြီ။ ဘယ်သူလာလာ ဆေးလိပ်လည်းမသောက်တော့ဘူး။ ရေလည်း မသောက်တော့ဘူးနော်။ တစ်ချက်တည်း မဂ်ကချုပ်ထားလိုက်တာ။ ခန္ဓာကို ချုပ်ထားလိုက်တာ။ အဲဒါကို မသိလိုက်ဘူးဗျို့ အဲဒီတော့ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်ဖြစ်ရော။ ဟော မနောကို ချုပ်တယ်။ တရားမထိုင်တဲ့အသိက ဟိုအိမ် ဒီအိမ်လည်လိုက်တယ်။ ညှော်သည်လာရင် ကုက္ကုစ္စစိတ် ဖြစ်တတ်တယ်။ ဗျာပါဒစိတ်ဖြစ်တတ်တယ်။ ဝန်တိုမိစ္ဆာစိတ်ဖြစ်တတ်ကယ်။ ဒေါသစိတ်ဖြစ်တတ်တယ်။ မောဟစိတ်ဖြစ်တတ်တယ်။ အာရုံနဲ့ပေါင်းတာကိုးဗျာ။ တရားမှမထိုင်တော့ အဲဒီတော့တရားထိုင်တော့ လောဘစိတ်လည်းမရှိပါဘူး။ ဒေါသစိတ်လည်း မရှိပါဘူး။ မောဟစိတ်လည်း မရှိပါဘူး။ မစ္ဆရိယစိတ်လည်း မရှိပါဘူး။ ဒီစိတ်တွေမရှိတော့ဘူး။ ရှုံးရဲ ရှုံးရဲ ဒါလုပ်တာလည်း မမြဲဘူး။ မမြဲတာ အနတ္တ။

သွားစွဲရင် အတ္တ။ အတ္တကိုပယ် အနတ္တကိုမြင်အောင် စုတိတကရုပ် သိတာကနာမ်၊ ထိတာကဘာလဲ။ ကာယပသာဒ။ လေကဝင်တယ်။ ထွက်တယ်။ ဝင်တော့လည်း သိတယ်၊ ထွက်တော့လည်း သိတယ်။ အဲဒီအသိကို ယောဒီမနောက နှာခေါင်းနှစ် ပေါက်ကို အသိအာရုံဝင်တယ်။ ထွက်တဲ့အာရုံကို အသိကပ်ထား။ အသိကပ်ထားရင် ဗျာပါဒစိတ် မရှိဘူး။ ဝန်တို မိစ္ဆာစိတ်မရှိဘူး၊ ကုက္ကုစ္စစိတ်မရှိဘူး။ ဒေါသစိတ်မရှိဘူး။ မောဟစိတ်မရှိဘူး။ အဲဒီ စိတ်တွေ အနုသယစိတ်တွေ တွေးစိတ်တွေမရှိတော့ဘူး။ ဘာလဲ အဲဒီအသိလေးကပ်ထား။ ဝင်တယ် ထွက်တယ်။ မနောရဲ့အာရုံလေးက ဘဝင်အာရုံလေးက ထွက်တယ်၊ ဝင်တယ်။ နှာသီးနှာဖျားဝမှာ အသိကပ်ထားပြီ။ ယောငြိမ်သွားပြီ။ ကာယလည်း ငြိမ်ပြီ။ ဝစီလည်း ငြိမ်ပြီ။ မနောလည်း ငြိမ်ပြီ။ အဲဒါ အဓိသီလခေါ်တယ်။ အဓိဆိုတာ ဝိပဿနာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမာအာဇီဝ မှန်တာကိုကျင့်ပါတယ်။ မှန်တာကို ပြောပါတယ်။ မှန်တာကို အသက်မွေး ဝမ်းကျောင်းပြုပါတယ်။ ဒါသမာတွေ။ ဒါလေးနဲ့နေထိုင်ပြီးတော့ ဟာ လူ့ဘုံမှာလေ အနာခံရင် အသာစံရမယ်။ ဘဝမှာလေ ဘာဖြစ်ဖြစ်လုပ်ပါ။ ခင်ဗျားတို့ မိုးကျောခိုင်းပြီးသွားရင်တော့ အပါယ် လေးဘုံတွေ၊ ရပ်ပြစ်ရှစ်ပါးတွေကြောက်ဖို့ အားကြီးကောင်းတယ်ဗျာ။ အဲဒါကို ကိုယ့်အဖေလို၊ ကိုယ့်အမေလို၊ ကိုယ့်အစ်ကိုလို၊ ကိုယ့်ညီလို အောက်မေ့လို့ ငါတော့ အစက ဦးပဥ္ဇင်းရဲ့ဘဝကို ပြောပါမယ်။ ဦးပဥ္ဇင်းက ဟိုသရက်ကုန်းကျေးရွာ၊ အိမ်မဲမြို့နယ်အပိုင်မှာနေပါတယ်။ သရက်ကုန်း အလယ်လမ်းမှာနေပါတယ်။ လမ်းသုံးလမ်းရှိတယ်။ ကမ်းနားလမ်းရယ်၊ အလယ်လမ်းရယ်၊ နောက်ဖေးလမ်းရယ် သုံးလမ်းရှိပါတယ်။ ဦးပဥ္ဇင်း ရဲ့အဖေက ဦးချိတိုး တဲ့။ ဦးပဥ္ဇင်း ရဲ့အမေက ဒေါ်အုန်းမေ တဲ့။ အဲဒီတော့ သူတို့ အမိအဖနှစ်ယောက် ဒေါ်အုန်းမေ နဲ့ ဦးချိတိုး က ဥပမာ သူတို့ ငယ်စဉ်အခါ အပျို လူပျိုပေါ့ဗျာ။ သူတို့ဇာတ်ထုတ်ကိုလည်း ပြောပြပါ့မယ်။ အဲဒီတော့ ဒေါ်အုန်းမေ က ဦးချိတိုး ကိုကြည့်လိုက်တဲ့အခါကျတော့ ဦးချိတိုး ရဲ့ ရုပ်ရည်ရူပကာကို သွားစွဲတယ်ဗျို့၊ ဦးချိတိုး ကလည်း ဒေါ်အုန်းမေ ရဲ့ ရုပ်ရည်ရူပကာ အမေလေး ဝလိုက်တာ။ ကိုယ်လုံးကိုယ်ပေါက်ကလေးက လှလိုက်တာ။ မျက်ခုံးလေးက ဇင်ယော်တောင်နဲ့ ဒီ အုန်းမေ က တယ်ကောင်းပါလားဆိုပြီးတော့ အာရုံနဲ့ မနောကြိုက်တာပဲဗျို့၊ ကြာတော့ ညားရောဗျို့၊ ဒေါ်အုန်းမေ ဦးချိတိုး ညားတော့ ဘာဖြစ်လာလဲ။ ခင်ဗျားတွေးကြည့်။ မြမောင် ဖြစ်လာတယ်ဗျို့၊ ဘာနဲ့ရထားသလဲ ဆိုတာကြည့်။ အဲဒီလိုရထားတဲ့ မြမောင် ပါပဲဗျာ။ အဲဒီ မြမောင် ကလည်း ရပြန်တော့ တစ်နေ့သော အခါ မြမောင် က လူ့ပြည် ရောက်လာတဲ့အခါကျတော့ သူဟာ ငယ်သေးတာကိုဗျာ။ ၁၄ နှစ်အရွယ်ရောက်တော့ စာမတတ်၊ ပေမတတ်။ ဆင်းရဲနွမ်းပါးတော့ အဖေ အမေက ကောက်ရိတ်တယ်။ သူများလယ်တွေမှာ ခွက်

ကောက်ရိတ်ရတယ်။ လယ်ပိုင်မရှိပါဘူး။ ဥယျာဉ်ပိုင်မရှိပါဘူး။ သူများလယ်တွေမှာ ခွက်ကောက်ရိတ်တယ်။ အဲဒီလိုခွက်ကောက်ရိတ်တော့ သားလေးက အိမ်ကနေပြီးတော့ ဆွဲခြင်းလေး နဲ့ ဇလုံလေးနဲ့ ငါးပိပန်းကန်လေးအုပ်၊ ထမင်းလေးအုပ်ပြီးတော့ ထမင်းနဲ့မြှုပ်ပြီးတော့ သွားပို့ရတယ်။ သွားပို့တဲ့အခါကျတော့ အော် အဖေ၊ အမေတွေစားဖို့ သူက ဘာလုပ်လဲ။ ကောက်သင်းကောက်တယ်။ ကောက်သင်းကောက်တဲ့စပါးနှံဟာ ပတ်ကြားအက်ထဲမှာ တစ်ချို့လည်း ကျတယ်။ တစ်ချို့လည်း တင်တယ်။ အဲဒါလေးတွေကောက်တော့ သိပ်တော့မရဘူး။ သိပ်မရတော့ သူဘယ်လိုလုပ်သလဲဆိုတော့ မိဘရဲ့တံစဉ်ယူပြီးတော့ အဲဒီကောက်လှိုင်းအဖျားတွေဖြတ်တော့တာပဲဗျို့။ အဲဒီကလေးက ၁၄ နှစ်သားလေးရယ်နော်။ လောဘ၊ လောဘ သူများပစ္စည်းကို အာဒိန္နာဒါနာ သူများပစ္စည်းကိုခိုးပြီဗျို့။ အဲဒါစွဲလို့ခိုးတာပေါ့ဗျာ။ အဲဒီတော့ အဲဒါတွေယူလာပြီးတော့ ခေါင်းရင်းမှာတောင်းထဲထည့်ပြီး အုပ်တာ။ သခင်မြင်မှာစိုးလို့။ အဲဒါတွေခိုးပြီးတော့ လာပြီးတော့ ခြေထောက်နဲ့လိမ်တော့တာပဲ။ ပွတ်တော့တာပဲ။ ပွတ်တော့ စပါးနှံ၊ စပါးစေ့ကလေးတွေဖြစ်ကုန်ရောဗျို့။ ဖြစ်တော့ ဘယ်လောက်ရလဲ။ (၄)ပြည်ရတယ်။ (၆)ပြည်ရတယ်။ (၈)ပြည်ရတယ်။ အဲဒါပဲဗျို့။ ပျော်တယ်နော်။ အင်မတန်မှ ဒီတဏှာဟာ အင်မတန်မှ ကြောက်ဖို့ကောင်းပါတယ်။ ဒီဥပါဒါန်ဘာကြောင့်ဖြစ်ရလဲ။ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်။ အဲဒါဟာ သံသရာလည်တဲ့တရားတွေ ကောင်းသလားဆိုတော့ မကောင်းဘူး။ သူများပစ္စည်းကိုခိုးတာ။ အဲဒါ မိစ္ဆာအယူတွေဗျို့။ အဲဒါ နစ်တာပဲဗျို့။ တစ်နေ့သောအခါမှာ ခေတ်ပျက်တော့ ပြေး။ ပုသိမ်ရောက်လို့ ရောက်။ မြောင်းမြရောက်လို့ရောက်။ တောရောက် တောင်ရောက်။ ပုသိမ်ရောက်ပြီးတော့ နယူးလိုင်းမှာနေရတယ်။ တောသမားတွေ ဟောဒီတောဘေးနားက နယူးလိုင်းမှာနေရတော့ ရက်ပေါင်း ၃၀ ကျော် ၄၀ လောက်ကျတော့ ပုသိမ်က မြောင်းမြကအမျိုးတွေကရှိတော့ အမျိုးတွေကခေါ်တော့ လိုက်သွားတယ်။ အဲ တဖြည်းဖြည်းကြီးလာတော့ ရဲထဲဝင်တာပဲဗျို့။ ရဲထဲဝင်တော့ အဖွဲ့ကောင်းတယ်နော်။ အဖွဲ့ကောင်းတယ်။ မြမောင် မကောင်းဘူး။ မြမောင် လစ်ရင်ခိုးပြန်ရော။ ရေနံဆီတွေခိုးလိုက်။ သူတာဝန်ကျတာ ဘယ်မှာလဲဆိုတော့ ယူဘီ ၁၃၉ မှာကျတယ်။ ဆလင်ကခိုးလိုက်၊ စက်ဆရာက ခိုးလိုက်။ ဆလင်တွေ၊ စက်ဆရာတွေကုန်းပေါ်တက်တုန်း ရေနံဆီပိုက်ဖွင့်ပြီး ပုလင်းထဲထည့်ပြီး ရောင်း၊ ရောင်းပြီးတော့ ဘုံဆိုင်မှာအရက်သောက်။ ဒါကောင်းလား။ ဒါမိစ္ဆာအယူတွေပဲဗျို့။ လုပ်တာ မသိတော့လုပ်တာပဲဗျို့။ အဲ အခုတော့ အသက်ကြီးလာတော့ အသက် ၂၄ နှစ်အရွယ်ရောက်တော့ ရဲထဲဝင်တာပဲဗျို့။ အဖွဲ့ကောင်းတယ်။ မြမောင် မကောင်းပြန်ဘူးဗျို့။ အဖွဲ့ကောင်းတယ်။ လူမကောင်းဘူး။ ဒီသဘောပဲ။ အဲဒီတော့ လူကြီးလစ်ရင် လစ်သလို လုပ်တယ်ဗျာ။ လူကြီးလာရင်တော့ ကြောင်သူတော်

ကြွက်သူခိုးလေးပဲလုပ်နေတာပဲ။ အဲဒီလို သညာရဲ့လှည့်ဖျားတဲ့အကြောင်းတွေပါပဲ။ အဲဒါပါပဲ။ အဲဒါကို အဟုတ်ထင်ပြီးတော့ ဒါနဲ့နေလိုက်တဲ့အခါမှာ ရဲထဲကနေပြီးတော့ နားလေးပြီး ပင်စင်ယူတယ်။ ယူတဲ့ အခါ ဘာဖြစ်လဲဆိုတော့ ရပ်ကွက်ထဲမှာ သူက ဒေါင့်မကျ၊ ပြားမကျပေါ့ဗျာ။ ဥပဒေက သူကတတ်တော့ မာန်လေးနော်။ တဏှာ၊ မာန၊ ဒိဋ္ဌိက အင်မတန်ကြောက်ဖို့ကောင်းတယ်။ တဏှာကြောင့် မာန်၊ မာန် ကြောင့် ဒိဋ္ဌိ၊ ဒိဋ္ဌိကလုပ်လိုက်တာ အာရုံနဲ့ ဒိဋ္ဌိပေါင်းလိုက်တာ။ ဒါကြောင့် အယူမှား၊ အမှတ်မှား၊ အစွဲမှား။ အဲဒီ ဒိဋ္ဌိ ဟာ အင်မတန်ကြောက်ဖို့ကောင်းတဲ့ဒိဋ္ဌိကြီးပဲဗျို့။ အဲဒီတော့ တစ်နေ့သောအခါ ဘာဖြစ်လာလဲဆိုတော့ မြောင်းမြမြို့ ဦးချစ်အေး ရုံးမှာ ဒလဝမ်လုပ်တယ်ဗျို့၊ ဒလဝမ်လုပ်ရင်းနဲ့ ၄ နှစ် လား၊ ၅ နှစ်လား စီမံကိန်းမှာ သူတို့မရှိတော့ဘူး။ အဲဒီတော့ ဘယ်မှာပြန်လုပ်သလဲဆိုတော့ မိုးလေဝသတစ်ဖက်ကမ်းမှာလုပ်တယ်။ မိုးလေဝသ အဲဒီ စောင့်တာပေါ့ဗျာ။ ဒလဝမ်ပေါ့။ မိုးလေဝသ မှာစောင့်နေရင်းနဲ့ တစ်ခါတည်း တစ်ယောက်တည်း ညလည်းစောင့်၊ နေ့လည်းစောင့်ဆိုတော့ ဒါတွေက စိတ်ကပျက်ပျက်လာတယ်။ စိတ်ပျက်လာတယ်။ အော် အနိစ္စရဲ့သဘော၊ ဒုက္ခရဲ့သဘော၊ အနတ္တရဲ့သဘော။ သူညညကျ မအိပ်တော့ဘူး။ သူဒါတွေပဲလုပ်လုပ်နေတယ်။ တကုပ်ကုပ်လုပ်နေ တယ်။ ဝိပဿနာတွေပဲလုပ်နေတယ်။ ဆရာလည်းမရှိပါဘူးဗျာ။ ထိတာကရုပ်။ သူအခုမှပြောတတ် တာ။ ဟိုတုန်းက နင်းကန်ရှုနေတာ။ ဘာလို့ရှုရလဲဆို မိန်းမတွေးလိုက်၊ သမီးတွေးလိုက်၊ သားတွေး လိုက်။ အိမ်မှာဆန်ရှိလား။ မနက်ချက်ဖို့ရှိလား။ ညနေချက်ဖို့ရှိလား။ ဒီအစွဲဥပါဒါန် တယ်ပူတာပဲဗျို့။ အဲဒီလို နင်းကန်ရှုတော့ အဲဒီအတွေးလေးတွေ ခေါင်းပါး ခေါင်းပါးလာတော့ နောက်ကျတော့ မိုးလေဝသမှာ ကျွန်တော်မလုပ်တော့ဘူးဗျာ။ အလုပ်ထွက်တော့မယ်။ မထွက်ပါနဲ့ ဦးမြမောင်။ ခင်ဗျား မထွက်ပါနဲ့။ ထွက်မယ်ဗျာ။ မလုပ်တော့ပါဘူး။ နည်းနည်းသိလာပြီ။ ဗေဒါကမျောတယ်။ အခု အဲဒီ ဗေဒါမရှိပါလား။ အော် ဖုတ်ချက်ဖုတ်ချက်အသံကြားတယ်။ ဒီအသံမရှိပါလား။ အဲဒီလိုစိတ်ကတစ်မျိုး ဖြစ်လာတယ်ဗျို့၊ သူဖြစ်ချင်လာတယ်နဲ့တူပါတယ်။ အဲ မိုးလေဝသ ကနေထွက်ပြီးတော့ သူအိမ်ပြန်လာ တယ်။ အိမ်မှာ သူ့မိန်းမက ဒေါ်မြင့် တဲ့။ သူ့နာမည်မပြောပါနဲ့တဲ့။ သူက ဝိတ်ထားတယ်။ တရားပွဲမှာ ဒါကြောင့်လွှတ်ကနဲပြောမိတယ်။ အဲဒီဒကာမကြီးကြ အေး ကိုမြမောင် တဲ့၊ ရှင်သွားချင်တာသာသွားပေ တော့၊ ရှင်က လူဆိုးတစ်ယောက်ပါပဲ။ ဟုတ်ပါတယ်ဗျာ။ အရပ်က လူဆိုးတစ်ယောက်ပါ။ အခုသွား တော့မယ်လို့၊ သူကလည်း သူ့သမီးတွေဆီလိုက်သွားတယ်။ လပွတ္တာအောက်ဘက် ဟိုးအညာကို သူ့သားမက်က ဂျေအီးလားမသိပါဘူးဗျာ။ ဆည်မြောင်းမှာလုပ်တယ်နော်။ ဦးပဥ္စင်း က ထွက်တော့ တာပဲ။ ကုန်းသာ။ ကုန်းသာကိုသွားတဲ့အခါကျတော့ အဲဒီမှာ ဇေါ်မိမြင့်ဆရာတော်ရှာပနကို ဖူးလိုက်

သေးတယ်။ အိပ်ထဲမှာ ဆရာတော်ရဲ့ ဝေဘူစာအုပ်ကလေးထည့်သွားတယ်။ အဲဒီစာအုပ်ပဲပါတယ်။ ဒီပြင် ဘာမှမပါဘူး။ အဲဒီသွားတဲ့အခါကျ ညောင်ပင်ကြီးသွားတယ်။ ညောင်ပင်ကြီးမှာ တရားထိုင်ဖို့ အော် ဒီနေရာက ရှင်းတာပဲ။ လူသူလေးပါးကင်းမဲ့တဲ့နေရာပဲ။ ငါတရားအားထုတ်မှပဲဆိုပြီးတော့ ဆင်ကူးနားက ညောင်ပင်ကြီးမှာနေတယ်။ တစ်နေ့သောအခါ အဲဒီနားက ကရင်လူမျိုးကလာတယ်။ ခင်ဗျားဘယ်ကလဲတဲ့၊ ကျွန်တော် မြောင်းမြ ကလို့။ ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ။ မြမောင် လို့။ ခင်ဗျား ဒီကိုဘာလို့လာတာလဲ။ ကျွန်တော်ဒီမှာ တရားထိုင်ဖို့လာတယ်။ ခင်ဗျားတို့မြောင်းမြမှာ တရားစခန်းပွဲတွေမရှိဘူးလားတဲ့။ ရှိပါတယ်တဲ့။ ဘာလို့အဲဒီမှာမထုတ်သလဲတဲ့။ အဲဒီမှာ ဘာမှလဲ ဦးပဥ္စင်းကလည်း စုတ်ပြတ်နေ။ ခင်ဗျားအမြင်၊ အဲလိုဝတ်တာစားတာစုတ်ပြတ်ပြီလို့၊ ထင်မင်းဖိုး၊ ဟင်းဖိုးလည်း ဝတ္ထုတွေမပေးနိုင်တော့ဘူးလို့။ ဒီမှာပဲ ဒီမှာ ခင်ဗျားဘယ်သူကျွေးမလဲတဲ့။ ကျွေးချင်လည်းကျွေး၊ မကျွေးချင်လည်း သေပြီးတာပါပဲ။ ဟာ ခင်ဗျားဒီလိုမပြောနဲ့။ ခန္ဓာရုပ်ကြီးက နေမှာမဟုတ်ဘူးတဲ့။ ဒါဖြင့် ကျုပ်ကျွေးမယ်။ ခင်ဗျားနာမည်ဘယ်လိုခေါ်သလဲ။ ဦးပေါ်လူ တဲ့။ ကျွေးပေတော့တဲ့။ သူက ကျွေးတယ်။ ကျုပ်က ကျင့်တယ်။ ညက မကျင့်ရဲဘူးဗျာ။ သရဲကြောက်လို့။ ဟိုကချွတ်ချွတ်၊ ဟိုက အုန်းဒိုင်းနဲ့ဆိုတော့ ဟာဘုရား၊ ဘုရား စိတ်ခြောက်ခြားနေတာ။ စိတ် စိတ် စိတ် ချောက်ခြားနေတာ။ ဟာ ဘုရား ဘုရား။ အဲ မနက်မိုးလင်းခါနီး ၄ နာရီ၊ ၄ နာရီခွဲ ၃ နာရီလောက်မှ ဟိုကကျွဲသံ၊ နွားသံတွေကြားမှ အဲဒီတော့ ထကျင့်။ တစ်နေ့လုံးကျင့်တာပဲ။ အဲဒီတော့မှ အကျိုးပေါ်မှ အကြောင်းပေါ်လာတယ်။ အကြောင်းဆိုတာ အော် ဥပမာ ဦးပဥ္စင်း က စာမတတ်လို့ အကျိုးပေါ်မှာ အကြောင်းတရားဆိုတာ ဝေဒနာတွေပေါ့ဗျာ။ အဲဒီတော့ ဒီရုပ်တရားကြီးဟာ ဖောက်ပြန်လာတယ်။ ကြာလာတော့ သမာဓိအားကောင်းလာတယ်။ ဖေါက်ပြန်လာတယ်။ ဖေါက်ပြန်လာတော့ ကိုက်တယ်၊ ခဲတယ်၊ ထုံတယ်၊ ကျင်တယ်၊ ပညာတ်ကို နာမည်တပ်တာ။ အော် ယိမ်းတာလည်း ဝေဒနာ၊ တွန်းတာလည်း ဝေဒနာ၊ ပူတာလည်း ဝေဒနာ။ အေးတာလည်း ဝေဒနာ။ ဝေဒနာ ဝေဒနာနဲ့ လိုက်တော့ သဘောလေး သိလ၊ သမာဓိကောင်းလာတဲ့အခါကျတော့ အဲဒီလို ဟိုကျင့်လိုက်၊ ဒီကျင့်လိုက်။ နောက် ပဲခူးနားရောက်လာတဲ့အခါကျတော့ ပဲခူးလွန်တော့ ကျိုက်ပဒိုင်းဆိုတဲ့ရွာတစ်ရွာကိုရောက်သွားတယ်။ အဲဒီမှာ ဘုရားမှာကျင့်တော့မှာ ဦးပဥ္စင်း ရဲ့ သဘောလေးသိသွားတယ်။ အော် ကျိုက်ပဒိုင်း နားကျမှ ပဲခူး ကို သနပ်ပင် ကျိုးက်ပဒိုင်း။ အဲဒီဘက်ရောက်သွားတော့ သဘောပေါက်ပြီ။ ရွှေလောင်းမှာလည်း ငါသဘောမပေါက်ခဲ့ဘူး။ ဒီနေရာမှာ သဘောပေါက်ပြီ။ အဲဒီကနေဆက်ပြီးတော့ အတင်းသဒ္ဓါတွေ လင်းလာတယ်။ ခန္ဓာမှာရှာတာ။ အကုန်လျှောက်ရှာတာ။ ခင်ဗျားတို့ ညောင်လေးပင်ဆိုတဲ့ ပြွန်တန်ဆာ

ညောင်လေးပင် ခုနက ဖြူးအပိုင်မှာ အဲဒီမှာလည်း သွားကျင့်တာပဲ။ ကြံတောထဲလဲ ကျင့်တာပဲနော်။ ဒီလိုကျင့်တဲ့အသိတရားတွေပါ။ ဒါကြောင့်မို့လို့ ခင်ဗျားတို့ရဲ့ကိုယ်စား ခင်ဗျားတို့ရဲ့ မျိုးစေ့ ဦးပဏ္ဍိတ က လာပြီးတော့ ပုသိမ်မြို့မှာ ဒါနစစ်၊ ဒါနမှန်၊ သီလစစ်၊ သီလမှန်၊ ဘာဝနာစစ်၊ ဘာဝနာမှန်။ ခင်ဗျား တို့ရဲ့ အသိလေးတွေလာပေးတာပါ။ ခင်ဗျားတို့လည်း မမြဲဘူး။ ကံကုန်ရင် ပြန်ရမယ်။ ဦးပဏ္ဍိတ လည်း ကံကုန်ရင်ပြန်ရမယ်။ ဘယ်သူပဲ ပျက်ပျက် ကိုယ့်ရဲ့စေတနာမပျက်ပါနဲ့။ ကိုယ့်စေတနာ ကိုယ့်အာရုံ ပေါ်မှာ အော် (အေး)[၄]၊ အော် (အေး)[၄]။ အဲဒီလိုစေတနာမပျက်ချင် ဝိသုဒ္ဓိသီလ ဒါနီဗ္ဗာန်သွားတဲ့သီလ ခေါ်တယ်။ ဒါကြောင့်မို့ သဘောလေးသိဖို့ ဦးပဥ္ဇင်း ကပြောတာ။ အဲဒီသိတဲ့လူကပြောတာ။ ဦးပဥ္ဇင်း ပြောတာမယုံနဲ့ဦး။ ခင်ဗျားတို့ လေ့လာပါ။ သုံးသပ်ပါ။ စုံစမ်းပါ။ မေးမြန်းပါ။ ခင်ဗျားတို့အလုပ်ကို လုပ်ကြည့်ပါ။ အလုပ်လုပ်ကြည့်မှ အရပ်က ခင်ဗျားကို အဓိပ္ပါယ်ဖော်လိမ့်မယ်နော်။ ကိုယ်သိတာရယ် အလုပ်လုပ်တဲ့ အဓိပ္ပါယ်ကိုလည်းသိလာပြီ။ ပါဠိအနက်အဓိပ္ပါယ်ကိုလည်း သိလာပြီ။ သဘောကို ခင်ဗျားတို့ပေါက်လာလိမ့်မယ်။ အဲဒီတော့ ဒီအလုပ်တွေကို လုပ်ကြပါ။ အဲဒီတော့ ခုနက ဈေးရောင်း တယ်။ ဈေးဝယ်တယ်။ ဖအေ၊ မအေနဲ့နေကြတယ်။ အိမ်နီးချင်းတွေနေကြတယ်။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ။ ကျွန်းပင်က ခင်ဗျား၊ ကိုင်းပင်က ဒကာမလေး။ ကျွန်းပင်က ဒကာကြီး။ မှီခိုပြီးနေကြ တာ။ အဲဒီတော့ သမ္မာလေးနဲ့ယူကြပါ။ မိစ္ဆာနဲ့ အယူဝါဒတွေနဲ့ မလုပ်ကြပါနဲ့လို့ ဦးပဥ္ဇင်းက ဒီအသိတရားတွေကို ဟောတာပါဗျာ။ အဲဒီလောက်ဆို ပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )